

# ကင်းဝန်မင်းကြီး

ကဗျာဓု

ဟံသာဝတီစာအုပ်တိုက်
၁၅၇—ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့

တအုပ် - ၂ကျပ်

ဟံသာဝတီ

(၅၈၆)

ကင်းဝန်မင်းကြီးကဗျာစု

H 586—A [ဟံသာဝတီ]

သေနတ်ဝန်-ကင်းဝန်-လယ်ကိုင်းမြို့စား
အဂ္ဂမဟာသေနာပတိ-သတိုးသုဓမ္မ
မင်းကြီးမဟာသက်တော်ရှည်
ရေးသားဖွဲ့ဆိုအပ်သော

# နာနာနယသဒ္ဒေပကာဗျာဗန္ဓ
ခေါ်

# ကင်းဝန်မင်းကြီးကာဗျာစု

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်
၁၃၃၀-ခု၊ ( သာသနာ ၂၅၁၁ ) ၁၉၆၈-ခု၊

ကင်းဝန်မင်းကြီးကဗျာစုံ

ပုံနှိပ်ခြင်း

၁၉၆၈-ခု၊ ဧပြီလ

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon.

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ၊
ဟံသာဝတီပုံနှိပ်တိုက်တွင် (မှတ်ပုံတင်အမှတ် ၀၀၀၃-
၀၀၀၄) ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | နိဒါန်း | |
| * | အတ္ထုပ္ပတ္တိ | |
| | **ရတုများ** | |
| ၁။ | အမိန့်တော်နှင့် အမှားလေးချက် ဖြေရှင်းသည့် ရတုပိုဒ်စုံ .... | ၁ |
| ၂။ | မဟာဗောဓိဘွဲ့ ရတုပိုဒ်စုံ .... | ၂ |
| ၃။ | သမ္ဗုဒ္ဓေပြည့် ပန်းလှူဘုရားတိုင်ကေပိုဒ်ရတု | ၄ |
| ၄။ | တရုပ်ဘုရားတိုင်ရတု .... | ၅ |
| ၅။ | ဘုရားလေးဆူတည် ရတုပိုဒ်စုံ .... | ၆ |
| ၆။ | ထီးတော် ၅-စင်းအကြောင်း ရှုအလိုက် ကေပိုဒ်ရတု .... | ၈ |
| ၇။ | စန္ဒြပဘာမျက်စဥ်းနည်းရှုအလိုက် ကေပိုဒ်ရတု | ၈ |
| ၈။ | အဋ္ဌမင်္ဂလာ သူငယ်နာဆေးအကြောင်း ကေပိုဒ်ရတု .... | ၉ |
| ၉။ | အဘြိုက်ကျောက်စီရင်နည်း ရှုအလိုက် ကေပိုဒ်ရတု .... | ၁၀ |
| | **၄-ချိုးကြီး** | |
| ၁၀။ | မဟာဗောဓိဘွဲ့ .... | ၁၁ |
| | **လင်္ကာများ** | |
| ၁၁။ | ဝန်းဝိုင်းခြင်းလက္ခဏာ ၅-ပါး လင်္ကာ .... | ၁၂ |
| ၁၂။ | လက္ခဏာ ၅-ပါးလျော်ဒဏ် .... | ၁၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | ကာမပြစ်ဈေ့ာ်ဒဏ် .... | ၁၂ |
| ၁၄။ | မြေခံရွေးနည်း .... | ၁၂ |
| ၁၅။ | မြေခံ ၁၀-ပါးကိန်းသေရွေးနည်း .... | ၁၃ |
| ၁၆။ | သားကြီးသမီးကြီးသို့ ခွဲဝေပေးရန် .... | ၁၄ |
| ၁၇။ | ဂုဏ်းအကြောင်းတရပ်လကာ် .... | ၁၅ |
| ၁၈။ | နှစ်စောင့်နက္ခတ်လကာ် .... | ၁၅ |
| ၁၉။ | အဆွေခင်ပွန်း ယုတ်-ကောင်း အင်္ဂါ ၆-ပါးစီ .... | ၁၅ |
| ၂၀။ | အသည် အလာ ကပ္ပါး ၃-ပါး အထူးနှင့် ၁၂-မှုခေါ်သည့်အကြောင်း .... | ၁၆ |
| ၂၁။ | သီရိ-၁၊ ဂါရ၀-၃၊ ၀ါရ-၄၊ .... | ၁၆ |
| ၂၂။ | ၀ါတော်စဉ်အကျယ် .... | ၁၇ |
| ၂၃။ | ဆွဲ့နှစ်လ နတ်ပေါင်းခ .... | ၁၈ |
| ၂၄။ | ဆွဲ့နှစ်လ စုန်းပေါင်းခ .... | ၁၉ |
| ၂၅။ | အဆွေခင်ပွန်းကို မပြစ်မှား-ရအပ်သော အကျိုး .... | ၂၀ |
| ၂၆။ | ခုနစ်နံသင့် အခင်းနေရာ ပြုလုပ်ရန်အသား | ၂၁ |
| ၂၇။ | ခုနစ်နံသင့် အခင်းနေရာ ပြုလုပ်နေထိုင်ရန် | ၂၁ |
| ၂၈။ | ပုဂံမင်း ၅၅-တွင် ၃-ဘ၀ထပ်၍ ဖြစ်သည့်မင်း ကောပိဒ်လကာ် .... | ၂၁ |
| ၂၉။ | မေတ္တာအကျိုးဆဲ့တပါး .... | ၂၁ |
| ၃၀။ | ပါရာဇိကလေးပါး အာဏတ္တိပရိယာယ အပြစ်ရှိ,မရှိ .... | ၂၂ |
| ၃၁။ | မင်းတို့ ချစ်အပ်သူ-၁၄ .... | ၂၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | သမီးပေးခြင်း ၈-ပါး အတိုကောက် .... | ၂၃ |
| ၃၃။ | ဘုံမယ်နန်းတင်သည့် မင်းငါးဦး အတိုကောက် .... | ၂၃ |
| ၃၄။ | ပရမတ္ထ ပါရမီတော်မြောက်သည့် ဇာတ်တော် .... | ၂၃ |
| ၃၅။ | မြုံးမွေးဆေးနည်း .... | ၂၃ |
| ၃၆။ | အဝမ္မိတံခါး .... | ၂၄ |
| ၃၇။ | မုံသောက်မာတင်အကျဉ်းချုပ် .... | ၂၄ |
| ၃၈။ | ဂရုဓမ္မဇာတ်ချုပ် .... | ၂၅ |
| | **စာထုတ်ကြိုး စာတမ်းများ** | |
| ၃၉။ | တော်ကြီးစာထုပ်ကြိုးစာတမ်း .... | ၂၆ |
| ၄၀။ | ဂုင်းတော်ကြီးစာထုပ်ကြိုးဆုတောင်းစာတမ်း | ၂၇ |
| ၄၁။ | အသျှင်နန်းမတော်မိဘုရားကို ဆက်ရန် စာထုပ်ကြိုး .... | ၂၉ |
| ၄၂။ | အနောက်နန်းမတော် မိဘုရားစာထုတ်ကြိုး ဆုတောင်းစာလင်္ကာ .... | ၂၉ |
| | **ဒိုးချင်းများ** | |
| ၄၃။ | အင်္ဂါယုတ် ၁၇-ပါးအကြောင်း .... | ၃၁ |
| ၄၄။ | နှလုံးငြိမ်ဉာဏဝဖုနဆေးနည်း .... | ၃၁ |
| ၄၅။ | အစေခံတောင်လုံးလှေတော်ဂုဏ်ချင်း .... | ၃၃ |
| ၄၆။ | ဂုင်းလှေတော်ဂုဏ်ချင်း .... | ၃၃ |
| ၄၇။ | တောင်လုံးမှိုင်းလှေတော်ဂုဏ်ချင်း .... | ၃၄ |
| ၄၈။ | နတ်ရှင်ရွှေး သေနတ်ဗိုလ်ရေးပေးသည့် ဘုန်းတော်ဘွဲ့လှေချင်း .... | ၃၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဟန်ချင်းများ** | |
| ၄၉။ | တောင်ဒဝယ်အစုံ-ယောကျ်ား-က-ဟန်ချင်း | ၃၇ |
| ၅၀။ | မြောက်၁၅၀-အစုဟန်ချင်း .... | ၃၇ |
| ၅၁။ | ရွှေပြည်မှန်ကင်းသေနတ်ရေး ဖ-ချက်ပါ ဟန်ချင်း .... | ၃၈ |
| ၅၂။ | ငှင်းအစု-က-ဟန်ချင်း .... | ၃၉ |
| ၅၃။ | ငှင်းအစုမိန်းမ-က-ဟန်ချင်း .... | ၄၀ |
| ၅၄။ | နတ်အစုလက်ဝဲအစု-က-ဟန်ချင်း .... | ၄၁ |
| ၅၅။ | ဘုန်းတော်တိုးအစု-က-ဟန်ချင်း .... | ၄၂ |
| ၅၆။ | သူရဲအစု-က-ဟန်ချင်း .... | ၄၃ |
| ၅၇။ | လက်ဝဲကြောင်းအစု-က-ဟန်ချင်း .... | ၄၃ |
| ၅၈။ | နတ်ရှင်ရေးအစု-က-ဟန်ချင်း .... | ၄၄ |
| ၅၉။ | မြင်းစုကြီးအစု-က-ဟန်ချင်း .... | ၄၅ |
| | **တေးထပ်များ** | |
| ၆၀။ | သွားတော်စွယ်တော်အကြောင်းတေးထပ် | ၄၇ |
| ၆၁။ | ရွှေတိဂုံဘုရားဘုန်းတော်ဘွဲ့ .... | ၄၇ |
| ၆၂။ | လက်ာရာမဆရာတော်ဦးဒိပဘုန်းဘွဲ့ .... | ၄၈ |
| ၆၃။ | မင်္ဂလာရှစ်ပါးအကြောင်း .... | ၄၈ |
| ၆၄။ | တပိုင်းဝတ်တပိုင်းခြုံကုလားမအကြောင်း | ၄၉ |
| ၆၅။ | လင့်အမွေမခံထိုက်သောမယား၁၈-ယောက် | ၄၉ |
| ၆၆။ | နေရာငါးသွယ်နေမြဲစားရွာစားတို့ ကန့်တော့ရန် .... | ၅၀ |
| ၆၇။ | ဖွဲ့ပုဆိုးသနားတော်မြတ်မခံရ၍ရေးဆက်ပုံ | ၅၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၈။ | မြောင်လှဝန်ထောက်မင်းအကြောင်း .... | ၅၁ |
| ၆၉။ | ဘာဂ်လားမြို့တော်ဘွဲ့ .... | ၅၁ |
| ၇၀။ | မျှစ်ချဉ်ဟင်းကောင်းသည့်အကြောင်း | ၅၂ |
| ၇၁။ | နားတော်သွင်းဆင်ခြင်ရန်အကြောင်း .... | ၅၂ |
| ၇၂။ | တမန်၊ သံ၊ တံဆေး၊ မင်းစေ၊ သို့သေး နှင့် အင်္ဂါရှစ်ပါး .... | ၅၃ |
| ၇၃။ | ဥဏ္ဏာလုံတော်အကြောင်း .... | ၅၃ |
| ၇၄။ | တိလမုဋ္ဌိဇာတ်အကြောင်း .... | ၅၄ |
| ၇၅။ | စက္ကဝတ္တိသုတ်အကြောင်း .... | ၅၄ |
| ၇၆။ | တောင်ငူမြို့သွားစဉ်ရေးသည့်တေးထပ် .... | ၅၅ |
| ၇၇။ | စွန့်ပစ်အပ်သောမိန်းမ ၅-ယောက် .... | ၅၅ |
| ၇၈။ | မနုဝဏ္ဏနာရွှေမျဉ်းအကြောင်း .... | ၅၆ |
| ၇၉။ | ငရဲကြီး ၈-ထပ်အသက်နှင့်အရေအတွက် | ၅၆ |
| ၈၀။ | လန်ဒန်မြို့တနှစ်စာကုန်သည့်ဟင်းလျာများ | ၅၇ |
| ၈၁။ | မင်းတို့မသုံးအပ်၊ မတိုင်ပင်အပ်၊ ခွင့်မပေးအပ်သူ ၈-ယောက် .... | ၅၇ |
| ၈၂။ | သတ္တနိပါတ်အဂ်တ္တို၍အကြောင်း .... | ၅၈ |
| ၈၃။ | စလင်းဝန်မင်းနှင့်ဇောတိကသူဌေး တို့ထံ ပေးသည့်တေးထပ် .... | ၅၈ |
| ၈၄။ | ရှာန် ၅-ပါးရရန်ပွါးဖို့ကမ္မဋ္ဌာန်း .... | ၅၉ |
| ၈၅။ | ကောဋ္ဌာသ ၄၂-ပါးသမုဋ္ဌာန်ခွဲပုံ .... | ၅၉ |
| ၈၆။ | ဒိဋ္ဌိဖြစ်ကြောင်း ၈-ပါး .... | ၆၀ |
| ၈၇။ | သန္ဓေယူ ၈-ပါးအကြောင်း .... | ၆၀ |
| ၈၈။ | နို့ဟင်းခါးချက်နည်းဆေးနည်း .... | ၆၁ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|


၈၉။ ကွဲဖြစားနည်းအကြောင်း .... ၆၁
၉၀။ ကိုယ်ရောင်ပျောက်ဆေးနည်း .... ၆၂
၉၁။ အဆိတ်အတောက်ပျောက်ဆေးနည်း .... ၆၂
၉၂။ သောတာပတ္တိမဂ်နည်းတထောင် .... ၆၃
၉၃။ ကျောက်တည်မှုတ္တကိတ်ဆေးနည်း .... ၆၄
၉၄။ စလင်းဆရာဦးပညာသီဟဇာတာခွင် .... ၆၄


## လေးဆစ်သမြန်များ


၉၅။ ပုဂံရွှေစည်းခုံအုံ့ဘွယ် ၉-ပါး .... ၆၅
၉၆။ ပုဂံရွှေစည်းခုံအတွင်း ၁၂-ဌာန .... ၆၅
၉၇။ ဘင်္ဂလားပင်လယ်ကူးအကြောင်း .... ၆၅
၉၈။ ငှင်းပင်လယ်ကူးအကြောင်း .... ၆၆
၉၉။ ကမ္ဘာကုန်လူနေအကြောင်း .... ၆၆
၁၀၀။ ကိုးကွယ်သည့်ဘာသာဝင်ဦးရေ .... ၆၇
၁၀၁။ ဗေဒမိပင်သွားအဘော်တို့နှင့်
ခွဲခွါရသည့်အကြောင်း .... ၆၇
၁၀၂။ ငှင်းအကြောင်း .... ၆၈
၁၀၃။ အံ့ဘွယ် ၁၈-ပါးအကြောင်း .... ၆၈
၁၀၄။ ရတု ၆-ပါး၊ပြုဘွယ် ၆-ပါး .... ၆၈
၁၀၅။ အမရပူရ ပဌမမြို့တည်မင်းလက်ထက်
သာသနာပြုသည့်အကြောင်း .... ၆၉
၁၀၆။ သမီးပေးခြင်း ၈-ပါးအကြောင်း .... ၆၉
၁၀၇။ မင်းတို့ကျင့်ရသည့်တရားအကြောင်း .... ၇၀
၁၀၈။ သင်းသီး ၁၈-ပါးအကြောင်း .... ၇၀

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၉။ | နတ်မင်းကိုယ်အင်္ဂါမှ နဝရတ် ၉-ပါး အကြောင်း .... | ၇၀ |
| ၁၁၀။ | ကိုးသပေါက်အကြောင်း .... | ၇၁ |
| ၁၁၁။ | ၃၂-ကောဋ္ဌာသမှတ်ပုံ .... | ၇၁ |
| ၁၁၂။ | သုရမ္မ-ရမ္မ-သုဘ ပြာသာဒ် ၃-မျိုး .... | ၇၂ |
| ၁၁၃။ | လူမိုက် ၈-ဦးအကြောင်း .... | ၇၂ |
| ၁၁၄။ | သူတပါးသို့ပြန်မပြောအပ်သည့် ၉-ပါး.... | ၇၂ |
| ၁၁၅။ | မြို့ဝန်ဦးသာအိုးရေးသည့် လေးဆစ်သဖြန် | ၇၃ |
| ၁၁၆။ | ရွှေဘိုပါတရားသူကြီး ဦးတွံ ရေးသည့် လေးဆစ်သဖြန် .... | ၇၃ |
| ၁၁၇။ | ဖလ်ချက်ဝန်ထောက်မင်း ဦးရွှေအိုး မိန်းမယူ၍ရေးပေးသည့်လေးဆစ်သဖြန် | ၇၄ |
| ၁၁၈။ | ၇-နှစ်နံသင့်အခင်းနေရာပြုလုပ်နေထိုင်ရန် | ၇၄ |
| ၁၁၉။ | ငှင်းအကြောင်း လေးဆစ်သဖြန် .... | ၇၅ |
| ၁၂၀။ | ဆန်အပြန် ၃၀-မစားနိုင်၍ နှုတ်လွှတ် ရေးဆက်ရသည့်လေးဆစ်သဖြန် .... | ၇၅ |
| ၁၂၁။ | ဘုရားလောင်းအလိုစမ်းအကြောင်း .... | ၇၆ |
| ၁၂၂။ | သွားနာဆေးနည်းအကြောင်း .... | ၇၆ |
| ၁၂၃။ | ယမဒါဠာရက်အကြောင်း .... | ၇၆ |
| ၁၂၄။ | ရတုသန္ဓိရက်အကြောင်း .... | ၇၇ |
| ၁၂၅။ | သာသနာပြု ၉-ဌာနအကြောင်း .... | ၇၇ |
| ၁၂၆။ | ၉-ဌာနသွားအရှင်များ .... | ၇၈ |
| ၁၂၇။ | သိကြားဖြစ်ရန်ကျင့်ဝတ် ၇-ပါး .... | ၇၈ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂၀။ | အာဒါသမုခမင်းစီရင်သည့်တရား | .... | ၇၀ |
| ၁၂၉။ | ဆေးသမားအင်္ဂါ ၂-ပါး၊သမားကောင်း လက္ခဏာ ၃-ပါး | .... | ၇၉ |
| ၁၃၀။ | အနာကိုဆင်ခြင်ရန် ၃ ပါး | .... | ၇၉ |
| ၁၃၁။ | ကျင်ငယ်ကြည့်ပုံလေးဆစ်သဖြန့် | .... | ၈၀ |
| ၁၃၂။ | ဝှင်းကြည့်ပုံတနည်း | .... | ၈၀ |
| ၁၃၃။ | လျှာကြည့်ပုံ | .... | ၈၁ |
| ၁၃၄။ | ချောင်းဆိုးဆေးနည်း | .... | ၈၁ |
| ၁၃၅။ | သွေးစုနာဆေးနည်း | .... | ၈၂ |
| ၁၃၆။ | နူနာဆေးနည်း | .... | ၈၂ |
| ၁၃၇။ | ကုမာရိကာမျက်စဉ်းဆေးနည်း | .... | ၈၂ |
| ၁၃၈။ | ရသာယနဆေးနည်း | .... | ၈၃ |
| ၁၃၉။ | တိထီမြခံ | .... | ၈၃ |
| ၁၄၀။ | လူမိုက် ၁၀ မျိုး | .... | ၈၄ |
| ၁၄၁။ | ဇယ်ကစားနည်း | .... | ၈၄ |
| ၁၄၂။ | ကုန်ဘက်အမြတ်ဝေပုံ | .... | ၈၄ |
| ၁၄၃။ | အာယုဝဍ္ဎနဆေးနည်း | .... | ၈၅ |
| ၁၄၄။ | ဝှင်းဆေးနည်းအကျိုး | .... | ၈၅ |
| ၁၄၅။ | ပဗ္ဗ ၅-ပါး | .... | ၈၅ |
| ၁၄၆။ | မြွေနှင့် မိကျောင်း | .... | ၈၆ |
| ၁၄၇။ | ဘုရားလောင်းမဖြစ်သည့်အရပ် | .... | ၈၆ |
| ၁၄၈။ | ဝှင်းအရပ် ၁၈-ပါး | .... | ၈၇ |
| ၁၄၉။ | သီလအကျိုး ၅-ပါး | .... | ၈၇ |
| ၁၅၀။ | သရဏဂုံအကျိုး | .... | ၈၈ |

| ဦးရေ | အဲ့ကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၁။ | မုလေးအကျိုး .... | ၈၈ |
| ၁၅၂။ | ဆံယှဉ်နှစ်ရာသီအကြောင်း .... | ၈၈ |
| ၁၅၃။ | ပေးခြင်း ၁၉-ပါး .... | ၈၉ |
| ၁၅၄။ | အမျက်ငြိမ်းရန် ၈ါးနှစ်တန် .... | ၈၉ |
| ၁၅၅။ | အကြောင်းကြောင့် အကျိုးပျက်စကား | ၈၉ |
| ၁၅၆။ | ချောင်းဆိုးဆေးနည်း .... | ၉၀ |
| ၁၅၇။ | ဝန်မင်း, သူဌေး, စာရေးကြီးတို့ထံ ရေးပေးသည့် လေးဆစ်သဖြန် .... | ၉၀ |
| ၁၅၈။ | ၄င်းတနည်းရေးပေးသည့်သဖြန် .... | ၉၁ |
| ၁၅၉။ | နဂါးတို့ဇာတ်ရင်းမစွန့်သောအကြောင်း | ၉၁ |
| ၁၆၀။ | သာဓုနရတရား ၄-ပါး .... | ၉၂ |
| ၁၆၁။ | ရမည်းသင်းသား တောင်ငူသားတို့ မကောင်းပုံ .... | ၉၂ |
| ၁၆၂။ | ရမည်းသင်းမြို့ ကြေးနီကန်ဘွဲ့ .... | ၉၃ |
| ၁၆၃။ | ချွေးနံ့ပျောက်သည့်အကြောင်း .... | ၉၃ |
| ၁၆၄။ | ကျောက်သတ်ဆေးနည်း .... | ၉၃ |
| ၁၆၅။ | ကွပ်ရွာမင်းကြီးကတော်နှုတ်လွှတ်ဆိုသည့် သဖြန် .... | ၉၄ |

## နှစ်ချိုးသံထောက်များ

| ဦးရေ | အဲ့ကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆၆။ | အလောင်းတော်ရှိုး ၅-ဇာတ် .... | ၉၅ |
| ၁၆၇။ | မသတ်အပ်သူ ၇-ယောက် .... | ၉၅ |
| ၁၆၈။ | ယက္ခ ၉-ပါး၊ ယက္ခသေနာပတိ ၂၈-ပါး၊ နှစ်စု ၃၇-ပါး .... | ၉၅ |
| ၁၆၉။ | ရွှေအဆင်း .... | ၉၅ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၀။ | ပဥ္စာဝုဓမင်းသားဆောင်သော လက်နက် ၅-ပါး .... | ၉၆ |
| ၁၇၁။ | ထမင်း စ,လယ်,ဆုံး၌ ရေသောက်ခြင်း၏ အကျိုး .... | ၉၆ |
| ၁၇၂။ | သွားနာဆေးနည်း .... | ၉၆ |
| ၁၇၃။ | လက္ခဏာတော်ကြီး ၃၂-ရသူ .... | ၉၆ |
| ၇၇၄။ | အနာရင်ဆေးနည်း .... | ၉၇ |
| ၁၇၅။ | ရွှေရောင်ရသူ .... | ၉၇ |
| | **သံပေါက်များ** | |
| ၁၇၆။ | ဝဂ္ဂတွက်နည်း သံပေါက် .... | ၉၈ |
| ၁၇၇။ | ဝါဆိုစဉ်အကျဉ်း .... | ၉၈ |
| ၁၇၈။ | အရှုး ၈-ပါး .... | ၉၈ |
| ၁၇၉။ | ပေယျာလမုခသိက္ခာပုဒ် .... | ၉၈ |
| ၁၈၀။ | ဝါဆိုစဉ်သံပေါက်(တနည်း) .... | ၉၈ |
| ၁၈၁။ | ပလ္လင်တော်သံပေါက် .... | ၉၉ |
| ၁၈၂။ | သမက်-ဘထွေးဘိုးနှင့်မြေး .... | ၉၉ |
| ၁၈၃။ | မင်းပြိုင်သံပေါက် .... | ၉၉ |
| ၁၈၄။ | မပေါင်းအပ်သူ ၅-ဦး .... | ၁၀၀ |
| ၁၈၅။ | အဟောင်းအသစ်ကောင်းသည့်ဆေး .... | ၁၀၀ |
| ၁၈၆။ | ကူးစက်တတ်သော အနာမျိုး .... | ၁၀၀ |
| ၁၈၇။ | ပွေးဆေးနည်း .... | ၁၀၁ |
| ၁၈၈။ | ဂျင်းဆေးနည်း .... | ၁၀၁ |
| ၁၈၉။ | နူပွေးနာ,နူပိုးနာဆေးနည်း .... | ၁၀၁ |
| ၁၉၀။ | ပွေးဆေးနည်း .... | ၁၀၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၁။ | ကျောက်လွှဲကျောက်ကာဆေးနည်း .... | ၁၀၂ |
| ၁၉၂။ | ကျောက်သတ်မျက်စဉ်းနည်း .... | ၁၀၂ |
| ၁၉၃။ | မုတ္တာကိတ်ဆေးနည်း .... | ၁၀၂ |
| ၁၉၄။ | ကျောက်တည်ဆေးနည်း .... | ၁၀၂ |
| ၁၉၅။ | မြို့ သံ ၁၀-ပါး သံပေါက် .... | ၁၀၃ |
| ၁၉၆။ | ဇယ်ကစားနည်း .... | ၁၀၃ |
| ၁၉၇၊ | သီရိထိုက်သူတို့အကြောင်း .... | ၁၀၃ |
| ၁၉၈။ | ပန်း ၁၀-မျိုး .... | ၁၀၄ |
| ၁၉၉။ | အသား ၁၀-ပါး၊ ၅-ပါး .... | ၁၀၄ |
| ၂၀၀။ | အား ၈-ပါး .... | ၁၀၄ |
| ၂၀၁။ | ကေရီဘုရင်မ ဖွားလရက် .... | ၁၀၄ |
| ၂၀၂။ | မဟာပါဒပ လည်လှအိမ်ဘူး .... | ၁၀၄ |
| ၂၀၃။ | ပဉ္စာဝုဓ မင်းသား ဆောင်သောလက်နက် | ၁၀၅ |
| ၂၀၄။ | ဆင်ပြောင် ၅-စီး အားဆောင်နိုင်သူ ၆-ဦး | ၁၀၅ |
| ၂၀၅။ | ဘုရားမျက်စိတော်၌ အဆင်း ၅-ပါး .... | ၁၀၅ |
| ၂၀၆။ | စကားအင်္ဂါ ၄-ပါး .... | ၁၀၅ |
| ၂၀၇။ | မျက်စဉ်းနည်း .... | ၁၀၆ |
| ၂၀၈။ | ငန်းအေး,ငန်းပူဆေးနည်း .... | ၁၀၆ |
| ၂၀၉။ | လေနာဆေးနည်း .... | ၁၀၆ |
| ၂၁၀။ | မြေခံသံပေါက် .... | ၁၀၆ |
| ၂၁၁။ | တိထိမြေခံရွေးနည်း .... | ၁၀၇ |
| ၂၁၂။ | မိုဃ်းရွာမြဲအမှတ်အသား .... | ၁၀၇ |
| ၂၁၃။ | အမြို့တွဲစုတ်ရွေးနည်း .... | ၁၀၇ |
| ၂၁၄။ | အဟောင်းရေးသံပေါက် .... | ၁၀၇ |

ဦး ရေ | အကြောင်းအရာ | စာမျက်နှာ

ဆောင်းပါးလက်ာ

၂၁၅။ တောင်ငူသို့သွားရစဉ် ဝန်ကတော်ထံ ရေးပေးသည့် ဆောင်းပါးလက်ာ .... ၁၁၀

ပတ်ပျိုး

၂၁၆။ မဟာဗောဓိပင်တော်ဘွဲ့ပတ်ပျိုး .... ၁၁၄

ဖုံရှည်ချင်း

၂၁၇။ ဖုံရှည်နှင့်သီဆိုရသော သီချင်း .... ၁၁၅

အိုင်ချင်း

၂၁၈။ ဆယ့်နှစ်ရာသီအိုင်ချင်း .... ၁၁၆

ဂ-လုံးဘွဲ့ဂါထာများ

၂၁၉။ ပန်း ၅-ပါး .... ၁၁၉

၂၂၀။ ကျေနပ်ဝီအရယူရန် .... ၁၁၉

၂၂၁။ စွယ်တော် .... ၁၁၉

နိဒါန်း

၂၂၂။ မဟာဗောဓိနိဒါန်း .... ၁၁၉

စာတမ်းများ

၂၂၃။ ဆေးလိပ်စာတမ်း .... ၁၃၂

၂၂၄။ လက်ဘက်စာတမ်း .... ၁၃၃

၂၂၅။ ကာလကတ္တားသွားနေ့စဉ်မှတ်တမ်း .... ၁၃၉

# နိဒါန်း

ရတနာပုံမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးနှင့် သားတော် သီပေါမင်းတရားတို့ သူကောင်းပြုအပ်သော အဂ္ဂမဟာသေနာပတိဝန်ရှင်တော်လယ်ကိုင်းမြို့စား ကင်းဝန်,သေနတ်ဝန်မင်းမင်းကြီး သတိုးသုဓမ္မမဟာသက်စောင်ရှည် အမတ်ကြီးသည် စာပေဗဟုသုတ လိုလားတောင့်တသူ ဖြစ်သည့်အလျောက် ဆေးဘက်ဆိုင်ရာကျမ်းများ, ဗေဒင်ဘက်ဆိုင်ရာ ကျမ်းများ သမိုင်းရာဇဝင်ဆိုင်ရာကျမ်းများ, ဒွေးချိုး,လေးချိုး,သဖြန်,ရတု,ရကန်,အဲ,အဲ,လူတားစသော ကဗျာ လင်္ကာကျမ်းများ၊ မော်ကွန်း,အတ္ထုပ္ပတ်ကျမ်းများနှင့် ဘုရားဟော ပိဋကတ်တော် ပါဠိတော်စုံ, အဋ္ဌကထာစုံ, ဋီကာ ယောဇနာစုံ,နိဿယ, ဂဏ္ဍိ, ဂန္ထန္တရ-စသည်ဖြင့် မြန်မာပြည်တွင် ရှိရှိသမျှကျမ်းစာအားလုံးကို ရေးကူးစေလျက် သိမ်း သိမ်းဆည်းထားရှိလေသည်။

၎င်းမှ စာပေဗဟုသုတ ရှာဖွေသိုမှီးသိမ်းဆည်းရုံသာမက အလုပ်ခွင်မှ အားလပ်သည့်အချိန်ရတိုင်း ကျမ်းဂန်များကို ကြည့်ရှု၍ လိုလားအပ်သောစာပုဒ်ကလေးများကို လက်မလွတ်တမ်း ထုတ်နုတ် ကူးယူခြင်းအလေ့အထရှိခဲ့ရာ အချို့ ဝိတ္ထာရအကျယ်စကားရပ်များကိုလိုရင်းချုပ်၍ကဗျာလင်္ကာ ပြုလုပ်ရေးတင်ခဲ့သည်၊ အချို့စာပုဒ်များကို မူရင်းအတိုင်း ရေးတင်ခဲ့သည်၊ ခရီးသွားသောအခါတွင်လည်း တွေ့မြင်ရသမျှ,ကြားခဲ့သမျှအလွတ်မပေးဘဲမှတ်တမ်းများရေးသား ထားရှိခဲ့သည်၊ ရံခါရံခါ စာပေးစာယူပြုလုပ်ခြင်း, ဆောင်း

ပါး ရေးသား ပေးပို့ခြင်းများကိုလည်း ခေတ်နှင့်အညီပြု လုပ်ခဲ့သည်၊ ယင်းအကြောင်းများကြောင့်ပင် မိမိထုတ်နုတ် ရေးသားခဲ့သမျှ စာများကို မိမိကိုယ်တိုင် စုပေါင်းလိုက် သောအခါ စာစု ပေစု ကျမ်းတခုအဖြစ်သို့ ရောက်ရှိခဲ့လေ သည်။ ထိုကျမ်းကား "နာနာနယသင်္ခေပ ကဗျာဗန္ဓခေါ် ကင်းဝန်မင်းကြီး ကဗျာစုပင် ဖြစ်တော့သည်။

မင်းကြီးထုတ်နုတ် ရေးတင်မှတ်သားခဲ့သော စာစု ပေစု များတွင် သံတော်ဆင့်မင်း နှစ်ဦးထံပေးစာများ,မြန်မာ သတင်းစာ ဆရာခင်ထံပေးစာများ, လန်ဒန်သွား ခရီးစဉ် ဆောင်းပါးနှင့် လင်္ကာများကို "ကင်းဝန်မင်းကြီး မေတ္တာ စာ"ဟူသော အမည်ဖြင့် စာအုပ်တအုပ် ထုတ်ဝေဖြန့်ချိခဲ့ပြီး ဖြစ်၍ ဤစာစု ပေစုကျမ်းတွင် ပေးစာနှင့် ဆောင်းပါးလင်္ကာ များကို ထည့်သွင်းရိုက်နှိပ်ခြင်း မပြုတော့ဘဲ ကျန်စာစုပေစု များကိုသာ ထည့်သွင်းရိုက်နှိပ်ထားပါသည်။

ကင်းဝန်မင်းကြီး၏ စာစုပေစုများကို ရိုက်နှိပ်တင်ပြရာ၌ မင်းကြီး၏အကြောင်းအရာ အတ္ထုပ္ပတ်ကိုလည်းဘော်ပြသင့် သောကြောင့် မင်းကြီးကိုယ်တိုင် အသက်ထင်ရှား ရှိစဉ်က ရေးသားခဲ့သော အတ္ထုပ္ပတ်ဖြစ်စဉ်နှင့် မင်းကြီး ကွယ်လွန် ပြီးနောက် မင်းကြီး၏သားတော် အလုံမြို့ဝန်မင်း ရေးသား ဘော်ပြအပ်သော မင်းကြီး၏ ဗျာပန အခမ်းအနား စသည် တို့ကို သုတေသီပုဂ္ဂိုလ်တို့ အမှန်သိရှိရစေခြင်း အကျိုးငှာ ဆက်လက်ဖေါ်ပြလိုက်ပါသည်။

# ကင်းဝန်မင်းကြီး
# အတ္ထုပ္ပတ္တိ

မင်းသတိုးသုဓမ္မမဟာသက်တော်ရှည်-ဟူသော ဘွဲ့ထူးဖြင့် ချီးမြှင့်တော်မူခြင်းကိုခံရသော ဝန်ရှင်တော်-ကင်းဝန်-သေနတ်ဝန်-လယ်ကိုင်းမြို့စား မင်းကြီးသည်စစ်ကိုင်းခရိုင်-မုံရွာဒိစတြိတ်-ဗန့်ကျီတိုက်အဝင်၊ ဆင်ရှင်မြို့နယ် မင်းတိုင်ပင်မြို့တွင် သက္ကရာဇ်၁၁၇၃-ခု တပို့တွဲလဆန်း၁၂-ရက်၊ တနင်္ဂနွေနေ့၊ ဘွားမြင်သည်။

အသက် ၁၀-ကျော်ကစ၍ ၂၇-နှစ်တိုင် အတွင်းမှာ ဗုဒ္ဓဘာသာ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နေ့ဝါ-ညဝါများနှင့်တကွ သင်ရိုးကျမ်းဂန်များကို သာသနာပိုင်-ဗားကရာဆရာတော်ဘုရားကြီး အမှူးရှိသော ကျမ်းတတ်-ကျမ်းပြု ဆရာတော်တို့ထံ သဘောအဓိပ္ပါယ်နှင့်တကွ ကျနစွာ သင်ကြားပြီးလျှင် ပိဋကတ်ကျမ်းဂန်, လောကီ ကျမ်းဂန်များနှင့်စပ်သော ဂန္ထန္တရဗဟုသုတများကို ရဟန်းပညာရှိ လူပညာရှိတို့ထံ-ဆွေးနွေးမေးမြန်း, နည်းနာခံယူ, လေ့လာမှတ်သားနေထိုင်သည့်အတွင်း အမရပူရ-စတုတ္ထနန်းစံ၊ ပုဂံမင်းတရားကြီးဘုရား လက်ထက် မင်းတုန်းတောင်စဉ်ခုနစ်ခရိုင် အသုံးကံကျေးခံ ညီတော်လွှတ်တက်မင်းသားကြီးသည် မင်္ဂလာအိမ်တော် စံတော်မူစဉ်အခါ ပညာဗဟုသုတအရာ လေ့လာရှာမှီးသူတို့ကို အလိုတော်ရှိတော်မူသည် အလျောက် စုံထောက်မေးမြန်း တော်မူပြီးလျှင် ကျမ်းဂန်နှင့်စပ်သည့်စကား, ပျိုကဗျာနှင့်စပ်သည့်စကား ခရာခဆစ်များကို မေးမြန်းတော်မူ၍

ဖြေဆိုတင်လျှောက်ပြီးနောက် ကဗျာဗန္ဓ ဘွဲ့ဆိုရေးသား ဆက်သရန် အလိုတော်ရှိရာ အဓိပ္ပါယ်ကို အမိန့်တော်မြွက် ရှိပြီးလျှင် ပုရပိုက်ကန့်ကူ ပေးအပ်တော်မူသောကြောင့် ရှေ့တော်မှောက်တွင် ကန့်ကူလက်မှ မတန့်ရပဲ ခဏခြင်း ဘွဲ့ဆို စီကုံး ရေးသား ဆက်သရာ အားရနှစ်သက်ရှိတော်မူသည်၊ သည်ကဲ့သို့ စေခိုင်းတော်မူတိုင်း အလိုတော်ကျ လျင်မြန်စွာ-ဘွဲ့ဆိုစီကုံး ရေးသား ဆက်သသည်ကို လွန်မင်းစွာ အားရနှစ်သက်ခြင်း ရှိတော်မူသဖြင့် အပါးတော်တွင် မြဲစွဲထမ်းရွက်နေထိုင်ရမည် အမိန့်တော်မြွက် အရ သက္ကရာဇ် ၁၂၁၂-ခုနှစ်ကစ၍ မင်္ဂလာအိမ်တော်တွင် မြဲစွဲဧယမ်း ထမ်းရွက်နေထိုင်ရသည်။

နောက် သက္ကရာဇ် ၁၂၁၂-ခုနှစ်အတွင်း နေမျိုးနရာစည်သူဟူသောနေမျိုးဘွဲ့ကို နောင်တော်ပုဂံမင်းတရားကြီးဘုရားထံ တင်လျှောက်သနားတော်မူပြီးလျှင် မင်္ဂလာအိမ်တော် ဘဏ္ဍာစာရေးခန့်ထားတော်မူသည်။

နောက်သက္ကရာဇ် ၁၂၁၄-ခုနှစ်အတွင်း ညီတော် မင်းတုန်းမင်းသည် ရွှေဘိုမြို့သို့ ထွက်တော်မူ၍ မင်းအဖြစ်သို့ ရောက်တော်မူလျှင် မင်းလှသိခ်ုသူဟူသော မင်းတပ်ဘွဲ့နှင့် စစ်ကိုင်းမြို့ ရွာသစ်ကြီးရွာကို ရွာစား သနားတော်မူပြီးလျှင် ရွှေတိုက်စိုးခန့်တော်မူသည်။

နောက် ဘဝရှင်မင်းတရားကြီးဘုရား ရွှေဘိုမြို့က ဝင်တော်မူ၍ အမရပူရရွှေမြို့တော်မှာ စံတော်မူစဉ် ရွှေတိုက်စိုး ရွာသစ်ကြီး ရွာစားအရာနှင့် အမှုတော်ကို ထမ်းရွက်ရသည့် အခါ သက္ကရာဇ် ၁၂၁၈-ခု နှစ်အတွင်း "တိံသနိပါတ်

တိတ္ထုကဇာတ်ကို ပျို့လင်္ကာစီကုံး ရေးသား ဆက်သွင်းရမည်”အမိန့်တော်မြွက်အရ ပျို့လင်္ကာပုဒ်ရေ ၁၀၀-ကို၁၅-ရက်အခန့်ကာလနှင့် ပြီးဆုံးအောင် စီကုံးရေးသားဆက်သွင်းရာ များစွာနှစ်သက် အားရတော်မူသဖြင့် ရွှေတိုက်စိုးအရာဌာနမျှနှင့် မတန်ချေ၊ တိုင်းပြည်နိုင်ငံမှုကိုစီမံဆောင်ရွက်နိုင်သော မှူးကြီးမတ်ကြီး အရာဌာနသို့ ရောက်အောင်ထမ်းရွက်စေမည်- ရွယ်ရည်မျှော်တော်မူပြီးလျှင် နိုင်ငံတွင်းမှု,နိုင်ငံခြားမှု,မြို့လုပ် ကျုံးတာစသော လုပ်ကြီး ဆောင်ကြီးမှု,အခွန်ဘဏ္ဍာတော်မှု,ကုန်းကြောင်း ရေကြောင်းနှင့်ဆိုင်သော စစ်သူရဲမက်မှု, တရားရာဇဝတ်မှု-မှစ၍ အရပ်ရပ်အမှုကြီးငယ်တို့နှင့် ဆက်ဆံရာ မင်း၏ အာဏာတော်ထားရာနိုင်ငံ၏ အချက်အချာဖြစ်သော လွှတ်တော်ကြီး ဌာနတွင်အမှာတော်ရေးအရာ ပုခန်းကြီးမြို့ စီရင်စု သပြေငါးရွာစားခန့်ထားတော်မူသဖြင့် လွှတ်တော်တွင် ဝန့်ရှင်တော်မင်းကြီးများ ဝန်ထောက်တော်မင်းများ၏ အမိန့်တော်နာခံ၍ ထမ်းရွက်နေထိုင်ရသည်။

သည်ကဲ့သို့ အမှာတော်ရေးအရာနှင့် လွှတ်တော်တွင်ထမ်းရွက်သည့်အတွင်း မန္တလေးအရပ်၌မြို့နန်းတည်ထောင်စံနေတော်မူရန် ရဟန်းပညာရှိ, မှူးမတ်ပညာရှိ, ပုဏ္ဏားပညာရှိတို့ စာဆက်သွင်းချက်အတိုင်း မြို့နန်းတည်ထောင်ရန် အခမ်းအနားရှိသည်များကို ဝန့်ရှင်တော် မြဲတောင်မြို့စား သေနတ်ဝန်မင်းကြီး ဆင့်ဆိုရာ နာခံထမ်းရွက်ရမည်စေခိုင်းတော်မူသောကြောင့် မြို့ရာ နန်းရာများကို ချင်းနင်းကြည့်ရှုတော်မူပြီးလျှင်“ဤကား-ရွှေမြို့တော်ကြီး တည်ရာဌာန, ဤကား-ကျုံးတော်ကြီး တည်ရာဌာန, ဤကား-စေတီ

တော်ကြီးတည်ရာဌာန,ဤကား-မဟာသကျမာရဇိန်ကျောက်သလင်း ရုပ်ပွါးတော်ကြီး တည်ရာဌာန,ဤကား ကျောင်းတော်ကြီးတည်ရာဌာန,ဤကား-သိမ်တော်ကြီးတည်ရာဌာန, ဤကား- သုဓမ္မာစရပ်တော်ကြီး တည်ရာဌာန'' ဟူသော ၇-ဌာနနှင့်တကွ အရပ်ရပ် လုပ်ဆောင်တည်ထားရန် အဆောက်အဦဌာန ရှိသည်များကို တိုင်းတာမှတ်သား စံနစ်ပုံစံရေး၍ မပြတ်တင်လျှောက်ခြင်း များကိုအားရနှစ်သက်တော်မူသည်နှင့် သက္ကရာဇ် ၁၂၁၉-ခုနှစ်အတွင်း လွှတ်တော် စာရေးတော်ကြီးအရာ ခန့်ထားတော်မူသည်။

လွှတ်တော်တွင် စာရေးတော်ကြီး အရာနှင့် ထမ်းရွက်သည့်အတွင်း ''ရတနာပုံ ရွှေမြို့တော်ကြီးတည် စာတမ်းကို ရေးသားဆက်သွင်းရမည်၊ အရပ်ရပ် စာဟောင်းစာတမ်းများတွင် ပျက်စီးချွတ်ယွင်း ရှိသည်များကိုလည်း ကြည့်ရှုပြင်ဆင်ရမည်'' အမိန့်တော်မြွက်အရ စာတမ်းအချီးနိဒါန်းစကား ရေးသားဆက်သွင်းရာ အားရတော်မူ၍ စာရေးတော်ကြီးတို့ အစဉ်သနားတော်မြွတ် ခံရမြဲထက် တိုး၍ မဟာ မင်းကျော် စည်သူ-ဟူသော မဟာဘွဲ့နှင့် ကတ္တီပါဖောင်းရွှေစလွယ် ၉-သွယ်စသော အစီးအနင်း အဆောင်အရွက်များကို သနားတော်မြွတ်ခံရသည်။

နောက် သက္ကရာဇ် ၁၂၂၃-ခုနှစ်အတွင်း နယ်သီးဖြစ်သော တိုက်ကျန်၁၀-ရွာ,ရွှေယင်းမာရွာ,ချောင်းဦး၁၀-ရွာ များနှင့်တကွ ကုန်းကြောင်းသေနတ်အမှုထမ်း အစုဦးရေ ၂၂-အနက် ခြောက်ထားဝယ်, တောင်ထားဝယ်စသော အတွင်း ၆-စု၊ ကိုယ်ရံတော် အမှုထမ်းလူ (၂၀၀၀၀)

နှစ်သောင်းကျော်တို့၏ နေရပ်ဌာနဖြစ်သော သုံးတိုက် ခြောက်ဝေပုံတို့ဖြင့် တန်ဆာဆင်အပ်သော အလုံမြို့ကို မြို့ဝန်အရာခန့်ထား သူကောင်းပြုတော်မူသည်။

နောက် သက္ကရာဇ် ၁၂၂၆-ခုနှစ်အတွင်း တောင်ငူ ရမည်းသင်းသစ်တောများတွင် သစ်အလုပ်အဆောင်နေရာ မကျ၊ အခွန်ဘဏ္ဍာတော်ယုတ်လျော့ရှိသည်နှင့် တောင်ငူ ရမည်းသင်းမြို့ရွာများကို စေခန့်တော်မူရန် စီမံတော်မူပြီး လျှင် အလုံမြို့ဝန်အရာမှပြောင်း၍ လွှတ်တော်စာရေးတော် ကြီးအရာ တဘန်ခန့်တော်မူသည်။

နောက် သက္ကရာဇ် ၁၂၂၇-ခုနှစ်အတွင်း လွှတ်တော် စာရေးတော်ကြီး အရာရင်းတွင် တောင်ငူ-ရမည်းသင်း ၂-မြို့ အခွန်ဝန်အရာထပ်၍ ခန့်အပ်တော်မူသည်နှင့် မြို့ရွာ သို့သွားပြီးလျှင် သစ်အလုပ်အဆောင်မှစ၍ အရပ်ရပ် အခွန်ဘဏ္ဍာတော်မှ စီမံလုပ်ဆောင်ရန် ရှိသည်များကို စစ်ဆေးမေးမြန်း စီမံရုံထား ထမ်းရွက်လုပ်ဆောင်ပြီး နောက်-တွင်-ကုန်-ပြီးပြေသမျှ အကြောင်းအရာများကို ရှေ့ ဘွားတော်အောက် ပြန်ရောက်တင်လျှောက် ရှိနေဆဲအခါ ၁၂၂၈-ခုနှစ်အတွင်း မြင်ကွန်းမင်းသား အရေးတော် ပေါ်ပေါက်လာ၍ လွှတ်တော်ကအမြဲရပ်နေပြီးလျှင် ဘဝရှင် မင်းတရားကြီးဘုရားရှေ့တော်သို့ ဝန်ရှင်တော် ပုဒ်နန်းကြီး မြို့စားမင်းကြီးနှင့် နေ့ညမပြတ် ဝင်ထွက်တင်လျှောက်၍ စုရုံးမိသမျှသော ဗိုလ်ပါရဲမက်တို့ကို ဆင့်ဆိုစည်းကြပ် တိုက် ခိုက်ဘမ်းဆီးစေရာ မြင်ကွန်းမင်းသားနှင့် အပေါင်းပါ လူတို့ နန်းမြို့တော်မှဆုတ်ခွါ သဘော်တော်ကို စီးနင်း ထွက်သွားပြီးလျှင် အောက်မြစ်စဉ်မြို့ရွာများက ရပ်နေခုံ

ရှိသည့်'စစ်ရေးတကြောင်း၊ပတိမ်းမင်းသားနှင့်အပေါင်းပါ လူတို့လည်း ရွှေဘိုမြို့ကရပ်နေပြီးလျှင် မြောက်တပြင်မြို့ရွာ အင်အားနှင့် မန္တလေးမြို့တော်အနီး ချီတက်လာရောက် ဝန်းရံရှိနေသည် စစ်ရေးတကြောင်း၊ နှစ်ကြောင်းနှစ်ဝ စစ်ရေးစစ်မှုများကို ချီတက်တိုက်ခိုက်စေရန် ဗိုလ်ရဲမက် လက်နက်ကိရိယာများနှင့်တကွ နေ့ညမရပ်မနား ဆင့်ဆို စည်းကြပ် စီမံကွပ်ကဲ ထမ်းရွက်နေသိုင်ရာ အထူးလေးမြတ် သဒ္ဒါတော်မူသည်၊ မှူးတော်မတ်တော်ကြီးတို့မှ သနား တော်မြတ်ခံသော မင်းကြီးမဟာစည်သူဟူသော မင်းကြီး တပ်ဘွဲ့နှင့်တကွ ဝန်ထောက်တော်အရာခန့်ထား သူကောင်း ပြုတော်မူသည်။

နောက် အရေးတော်ပြီးပြေကာလ ကျောက်တလုံးကင်း, မင်းကွန်းကင်း,စမ္ဗာယ်နဂိုရ်ကင်းဟူသော ရေကင်းများနှင့် ဆင်ကြန် မြောင်ဦး,လေသာ, ပြင်းထိပ်, နတ်ထိပ်, ရှောင် ကဗ္ဗေစသော အရပ်ရပ်ကြည်းကင်းများကို ကင်းဝန်အရာ ထပ်မံခန့်ထား သူကောင်းပြုတော်မူသည်။

နောက် ၁၂၃၂-ခုနှစ်အတွင်း အောက်မြစ်စဉ်မြို့ရွာ များသည် အင်္ဂလိပ်အစိုးရမင်းတို့ နယ်မြေများနှင့် နီးစပ် ယှက်တင်ကြသည့်မြို့ရွာများဖြစ်၍ ရာဇဝတ်တော်ရေးကင်း လွတ်လုံခြုံအောင် မြစ်စဉ်ဝန်, စစ်ကဲ, နာခံ-အရာရှိတို့နှင့် မြို့ရွာနယ်ရှင် အကြီးအအုပ်တို့က ကြပ်ကြပ်တည်းတည်း ဆင့်ဆိုစီရင်ရမည်ဟု အောက်မြစ်စဉ်ဝဲယာတလျှောက် နယ် ခြားရောက်မြို့ရွာများကို သီးခြားခန့်အပ်တော်မူပြန်၍ ဝန် ထောက်တော် ကင်းဝန်အရာ အောက်မြစ်စဉ်ဆိုင်ရာအဖြစ် နှင့်ပင် မင်းလှမြို့က ရပ်နေဆင့်ဆိုစီရင်ရသည်။

နောက် သက္ကရာဇ် ၁၂၃၃-ခုနှစ်အတွင်း ရွှေဘဝါး တော်မြတ်အောက်သို့ ခေါ်တော်မူပြီးလျှင် မြန်မာနိုင်ငံ ရာဇမဟာမိတ်အဖြစ် ဆက်လက် ရှိသော်လည်း နိုင်ငံ တော်က အင်္ဂလိပ်မင်းနိုင်ငံသို့ သံကြီး တမန်ကြီး မစေ မလွှတ်ဘူးသေး ဖြစ်၍"အင်္ဂလိပ်ကေရီ ဘုရင်မင်းမြတ်ထံ ရာဇသံ လက်ဆောင်တော်များနှင့် စေလွှတ်တော်မူမည်" ရှယ်ရည်တော်မူသည်အတိုင်း အမှုတော်ကို ထမ်းရွက်နိုင် မည် မထမ်းရွက်နိုင်မည် မေးတော်မူရာ လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသူ မှူးကြီးမတ်ကြီး အများရှိလျက် အထူးသဖြင့် ယုံမှတ်တော်မူ၍ စေခိုင်းတော်မူသည့် အရာ ဟု ကြည်လင်ရွှင်လန်း ဝမ်းမြောက်စွာ အလိုတော်မြတ် ရှိတိုင်း ကုန်တွင်ပေါက်မြောက်အောင် သွားရောက်ထမ်း ရွက်ပါမည်အကြောင်းနှင့် အမိန့်တော်မြတ်ခံသည်။

ထိုအခါ ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည် မှာ အင်္ဂလိပ်မင်းနိုင်ငံ လန်ဒန်မြို့တည်ရာဌာနသည် သမုဒ္ဒ ရာ ပင်လယ်ကြီး အတန်တန်ခြားသဖြင့် ခဲယဉ်းသော ဥဒက ကန္တာရကြီး ဖြစ်သည်တကြောင်း, အာဒိကမ္မိက အဦးအစ သွားရောက်ရမည် ဖြစ်သည်တကြောင်း- မြန်မာနိုင်ငံတော် က ဂရိတ်,ဘရိတန်,အာရလန်-ဟူသောအင်္ဂလိပ်နိုင်ငံတော် ကြီးသို့ သံကြီး-တမန်ကြီး အဖြစ်ဖြင့် တဦးတယောက်မျှ သွားရောက် မရှိဘူးသေးသည်တကြောင်း, အင်္ဂလိပ်မင်း နိုင်ငံတွင်လည်း အားပြုလောက်သော အဆွေခင်ပွန်း မရှိ သည်တကြောင်း၊ သည်ကဲ့သို့ ငြို ငြင်ဘွယ်များစွာရှိသည့် ခရီးသည်ကိုစဉ်လျက် ကုန်တွင်ပေါက်မြောက်အောင်သွား ရောက် ထမ်းရွက်ပါမည့်အကြောင်းနှင့် ဝမ်းမြောက်ဝမ်း

သာ ခံဝန်တင်လျှောက်သည့်အရာသည် မှူးကောင်း မတ်ကောင်း လက္ခဏာညီညွတ်သည်ဟု ချီးမွမ်းတော်မူပြီးလျှင် ဝန်ကြီးအရာခန့်ထား သူကောင်း ပြုတော်မူသည်။ ။ထိုအခါမှစ၍အဂ္ဂမဟာသေနာပတိဝန့်ရှင်တော် ကင်းဝန်မင်းကြီးဟူသောအမည် ထင်ရှားခြင်းဖြစ်သတည်း။

၊ ၊ ငါးနှစ်အတွင်းပင် အင်္ဂလိပ်ကေရီ ဘုရင်မင်းမြတ်ထံ ရာဇမဟာမိတ်အဖြစ် တိုးတက်မြဲမြံရန် ရာဇသံ လက်ဆောင်တော်များနှင့် ကိုယ်စားတော်စား အင်ဗားစေဒါး သံတော်ကြီးအရာ ခန့်ထား လွှဲအပ်တော်မူပြီးလျှင် သံလတ် သံငယ် အရာရှိစုံ ပေးအပ်စေလွှတ်တော်မူ၍ ဥရောပတိုက် အနောက်နိုင်ငံများသို့ သွားရောက်ရာ အင်္ဂလိပ် ကေရီ ဘုရင်မင်းမြတ်က ဘုရင်မင်းချင်း တွေ့ကြုံလက်ခံသကဲ့သို့ အမြင့်ဆုံးသော လက်ခံခြင်းဖြင့် ချီးမြှင့်ခြင်း။ ။ပြင်သစ်သမတမင်းက ဂရန်ဗွေ၁ပစ္စယေခေါ် တံဆိပ် ဘယက်ကို ပေးကမ်း ချီးမြှင့်ခြင်း၊ ဤတာလျံမင်းကလည်း ဣတာလီနိုင်ငံတွင် မှူးကြီး-မတ်ကြီးတို့သာ ဆင်ယင်ရသော ဂရန်ဗွေ၁ပစ္စယေကုရုန္နီတာလီခေါ် တံဆိပ်ဘယက်ကို ပေးကမ်းချီးမြှင့်ခြင်းများကို ခံရသည်။

ထိုအခါ အင်္ဂလိပ်မင်းပိုင် ဂရိတ်,ဘရိတန်,အာရလန်-နိုင်ငံကြီးနှင့် ပြင်သစ်နိုင်ငံ၊ ဣတာလီနိုင်ငံများတွင်ရှိသော ထင်ရှားကြီးကျယ်သော ခရိုင်ကြီး မြို့ကြီး သင်္ဘောဆိပ်ကြီး တပ်မြို့-ခံမြို့,ခံကတုပ်,ကြေးနန်းတိုက်, စာပို့တိုက်,ဘဏ်တိုက်,ပြဇယန်းတိုက်,အလုပ်ရုံ,စက်ရုံ,လက်နက်ရုံ,သူနာရုံ, သူဆင်းရဲရုံ, အုံ့ပွဲရုံ, ဇာတ်ရုံ, အမျိုးဘာသာ, သာသနာ

ရင်သိုင်း စလွယ်နှင့် တံဆိပ်ဘယက်ကို ထပ်မံပေးကမ်း ချီးမြှင့်ခြင်းကို ခံရသည်။

ပြင်သစ်နိုင်ငံ ဣတာလီနိုင်ငံများကပြန်၍ မန္တလေးမြို့တော်သို့ ၁၂၃၆-ခုနှစ် ဆိုက်ရောက်သောကာလ အရပ်ရပ်ထမ်းရွက်သည့် အကြောင်းအရာများကို တင်လျှောက်ရာ အလိုတော်မြတ် ရှိသည့်အရာကို ကုန်တွင် ပြီးမြောက်အောင် ဥရောပနိုင်ငံများသို့ ၂-ကြိမ် ၂-ခေါက်တိုင် သွားရောက်ထမ်းရွက်သူဖြစ်သည်ဟု ကုန်းကြောင်း စစ်အမှုထမ်းဖြစ်သော မြောက်ထားဝယ်, တောင်ထားဝယ် စသောသေနတ်အစု တပ်ပေါင်း-၂၂၊ စစ်သည် လက်နက်ကိုင်ပေါင်း ငါးသောင်းကျော်တို့တွင် အကြီးအမှူးအဖြစ်ဖြင့် သေနတ်ဝန်အရာ ထပ်မံခန့်ထား သူကောင်းပြုတော်မူသည်။

နောက်သက္ကရာဇ် ၁၂၃၇-ခုနှစ်အတွင်း လယ်ကိုင်းမြို့ကို မြို့စားသနားတော်မြတ် ခံရသည်။

၎င်းနှစ် ဝေလမြို့စား အင်္ဂလိပ်အိမ်ရှေ့မင်း အိန္ဒိယနိုင်ငံသို့ လာရောက်သည်ကို "မဟာမိတ်နိုင်ငံ ရှင်မင်း၏ သားကြီး ဥပရာဇာ ဖြစ်သည်အတိုင်း မိတ်လက္ခဏာနှင့် ညီစွာ နှုတ်ခွန်းဆက်သွားရမည်၊ အိမ်ရှေ့မင်းနှင့် နှုတ်ခွန်းဆက်လက်ပြီးပြေလျှင် ဗုဒ္ဓဂယာ-မဟာဗောဓိပင်တော်သို့ သွား၍ သီရိဓမ္မာသောကမင်းတည်ထားခဲ့သည့် စေတီတော်ကြီးနှင့် တံတိုင်းမီးတား ပျက်စီးယိုယွင်းရှိသည်များကို ပြင်ဆင်ရန် အခွင့်စရပ်တော်လုပ်ဆောင်ရန် မြေများကို ကြည့်ရှုမှတ်သားခဲ့ရမည်" အမိန့်တော်မြတ်အရ ကာလကတ္တားမြို့သို့ သွားပြီးလျှင် လက်ဆောင်တော်များနှင့် အိမ်ရှေ့မင်းထံ

ဝင်ထွက် နှုတ်ခွန်းဆက်လက်ပြီးနောက် ဗုဒ္ဓဂယာ မဟာ ဗောဓိပင်တော်သို့ သွား၍ ပြင်ဆင်လုပ်ဆောင်ရန် ရှိသည်များကို ကြည့်ရှုမှတ်သားပြီးမှ မန္တလေးမြို့တော်သို့ ပြန်လာရသည်။

နောက် သက္ကရာဇ် ၁၂၄၀-ခုနှစ် အတွင်း မန္တလေးမြို့ တည် ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးဘုရား နတ်ပြည်စံတော်မူ၍ သားတော်သီပေါမြို့ အသုံးကံကျေးခံ အိမ်ရှေ့မင်း မဟာဥပရာဇာသည် မင်းအဖြစ်သို့ရောက်တော်မူလျှင် ခမည်းတော်မင်းတရားကြီး ဘုရား၏ အရိုက်အရာတော်ဖြစ်သော ထီးနန်းစည်းစိမ်ကို ဆက်ခံတော်မူသည့် အရာတွင် တိုင်းနေပြည်သူ လူအပေါင်းတို့ တစုံတရာ ပူဆာမရှိ၊ ပကတိချမ်းမြေ့စွာ ဆက်ခံတော် မူရအောင် သိမ်းပိုက်အုပ်ချုပ် ပြုလုပ်ဆောင်ရွက်သူဖြစ်သည်ဟု သီလ, သမာဓိ, ပညာဂုဏ်ကို ထောက်တော်မူ၍ ခမည်းတော် မင်းတရားကြီးဘုရား သူကောင်း ပြုတော်မူခဲ့သည့် ရာထူး ဌာနန္တရတွင် တိုးပြီးလျှင် အထူးသဒ္ဒါတော်မူသော ဝန်ကြီးမင်းမှသာ သနားတော်မြတ်ခံရသော လက်ဝဲတော်စစ်သူကြီးနေရာနှင့် မိုးကြိုး တကောင်းဖုံး အဆောင်အရွက်များကို သနားချီးမြှင့်တော်မူခြင်း, ဘုရင်မင်းမြတ် တပါးလက်ထက်တော်တွင် အထူးသဖြင့် သဒ္ဒါယုံမှတ်လေးမြတ်ထိုက်သော မှူးကြီး,မတ်ကြီး တယောက်မျှသာ သုဓမ္မ-ဟူသောဘွဲ့,သက်တော်ရှည်ဟူသော ဘွဲ့များကို သနားတော်မြတ်ခံရမြဲဖြစ်သော သတိုးသုဓမ္မ မဟာ သက်တော်ရှည်ဟူသော ကဲလွန်ထူးမြတ်သောဘွဲ့ကို သနား ချီးမြှင့်တော်မူခြင်းတို့ဖြင့် တိုးတက်ချီးမြှင့် သူကောင်း ပြုတော်မူသည်။

ထိုအခါ ကင်းဝန်မင်းကြီးဟူ၍၎င်း, သေနတ်ဝန်ကြီး ဟူ၍ ၎င်း,လယ်ကိုင်းမြို့စားမင်းကြီးဟူ၍၎င်း,မင်းကြီးသက်တော် ရှည်ဟူ၍၎င်း ခေါ်ဝေါ်စမှတ်ပြုကြသည်။

နောက်သက္ကရာဇ် ၁၂၄၂-ခုနှစ် တိုင်းပြည်နိုင်ငံမှုများ ကို ၁၂-ဌာန ခွဲဝေပြီးလျှင် အကြီးအချုပ် မှူးကြီး မတ်ကြီး တဦးစီထား၍ လုပ်ဆောင်စေရာ အရပ်ရပ်ရေးသား ဆက် သွင်း ပြဌာန်းပိုင်းခြားရသော ဥပဒေပြုလွှတ်တော်ဌာနကြီး၌ ရပ်တန့်၍အသီးအသီး ခွဲဝေချထားသော၁၂-ဌာန၏ အကြီး အချုပ် အဖြစ်ဖြင့် ချီးမြှင့် တော်မူပြန်သည်၊ ထိုအခါကစ၍ ဘဝရှင် မင်းတရားကြီး ဘုရား၏ စားတော်ပွဲတော် အုပ် အတိုင်း တစ်တည်းကျအောင် ပြင်ဆင် ဆက်သွင်းစေ၍ ကိုယ်တော်တိုင် ကြည့်ရှုတော်မူပြီးမှ နေ့စဉ် ပွဲတော်အုပ်ပို့ သ ချီးမြှင့်တော်မူသည်ကို ခံရသည်။

နောက် ၁၂၄၇-ခုနှစ် မြန်မာနိုင်ငံတော်သို့ အင်္ဂလိပ် အစိုးရမင်းတို့ ဝင်ရောက်စအခါကစ၍ နိုင်ငံမြို့ရွာ သာယာ ငြိမ်ဝပ်ရန် အရေးအရာ အခွင့်ကိစ္စများကို ကူညီ ဆောင် ရွက်သင့်ရာ ကူညီဆောင်ရွက် စေလိုကြောင်းနှင့် အင်္ဂလိပ် အစိုးရမင်းတို့ တိုက်တွန်းချက်အရ မြန်မာမှူးတော် မတ် တော်များနှင့် လွှတ်တော်ကနေ၍ ကူညီဆောင်ရွက်သင့်ရာ ကူညီဆောင်ရွက်ရသည်။

သည်ကဲ့သို့ ကူညီဆောင်ရွက်သဖြင့် အင်္ဂလိပ် ကေရီ ဘုရင်မင်းမြတ် နန်းစံ ၅၀-ပြည့် ဇူဗလီပွဲတော် ပြုလုပ် သည့်အခါ ၁၂၄၉-ခုနှစ်အတွင်း အင်္ဂလိပ်ကေရီ ဘုရင် မင်းမြတ် လက်မှတ်တော်တင်သော အမိန့်တော် မြတ်နှင့်

တကွ အိန္ဒိယတာရာတံဆိပ်အဝင် ကောက်ပင် နရန်းခေါ် စီ-အက်-အိုင်-ဟူသော ဘွဲ့တံဆိပ် ဘယက်ကို ပေးကမ်းချီး မြှင့်ခြင်းတရပ်၊ ကိုယ်မှု ,ရာဇဝတ်မှုမှတပါး အရပ်ရပ် မေး မြန်းပြောဆိုရန် ရှိသည်များကိုရုံးတော်များက အခေါ်အချ မရှိ၊ မေးမြန်းလိုသည့်အရာများကို သင့်ရာလူစေလွှတ် မေး မြန်းစေရမည်ဟု အစိုးရမင်းများက အထူးအမိန့် ပေးအပ် ချီးမြှင့်ခြင်းများကို ခံရသည်။

နောက် ၁၂၅၀-ပြည့်နှစ်ကာစ၌ အင်္ဂလိပ်အစိုးရ မင်း တို့က အငြိမ်းစားပင်ရှင်လစာ ပေးကမ်းချီးမြှင့်ထားသော ကြောင့် ဒါန, သီလစသော ပုညကိရိယာ တရားများကို အားထုတ်နိုင်သမျှ မိမိအိမ်တွင် ချမ်းသာစွာ အားထုတ်နေ ထိုင်ရသည်။

နောက် ၁၂၅၉-ခုနှစ်အတွင်း မြန်မာနိုင်ငံတော်ကို စီရင် အုပ်ချုပ်တော်မူသော လက်ပတင်နင် ဂေါ်ဝါနာ မင်းကြီးက မြန်မာနိုင်ငံတော် ဥပဒေပြုမင်းတိုင်ပင် အသင်း သို့ သွင်း၍ ဂုဏ်ကြက်သရေပေးခြင်းဖြင့် ထပ်မံချီးမြှင့် မြန်သည်။

ဤကဲ့သို့ အသက် ၂၀-နှစ်အရွယ်က စ၍ ယခုရောက် ဆဲ ပွါးဆဲ အသက်တိုင်အတွင်း အစဉ်မပြတ် မင်းမှုမတ် အဖြစ်နှင့် အဆင့်ဆင့် ထမ်းရွက်ရသည်၊ သည်ကဲ့သို့ ထမ်းရွက်သည်အတွင်း ရေးသားဘူးသော အစောင်အတွဲ ပြု၍ ထားသောစာများမှာမူကား— ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီးဘုရား လက်ထက်တော် ၁၂၁၀-ခုနှစ် အ တွင်း ရွှေတိုက်စိုးရွှာသစ်ကြီးရွှာစား အရာနှင့် ထမ်းရွက်

စဉ် ပြည်ရှင်မင်းသည် တရားမစောင့်သဖြင့် လောကနိုက် ပစ္စုပ္ပန်,သံသရာအကျိုးနှစ်ပါး ဆုတ်ယုတ်ပျက်စီးကြောင်း ပြည်ရှင်မင်း၏ တရားစောင့်ခြင်းဖြင့် လောကနိုက် ပစ္စုပ္ပန်, သံသရာအကျိုးနှစ်ပါး တိုးပွါးခံစားရကြောင်း၊ လောက တွင် မင်းပဋ္ဌာနဖြစ်ကြောင်းများနှင့် မြတ်စွာဘုရား ဟော ကြားတော်မူသော တိသနိပါတ် တိက္ကုဇာတ် ပျို့လင်္ကာ စီကုံးရေးသား ဆက်သွင်းရမည်- အမိန့်တော်မြတ်အရ ရေးသား ဆက်သွင်းရသော"ဝဇီရိန်မိုးကြိုး"ချီတိက္ကုဇာပျို့၊ ပုဒ်ရေ ၁၀၀-၉-ကြောင်းရေး (က)အစ (ဂံ)အဆုံး ၂- အင်္ဂါ-၁၁-ချပ်ရှိ၊ စာစောင်ရေ-၁။

နောက် ၁၂၂၀-ပြည့်နှစ်အတွင်း စာရေးတော်ကြီး သပြေငါးရွာစားအရာနှင့် ထမ်းရွက်စဉ် မောင်တိုး ရွှေ တောင်နန္ဒသူတို့ ရေးသားသည့် ရာမရကန်၊ ငွေတောင်ရ ကန်များသည် နာပျော်ဘွယ်မျှသာ သမ္ဗန္ဓလာပ ဖြစ်သော ကြောင့် အကျိုးကျေးဇူးမရှိ၊ သို့ဖြစ်၍ နာပျော်ဘွယ်လည်း ဖြစ်အောင် အကျိုးကျေးဇူးလည်းရှိအောင် မဟာနိပါတ် နေမိဇာတ်ကို ရကန်ရေးသား ဆက်သွင်းရမည် အမိန့် တော်မြတ်အရ ရေးသား ဆက်သွင်းရသော "မင်္ဂလာ အောင်ကိန်း"ချီ နေမိရကန်ပုဒ်ရေ ၁၁၊ ၉-ကြောင်းရေး (က)အစ (ဃံ)အဆုံး၊၃-အင်္ဂါ ၀-ချပ်ရှိ၊စာစောင်ရေ-၁။

နောက် ၁၂၂၂-ခုနှစ်အတွင်း စာရေးတော်ကြီး သပြေ ငါးရွာစားအရာနှင့်ပင် ထမ်းရွက်စဉ်။ ။အဘိဇ္ဈာ၊ဗျာပါဒ၊ ကောဓ၊ ဥပနာဟ၊ မက္ခ၊ ပဠာသ၊ ဣဿာ၊ မစ္ဆရိယ စသော ၁၆-ပါးသော တရားများသည် စိတ်၏ညစ်ညူးကြောင်း

ဖြစ်၍ မပြတ်ဆင်ခြင်သုံးသပ် ရှောင်ကြဉ်အပ်သည့် အတိုင်း သူခပ်သိမ်းတို့ မှတ်သားစေရန် ကျမ်းဂန် လာရှိတိုင်း ကောက်နုတ်ရေးသား ဆက်သွင်းရမည်၊ အမိန့်တော်မြွက်အရ ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့မှ ကောက်နုတ်၍ ရေးသား ဆက်သွင်းရသော အထူးထူးသော "တိုင်းကြီးပြည်ကြီး"ရှိ စိတ္တုပက္ကိလေသ စာတမ်း၊ ၉-ကြောင်းရေး (က)အစ(ခု) အဆုံး၊ ၁-အင်္ဂါ ၅-ချပ်ရှိ၊ စာစောင်ရေ-၁။

နောက် ၎င်းနှစ်အတွင်း အထက်ရေးသား ဆက်သွင်းသည့် စိတ္တုပက္ကိလေသစာတမ်းကို အလွယ်တကူ မှတ်သားနိုင်အောင် လင်္ကာ,မော်ကွန်း ဘွဲ့ဆိုရေးသား ဆက်သွင်းရမည်၊ အမိန့်တော်မြွက်အရ ရေးသား ဆက်သွင်းရသော "ကြားပိန့်သိလော"ရှိ မေ့မှာဇမော်ကွန်း ပုဒ်ရေ-၁၁၁၊ ၉-ကြောင်းရေး(က) အစ (ကု)အဆုံး ၆-ချပ်ရှိ စာစောင်ရေ-၁။

နောက် ၁၂၂၆-ခုနှစ်အတွင်း ရတနာပုံ ရွှေမြို့တော်တွင် နွေမိုးဆောင်းမပြတ် ပြည်သူတို့သုံးရေ သောက်ရေ အလိုရှိသမျှ ပြည့်စုံအောင် မတ္တရာမြစ်အထက် မြန်မာခရီး ၆-တိုင်ကွာ နဂါးရစ်မြစ်ကန့်ပြီးလျှင် ရွှေမြို့တော်အောက် ရေဝင်းတော်မှူးသူရဲဝန် အမြင့်မြို့စား သတိုးမင်းကြီး မဟာသမိန်ဘောဖြတ်စကို မှူးကြီးကြပ်မဘောက်လုပ်စေ၍ ပေါက်ပြောက်ရှိသည့်မြစ်တော်ကို ရတနာနန္ဒီသမုတ်တော်မူ၍ ရှိသည့်အတိုင်း အလုံမြို့ဝန်အရာနှင့် ထမ်းရွက်စဉ် အလုံမြို့က ရွှေဘဝါးတော် မြတ်အောက် ရွှေမျက်နှာတော် အဖူးအမြော် လာရောက်သည့်အခါ ၎င်းရတနာနန္ဒီ မြစ်တော်ဘွဲ့ မော်ကွန်းရေးသား ဆက်သွင်းရမည် အမိန့်တော်မြွက်

H 586—C [ဟံသာဝတီ]

အရ ရေးသားဆက်သွင်းရသော"ကြားပိန့်မင်္ဂလာ"ချီရတနာနဒီမော်ကွန်းပုဒ်ရေ၂၂၊၉-ကြောင်းရေး(က)အစ(ကံ)အဆုံး ၁၁-ချပ်ရှိ စာစောင်ရေ ၁။

နောက် ၁၂၃၀-ပြည့်နှစ်အတွင်း ဝန်ထောက် တော်ကင်းဝန်အရာနှင့် ထမ်းရွက်စဉ် ကိုယ်မှု ပြည့်စုံသဖြင့် ခုံပညာရှိ တရားစီရင်မှုကပြုလုပ်လိုသူ နောင်လာအမျိုးသားတို့ အလွယ်တကူ မှတ်ယူလေ့ကျက်ရန် ,မနု,မနော, ရွှေမျဉ်း, ဓနုဝဏ္ဏနာစသော ဓမ္မသတ်ကျမ်းစောင်ရေ ၃၀-ကျော်တို့မှ ကောက်နုတ်၍ သံခေပအဖြစ် လင်္ကာဖွဲ့ဆို ရေးသားအပ်သော ပဏ္ဏာမနိဒါန်းနှင့်တကွ နှုတ်လွှန်ခန်း, လက်ရောက်ခန်း,အမွေခန်း, အိမ်မှုခန်း, ကျွန်ခန်းဟူသော ခုနစ်ခန်းကုန် ပြဆိုအပ်သော "ဗု-မံ-သံ န"ချီအဋ္ဌသံခိပ် ဓမ္မသတ်လင်္ကာပုဒ်ရေ ၇၂၊၉-ကြောင်းရေး (က) အစ(ဃု)အဆုံး ၃-အင်္ဂါ ၅-ချပ်ရှိ စာစောင်ရေ ၁။

နောက် ၁၂၃၅-ခုနှစ်အတွင်း ပြင်သစ်နိုင်ငံသို့ သံတော်ကြီးအရာနှင့်သွားစဉ် အထက် ရေးသားအပ်သော အဋ္ဌသံခိပ် ဓမ္မသတ်တွင်မပါ၊ ကြွင်းကျန်ရှိသည့် မြေမှုခန်း, ရောင်းဝယ်မှုခန်း စသော တရားအဆုံးအဖြတ် များကို ပကိဏ္ဏကအမည် တပ်ပြီးလျှင် ပင်လယ်လမ်းစခန်းကစ၍ ပြင်သစ်နိုင်ငံ ပါရစ်မြို့သို့ ရောက်သည်တိုင် ထပ်မံစီကုံးရေးသားအပ်သော "ဗွါဒိတျံန"ချီ ပကိဏ္ဏကဓမ္မသတ်လင်္ကာပုဒ်ရေ ၂၈-ပုံနှိပ်စာမျက်နှာနံပါတ်၃၉-ရှိစာအုပ် ၁။

နောက် ၁၂၄၁-ခုနှစ်အတွင်း မန္တလေး ရတနာပုံ ဒုတိယနန်းစံ မာရ်အောင်ရတနာ စေတီတော့ ဒါယကာ

သီပေါဘုရင် မင်းမြတ်လက်ထက် လက်ကိုင်းမြို့စား ကင်းဝန်,သေနတ်ဝန် မင်းကြီး သက်တော်ရှည်အရာနှင့် ထမ်းရွက်စဉ် တောင်နန်းညာတင် အသျှင်မိဘုရားခေါင်ကြီးဘုရားမှ မီးရှူးသန့်စင် မြင်တော်မူသော သားတော် မြတ်ရတနာကို မြပုခက်တော်တင် မင်္ဂလာ အခန်းအနားတွင် ဘတ်ချော်စေရန် မင်္ဂလာချင်းဘွဲ့ဆို ရေးသား ဆက်သွင်းရမည် အမိန့်တော်မြတ်အရ စီကုံး ရေးသား ဆက်သွင်းရသော "မင်္ဂလာလျှံထိန်" ချီမင်္ဂလာချင်း၊ သံတိုင်ပုဒ်ရေ ၃၂၊ သံပေါက်ပုဒ်ရေ ၁၂-နှင့် လူးတား,လွဲချင်းများပါ၊ ၉-ကြောင်းရေး(က)အစ(ဗိ)အဆုံး ၁-အင်္ဂါ၄-ချပ်ရှိ စာစောင်ရေ ၁။

နောက် ၁၂၄၃-ခုနှစ်အတွင်း သမီးတော်ထိပ်စု မြတ်ဘုရားကြီး မြပုခက်တင် မင်္ဂလာအခန်းအနားတွင် ထပ်မံရေးသား ဆက်သွင်းရသော သံတိုင်ပုဒ်တိုင်းပုဒ်တိုင်း၃၁-ပဒစီ အညီဘွဲ့ဆိုရသော "မင်္ဂလာစက်ရွှေ" ချီ မင်္ဂလာချင်း သံတိုင်ပုဒ်ရေ ၃၉၊ သံပေါက်ပုဒ်ရေ ၁၇-နှင့် လူတားဘွဲ့ချင်းများပါ၊ ၉-ကြောင်းရေး (က) အစ(ခါ) အဆုံး၁-အင်္ဂါနှင့် ၂-ချပ်ရှိ စာစောင်ရေ ၁။

၎င်းနှစ်အတွင်း အထက်စီရင် ရေးသား အပ်သော အနှသံဒိပ် ဓမ္မသတ်လင်္ကာကို လေ့ကျက်မှတ်သားသူ များ-သော်လည်း အတိသခ်ေပနယအဖြစ် ကျစ်လစ် သိမ်မွေ့လှသည်ဖြစ်၍ မန္တပုဗ္ဗိုလ်တို့မှာ သဘော, အဓိပ္ပါယ်, အသိအထင်မြို့ငြင်ခြင်းရှိကြသောကြောင့် သူခပ်သိမ်းတို့ လွယ်လင့်တကူ မှတ်ယူနိုင်အောင် ၎င်းလင်္ကာ၏အဘွင့် ဝိတ္ထာရကိုထပ်မံ ရေးသားပါမည့်အကြောင်းနှင့် တရားသူကြီးစသော

မှူးမတ်အရာရှိ ခုံသမတ်စသော တရားသူကြီး ပြုလုပ်သူတို့ တောင်းပန်ဘိုက်တွန်းချက်အရ တိုင်းနိုင်ငံမှုစီရင်ခြင်း-စီရင်ဘွယ် များပြားစွာ အားထုတ်ဆောင်ရွက်ရလျက် ဖြစ်သော်လည်း အတန်ငယ် ချပ်၍ချင်၍ အားထုတ်ရေးသားအပ်သော အဋ္ဌသံခိပ် ဓမ္မသတ်၏ အတွင်ဖြစ်သော "သမ္ဘုဒ္ဓေါ ဗောဓိမူလေ"ချီ အဋ္ဌသံခေပ ဝဏ္ဏနာဓမ္မသတ်၏-ကြောင်းရေး(က) အစ (ပေ) အဆုံး ၂၁-အင်္ဂါ- ၇-ချပ်ရှိ စာစောင်ရေ ၁။

နောက် အင်္ဂလိပ်အစိုးရမင်းတို့လက်ထက် ၁၂၅၅-ခုနှစ်အတွင်း မြန်မာနိုင်ငံတော် အထက်ပိုင်း တရားဌာနချုပ် စီ-အက်စ်-အိုင်-ဘွဲ့ခံ ဝန်ရှင်တော် ဘားဂျက် မင်းကြီးက ဗုဒ္ဓဘာသာ မြန်မာဓမ္မသတ်ထွက် တရားအခန်း ၁၀-ရှိသည့်အနက် အစိုးရမင်းတို့ အသုံးပြုနိုင်သော အမွေမှုခန်း,အိမ်မှုခန်း ၂-ရပ်အခန်းပါ တရားအဆုံးအဖြတ်များကို အလွယ်တကူ သိမှတ်နိုင်ရန် ကင်းဝန်မင်းကြီး လက်ရှိ ဓမ္မသတ်စောင်ရေ ၃၂-အစိုးရမင်းတို့က ပေးအပ်သည့် ဓမ္မသတ်စောင်ရေ ၄၊ ၂-စုံဓမ္မသတ်စောင်ရေ ၃၆- ကို အမှုအဆုံးအဖြတ်ခြင်း သဘောတူရာ ပေါင်းစပ်၍ တစောင်တဘွဲ့တည်း ဖြစ်အောင် နေရာကျ စီမံ အားထုတ်စေလိုကြောင်းနှင့် ဘွင့်တောင်း ပြောဆိုချက်အရ ၃၆-စောင်သော ဓမ္မသတ်မှ ထွက်ရှိသည့် အမွေမှုတရား, အိမ်မှုတရားများကို တရားချင်းတူရာပေါင်း၍ စိစစ်ရေတွက်ရာတရားဦးရေ ၁၁-ကျော်စီ ထွက်ရှိသည်ကို သဘောတရား နီးစပ်ရာ အပိုင်းအခန်း ခွဲဝေ၍ တရားတခုလျှင် ပုဒ်မတခုကျ၊ ရှင်းပုဒ်ခတခုကျွင် မည်သည့်ဓမ္မသတ်က အဆုံးအဖြတ် မည်သို့

လွမ်းချင်း, နိဗ္ဗာနမချင်း, လေ့တက်ချင်း, ဂုဏ်ချင်း, ဟန်ကချင်း,မီးချင်း,ဒွံးချင်း-စသော ထီးသုံးနန်းလေ့ ဖြစ်သောစာအမျိုးမျိုးမှ စ၍ မည်သည့် ကဗျာမျိုးမဆို အနည်းအများ အားဖြင့် ဘွဲ့ဆို စီကုံး ရေးသား ဘူးသည်လည်းများ၏၊ ဤသို့ လောကီ,လောကုတ္တရာ ပညာဗဟုသုတနှင့်စပ်သမျှ စာစောင်ဘွဲ့များကို မပြတ်ဘွဲ့ဆိုစီကုံး ရေးသားလေ့ရှိသော သာသနာတော်ရေး, တိုင်းရေးပြည်မှု အခွင့်ကိစ္စများကိုလည်း ရာထူးဌာနန္တရအားလျော်စွာ စွမ်းနိုင်သလောက် စီမံဆောင်ရွက် အားထုတ်လေ့ရှိသော ဝန်ရှင်တော် လယ်ကိုင်းမြို့စား- သေနတ်ဝန်- ကင်းဝန်မင်းကြီးမင်းသတိုး သုဓမ္မမဟာသက်တော်ရှည် (C.S.I.) စီ-အက်စ်အိုင်-သည် သင်္ခါရသဘောကို မလွန်ဆန်နိုင်သည် ဖြစ်၍မြန်မာသက္ကရာဇ် ၁၂၇ဝ-ပြည့်နှစ် ဝါဆိုလဆန်း ၃-ရက်၊ ခရာဇ်သက္ကရာဇ် ၁၉ဝ၈-ခု ဇွန်လ ၃ဝ-ရက် အင်္ဂါနေ့နံနက် ၅-နာရီအချိန် အသက် ၈၆-နှစ် ၄-လ ၂၂-ရက်တွင် တခုသော ကံကိလေသာတို့သည် ပြုပြင်အပ်သောဘဝ၏ ကုန်ဆုံးခြင်းသို့ ရောက်ရလေသတည်း။

---

## ကင်းဝန်မင်းကြီးကွယ်လွန်ရာ သင်္ဂြိုဟ်ဆောင်ရွက်သည့် အခမ်းအနားအစီအစဉ်

### အခမ်းအနားစာတမ်း

သတိုးသုဓမ္မမဟာသက်တော်ရှည် ဘွဲ့နှင့်တကွ အိန္ဒိယမဟာအတုလတာရာသဟာယ(စီ-အက်စ်-အိုင်)ဘွဲ့တံဆိပ်ရအဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် ကင်းဝန်,သေနတ်ဝန်, လယ်ကိုင်းမြို့စား မင်းကြီးသည် မြန်မာနိုင်ငံတော် အ

ထက်ပိုင်း ဗန့်ကျီတိုက်အဝင် ဆင်ရှင်မြို့နယ် မင်းတိုင်ပင် မြို့နိုက် သက္ကရာဇ် ၁၁၈၃-ခု၊ တပို့တွဲလဆန်း ၁၂-ရက် တနင်္ဂနွေနေ့တွင် ဘွားမြင်၍ အသက် ဆယ်နှစ်ကျော်က နှစ်ဆယ့်ရှစ်နှစ်တိုင်အတွင်း ဗုဒ္ဓဘာသာ- သဒ္ဒါ သင်္ဂြိုဟ် စသော ပါဠိတော်,အဋ္ဌကထာ,ဋီကာ သင်ရိုးကျမ်းဂန်များ နှင့် တကွ ဂန္ထန္တရ ပျို့ ကဗျာ ကကာ်ာ ပညာဗဟုသုတ များကို သင်ကြားလေ့လာ ကျွမ်းကျင်နှံ့သိ-ရှိသည်နှင့်အညီ ပုဂံမင်းတရားကြီးလက်ထက် ညီတော် လွှတ်တက် မင်း သားကြီး မင်းတုန်းမင်းအပါးတော်တွင် ရှေးဦးအစ ခစား ထမ်းရွက်ရ၍ သက္ကရာဇ် ၁၂၁၂-ခုနှစ်အတွင်း နေမျိုးနရာ စည်သူဘွဲ့နှင့် မင်္ဂလာအိမ်တော် ဘဏ္ဍာစာရေးအရာ ခန့် ထားတော်မူသည်။

ထို့နောက် မင်းတုန်း မင်းသားကြီးသည် ဘုန်းပါ ရမီတော်အလျောက် မင်းအဖြစ်သို့ ရောက်တော်မူသော အခါ သက္ကရာဇ် ၁၂၁၄-ခုနှစ်အတွင်း မင်းလှသိင်္ခသူ ဘွဲ့နှင့်တကွ ရွှေတိုက်စိုး ရွာသစ်ကြီးရွာစားအရာ၊ နောက် သက္ကရာဇ် ၁၂၁၈-ခုနှစ်အတွင်း လွှတ်တော်အရာရှိအဝင် အမှာတော်ရေး သပြေ ၅-ရွာစားအရာ၊နောက် ၁၂၁၉- ခုနှစ်အတွင်း လွှတ်တော်စာရေးကြီးအရာ၊နောက် တိုးတက် ချီးမြှင့်တော်မူသော မဟာမင်းကျော် စည်သူဘွဲ့၊ နောက် ၁၂၂၃-ခုနှစ်အတွင်း အလုံမြို့ဝန်အရာ၊ နောက် ၁၂၂- ခုနှစ်အတွင်း တောင်ငူ, ရမည်းသင်း ၂-မြို့ သစ်တောခွန် များကို ကြည့်ရှုစီမံရသော လွှတ်တော် စာရေးကြီးအရာ၊ နောက် ၁၂၂၇-ခုနှစ် အတွင်း လွှတ်တော်စာရေးကြီးအရာ နှင့်တကွ တောင်ငူ, ရမည်းသင်း ၂-မြို့ အခွန်ဝန်အရာ၊

နောက် ၁၂၂၈-ခုနှစ်အတွင်း မင်းကြီး မဟာစည်သူဘွဲ့နှင့်တကွ ဝန်ထောက်တော် ကင်းဝန်အရာ၊ နောက် ၁၂၃၃-ခုနှစ်အတွင်း ဂရိတ်,ဘရိတန်,အာရလန်စသော တိုင်းကြီးနိုင်ငံကြီးတို့ကို အစိုးရတော်မူသော အင်္ဂလိပ်ကေရီ ဘုရင်မင်းမြတ် အထံတော်သို့ စေခန့်တော်မူသော အင်ဗာဆေဒါးသံတော်ကြီးဌာနန္တရနှင့်တကွ အဂ္ဂမဟာ သေနာပတိဝန်ကြီးအရာ၊ နောက် ၁၂၃၆-ခုနှစ်အတွင်း စစ်သည်ရဲမက်တော်တို့၏ အကြီးအချုပ်ဖြစ်သော သေနတ်ဝန်ကြီးအရာ၊ နောက် ၁၂၃၇-ခုနှစ်အတွင်း လယ်ကိုင်းမြို့စားအရာ၊ နောက် ၁၂၄၀-ပြည့်နှစ်အတွင်း သားတော် သီပေါမင်းဘုရင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်၌ အဂ္ဂမဟာ သေနာပတိ ဝန်ကြီးချုပ်ဟု ဆိုအပ်သော လက်ဝဲတော်စစ်သူကြီးနေရာနှင့်တကွ သတိုးသုဓမ္မ မဟာသက်တော်ရှည်ဟူသော မင်းမှူးမတ်တို့တွင် အမြင့်ဆုံးဖြစ်သော ဘွဲ့အမည် စားကျေးမြို့ရွာတို့ဖြင့် အဆင့်ဆင့် ချီးမြှင့်သူကောင်းပြုတော်မူသည်ကို ခံရသည်။

နောက် အင်္ဂလိပ် အစိုးရမင်းတို့ လက်ထက် ၁၂၄၈-ခုနှစ်ကစ၍ မြန်မာနိုင်ငံတော် မဟာဝန်ရှင်တော်မင်းကြီး၏ အတိုင်ပင်ခံအဖြစ်နှင့် လွှတ်တော်က ရပ်နေပြီးလျှင် တိုင်းရေး ပြည်ရေးနှင့် စပ်သမျှတွင် ကူညီဆောင်ရွက်သင့်ရာ ကူညီဆောင်ရွက် ရပြီးနောက် ၁၂၄၈-ခုနှစ် အတွင်း အင်္ဂလိပ် ကေရီဘုရင်မင်းမြတ် အမိန့်တော်နှင့်တကွ အိန္ဒိယ တာရာတံဆိပ်အဝင် အိန္ဒိယမဟာ အတုလ တာရာ သဟာယ (C.S.I.) စီ-အက်စ်-အိုင် ဘွဲ့တံဆိပ်ဖြင့် ချီးမြှင့်သူကောင်းပြု ခံရသည်၊ နောက် ၁၂၅၀-ပြည့်နှစ်ကစ၍ အင်္ဂလိပ်

အစိုးရမင်းတို့က ပြည့်စုံလုံလောက်စွာ ပင်ရှင်လစာဘို့ဖြင့် ချီးမြှင့်တော်မူခြင်းခံရသည်၊ နောက် ၁၂၅၇-ခုနှစ်အတွင်း မြန်မာနိုင်ငံတော် အလုံးကို စီရင်အုပ်ချုပ်တော် မူရသော ဘုရင်ခံမင်း၏ ဥပဒေပြု မင်းတိုင်ပင် အမတ်အသင်းသို့ သွင်း၍ ဂုဏ်ကြက်သရေပေးခြင်းဖြင့် ထပ်မံချီးမြှင့်တော်မူ ပြန်သည်။

သည်ကဲ့သို့ မြန်မာအစိုးရမင်းတို့ လက်ထက်တော်နှင့် အင်္ဂလိပ်အစိုးရမင်းတို့လက်ထက် မင်း ၄-ဆက်မြောက် ကြီးကျယ်မြင့်မြတ်သော လူထူးဌာနန္တရ ဘွဲ့အမည် တံဆိပ် တယက်များနှင့်တကွ ချီးမြှောက် သူကောင်း ပြုတော်မူ သည်ကိုခံရသော ပါရမီဒ္ဒသမ္ဘာရ သီလသမာဓိ ပညာ ဗဟုသုတ ဒီဃာယုကဟူသော ဂုဏ်ကျေးဇူးအပေါင်း နှင့် ပြည့်စုံသော ဝန်ရှင်တော် ကင်းဝန် မင်းကြီးသည် အသက် ၈၇-နှစ် အရွယ်သို့ တိုင်ရောက်သော အခါ သင်္ခါရသဘောကို မလွန်နိုင်သည်ဖြစ်၍ သက္ကရာဇ် ၁၂၇၀-ပြည့် ဝါဆိုလဆန်း ၃-ရက် ၁၉၀၈-ခု၊ ဇွန်လ ၃၀-ရက် အင်္ဂါနေ့ ခန္ဓာပဉ္စက သမုတိမရဏာသဘောသို့ ရွေ လျော ကွယ်လွန်ရလေသတည်း။

ထိုသို့ ကွယ်လွန်သောအခါ ကြွင်းကျန်ရစ်သော ရုပ်အ လောင်းကို ရှေးမြန်မာမင်းတို့ လက်ထက် ဆောင်ရွက်မြ မလေ့ထုံးစံ အခမ်းအနားနှင့် အညီ ကြီးကျယ် မြင့်မြတ်စွာ သင်္ဂြိုဟ် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော် အလုံးကို အုပ်ချုပ်စီရင်တော်မူရသော ဘုရင်ခံမင်းနှင့်တကွ အစိုးရ အရာရှိမင်းတို့က အစိုးရဘဏ္ဍာတော်မှ သပြာငွေတော်များ စွာ ထုတ်ပေးချီးမြှင့်တော် မူသည်ဖြစ်၍ ကွယ်လွန်သူ ဝန်ရှင်

တော်မင်းကြီး၏ရုပ်အလောင်းကို သက္ကရာဇ် ၁၂၇၀-ပြည့် ဝါဆိုလဆန်း ၁၀-ရက်နေ့ညနေ ၄-နာရီအချိန် မန္တလေးတာပ မြို့တွင်း ၃-ဆက်အိမ်ကြီးတွင် ထမ်းစင်,သံလျဉ်း, ဗိတာန်, ညောင်စောင်း,ထီးဖြူ,ထီးနီစသော အဘွယ်အရာအဆောင် အရွက်တို့ကို စီစဥ်ခင်းကျင်းလျက် အမြောက်သံ ၅-ချက် ပစ်ဖောက်သည်နှင့် တပြိုင်နက် အခမ်းအနား ဘွင့်လှစ်ပါ သည်၊ ဤသို့ အခမ်းအနား ဘွင့်လှစ်သောအခါ ကြွရောက် လာသော ပရိသတ်အပေါင်းတို့သည် ကွယ်လွန်လေပြီးသူ ဝန်ရှင်တော် ကင်းဝန်မင်းကြီးအား ကြည်ညိုလေးမြတ် လွမ်းဆွတ်တသခြင်းနှင့်တကွ ဤမျှလောက် ဂုဏ်ကျေးဇူး အပေါင်းနှင့် ပြည့်စုံသောသူ စင်လျက်လည်း သခ်ါရ သဘော မလွန်နိုင်သည်ဖြစ်၍ စုတိကမ္မဇရုပ် စဲချုပ် ကွယ် လွန်ရသည်ကို ယောနိသော မနသီကာရအားဖြင့် တရား သံဝေယူတော်မူကြစေသတည်း။

---

### ကွယ်လွန်သူ ဝန်ရှင်တော် ကင်းဝန်မင်းကြီး၏ ရုပ်အလောင်းကို သရဏဂုံတင်၍ အမျှဝေသည့်စာတမ်း

အဂ္ဂမဟာသေနာပတိဝန်ရှင်တော်ကင်းဝန်-သေနတ်ဝန်-လယ်ကိုင်းမြို့စား မင်းကြီးမင်းသတိုးသုဓမ္မမဟာသက်တော်ရှည် စီ-အက်စ်-အိုင်-သည် မြန်မာနိုင်ငံတော် အထက်ပိုင်း ဗန္ဓုကျိုတိုက်အဝင် ဆင်ရှင်မြို့နယ်မင်းတိုင်ပင်မြို့လျှင် ဘွား ရာဇာတိရှိသဖြင့် အသက် ၂၀-နှစ် ရွယ်ကစ၍ မြန်မာ အစိုးရမင်းတို့ လက်ထက် မင်း ၂-ဆက်မြောက် အသက် ၆၄-နှစ်ရွယ်သို့ ရောက်သည် တိုင်အောင်အတွင်း တဆဲ့

သုံးကြိမ်တိုင်တိုင်ဘွဲ့အမည် အစီးအနင်း အဆောင်အရွက် စားကျေးမြို့ရွာ ရာထူးဌာနန္တရတို့ဖြင့် အဆင့်ဆင့်ခန့်ထား ချီးမြှင့်သူကောင်း ပြုတော်မူသည်ကို ခံရသည်အတွင်း မင်း ရေး စိုးခွင့်နည်းပါး အားလပ်သောအခါတို့၌ လောကီ လောကုတ္တရာ ပညာဗဟုသုတအစီးအပွားများကိုထောက် ထားမျှော်ခေါ်ခြင်းအားဖြင့် မျိုး,ကဗျာ,လင်္ကာ, ချင်း,မော် ကွန်း,ရတု,ရကန်,စကားပြေစာတမ်း, ဓမ္မသတ်ကျမ်းဟု ဆို အပ်သော အစောင့်အဘွဲ့ဖြစ်သော စာစောင်ရေ ၁၂-တို့ကို ဘွဲ့ဆိုစီကုံးပြုစုရေးသား ထားခဲ့လေ၏။ ။ထိုမှတပါး အဂ္ဂ မဟာသေနာပတိ ဝန်ရှင်တော် မင်းကြီး၏ ဌာနန္တရသို့ ရောက်သည်မှ ၂-နှစ်မြောက်သောအခါ မြန်မာသက္ကရာဇ် ၁၂၄၁-ခုနှစ် အတွင်း မန္တလေးမြို့ အနောက်ပြင် ရွှေတ ချောင်းအနောက်ဘက် ဒေဝန်းရပ်ရှိ မြေရအလားအလာ ကောင်းမွန်သော မင်းဧပးမြေအပြင်၌ ဗုဒ္ဓဘာသာ ရဟန်း သဃ်ာတော်တို့ အမြဲထာဝရ သီတင်းသုံး နေစေခြင်းငှာ ကျောင်းအရံပြုလုပ်ခြင်းနှင့်တကွ သစ်ပျဉ်, အုဌ်, ကျောက် တို့ဖြင့် ငြိုးစေလျက် ငွေသပြာ ရှစ်သောင်းကျော် ကုန် ကျောင်းကြီး ဆောက်လုပ်တည်ထားပြီးလျှင် ကျောင်းအရံ အတွင်း၌ ကျွန်းပင်အများစိုက်ပျိုး ဖြစ်ထွန်းသည်ကို အစွဲ ပြု၍ သာကဝန်ဟူသော ကျောင်းတိုက်အမည်ကို သမုတ် ခေါ်ဝေါ်ခြင်း,ပိဋကတ်ကျမ်းဂန်တတ်မြောက်သဖြင့် အကျင့် အာစာရ သီလသိက္ခာနှင့် ပြည့်စုံသော ဆရာတော် ပုဂ္ဂိုလ် တော်တို့ကို အမှူးထား၍ စတုဒိသာ အာဂတာနာဂတ သံဃိကအဖြစ်ရေစက်သွန်းချ လှူဒါန်းခြင်း-များကို ဝန်ရှင် တော်ကင်းဝန်မင်းကြီးကိုယ်တိုင် သက္ကစ္စမြောက်အားထုတ်

ဆောင်ရွက် တည်ထားပြုစုခဲ့လေ၏။ ။ယင်းသို့ လောကီ လောကုတ္တရာ ပစ္စုပ္ပန်သံသရာ အစီးအပွားများကို အမြဲမပြတ် အားထုတ် ဆောင်ရွက်လေ့ ရှိသော ဝန်ရှင်တော်ကင်းဝန်မင်းကြီးသည် အသက် ၇၇-နှစ် အရွယ်သို့တိုင် ရောက်သောအခါ ဇရာဒုက္ခလ သခံရ သဘောကို မလွန်နိုင်သည်ဖြစ်၍ သက္ကရာဇ် ၁၂၇၀-ပြည့် ဝေါဟာရ အားဖြင့် ဂိမှန္တရတု တနင်္ဂနွေ၊ အယနအားဖြင့် ဝဿာနရတု ဝါဆိုလဆန်း ၃-ရက် ၁၉၀၈-ခုဇွန်လ ၃၀-ရက် အင်္ဂါနေ့နံနက် ၅-နာရီအချိန် စုတိကမ္မဇရုပ် စဲချုပ်ကွယ်လွန်ခြင်းဖြင့် အနိစ္စ ရောက်လေ၏။

ယင်းသို့ ကွယ်လွန်သောအခါ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းဘို့ လက်ထက် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် စစ်သူကြီး သက်တော်ရှည် အမတ်ကြီးတို့ကွယ်လွန်ရာ သဂြိုဟ်သည့်အခမ်းအနားနည်း၊ ကြီးကျယ်ကောင်းမွန်စွာ သဂြိုဟ် ဆောင်ရွက် ထိုက်သည်နှင့်အညီ မြန်မာနိုင်ငံတော်အလုံးကို စီရင် အုပ်ချုပ်တော်မူရသော ဘုရင်ခံမင်းနှင့်တကွ အစိုးရ အရာရှိမင်းတို့က ကွယ်လွန်သူ ဝန်ရှင်တော် ကင်းဝန်မင်းကြီးအား သနားကရုဏာ မေတ္တာရှေ့ရှုခြင်းရှိသည်နှင့်အညီ မသာအခမ်းအနားနှင့်စပ်၍ သဂြိုဟ်ဆောင်ရွက်ရန် စရိတ်တွင် အစိုးရဘဏ္ဍာတော်မှ သပြာငွေတော်များစွာ ထုတ်ပေး ချီးမြှင့်တော်မူခြင်း,ချဆောင်သဂြိုဟ်မည့် ရက်ဖြစ်သော ၁၉၀၈-ခု ဇူလိုင်လ ၁၁-ရက်နေ့၌လည်း မန္တလေးမြို့ရှိ အစိုးရရုံးတော်များကို ပိတ်ထားခြင်း, ကင်းဝန်မင်းကြီး ရုပ်အလောင်းကို သဂြိုဟ်ရပ်သို့ ဆောင်ယူသောအခါ အခမ်း

အနားအစီအစဥ်၏ရွှေဖျားၥ် ပုလိပ်မြင်းတပ် ကြပ်မလိုက် ပါခြင်း, ချဆောင်သော လမ်းစဥ် တလျှောက် မှာလည်း ပုလိပ်ခြေသည်တပ် ခင်းကျင်းစောင့်ကြပ် လိုက်ပါစေခြင်း၊ ဤသို့သော အစီအရင် အခွင့်အရေးတို့ဖြင့် ချီးမြှင့်တော်မူ သည်ဖြစ်၍ ကွယ်လွန်သူ ဝန်ရှင်တော် ကင်းဝန်မင်းကြီး ၏ရုပ်အလောင်းကို မန္တလေးတပ်မြို့တွင်း ၃- ဆက်နေ အိမ်ကြီးမှ သက္ကရာဇ် ၁၂၇၀-ပြည့် ဝါဆိုလဆန်း ၁၃- ရက်နေ့ အခမ်းအနား အစီအစဥ်အတိုင်း ဆောင်ယူခဲ့ သဖြင့် မန္တလေးအနောက်ပြင် ဒေးဝန်းရပ် အကွက် နံပါတ် ၃၇၉-အတွင်းရှိ ဤသာကဝန် ကျောင်းတိုက်သို့ ဆိုက်ရောက်ရှိသည့် အတိုင်း ကွယ်လွန်သူ မင်းကြီး၏ သက်စွေ ဆရာတော် သယ်ာတော် ရှစ်ဆွဲခုနစ်ပါးတို့အား အထူးထူးသော ဒါနဝတ္ထုတို့ကို လှူဒါန်းပြီးလျှင် သရဏာ ဂုံပဉ္စသီ ခံယူ ဆောက်တည်ခြင်းနှင့်တကွ ကွယ်လွန်သူ ဝန် ရှင်တော် ကင်းဝန်မင်းကြီးအား ဤကုသိုလ်၏ အဘို့ဘာဂ ကို အမျှရစေခြင်းငှါ အဦးထား၍ ခပ်သိမ်းသောဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါသည်၊ အမျှရကြ သည်ဖြစ်စေသောဝ်။

---

### အလုံမြို့ဝန် မင်းလှနရာဇေတဗိုလ်,ညီမြင်းမှူးမြို့အုပ် မောင်မောင်ကလေးတို့နှင့် အင်စပက်တော်ခင်မောင်ကြီး တို့ဘိတ်ကြားပါသည်

သတိုးသုဓမ္မ မဟာသက်တော်ရှည် ဘွဲ့နှင့်တကွ အိန္ဒိယ မဟာအတုလတာရာသဟာယC ၄.I ဘွဲ့တံဆိပ်တော်ရ အဘ အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော် ကင်းဝန်-သေနတ်ဝန်-

လယ်ကိုင်းမြို့စားမင်းကြီး အသက် ၈၇-နှစ်ရွယ်ရှိ သူသည် ဇရာဒုဗ္ဗလ အိုနာရောဂါနှင့် ခန္ဓာချုပ်စဲ ကွယ်လွန်ရာ ကြွင်းကျန်ရစ်သော ရုပ်အလောင်းကို ရှေးမြန်မာမင်းတို့ လက်ထက် အဂ္ဂမဟာ သေနာပတိ ဝန်ရှင်တော်စစ်သူကြီး သက်တော်ရှည်အမတ်ကြီးတို့ ကွယ်လွန်ရာ သင်္ဂြိုဟ်သည့် အခမ်းအနား ဓလေ့ထုံးစံများနှင့်အညီ အောက်၌ ဖော်ပြပါရှိသောအစီအစဉ်အတိုင်း သက္ကရာဇ် ၁၂၇၀-ပြည့် ဝါဆိုလဆန်း ၁၀-ရက် အင်္ဂါနေ့ညနေ ၄-နာရီအချိန် အခမ်းအနားကျင်းပဘွင့်လှစ်ခြင်း, ၎င်းဝါဆိုလဆန်း ၁၃-ရက် သောကြာနေ့ မန္တလေးမြို့ရှိ အစိုးရရုံးတော်များ ပိတ်ထားခြင်း, ၎င်းနေ့နံနက် ၁၀-နာရီအချိန် တပ်မြို့တွင်း နေအိမ်မှ ဆောင်ယူပြီးလျှင် မန္တလေးမြို့ အနောက်ပြင် ဒေးဝန်းရပ်ရှိ ဝန်ရှင်တော် ကင်းဝန်မင်းကြီး တည်ထားရင်း သာကဝန်ကျောင်းတိုက်အတွင်း အုဋ္ဌဂူသွင်းနှံ့ သင်္ဂြိုဟ်ခြင်း- အခမ်းအနားများကို ဆောင်ရွက်မည်ဖြစ်ပါ၍ အခမ်းဘွင့်သောအခါ, ချဆောင်သောအခါများ၌ ကြွရောက်လိုက်ပို့သင်္ဂြိုဟ်ပါမည့်အကြောင်းဘိတ်ကြားပါသည်။

## သင်္ဂြိုဟ်ဆောင်ရွက်သည့်အခမ်းအနားအစီအစဉ်

သက္ကရာဇ် ၁၂၇၀-ပြည့် ဝါဆိုလဆန်း ၁၀-ရက် အင်္ဂါနေ့ညနေ ၄-နာရီအချိန် တပ်မြို့တွင်းနေအိမ်တွင် သံလျဉ်း,ထီးဖြူစသော အဘွယ်အရာ များနှင့်တကွ အခမ်းအနား ကျင်းပဘွင့်လှစ်ပါသည်။

ထိုအခါ အမြောက်သံ ၅-ချက်ပစ်ဖောက်ပါသည်။

သက္ကရာဇ် ၁၂၇၀-ပြည့် ဝါဆိုလဆန်း ၁၃-ရက် သောကြာနေ့နံနက် ၁၀-နာရီအချိန် မန္တလေး တပ်မြို့

တွင်းနေအိမ်မှ အခမ်းအနား အစီအစဉ်အတိုင်း မသာချ ဆောင်ပါသည်၊ ၎င်းနေ့မန္တလေးမြို့ရှိ အစိုးရ ရုံးတော်များ ပိတ်ထားပါသည်။

ထိုအခါ အမြောက်သံ ၅-ချက်ပစ်ဖောက်ပါသည်။

## ချဆောင်မည့်အစီအစဉ်

ရွှေဖျံ့ားပုလိပ်မြင်းတပ်၊ ရွှေဖျံ့ားသယ်ာတော်တို့ကိုလှူရန် အလှူဝတ္ထုတင် လှည်းစီးရေ ၈၇၊ နောက် စွန့်ကြဲရန် အထည် ပဒေသာပင်ရေ ၃၈-တင် လှည်းစီးရေ ၁၈၊ နောက်-သက်န်းပိုက်လူ ၈၇၊ နောက်-အခမ်းဝင်တောစည်၊

နောက်-တေ ာဆောင် အခမ်းအနား အဘွယ် အရာ များ၊ နောက်- ကြေးတဝန်းပတ်တဝန်းဆိုင်း၊ နောက်-ရွှေ ဖျံ့ားလက်ရထောင် ၂၊ နောက်-လုပ်စဉ်ယပ်စွဲဝဲယာ၁၀၀၊

၎င်းအတွင်းကျိုင်း ၂-ချပ်ဆောင်ထီးနီနှင့်တကွ အစီးအ နင်းအဆောင်အရွက်များ၊နောက်-တံဆိပ်, ဘယက်, ကွမ်း ခွက်, ကွမ်းလောင်းတင်,ရွှေထီး ၄-ချက်အုပ်ရွှေထမ်းစင်၊

နောက်-ရမြားဆွဲနှင့်တကွ အခမ်းဝင် ထီးဖြူကြီး ၄— အုပ်မိုးသောသံလျဉ်း၊ ပုလိပ်ခြေကျင်တပ်များ ခင်းကျင်း လိုက်ပါရခြင်း။

၎င်းအစီအစဉ်အတိုင်း ချဆောင်ရာ လမ်းစဉ်တလျှောက် စခမ်းထောက်ဌာနများမှာ ရပ်နား၍ သာကဝန် ကျောင်း တိုက်သို့ ခေါင်းသံလျဉ်း ရောက်သောအခါ အမြောက်သံ ၅-ချက်ပစ်ဖောက်ပါသည်။

နောက် သရဏဂုံတင်၍ ရေစက်သွင်းချ အမျှ ပေးဝေ သောအခါ အမြောက် ၅-ချက်ပစ်ဖောက်ပါသည်။

ပြီးလျှင် လုပ်ဆောင်အသင့်ရှိသော အုဋ္ဌတွင်း အုဋ္ဌဂူသို့ ဝေါင်းကို သွင်း၍သပြီးဟ်ပါသည်။

---

**မင်းကြီးပြုစုခဲ့သော စာပေများ**

၁။ ၃-ဆောင်တွဲ ဓမ္မသတ်ကြီး,
၂။ သမီးတော်ချောင်း နှင့် ပုခက်တင်ချင်း,
၃။ စိတ္တပြက္ကိလေသစာတမ်း,
၄။ တိက္လာကမ္ဘို,
၅။ ရတနာနုဒိမော်ကွန်း,
၆။ လန်ဒန်သွားမှတ်တမ်း နှင့် ပြင်သစ်သွားမှတ်တမ်း,
၇။ နာနာနယသခေ်ပကဗျာဗန္ဓကျမ်း,
၈။ အမွေမှုဓမ္မသတ်ကြီး,
၉။ အဋ္ဌသခေ်ပဝဏ္ဏနာဓမ္မသတ်,
၁၀။ မေတ္တာစာများ,
၁၁။ ဓမ္မာဇမော်ကွန်း,
၁၂။ ပကိဏ္ဏကဓမ္မသတ်လင်္ကာ,
၁၃။ နေမိရကန့်,
၁၄။ ကဗျာနှင့်ဂီတသီချင်းများ ဖြစ်လေသည်။

ဤကင်းဝန်မင်းကြီးကဗျာစုကိုရိုက်နှိပ်ရာ၌ **ဆရာဦးခင်စိုး** [သာသနဓဇသီရိပဝရ ဓမ္မာစရိယ] နှင့် ဆရာ ဦးသိန်းဟန်(၁), *ဦးတင်နွယ်,ဦးဟန်ထွန်း, *ဦးပု, ဦးရွှေဖူး, ဦးသိန်းဟန်(၂) ဟံသာဝတီပါဠိဆရာများအဖွဲ့က ကောင်းစွာ တည်းဖြတ် ကြပ်မ သုတ်သင် ပြင်ဆင်အပ်သည် ဖြစ်ပါကြောင်း၊

**"ဟံသာဝတီ"**

---

နာနာနယသခေ်ပကဗျာဗန္ဓ

ဒေါ

# ကာင်းဝန်မင်းကြီးကာဗျာစု

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ရတုများ

**၁-အမိန့်တော်နှင့် အမှား ၄-ချက်ကို ရေးသား ဆက်သွင်းရသည့် ရတုပိုဒ်စုံ ၃-ပုဒ်**

(ပ) **လေစာဘမောက်ဝေ**၊ ဖျောက်မဖြေသည်၊ သောက်လေငတ်ဘိ၊ ပမာရှိဟု၊ မာရဇ်ဖျား၊ တရားစက္ကာရာတ်၊ ရွှေခွန်းမြွတ်ကို၊ တတ်တတ်တိတိ၊ မှတ်မသိ၍၊ ကပ်ငြိသက်နွယ်၊ ရှက်စဘွယ်လျှင်၊ တွယ်တွယ်တာတာ၊ ဆန့်တီးရွာကြောင့်၊ ရွှေဗျာတော်စွန်း၊ မိန့်တော်ပန်းကို၊ ဦးစွန်းထိပ်တက်၊ ကြိမ်ကြိမ်ဆက်သည်၊ တင်ဆက်ကြောက်ရွံ့၊ နောင်မဝံ့ဟု၊ ရှောင်အံ့သကား၊ တင်လျှောက်ထားသည်။ ။

**အမှားဆယ်ရာထောင်ဘုရား။**

(ဒ) **သောကနှောက်မှေ**၊ တောက်လေလေတည့်၊ စေ့ရေဘန်ဘန်၊ မိုက်မှားဟန်ကို၊ မှန်ကန်စာနာ၊ ပြန်လှန်ရှာသော်၊ ဆန်ရွှာတီးမှု၊ ယင်းသုံးခုနှင့်၊ ပျင်းစုလွန်ဟုတ်၊ ကျွန်ယုတ်လက္ခဏာ၊ မှန်လှစွာ၍၊ ခန္ဓာသက်ရှည်၊ တည်ရလျှင်ပင်၊ မမြင်သို့လျော်၊ ကျေးဇူးတော်တည့်၊ ရှုမြော်စိုပေါင်း၊ သူကောင်းဖြစ်ကာ၊ မရာပေဘဲ၊ မင်းပွဲမထိုက်၊ မိုက်မိုက်မှားမှား၊ ကျင့်မှုထားသည်။ ။**တရားမယ်ခွါရှောင်ဘုရား။**

(တ) **ဩချလောက်ပေ**၊ ဘန်စေ့ရေတည့်၊ သုံးတွေသုံးချက်၊ အတက်ခြားသီး၊ အမှားကြီးတွင်၊ တပ်ပြီးတာဝ၊ စတုတ္ထတည့်၊မိဘဆွေမျိုး၊ အကျိုးတော်ပြု၊အမှုတော်ထမ်း၊ မရစွမ်းအောင်၊ မိုက်ငြမ်းငွါးငွါး၊ အမှားလူလူ၊ တံခွန်ထူလျက်၊ အဟူများစွာ၊ ပွါးစရာကို၊ ယုတ်မာရှေးက၊ မိုက်လမ်းပြ၍၊ဘဝတွင်တွင်၊အမြင်များလျှား၊ တင်လျှောက်ထားသည်။ ။**မကြားဘွယ်သာအောင်ဘုရား။**

---

## ၂-မဟာဓေဗဓိဘွဲ့ရတုပိုဒ်စုံ ၃-ပုဒ်

(ပ) **ခုနစ်ဌာန်လျှင်**၊တည်ဟန်ချက်ကျ၊ ဝန်းလျက်ခ၍၊ မြစတေစစ်၊ နေရဉ်မြစ်လည်း၊ 'ရုံးရစ်လက်ယာ၊ မြစ်အောက်မှာမူ၊ ဂရာသီတောင်၊ ရိမှောင်ပိုင်းညို၊ ဆိုင်းဆိုင်းမြိုလျက်၊ မျိုးကြက်သရေ၊ မြေတွင်ရှေ့ဖျား၊ မြေအများထက်၊ သားသားတင့်တင့်၊ ငွါးငွါးမြင့်ဝယ်၊ ငါးဆင့်မာရ်လှည်း၊ ဇည်းပရာဇ်၊ လျှံညိလင်းစင်၊ ဝင်းဝင်းရွှင်သား၊ ပလ္လင်တုမဲ့၊ နောက်အဘွဲ့တွင်၊ တကဲ့သဘွယ်၊ တင့်တယ်သွန်းသွန်း၊ ရွှေညောင်နန်းကို၊ မန်းပြည်တမွတ်၊ တို့စော

ထွင့်၍၊ ရိမဒ်တံကျူ၊ ဖြစ်စေဟူ၍၊ ဝေဘူတောင်ဖြစ်၊ ကောင်း နှစ်ဘိုးကဲ၊ မိုးရဲတောက်ပွါး၊ ပတ္တမြားဝင်းလျှံ၊ မင်းစံဇမ္ဗော်၊ တံဘော်ကြူမွန်၊ တိမ်ခွန်အာနီ၊ ဝဇီရိန်မျိုး၊ ဘိုးအနည္ဌ၊ လှူဒါနကို၊ လူကနတ်က၊ မြဟ္မာ့အလုံး၊ ရှင်ပြိုးနှမော်၊ သာခုတော်ဖြင့်၊ ရွှမ်းဆော်အောင်စည်၊ ကြူးမည်ကျုံကျုံ၊ အောင်သံကြွေးဟစ်၊ အောင်ပွဲဖြစ်သည်။ ။**ဘုန်းသစ်နှိုးလေဘိတော့သည်။**

(ဒ) **ရှုလစ်ပြန်လျှင်**၊ ယမန်ဝေးလှ၊ ရှေးမဆွဲဝယ်၊ သောကဓမ္မာ၊ မင်းမြတ်စွာက၊ လက်ယာခက်မွန်၊ မြသဏ္ဍာန် ကို၊ မိဋ္ဌာန်ကြည်ဖြူ၊ ပင့်ဆောင်ယူပြီ၊ မရှုပီယ၊ တိဿမင်း သို့၊ ပို့လေလျှင်း၍၊ ယင်းသည့်မြတ်စ၊ ယာခက်မတွင်၊ မုချထင်ထင်၊ မြင်သိရကား၊ သုံးလူ့ဖျားဏ်၊ ဘွားတော် ဘက်ဝင်၊ သစ်ပင်ဒုမရာဇ်၊ မှန်စင်စစ်ဟု၊ နှစ်လည်းနှစ်လို၊ ရှိလည်းရှိညွှတ်၊ မြတ်လည်းမြတ်နိုး၊ ဝပ်ဝပ်လျှိုးလျက်၊ ရှိုးလက်အုပ်၊ ဆယ်ချောင်းရှုပ်ပြီး၊ ပတ်ချုပ်ရံကာ၊ စကြာ တောင်ဝန်း၊ လေးကျွန်းနကို၊ မင်းထိုထိုတို့၊ ရှိသေညွှတ်တွား၊ တို့ဘုရား၏၊ စက်ဘွားတော်ထံ၊ ကျွန်ရိုးခံလျက်၊ ကြိုးနွံစေ သာ၊ ပန်ပန်ထွာက၊ မြဟ္မာမလွတ်၊ သမာနတ်နှင့်၊ လောက ဓာတ်မှာမှာ၊ သာသနာစောင့်၊ မြေစောင့်ရေစောင့်၊ အာ ကာစောင့်သည်၊ နတ်ကောင့်ဘာဝ၊ ရှင်ပြလှူလှူ၊ အောင်ဆု ပေးလစ်၊ အောင်သံဟစ်သည်။ ။**ခြုန်းထစ်ကြိုးလေဘိတော့ သည်။**

(တ) **ဆုသစ်ပန်လျှင်**၊ အမှန်မုချ၊ တောင်းတိုင်းရသား၊ မြေမှအထက်၊ ခက်မကုန်အောင်၊ တောင်မှန်တရာ၊ ညောင် မြတ်စွာမှ၊ အပရာဇိတ၊ တောက်ပထွန်းတင့်၊ ပလ္လင့် နောက်

မှာ၊ ကြည်ဘွယ်သာတည့်၊ရတနာတင့်နှိုင်း၊မြဆိုင်းတရည်၊ သားသားတည်ရှင့်၊ ဤသည်ရွှန်းစက်၊ ညောင်တော်ချက်တွင်၊ ယာခက်ကိုင်းမ၊ ကြွင်းသမျှမူ၊ ရွက်လှမညို၊ ခွံမစိုပဲ၊ ယွင်းယိုတော့မည်၊ ရှိလတ်သည်ကို၊ နှစ်ပြည် လုံ့းဖျား၊ သိကြားနတ်ရှင်၊ ချက်ကုန်မြင်သော်၊ ပြိုင်လျှင်ဘက်ကျွန်း၊ နေနှယ်ထွန်းသား၊ မန်းပဝရ၊ နန္ဒဌာနဝယ်၊ အာဒိစ္စဝင်၊ မြတ်ဘုရင်က၊ မျက်ရှင်ရိုးရဲ၊ ဘိုးကဲမြုတေ၊ ကုဋေများစွာ၊ ထွေပဏ္ဍာနှင့်၊ မတ်ရာကျွန်းခြေ၊ ခံစေသည်ဖြစ်၍၊ ယင်းခက်သွေ့ကို၊ မွှေ့မွှေ့နတ်လေ၊ တိမ်းညွှတ်စေမှ၊ စက်ရွှေတော်ရင်း၊ နှင်းဘိရကား၊ မိုက်မှားမိစ္ဆာ၊ ရန့်တကာကို၊ လွယ်ကာရင်းမြစ်၊ တျင်းတျင်းလှစ်သည်။ **။မှူန်းရစ်နိုးလေဘိတော့သည်။**

---

## ၃-သမ္မုဒ္ဒေပြည့်၊ ဝန်းလှူဘုရားတိုင် ကောပိုဒ်ရတု

**အောင်မျိုးနတ်တည်၊** ပြန်တလည်သား၊ ရွှေပြည်နိဗ္ဗူ၊ နန်းရိပ်ဖြူသို့၊ ကမ်းငုသံသာ၊ အဏ္ဏာဝါမှ၊ မြန်စွာရောက်လို၊ ဆုကြီးဆိုလျက်၊ အဟိဝေးလွှန်၊ ရှေးလက်မွန်ဝယ်၊ ဘဝန္တရူ၊ သယမ္ဘူဟု၊ လေးဆူသစွာ၊ ပွင့်ပြီးစွာသား၊ အဌာဝီသ၊ ဒွါဒသဟာသ်၊ ငါးသိမ်းမြတ်တည့်၊နတ်ထက်နတ်ခေါင်၊ ငါးမာရ်အောင်အား၊ဝါရောင်ဖြူဝင်း၊ နီချင်းချင်းလျှင်၊အဆင်းအနံ့၊ သင်းပျံ့ကြိုင်ထုံ၊ ချက်ကုန့်တင့်ဆန်း၊ကြည်းရေပန်းဖြင့်၊ လှူဒါန်းကော်ရော်၊ ရှိပူဇော်လျက်၊ ငယ်ဘော်သက်မျှ၊ တူကွဝပ်ညောင်း၊ ဆယ်စုံပေါင်းသည်။ **။ပန်တောင်းပြည့်မြတ် ဆုလိုသောဝ်။**

---

## ၄-တရပ်ဘုရားတိုင် ရတုပိုဒ်စုံ ၃-ပုဒ်

(ပ) **ငုံဖူးခက်ရှင်**၊ ညာညောင်းရှင်၍၊ ကြည်းခွင်ရေပန်း၊ ထွေထွေဆန်းဖြင့်၊ သုံးခဲမ်းဘုံမြိုက်၊ မြတ်မကိုင်ရအား၊ ဦးတိုက်ကော်ရော်၊ ရှိပူဇော်သား၊ နဘော်သံတင်၊ ဤနိသင်ကြောင့်၊ ပြည်ခွင်ကြွင်နန်း၊ နန်းအတုလွတ်၊ မန်းတမွတ်ဝယ်၊ အထွင့်တင်ဦး၊ တို့ရွှယ်လူးလျှင်၊ ထွန်းမြူးတောဇာ၊ သာသနာလည်း၊ အဝါမမှိန်၊ ဖြာဖြာထိန်လျက်၊ ရဝိန္ဒုလင်း၊ ဝင်းကြီးဝင်း၍၊ ခပင်းဆန်စုန်၊ မာန်မမှုံသား၊ သူပုန်ပြည်လျှေး၊ ဝေးကြီးဝေးမှ၊ ငြိမ်းရှေင်လူ၊ ပြည်သူများစွာ၊ ရေစာကျွယ်ပြော၊ ပေါကြီးပေါလျက်၊ အဟောဝတ၊ သာမောစွတည့်၊ ပြောပကြွေငြာ၊ သပြေချာဝယ်၊ ဝေဟာထက်ပြင်၊ ရှစ်ခွင်ဗိုက်သိုင်း၊ မြရည်ဝိုင်းသို့၊ နက်ရှိုင်းကြည်းကုန်း၊ လင်းမတုန်းသည်။ ။**သံချုန်းထက်ဝန်းရွာသွန်းမေဃ် မောက်လိုသောဝ်။**

(ဒု) **စုံပူးရှက်တင်**၊ ရှိဦးတင်၍၊ လေးအင်သစွာ၊ ပွင့်ပြီးစွာသား၊ အဋ္ဌာဝီသ၊ ဒွါဒ သဟာသ်၊ ငါးသိန်းမှတ်တည့်၊ လူနတ်ဥသျှောင်၊ ငါးမာရ်အောင်အား၊ ရန်မှောင်ပယ်ကြည်၊ ဗောဓိသည်ကို၊ ရေယည်ကျလဲ၊ သံသာဝဲမှ၊ မခဲရကို၊ လျှောက်ပန်ဆိုလျှင်၊ ဖြူညိုရွှေဝါ၊ စိမ်းပြာနီမောင်း၊ ရန့်ပေါင်းသား၊ ပျံ့လှောင်းကြိုင်ထုံ၊ ဂန္ဓာရုံဖြင့်၊ သဗ္ဗညုံဖျား၊ တပါးတပွင့်၊ တွက်ချင့်ပူဇာ၊ ဤလှူတာကြောင့်၊ သမ္မာဒိဋ္ဌိ၊ မြင်ခဲဘိသား၊ ဗောဓိငုံဖူး၊ ဆွတ်မခူးမှီ၊ ရှည်ကြူးသိသာ၊ အဏ္ဏဝါဝယ်၊ ပညာနဘော်၊ ဂုဏ်တောဇော်လည်း၊ မဟော်ဒက၊ သာဂရသို့၊ သတ္တရတနာ၊ မြတ်ဥစ္စာနှင့်၊ ကြွေငြာရိုက်ချုန်း၊ စံမနှုန်း

သည်။ ။**ကံဘုန်းတက်ထွန်း ဖန်ဝန်းနေမျှ တောက်လိုသောဝ်။**

(တ) **မှုံမြူးထက်ခွင်၊** ပင်တိုင်းရှင်လျက်၊ ရွှေစင်နှိုင်းလျော်၊ ကံ့ကော်ငွေသား၊ချရားစမ္ပာယ်၊လှိုင်ကျွယ်မြတ်လေး၊ နံ့စုံမွှေး၍၊ဒြိမ့်ကျွေးပဥ္စနှ၊ ကြူးရိုက်ချုံသား၊ မေထုံမှနောင်၊ လဝါခေါင်ဝယ်၊ဥသျှောင်ဓမ္မရာဇ်၊ သိဒ္ဓိနတ်အား၊ကြည်ညွတ်သဒ္ဒါ၊ ပန်းလှူတာကြောင့်၊ ဆွေညာတသီး၊ ဇနီးငယ်တော်၊ အုပ်ဘော်ပုံယဉ်၊ ချစ်ကျွမ်းဝင်တို့၊ မြူမြင်ဆံချည်၊ ရန်မတည်လျက်၊ မြင့်ရှည်ရာသက်၊ နာမဘက်လျှင်၊ တိုးတက်သရေ၊ ဖြစ်ကုန်စေတည့်၊ မြေပြစ်တက်ဝန်း၊ လူရဟန်းတို့၊ ပန်းကိုရှင်ကြည်၊ မေတ္တာချည်သို့၊ ဤသည်ပစ္စုပ္ပန်၊-ဦးလက်မွန်ဖြင့်၊ ဘဝန္တရ၊ ဖြစ်သမျှဝယ်၊ ပျောက်ပရန်မာန်၊ ဝေးစွာကန်၍၊ မှန်ဆန်မဲ့မူ၊ ပြုစုမျက်မုန်း၊ ထွက်ခွါရုံးသည်။ ။**စံနှုန်းဘက်ကျွန်း သောင်စွန်းဓေမ ရောက်လိုသောဝ်။**

---

## ၅-ဘုရားလေးဆူတည် ၃၇-ပဒစီ အချီအချည်ကိုယ်တွင်းပြည့်ရတုပိုဒ်စုံ ၃-ပုဒ်

(ပ) **မန်းမြင့်လက်ယာ၊** မျက်နှာစာတည့်၊ ရတနာပုံ၊ ရိပ်မြုံစံကွန်း၊ နိမိတ်ဝန်းသား၊ သွန်းသွန်းမြင်မော်၊ ပြင်မြို့တော်နှင့်၊ တကောသမီး၊ ရောက်ခရီးဝယ်၊ အတီးလွန်လေ၊ မရှးပဝေက၊ ခါတ်မွေရုပ်ပွါး၊ နှံ့တည်ထားလျက်၊ ပျက်ပြားမြင့်မောက်၊ လုံးပေါက်ရွယ်ညီ၊ ဘုန်းစေတီကို၊ အဥ္စလီထူး၊ တကြိမ်ဖူးသော်၊ ညွတ်နူးကြည်လင်၊ ပီတိရှင်၍၊ မတင်မြူနှစ်၊ ဇမ္ဗူရာဇ်သို့၊ သစ်သစ်စေတနာ၊ အားရမ်းစွာဖြင့်၊ သပြာကျိန်းကြပ်၊ အကိန်းတပ်မှ၊ တိမ်းမတ်စလိ၊ကြည်ဘွယ်

ရှိသား၊ ထွန်းညီစန္ဒာ၊ ပုဏ္ဏာမာနှင့်၊ သခ်ါရောင်ပြို၊တည်တုံ မြို့မှ၊ ရစ်ဆိုသီးခြား၊ အဆီးသားလျက်၊ မီးတားဝတ်ရန်၊ လျားနုံရပ်ခွင်၊ တိတိရင်သည်။ ။**မြေပြင်ဝန်းလှည့် သာတော့၏။**

(ဒု) **နန်းနှင့်ဘက်ပါ**၊ဒက္ခိနာတည့်၊ ကြေညာဇမ်းပြင်း၊ ကျော်နံ့ချင်းသား၊ ဘုန်းအင်းစီနွေ၊ ရှင်တော်မွေနှင့်၊ မြေတစပ်တည်၊ အပ်အပ်ကြည်သာ၊ယင့်သည်ရွှေဂူ၊မြတ်သုံးဆူကား၊ ကြက်ဖြူတက်သွန်၊သဒ္ဓါဇွန်ဖြင့်၊ နိဗ္ဗာန်ဆုညီ၊ ဒိဋ္ဌာန်မှီလျက်၊ သိင်္ဂီလျှံသား၊ စံဖလားကို၊ ထင်မှားမျက်မြော်၊ စေတီတော်အား၊ ရည်ရော်ခန့်ထွား၊ ကံကျေးထားမှ၊ ထွင့်ဖျားလျှံညီး၊ တင်ရေနံ့ထီးမူ၊ ဒေစာထီးလူ့ထွင့်၊ မြောက်စားလတ်သား၊ ဥကင်္ဂမှန်စွာ၊ ဦးပေါင်းမှာတည့်၊ သင်္ဂါတက်ရှိ၊ ချက်ကုံစိုးနှင်း၊ အဘိုးသွင်းလျက်၊ သန့်ရှင်းဘဒ္ဒါ၊ သမာရဒ္ဓါ၊ ဝါယာမဖြင့်၊ လုံ့လတသွန်၊ သင့်ကြောင်းဘန်ရှင့်၊ သမန်ထက်ဝန်း၊ တင့်လွန်းရောင်ရှင်၊ ဝင်းဝင်း ရှင်သည်။ ။**ရွှေစင်ထွန်းမှည့် သာတော့၏။**

(တ) **စန်းပွင့်စကြာ**၊ လသော်တာတည့်၊ ရောင်ဝါထွန်းမြူး၊ ဆယ်ရပ်ကျူးသား၊ မြင့်ဖြူးမောက်မောက်၊ ကူလုံးပေါက်မှ၊ မြစ်အောက်ပြဋ္ဌာန်း၊ မြောက်နရုန်းဝယ်၊ ကြဇ္ဇန်းရေထွတ်၊ စောဥက္ကဋ္ဌလျှင်၊ ဗျာမြတ်ခွန်းရွှေ၊ ညွန်းတုံထွေဖြင့်၊ လွန်လေခဲလစ်၊ ဒလေးကြိမ်နှစ်တွင်၊ သစ်သစ်ပွါးလူး၊ တင်ဦးရှိဝန်း၊ တည်ခဲ့ထွန်းသား၊ လုံးဘန်တင်ညီ၊ ထွတ်စေတီမူ၊ သသီရိက၊ ထောက်ပလျှံလင်း၊ ဆယ်ရပ်ချင်းလျက်၊ မှန်ကင်းမုတ်နစ်၊ မွန်စူးလစ်ဖြင့်၊ သစ်သစ်

မှတ်ယွန်း၊ စရပ်ကွန်းလည်း၊ကျိုးရန်းတုရင်၊ တင့်စုံလင်၏၊ မြှမ့်ကင်းရှောင်၊ လတန်းဆောင်ဝယ်၊ တိမ်မှောင် လုစ်ထွန်း၊ ယုန်ငွေဝန်းသို့၊ လျှံထွန်းရောင်ညီး၊ ထောင်ဆီမီးဖြင့်၊ ဝှဲခြီးပူဇော်၊ မြော်စရလျှင်၊ များလူရှင်သည်။ ။ **ဆွေစင်ပွန်းပြည့် လာတော့၏။**

---

## ၆-ထီးတော် ၅-စင်းအကြောင်း ရှဲအလိုက် ကေပိုဒ်ရတု

**ကြငှန်းသလွန်**၊ အမွန်ရတနာ၊ ဥရု-၉-မျက်၊ ပွဲတက်ကန်တော့ကာ။ ။အမြဲဆောင်းရာ၊မြတ်စွာတမွတ်၊ဇမ္ဗူရစ်စင်၊ ရောင်ရှင်ရှိုးအထွတ်။ ။၉-နဝရတ်၊ တုလွတ်ဘက်စံ၊ ကနက်ထီးမှာ၊ သံကြိုးတွေလက်၌။ ။ဆင်မြင်းယဉ်ပုံ၊စီမံရွှေရိုး၊ ထွတ်သမုထီးခေါ်၊ မြတ်ထီးကျော်၊ ဆောင်းတော်မူမြဲမှတ်လောလေ။ ။ဆောင်းတော်မူမြဲ မှတ်လောလေး။ ။

(ပညာကျော်လျှောက်ထုံး)

---

## ၇-စန္ဒြပဘာမျက်စဉ်းနည်း ရှဲအလိုက် ကေပိုဒ်ရတု

**ရသာဇဉ်းကျောက် မြင်းသီလာ**၊ ခရုသင်းချက်၊ ကျိတ်အညက်တွင်၊ စွက်လေ့ နွယ်ချိုသာတည့်။ ။သစ်ဆိမ့်မှာသီးအဆန်၊ ဒန့်သလွန်စေ့၊ သိမ်မွှေဘီချင်း၊ သီးပိတ်ချင်း၊ ဆေးမင်းခုနစ်တန်ကို။ ။ချင့်ဝေဘန် အမျှပေ၊ ဆိတ်နို့နှင့်သာ၊ ကြိတ်တုံပါ၊ နေဝါမကြောက်စေနှင့်။ ။လှန်းပါလေအရိပ်မှာ၊ ဤမျက်စဉ်းလှ၊ မည်နာမမှာ၊ စန္ဒြပဘာတည့်။ ။တိမ်သလာ အဖူးပေါက်၊ မျက်စိသီမွဲ၊ သွေးကျောက်စွဲနှင့်၊ ခဲ့ခဲ့ခက်ခက်၊ မျက်သားတက်ဟု၊

ကြက်မျက် ညစ်ကြေး၊ မျက်စိဘေးကို၊ ဤဆေးလွယ်ကာ ပျောက်လိမ့်။ ။မဘွားမြောက်မိက ကန်းစေကာ၊ခတ်လျှင် ခတ်ခြင်း၊ မှန်မယွင်း၊ **အလင်းရမည်သာတည့်ထေး။**

(သာရကောမုဒိဆဋ္ဌမတွဲ)

---

## ဂ-အဋ္ဌမဂ်လာသူငယ်နာဆေးနည်းအကြောင်း ရှိအလိုက်ကောပိုဒ်ရတု

**လင်းလေပန်းဥ ပြုံးမွှေးပါ၊** မုန်ညင်း ဖြူစွေ့မှန်မရွှေ၊ ထုံရွှေဥပါသကာနှင့်။ ။သိန္ဓဝါ ပိပ္ပလိ၊ ခုနစ်ပါးဆေး၊ ကြံ့ပျံမွှေး၊ လေးကျပ်ငါးမူးစီသိလော့။ ။ထိုပြီးနောက် မှန်မုချ၊ ထောပတ်ညှိထွား၊ တကွန်းစား၊ မမှားအောင်-ရေလေးဆထည့်။ ။နှော၍နှောက်ပြီးမှချက်လေဟူ၊ လေးတဘိုးကြွင်း၊ ထိုဆေးမင်းကို ချက်ခြင်းချ၍ယူလော့။ ။ သုံးဆောင်မူ၊ ထိုသူငယ်၊ ဒိနေဒိနေ၊ အစာကြေ၍၊ သွေးလေညီညာ၊ ရုပ်ခန္ဓာလျှင်၊ လျင်စွာ ကြီးပွါးလွယ်၏။ ။ငယ်စဉ်ကတည်းက၊ ပညာတိုးပွါး၊ လျင်လျား မြဲမြဲ၊ အကျိုးခံ၍၊ စံရမည့်မုချတည့်။ ။ထိုဆေးသောက်သမျှ သူငယ်မှာ၊ပိသာစ-က၊ ရက္ခသနှင့်၊ ဘူတ မာတရာတို့။ ။ ယုတ်မာစွာနှိပ်စက်ခြင်း၊ စင်စစ်ဝေးကွာ၊ လွန်ချမ်းသာ၍၊ ရောဂါပျောက်ကင်းစင်သည်။ ။ဆေးမင်းသြသဓ၊ တွင်နာမမှာ၊ အဋ္ဌမဂ်လာဆေးတည့်လေး။ ။

(သာရကောမုဒိသတ္တမတွဲ)

---

## ၉-အဘြိုက်ကျောက်စီရင်နည်းအကြောင်း ရွှဲအလိုက်ကေပိုဒ်ရတု

**အဘြိုက်ကျောက်စီရင်စုံ၊** ရေနှင့်ရောသည်၊ထမင်းရည်
တွင်၊ မြင့်ရှည်သုံးရက်တုံ့ရှင့်။ ။ထိုပြီးတုံမှန် အဟုတ်၊
သွေ့စွာလှန်းလေ၊ညက်စေတပြီး၊နွားချေးမီးနှင့်၊ ညီအောင်
နာနာဖုတ်လေ့။ ။ဖုတ်၍ကျက်က၊လွန်မွှေ့သိမ်၊ရှားစောင်း
လက်ဆက်၊ သိင်္ဂါရာဇ်ရွက်နှင့်၊ချင်းတက်တိဖလာ၊ရည်ဖြန်း
ခါလျှင်၊ ကျိတ်ပါအကြိမ်ကြိမ်တည့်။ ။မတိမ်မမြုတ်၊
ဂုဏ်နှံ့လျှိုင်၊ အဆင်းဝမ်းမီး၊ အားပွါးစီးသည့်ပြင်၊ ပုံဖြိုး
များစွာ၊ နာရောဂါကို၊ လျင်စွာပျောက်ပယ်နိုင်၏။ ။လွန်
ကြီးခိုင်ဆေးအကျိုး၊ ဝလိတ္တဲ့စ၊ ပါလိစ္စများကို၊ ပျောက်ပ
စေနိုင်သည်တန်ခိုးတည့်။ ။မျိုးလေးပါးပင်မှတ်ယူလိုက်၊
ရသာယနု၊ ဆေးတကာထက်၊ မြတ်လှ၏ဟူထိုက်း ။
**အဘြိုက်စီရင်နည်းတည့်လေး။**

(သာရကောမုဒီအင္ဂမတွဲ)

# ၄-ချီးကြိုး

## ၁၀-မဟာဗောဓိဘွဲ့

ကြည်ဘွယ်သာများ၊ တော့တယ်၊ ရှည်လျားသံသရာကို၊
မြန်မကြာလွန်းရန့်ပို့၊ ခုနစ်ဌာန်ရန့်ခြံ့ပေတဲ့၊ မာရ်လှန့်မြေ။

နှောင်းပျက်ကယ်ရှေးတည်၊ သရေငယ်စည်သည်၊ ငါး
မည်ကြာဝတ်၊ ဗြဟ္မာဆွတ်တဲ့၊ စုလွတ်ကယ်ဦးကိုင်၊ မြေ
မဏ္ဍိုင်ဝယ်၊ မြစိုင်လဲ့ရှင်၊ ညောင်တော်ပင်ကို၊ မျက်မြင်
ကိုယ်ကြိုး၊ ခိုခပဲလှုံ့ရတဲ့၊ အာရုံမြတ်လွန့်ဟာန်ကို၊ ခုနစ်တန်၊
ကြိမ်ကြိမ်ဇောနှင့်၊ မနော၀ယ်တင်စမိအောင်၊ စောဘိ
ဇွေ့ရေ။

သည်အရာဝယ်၊ မည်ကာမဟုတ်၊ မန်သီလုပ်ဝယ်၊ လျှင်
ခုတ်ကယ်ဝေယန်၊ မြို့နန်းဘန်တဲ့၊ ဆဒ္ဒန်မာတင်၊ ပြောင်မွန်
သျှင်က၊ ရေလျှင်ပန်းဘွယ်၊ ဆန်းတကြယ်လဲ၊ ဆယ်ရတနာ၊
ခြယ်စီမြွာသည်၊ မျှားစွာပူဇော်၊ အလှူတော်နှင့်၊ ဖူးမြော်
စေရန်၊ ဗျာဒိတ်တော်ပန်ရလို့၊ မြလျှံငယ်ဝေသည်၊ ပင်ခြေ
ထံရင်းသို့ရောက်နိုင်ဘိ။

အလွန်ငယ်တိုင်းတက်၊ နှိုင်းမဘက်အောင်၊ ဆထက်
ကြူးကျော်၊ ကျေးဇူးတော်ကို၊ အဟော်ကာပ်ပုံ၊ ဆပ်မကုန်မို့၊
ရစ်ရုံပြောကျယ်၊ ရံပင်လယ်နှင့်၊ နယ်အဖြာဖြာ၊ ဒီပါပ[illegible]၊
ညီလာစက်ထံ၊ ယူဆက်ကယ်နှံ့ရအောင်၊ မိဌာန်မှု ညောင်
ရွှေမှာ၊ အောင်လွယ်စေ လက်စုံဖူးလို့၊ ကြူးမြွက်ဆိုမိ။

# လက်ာများ

## ၁၁-ဝန်းဝိုင်းခြင်းလက္ခဏာ ၅-ပါး လင်္ကာ

ကြိုးဝါး,တိုက်တွန်း၊ လက်ပန်း,အောက်ပိုး၊ လက်နက်မျိုးဆောင်။

## ၁၂-လက္ခဏာ၅-ပါး လျှော်ဒဏ်

ပြစ်ဝက်ရှေးဒွ၊ တပဥ္စတည့်၊ စတုတ္ထဒသ်၊ ဗျည်းမှတ်ဝီသာ။

## ၁၃-ကာမပြစ်လျှော်ဒဏ်

ကြီးသမြတ်ဒသ်၊ နုထွတ်ဝီသာ၊ မုခစုမ္ဗနာ၊ သပြာပဥ္စဝီ၊ ထဘီလှစ်တိံသ၊ပိုက်ဘက်ကသတ်ခွဲ၊မှီဝဲမှုပြစ်လျှောက်။

## ၁၄-မြေခံရွေးနည်းလင်္ကာ

ဝေလာဟက၊တွက်နည်းပြအံ့၊ဆရာ့အမှာ၊အခါမေးလို၊ လဆန်းကိုကား၊ ဆဲ့ငါးတည်လုပ်၊ လဆုတ်နှစ်ဆယ်၊ထိုနေ့ ဝယ်နှိုက်၊ သုတိုက်တိထိ၊ နှုတ်ပြီသေသ၊ ကေတနက်နွေ၊ စဉ်သင့်ရေ၍၊ စနေရာဟု၊ ရှစ်နံအဆုံး၊ ကိုးလုံးကိတ်ယူ၊ သုဉ်းမူမိတ္တူ၊ ယင်းတခုကား၊ မြေခံထားမှ၊ ပါဝရန်ဖြိုဟ်၊ နံကိုရှောင်လေ၊ တထွေသောမ၊ ဖြိုဟ်ဂြဟာကို၊ ဆောင်ကြပြီး လျှင်၊ဆယ်ခွင်မျက်နှာ၊ဂြဟဇာက၊ပွင့်ရာသူရိ၊နောက်တောင် သိလော့၊ဒက္ခိ-စန္ဒာ၊ဘောမာ-အဂ္ဂိ၊ဝုဒ္ဓိ-ပြုပ္ပါ၊အာကာ-ဂုရု၊ ဘရဂု-ဘုမ္မာ၊ သောရာ-သေန္ဒ၊ဥတ္တရ-ရာဟု၊မိတ္တူ-ပစ္ဆိ၊ကိတ္တိ ပါရပ်၊ အမှတ်ပြကတေ့၊ ဆောင်ရွက်နေ့၌၊ တိုက်သုဘတ္တာ

ရာသီလေးခု၊ ဆဲ့သုံးခုမှ၊ အသ်ာရောကြ၊ ချေကြတက်ကြ၊ ရာသီရ၏၊ ပြိဿကရေ၊ ကြက်ခြေရောက်ရာ၊ ခတ်ခဲ့ပါလော့၊ ထိုမှတလက်၊ထိုလက်မီးလောင်၊ မရှောင်ကွေ့ကွင်း၊ ရာသီရင်းနှင့်၊ ခွင်းဆဲ့နှစ်ခု၊ မဏ္ဍိုင်ပြုမှ၊ ယခင်ကသို့၊ ချလော့မပျက်၊ထွက်သည့်ရာသီ၊ ဇဝလမည်၏၊ယင်းသည်နိုက်ကား၊ အခြားကပင်၊မီးသင့်မြင်အံ့၊ ထိုတွင်တကွ၊ ရာသီရကို၊ချေကြခြောက်ခု၊ အစဉ်ပြုမှ၊ ဣန္ဒနုမျိုး၊ မိုးကြိုးအကျ၊ ဒွါဒသနှင့်၊ စခဲ့မကြွင်း၊ချေမြရင်းကို၊ကိတ်ဟုဆို၏၊ပြိုပျက်တတ်စွာ၊ကိတ်အသ်ာစစ်၊ ဆဲ့ခုနစ်နှင့်၊ ရောလစ်ပြီးမှ၊ ပြဇလပေ၊ ကွဲကြေပြုန်းတီး၊ မှီးခဲ့စဉ်လာ၊ ရာသီတခု၊ ရောနှောပြုက၊ တိုက်သုဘတ္တာ၊ ဖြစ်ပြန်လာသည်။ ။ထိုမှာထုံးကြီးငါးချက်တည်း။

---

## ၁၅-မြေခံ ၁ဝ-ပါး ကိန်းသေရွေးနည်းလင်္ကာ

မှတ်ကြဆယ်ဖြာ၊ မြေခံမှာကား၊ ဆန်းလာတရက်၊ ဆဲ့တရက်နှင့်၊ ပြည့်ထွက်ကျော်ခြောက်၊ ခြောက်ရက်တို့မှာ၊ နောက်ဒိသာက၊ ကြွက် ကြာသပတေး၊ မနေးအမှန်၊ မြေလျှင်ခံ၏၊ မြေနှံ့သမျှ၊ ပြုကအောင်မြင်၊ ရန်မျိုးစင်အံ့၊ *ထို့ပြင်ဆန်းနှစ်၊တဆဲ့နှစ်နှင့်၊ပြည့်လစ်ကျော်ထွက်၊ ခုနစ်ရက်မူ၊ မပျက်ဗုဒ္ဓါ၊ မြေခံလာ၏၊ မြေမှာ ဆောင်က၊ ချမ်းသာရအံ့၊ *ဆန်းထသုံးရက်၊ဆဲ့သုံးရက်နှင့်၊ကျော်တက်ရှစ်မှာ၊ အင်္ဂါမြေခံ၊ ဆောင်ရန်ရှောင်ကြ၊ ရောဂါရအံ့၊*ဆန်းထ လေးရက်၊ ဆဲ့လေးရက်နှင့်၊ ကျော်တက် ကိုးမှာ၊ တနင်းလာတည့်၊ ခံလာတိုက၊ များတွေ့လာဘ၊ လာဘ်ကြီးရအံ့၊ *ဆန်းထငါးရက်၊ ဆဲ့ငါးရက်နှင့်၊ ပြည့်ထွက်တဆယ်၊ ဤသုံးသွယ်မူ၊ မြေဝယ်တနင်္ဂနွေ၊ ခံတိုပေ၏၊

ခြွေရွှေဖြင်းသိန်၊ စည်းစိမ်လျော့ပါး၊ ရွှေရှား ဥစ္စာ၊ ဖြစ်တတ်စွာ၏၊ *ဆန်းလာ ခြောက်ရက်၊ ကျော်တရက်နှင့်၊ ဆဲ့တရက်မှာ၊ ခံလာမိတ္တူ၊ အမှုတရား၊ ဒေါသများအံ့၊ *ဆန်းပြားခုနစ်ရက်၊ ကျော်တရက်နှင့်၊ဆဲ့နှစ်ရက် မှန်စွာ၊ ဤသုံးဖြာမူ၊ မှဘ်ရာကေန်၊ ကိတ်မြေခံ၏၊ သုခံ ချမ်းသာ၊ ဘေးကင်းကွာအံ့၊*ဆန်းလာရှစ်ရက်၊ ကျော်သုံးရက်နှင့်၊ တချက်ဆဲ့သုံး၊ ပေါင်းရုံးသုံးခု၊ ရာဟုအမှန်၊ မြေလျှင်ခံ၏၊ ဆောင်ရန်ရှောင်ခွင့်၊ နှောင်ဘွဲ့ သင့်အံ့၊*ဆန်းလင့်ကိုးရက်၊ ကျော်လေးရက်နှင့်၊ ပြည့်ထွက်ကျော်ပြေး၊တဆဲ့လေးမူ၊ ခံရေး စနေ၊ ဒုက္ခ ပွေအံ့၊*ဆန်းလေဆယ်ရက်၊ ကျော်ငါးရက်နှင့်၊ တချက်ဆဲ့ငါး၊ ဤသုံးပါးမူ၊ ခံငြား သောကြာ၊ များစွာလာဘ၊ ကောင်းမြတ်လှဟု၊ မှတ်ကြ သေချာ၊ ကျမ်းနှိုက်လာသည်။ ။ဆယ်ဖြာ မြေခံ အသီးတည်း။

## ၁၆-အဘက-သားကြီးသို့ အမိက-သမီးကြီးသို့ ခွဲဝေပေးရန် ပစ္စည်းအဘိုးထား စာရင်းအကြောင်းလင်္ကာ

စပါးပြောင်းပဲ၊ မျိုးကြဲရုံမျှ၊ ဥဿဘနှင့်၊ သီးမမည်ပြား၊ သုံးမည်နွား၏၊ နှုန်းထားမှတ်ရိုး၊ တကောင်ဘိုးမှာ၊ နှစ်သပြာခွဲ၊ ကျွဲတကောင်မှာ၊ သပြာပဥ္စ၊ ဆိတ်မဆားသိုး၊ တကောင်ဘိုးမူ၊ ခြောက်မူးဟူ၍၊ မှတ်ယူ အမြဲ၊ နှလုံးစွဲပြီး၊ နွားကျွဲယုဂ၊ ဥဿဘတစ်၊ နို့ညှစ်နွားမ၊ တယဉ်ဦးကျတည့်၊ ဆိတ်မဝီသာ၊ တိရစ္ဆာဟု၊ ကျမ်းလာသမျှ၊အဘိုးကျမူ၊ ဆနှင့်တိ သာ၊ ငွေသပြာသည်။ ။မှန်စွာရှစ်မူးပိုင်စွန်းတည်း။

## ၁၇-ဇရှင်းအကြောင်းတရပ်လက်ာ

မိဘတို့အား၊ ကျွဲနှင့် နွားတည့်၊ ကုလား မြန်မာ၊ ဆိတ်ပါလေးလီ၊ တဆယ်စီညွှန်၊ ကျွားကျွန်ယာမ၊ ကရိ သမူ၊ ပဥ္စဝိသာ၊ ပြည့်စုံပါလျှင်၊ ဥုလာဂေါဏ၊ အဇဇင်္ဂေ ကာ၊ ဤလေးဖြာက၊ မှန်စွာ အညီ၊ နှစ်စီ ပေးဘွယ်၊ ပယ်တစ်ကျွန်တစ်၊ စင်စစ်ပေးရာ၊ နွားကျွဲစသည်၊ မိဘ တို့အား၊ မရှိငြားလည်း၊ များပြား ခံနှ၊ ကုံကျွယ်ဝမူ၊ ဂေါဏဥ္ဇုလာ၊ အဇာဇင်္ဂေက၊ ဒါသကရီ၊ ခြောက်လီ နှုန်းမှာ၊ ခွဲပါနှစ်ကျပ်၊ ငါးကျပ်တဦး၊ ခြောက်မူးခြောက် မူး၊ တထူး မှတ်ရာ၊ ဆယ်သပြာနှင့်၊ သပြာ နှစ်ဆယ်၊ နှုန်းဝယ်ပါသမျှ၊ ပေးစုံကျကို၊ တွက်ဆနိုင်းချင့်၊ အဘိုး လင့်၍၊ လွယ်လင့်တကူ၊ မှတ်ယူစေဌါ၊ ငွေသပြာတည့်၊ သချာသတ်ခတ်၊ စွန်းနှစ်မတ်သည်။ ။ကျမ်းမြွတ် ထိုထို ပြည္ဟန်းတည်း။

---

## ၁၈-နှစ်စေ့ခင် နက္ခတ်လက်ာ

ကောဇာဒီဃ၊ စမ္ဗနုတ်လတ်၊ ဒွါဒသ်နှင့်ခွင်း၊ တစ် ကြွင်းလက်ဦး၊ တာကူးစိတြ၊ နှစ်ကြွင်းကမူ၊ ပြိဿဝိသာ ခါ၊ ဤနည်းသာလျှင်၊ မှတ်ပါကုန်ကြ၊ ဆဲ့နှစ်လတွက်၊ ကျရာနှစ်မည်၊ သွေမဖီသည်။ ။စဉ်ရှည်ရှေးက လက် သုံးတည်း။

---

## ၁၉-အဆွေခင်ပွန်းယုတ်အင်္ဂါ ၆-ပါးနှင့် အဆွေခင်ပွန်းကောင်းအင်္ဂါ၆-ပါး

မြင်လျှင်မပြုံး၊ နှလုံးမသာ၊ မျက်နှာမပေး၊ ကျင့်ရေး ဆန့်ကျင်၊ ရန်တွင်မှီခို၊ မိတ်ကိုကြဉ်ဘဲ၊ ဆဲသူကိုမ၊ ချီးမွမ်း

ကဖျက်၊ လျှို့ဝှက်မကြား၊ ဝှက်ထားဖော်ဆို၊ မှုကိုပြစ်ရှာ၊ ပညာပြစ်တင်၊ ပျက်လျှင်ကြည်သာ၊ ပွါးရာမုန်းထား၊ စားထုးရမေ့၊ ရလေ့မတ၊ ဆဲ့ခြောက်ဝတည့်၊ အမိတ္တမူ၊ မိတ်ပြန့်ယူပြီး၊ ဤသူကားရန်၊ ဤသူဟန်မူ၊ မိတ်မှန်အမြဲ၊ မချွတ်လွဲသည်။ ။လူကဲခတ်၍ပေါင်းလေတည်း။

## ၂၀-အသည်အလာကပ္ပါး ၃-ပါး အထူး ၁၂-မှ ခေါ်သည်အကြောင်း ကောပိုဒ်လင်္ကာ

စုလွတ်နယ်တွင်း၊ မှီတင်းဌာဝရ၊ နေလကမူ၊ အသည်ဟူ၍၊ မတူနယ်လာ၊ စုလွတ်မှာကို၊ ကပ်ပါးဆို၍၊ထိုကပ်ပါးက၊ အသည်မနှင့်၊ ကျလျှင်အလာ၊ မှတ်ပြီးခါမှ၊ တမာစေးရှော်၊ ကော်အုံတုံလဲ၊ တင်လဲဥသျှစ်၊ မရိုးစစ်မီးသွေး၊ ရေးရန်တန့်မှုးစည်း၊ မန်ကျည်းမှည့်တထွေ၊ ရေနံပွက်လျက်၊ ဆဲ့နှစ်ချက်ကို၊ သန်လျက်ခုံကမ်း၊ ညောင်ရမ်းမင်းတရား၊ ပြဋ္ဌာန်းထား၍၊ တခြားထိုမှ၊ နောဌယုယ၊ သုံးခုတွင်ဘက်၊ တမျက်လွန်ဆန်၊ ဖန်ခါးမွန်ဟု၊ ကွဲပြန်သော်လည်း၊ ရှေးနည်းသာခိုင်၊ အသည်ဆိုင်ရှင့်၊ လုပ်ကိုင်ချောဝန်၊ မှန်သမျှမှာ၊ သည်လာကပ်ပါး၊ စုခြားလေးဖြာ၊ ကြေးသုံးရာက၊ ထက်ဝက်ကြစီ၊ ကမယထာ၊ ဆုံးစေရာသည်။ ။သေချာမှတ်ရန်ထုံးတမ်းတည်း။

## ၂၁-သီရိ-၃၊ ဂါရဝ-၃၊ ဝါရ-၄၊ ကောပိုဒ်လင်္ကာ

ကြိန်တန်းမလျှီး၊ ပုဆိုးမပြန်၊အိပ်တွင်ခြေဆေး၊ တေးမူသီရိ၊*ဘမိလင်က၊ ယောက္ခမမူ၊ ဂါရဝသုံးပါး၊ *စပ်ခါးအဖန်၊ ဤသုံးတန်ကို၊ ပရိသန်ရှင်၊ ရှောင်စေချင်သည်။ ။ဆင်ခြင်မှတ်ယူစေကြောင်းတည်း။

## ၂၂-ဝါတော်စဉ်အကျယ်ကေပိုဒ်လက်ာ

မင်္ဂလာအောင်စည်၊ ဆော်ရွမ်းလည်ပိမ့်၊ ငါးမည်မာရ်လှန့်၊ ပလ္လင်ပြန့်ဝယ်၊ သုံးခန့်မိပတိ၊ မာရဇီလျှင်၊အာဒိပုဗ္ဗေ၊ မဇ္ဈေမှန်ချက်၊ ဒိဗ္ဗစက်နှင့်၊အာသဝက်ဉာဏ်၊ သုံးတန်ဝိဇ္ဇာ၊ သိပြီးခါမှ၊ သတ်ဌာနတွင်၊ သတ္တသတ္တာ၊ ယင်းကခွါ၍၊ ဗာရာဏသီ၊ ပူရီအောင်ချာ၊ မိဂဒါန္နိက်၊ ဝါတော်ပဌမ၊ လက်မွန်စတည့်။

ရာဇဂဟော၊ မြတ်ဝေဠုဝန်၊ ရွှေဗိမာန်ဝယ်၊ နှစ်တန်သုံးတန်၊ လေးတန်မြောက်လစ်၊ ဆဲ့ခုနစ်ဝါ၊ ဆဲ့ကိုးဝါနှင့်၊ ဝါနှစ်ဆယ်မြောက်၊ ဘုန်းရောင်တောက်၏။

ထို့နောက်မှန်ညီ၊ ဝေသာလီမှ၊ မကုလဟု၊ တောင်မျှဒ့းရာဇာ၊ ဝတိန်သာနှင့်၊ သံသုမာဂိ၊ ကောသမ္ဗိက၊ မှိုင်းရီအုပ်စည်း၊ သာဘွယ်ချည်းတည့်၊ ပလလည်းတောရ၊ နာမမည်သာ၊ ပုဏ္ဏားရွာနှင့်၊ မကွာစပ်ယှဉ်၊ ဝေရဉ္စတိုင်း၊ သမိုင်းပညတ်၊ ဤရှစ်ရပ်ဝယ်၊ သဗ္ဗညုဖျားဧတရားလျှင်၊ ငါးဝါမြောက်က၊ ဆဲ့နှစ်ကျအောင်၊ တဌာနမှာ၊ တဝါစီပင်၊ စမ္ပာယ်ရှင်၏။

ဝေမှင်သီခေါင်၊ ရိရိမှောင်သည်၊ တောင်စာလီယ၊ပဗ္ဗတန္နိက်၊ လောကထွင်ဆုံး၊ ဆဲ့သုံးမြောက်ဝါ၊ ဆဲ့ရှစ်ဝါဟု၊ ဝါတော်နှစ်ထပ်၊ နှစ်ကြိမ်ကပ်၏။

နတ်ရပ်တရှိ၊ သာမောဘိသား၊ သာဝတ္ထိပြည်၊ အောင်စည်ကြူးသီ၊ ပြည်ကပ္ပိနှင့်၊ အာဠဝီပုရ၊ သုံးဌာနန္နိက်၊ မမွှေ ဖြိမ်းဆေး၊ မြိုက်ရည်ကျေးလျက်၊ ဆဲ့လေးတခြား၊ ဆဲ့ငါးဆဲ့ခြောက်၊ မြောက်သည်ဝါမြတ်၊ စမ္ပာယ်လတ်၍၊ လူနတ်ဖြဟ္မာ၊ သတ္တဝါကို၊ ဒေသနာရည်၊ ရွှေမိုးစည်၏။

ဤသည်တွင်ရွှေ၊ သိမ်မွေ့စွာတည့်၊ အလှည့်အလည်၊ အပြည်ပြည်ဝယ်၊ အတည်မရှိ၊ အနိဗဒ္ဓ၊ ပြောင်းကြွ စမ့်ါယ်၊ ဝါနှစ်ဆယ်ဟု၊ မှတ်လွယ်စေရန်၊ ကမ္ဘည်းကန် ရှင့်၊ ကြွင်းကျန်သမျှ၊ နိဗဒ္ဓဟု၊ ပဥ္စဝီသာ၊ ဝါတော်မှာ မူ၊ သာဝတ္ထိမည်၊ ပြည်တွင်ချည်းတိ၊ မှတ်ကုန်ဘိလော့။

အနိဗဒ္ဓ၊ နိဗဒ္ဓဟု၊ ပြခဲ့ပိုင်းခြား၊ နှစ်ပါး ပေါင်းဘွဲ့၊ လေးဆဲ့ငါးဝါ၊ ကျမ်းအလာကို၊ ကဗျာရုံးလျက်၊ ကုံး၍ ဆက်ဟု၊ လေးနက်ရှင်လန်း၊ ဗျာဒိတ် ပန်းကို၊ ဦးစွန်း ထိပ်ပြင်၊ ဆင်ရသည် လျှောက်၊ ဝန်ထောက် ကင်းဝန်၊ မင်းကြီး မဟာစည်သူ၊ ထုတ်ယူ ကျမ်းဂန်၊ တီးပွန်းပွန် လျက်၊ ဝေဘန်သိုက်မြိုက်၊ ကောပိုဒ်ဖြင့်၊ ဦးခိုက်ဝပ်လျှိုး၊ ရိုညွတ်ကြိုးသည်၊ရှိခိုးသံတော်တင်ဦးတည်း။

## ၂၃-ဆဲ့နှစ်လ-နတ်ပေါင်းခ ဆောင်းပါးလင်္ကာ

တဆဲ့နှစ်လ၊ နတ်ပေါင်းခကို၊ ညွှန်ပြမည်၊ တာကူး ပုဏ္ဏာ၊ သန်းခေါင်ခါဝယ်၊ မြလွှာမြရှက်၊ နဂါးစက်မှာ၊ နှစ်သက်စွာလှ၊ နတ်ပေါင်းခသည်ဟု၊ မှတ်ကြစည်အရှည် တည့်၊ကဆုန်ဟူသည်-ပြိဿစက်၊ သိကြားလောင်မီး၊ထိုပြီး နယုန်၊ မေထုန်ဝယ်ကား၊ သမန်းကျားနှင့်၊ ဆေးကျား ရွှေကြာ၊ မှတ်စရာသည်၊ သုံးဖြာ နည်းကွဲထွက်၏၊ ကရ ကင့်မှန်၊ မြွက်လဝါဆို၊ ကဝေရုက္ခ၊ ပင်လှစိမ်းညို၊ ကန ဒိဟု၊ အဆိုနှစ်ချက်၊ ဝါခေါင်စက်မှာ၊ တပြက်ပုဏ္ဏရိတ်၊ ဂုဏ်ဟိတ်ကြီးစွာ၊ သစ်နှစ်ဖြာဝယ်၊ ဒေဝါနတ်ပေါင်းခို၏၊ ကန်တိမ်ညိုတော်သလင်း၊ ကုလားမျက်စိ၊ ထိုပြီ့းတခြား၊ ကုလား လက်ပြတ်၊ ပညတ် ရှေးမီး၊ နွားလျှာကြီးဟု၊

မည်သီးသုံးထွေ၊ တူစက်ဗွေဝယ်၊ သစ်လင်းလေကာ၊ သစ်လင်းတဟု၊ နှစ်ဌာန မြွက်တုံလျှဉ်း၏၊ ဗြိစ္ဆာ မယွင်းလတန်ဆောင်။ ။မုဲဇလီခေါ်၊ လနတ်တော်ဝယ်၊ညောင်ဗောဓိပင်၊ ပြာသိုတွင်မူ၊ ပင်စမ္မကာ၊ ကုမ်သို့ကျလျှင်၊ သော်ကပင်မှာ၊ မိန်အခါကို၊ ဒေဝါမာန်ယစ်၊ ကေရာဇ်ဝယ်၊ လျှပ်စစ်နွယ်သို့ပြောင်သည်····ကိုယ်ရောင်ဖြာ လျှံလင်းပွင့်လေ။ ။ညိုမှောင်ကွာ ရန်ကင်းရှင့်လေ····။

(လောကီအင်္ဂုတ္တိုရ်ကျမ်းထွက်။)

---

## ၂၄-ဆဲ့နှစ်လစုန်းပေါင်းခ ဆောင်းပါးလင်္ကာ

စုန်းပေါင်း ခလာ၊ ဒွါဒရာကို၊ မှတ်ပါ လေကုန်ကြ၊ တာကူးလကွယ်၊ သန်းခေါင်ဝယ်တွင်၊ နှံ့ကြွယ်သင်းထွေ၊ သစ်လင်းလေမှာ၊ ကဝေစုန်းပေါင်းခ၏။ ။ကဆုန်လမှာ အောင်းမဲ့ညို။ ။နယုန်မရှိ၊ တန်ခိုးကြီးထွေ၊ မင်းရှိသေဟု၊ နှစ်ထွေစုံန်းပေါင်းခို၏။ ။လဝါဆိုမှာ ဒန့်ကျွဲပင်၊ ကန့်သလွန်ဟူ၊သစ်နှစ်ဆူဟု၊အယူကွဲလေချင်၏။ ။ဝါခေါင်တွင် ရွှေတံတိုင်း။ ။လတော်သလင်း၊ နန္ဒင်းနရွဲ၊ မြွေအာတွဲ၍၊ သုံးကွဲပညတ်။ ။သီတင်းကျွတ်မှာ၊ သစ်မြတ်ကစော့၊ မှတ်လော့တသီး၊ ရှားစောင်းကြီးဟု၊ မည်သီးနှစ်ထွေပိုင်ရှင့်။ ။တင့်နှိုင်းသာလှ တန်ဆောင်မုန်း၊ ကြက်မောက်တွင်ခေါ်။ ။လနတ်တော်မှာ၊ရှိန်စော်ကြီးထွေ၊ ကြောင်ရှိသေဝယ်၊ ကဇဝတအုန်းအုန်းတည့်။ ။ပြာသိုချိန်ဆုန်းသစ်မြွေအာ။ ။တပို့တွဲတွင်၊ တန်ခိုးပြင်းသည်၊ မြင်းစဂုန္နီ၊ မိန်ရာသီတွင်၊ ရှုဉ်တင့်တောင်း၊ အဥ်မကောင်းလှသည်၊ မြင်းခေါင်းနှာရောင်၊ သစ်တန်ဆောင်

မှာ၊ မျှားမြှောင်ခိုခလာသည်။ ။မကွာဘော် တညီတည့်လေ။ ။ကလျာဇော်ဂနီတည့်လေး။

(လောကီအင်္ဂုတ္တိုရ်ကျမ်းထွက်၊)

---

## ၂၅-အဆွေခင်ပွန်းကို မပြစ်မှား-ရအပ်သော အကျိုးထက်ိ

ရေစာပေါ၀၊ ပြည့်စုံလှလျက်၊ အိမ်တခွါမူ၊ ဗိုလ်လူမှီရာ၊ အရွှာရွှာဝယ်၊ ပူဇာရဟာ၊ ထားပြခိုးသူ၊ ပြစ်မှုဝေးကင်း၊ မင်းဟူသမျှ၊ မြင်ကကြည်ညို၊ ရန်ထိုထိုကို၊ လိုလိုလွှန်မြောက်၊ ပြစ်မလှောက်ဘဲ၊ ရောက်၏အိမ်သို့၊ နှစ်လို့တင့်တယ်၊ သဘင်ဝယ်တည့်၊ မျိုးနွယ်တို့ထက်၊ တိုးတက်မြတ်မူ၊ သူ့ကိုပေးကမ်း၊ ပေးကမ်းတို့ရ၊ ရိုသေကလည်း၊ ရ၏ရိုသေ၊ ပူဇော်ခြေမူ၊ ရလေပူဇော်၊ ရှိခိုးသော်လည်း၊ အလျော်တို့ရ၊ မီးတမျှလျှင်၊ ထွန်းပဂုဏ်အင်၊နတ်အသွင်တည့်၊ကြည်လင်တင့်တယ်၊ ရှုဘွယ်ကြက်သရေ၊ တည်နေမြဲမြံ၊ ခြံရံကျွဲနွား၊ ပွါးစီးဘိတွန်၊ လယ်ခွန်လယ်နက်၊ တိုးတက်တုံလျှင်း၊ ထိုယင်းခွန်လှိုင်း၊ လိုတိုင်းသုံး၍၊ မြင့်သမျှက၊ကျလည်းမသေ၊ သေခါသုဂတိ၊ တည်ရာရှိ၏၊ မျှားဘိအမိတ္တ၊ နပသာဟန်း၊ ဤဟန်းသို့ရောက်၊ ပုဒ်ကိုကောက်သော်၊ ရမြောက်အညီ၊ ဇာတာလီတွင်၊ နှစ်စီပိုင်းခြား၊ အကျိုးသွားဖြင့်၊ ဘုရားအလျာ၊ သုနန္ဒာအား၊ ဂါထာဆယ်ပါး၊ တရားငြိမ့်လေး၊ မြိုက်ရည်ကျွေးဟု၊ ရှေးမုက္ခပက်၊ ဖြစ်အပျက်ကို၊ နှုတ်နက်ခြင်း၊ သာမုက္ကံဖြင့်၊ နက်တံတင့်ရှုန်း၊ ဗျာရွှေဥွန်းသည်။ ။ညွှန်း၏ရှင်တော်ဘုရားတည်း။ (တေမိဇာတ်)

---

## ၂၆-ခုနစ်နံသင့် အခင်းနေရာပြုလုပ်ရန်အသား

(၁)တနင်္ဂနွေနံသား၊စောင်းလျားဆူးရစ်၊(၂)တနင်္လာနံသား၊ကျားနံဖြစ်မူ၊လိဘူလက်ပံ၊ (၃) ခြင်္သေ့နံကား၊ ပန်းသွန့်ဖက်သန်း၊ (၄) ဆင်ခန်းအမှတ်၊ သနပ်သတွတ်၊ (၅) ကြွက်မြတ်ထနောင်း၊ ထအောင်းတဖြာ၊ (၆) ပူးမှာအင်ကြင်း၊နံ့သင်းအကြော်၊ (၀)မြွေနံသော်မူ၊ ခူစံငုစပ်။

## ၂၇-ခုနစ်နံသင့် အခင်းနေရာ ပြုလုပ်ရန် နေထိုင်ရန်လင်္ကာ

ဤသစ်မြတ်ကို၊ ခင်းလတ်ထိုင်ဘွယ်၊ နေရာယ်ဖြင့်၊ တင့်တယ်စွာလှ၊ ပြုနေရမူ၊ သဗ္ဗရောဂါ၊ ဘေးမျိုးကွာ၍၊ ချမ်းသာသက်ရှည်၊ စည်းစိမ်တည်အံ့။ ။ဘုန်းစည်ရသေ့ အမြွက်တည်း။

## ၂၈-ပုဂံမင်း ၅၅-တွင် ၃-ဘဝထပ်၍ဖြစ်သည့်မင်း ကောပိုဒ်လင်္ကာ

စလေ,ကုလားကျ၊ နရသိဟ်ပတေ့၊ စွေ့တုံသုံးဖြစ်၊ သမုဒ္ဒရာဇ်,နော်ရထာ၊ကျစွာနည်းတူ၊ ပျူ,သေည်,ကျန့်စစ်၊ သုံးဖြစ်တခြား၊ မင်းတပါးလျှင်၊ တရားဓမ္မရာဇ်၊ သုံးကြိမ် ဖြစ်သည်။ ။မှတ်ဆစ်မှတ်ရန် အထူးတည်း။

## ၂၉-မေတ္တာအကျိုးဆဲ့တပါး ကောပိုဒ်လင်္ကာ

ဘီလူးကြည်ဖြူ၊ နတ်လူချစ်ခင်၊ အိပ်လျှင်ချမ်းသာ၊နိုးခါသုခ၊ စောင်မနတ်များ။ တည်ကြားစိတ်စက်၊ အိပ်မက်ကောင်းစွာ၊ မျက်နှာကြည်လင်၊ သေလျှင်အမုဋ္ဌ၊ ရှာန်ဟုန်

လည်းရ၊ ဗြဟ္မာ့ပြည်ဖြစ်၊ ဤဆဲ့တစ်ကား၊ ရှစ်နှစ်ငါးဖြာ၊ မေတ္တာနိသင်၊ ကမ္ဘည်းတင်သည်။ ။ယှဉ်မှတ်ရန်အကျဉ်းတည်း။

---

### ၃၀-ပါရာဇိကလေးပါး အာဏတ္တိပရိယာယ အပြစ်ရှိမရှိ ကေပိုဒ်ထက်ာ

မေ-အ-မ-ဥ၊ ၄-ခုမြဲမှတ်၊ အာဏတ္တိပရိယာ၊မ မှာယူရ၊ အာဏတ်မျှကို၊အ ဟုမှတ်လေ၊ ဥနှင့်မေမှာ၊ စေပရိယာယ်၊ ၂-သွယ်လုံးပင်၊ တင်စေတပြီ၊နာပတ္တိဟု။ ။သိလေ့လူရှင်အများတည်း။

---

### ၃၁-မင်းတို့ချစ်အပ်သူ ၁၄-ကေပိုဒ်လက်ာ

အပါယ်လွတ်ကြောင်း၊ ကောင်းစွာဟောပြ၊ သီလပညာ၊ လွန်စွာစုံလင်၊ သျှင်ကိုဖြောင့်ဖြောင့်၊ သက်တော်စောင့်မျိုး၊ အသျှင်ကျိုးကို၊သယ်ပိုးတတ်ဘိ၊ သျှင်ရှိမှုက၊ဘော်ရသူအား၊ များပြားရန်အောင်၊ အောင်စေသည်သာ၊ မြို့ရွာငြိမ်းမှု၊ ပြုစုသပြီဟ်၊ ကုသိုလ်ကောင်းကျိုး၊ဆော်နှိုးဘိသည်၊ တည်ကြည်သိမ်မွေ့၊ ပြုလေ့တသွယ်၊ မှုငယ်မှုကြီး၊ ပြီးစီးနိုင်တံ့၊ သူမဝံ့ရဲ၊ ခရီးခဲသွား၊ သူတပါးထက်၊ ရဲအားလွန်စွာ၊ ရသာကောင်းမြတ်၊ ချက်တတ်ဘိငြား၊ တပည့်သားကို၊ ဖြားယောင်းခေါ်နိုင်၊ အမြိုင်အမြိုင်၊ ဆိုင်စေတုံထ၊ ၂-ပဒစီ၊ လီ၍မှတ်ရေး၊ ဆဲ့လေးယောက်အား၊ ထွင့်မင်းများသည်။ ။ချစ်အားပိုတော်မူဘိလော။

(ပညာကျော်လျောက်ထုံး)

---

## ၃၂-သမီးပေးခြင်းရှစ်ပါးအတိုကောက်လက်ာ

မျိုးမြတ်အသွင်း၊ မှုခင်းဆောင်ကြဉ်း၊ခဲယဉ်းကြောက်ခ၊ ကုသလိုတူ၊ ဟူ၍ခြားသီး၊ သမီးပေးရှစ်။ ။ပူဇော်မှုခင်း၊ သွင်းသိဆုံးမ၊ ရမသိဘူ၊ ကလူငယ်မျှ၊ ဌသမီးပေး။

---

## ၃၃-ဘိုမယ်ကိုနန်းတင်သည့် မင်းငါးဦး အတိုကောက်လက်ာ

ပ-သီ-မင်း-က-မိုး။ ။ဘိုမယ်ကိုနန်းတင့်သည့် မင်း ငါးဦး။

---

## ၃၄-ပရမတ္ထပါရမီတော်မြောက်သည့်ဇာတ်တော်

သသ၊ သခ်၊ ရူဠ၊ သေနာ၊ဇနက္ကာ။ ။ခန္တီ၊မဟာ၊မုဂါ၊ ကော၊လောမံသ။

---

## ၃၅-ဖြုံးမွေးဆေးနည်းလက်ာ

ဆိုပိမ့်လက်ာ။ ။အတိဝရ၊ ဩသဓ၊ နားဝစွေ့စွေ့နာ လော့။ ။ခေါဝေါဟာဘိဓာန။ ။ဗြူဟ္မပတ္တံ၊ နိရဇံ အောင်ကံနှင့် ဒေါဝိတမှ။ ။သုသီရဥဒုက္ခေ။ ။ပက္ခိပိဟ၊ မုသလနှင့်၊ စုဏ္ဏဝိစုဏ္ဏေတည့်။ ။နဝမောပတ္တေန။ ။ ရသံဂဟေတွာ၊ရေနံ့သာကို၊သကာသပွိမျှမှနှင့်။ ။မိဿက အဂ္ဂိမှိ။ ။စတုဘာဂေ၊ကောသေတွင်၊ရောထွေဥတ္တာရိတည့်။ ။ ကိုယ်စီတိငါးမတ်သာ။ ။ပဇာပုပ္ဖ၊ ဟာလိဒ္ဒ၊ ပဏ္ဏရေဏ္ဏာ တည့်။ ။သုမနာပွင့်ဒုက္ခ။ ။ဆေးရွှေသက်ရင်း၊ နွယ်ကြီ ဟင်းလည်း၊ ယွင်းတထေဝတည့်။ ။ပိပ္ပလ၊ မြစ်ဖလာ— ချင်းမရိစ္စ၊သိန္ဓဝလည်း၊အမျှဆိုမတ်လာ၏။ ။ရောရောသည် ဒွဒ္ဓနေ။ ။တီဟော၊နာသေသုပဏ္ဏ၊ရူပပြီးလျှင်စေလော့။ ။

ပစန္တေအဒြ။ ။ဒဗ္ဗိနာတံ၊ အာလုတံ၊ မနိမချစ်ချမ္။ ။ သာမညာဘုဥ္ဖိတေ၊ ဝါတာပိဋ္ဌ၊ ဝိနဿ၊ စီရဒသဟောမ္။ ။ တဏ္ဍုကေသုစိတာ။ ။ကရဝိက၊ သကုဏ၊ သဒ္ဒသဒိသာ တည့်။ ။အာမုဖါသံပန။ ။ယံယံဇူဠိ၊ စိန္တိတံ၊ သိဒ္ဓိသ မတ္တတည့်။ ။မာသကာဘုဥ္ဖိတေ။ ။အသိဒဂ္ဂ၊ အဝိဒ္ဓ၊ နိစ္စ ကေန္တေ၏။ ။သရိရေကုဋ္ဌဥ္ဖ။ ။ပါပရောဂေါ၊ ဝိနဋ္ဌော၊ ဖလောမဟန္တတည့်။ ။ဩသ၏တေဇသာ၊ ဝဍ္ဎာပုတ္တ၊ အလဒ္ဒ၊ ရာဂဥပသန္တာ၍၊ ။တေိဿာ ဇုတ္တိယံ။ ။ဂဇ္ဇော ဋ္ဌတွာ၊ ဝဇီယာပုဏ္ဏာသဒိသရှင့်။ ။ဝိသတိဝဿောဝ။ ။ တေတေဇနာ၊ ဝိဝိဓာပင်၊ မဟာနိသံသတည့်လေ။ ။ရွှေရှ လိုက်သာ၊ ဒါယကာ၏၊ မဟာဩသဓတည့်လေး။

---

## ၃၆-အဝမြို့တံခါးလင်္ကာ

ထွန်းတောင်ဦးတည်၊ သာစည်ကျော်ဘယ်၊ ဇင်းမယ် အာသ၊မုတ္တမနှင့်၊ ဓညမိုးကောင်း၊-စိတ္တကောင်းကိုင်းမား၊ ဟံသားမျည်းတောင်၊ ကုန်းဘောင်ဂန်းတဲ၊ကျိုင်းရဲစန္ဒပူရုံး၊ ကျိုင်းရုံးတနသာ်ယာ၊ ယိုးဒယားဝင်မနော၊ စံရာရန်အောင် မြင်၊ လေသာမာရ်အောင်၊ မော်ကွန်းထောင်သည်။ ။ နောက်နောင်မှတ်ရန်စည်ရှေးတည်း။

---

## ၃၇-မုံသောက်မာတင် အကျဉ်းချုပ်လင်္ကာ

မုံယိုပလိုက်၊ ကြိုက်သည်ရေစာ၊ အနာလွတ်ကင်း၊ ငါး ဆယ်တွင်း သက်၊ ယင်းငါးချက်ပင်၊ မာတင်အင်္ဂါ၊ သဒ္ဒါ ဘိဓာန်း၊ ဆန်းလင်္ကာမျိုး၊ ကျမ်းရိုးစုံလင်၊ တတ်မြောက်

ခင်မူ၊ မာတင်္ဂါစေရ၊ အင်ငါးဝဟု။ ။မှတ်ကြအလွယ်တကူ ဘည်း။

---

## ၃၈-ဂရုဓမ္မဇာတ်ချုပ် ကေပိုဒ်လင်္ကာ

မင်းမယ်တော်နတ်၊မြတ်ရှစ်သောင်းချာ၊ဥပရာနှင့်၊ဆရာ ကြီးကိုင်၊ ရထားပိုင်သူဌေး၊ ပြည့်ကံကျေးက၊ စပါးပေး တခြား၊ တံခါးစောင့်လစ်၊ ဤ ၁၁-တွင်၊ မြားပစ်ချေးမ၊ မတ်လှရထားမှတ်၊ ရထားညွှတ်ခြင်း၊ ဗုဇ္ဇနိတွင်းမြင်းနှင့်၊ စပါးပင်သျှောင်ချပ်၊ ကာမလပ်တခြား၊ စပါးစုမောင်နှမ၊ ယင်းကိစ္စကြောင့်၊ ကိုယ်၄ကိုယ်စီ၊ ပဉ္စသီချို့၊ အလိုလို့ သည်။ ။နှစ်မြို့မကြည်ကြဘူးတည်း။

---

# စာထုပ်ကြိုး စာတမ်းများ

## ၃၉-တော်ကြီး စာထုပ်ကြိုးစာတမ်း

ရတနာပုံ-မဟာရာဇဌာနီ မင်းနေပြည်ကြီးကို လက်မွန်မဆွ တည်ထောင် ဘန်ဆင်းတော်မူသော ဘဝရှင်မင်းတရားကြီး ဘုရားသည် မြတ်စွာဘုရား သာသနာတော် အစွန့်ရှည်စွာ တည်တွန့်းတောက်ပစိမ့်ငှါ အရင်းမူလဖြစ်သော ပရိယတ္တိသာ သနာတော် ပိဋကတ် ၃-ပုံကို ပုဒ်ဗျည်း သဒ္ဒါ သေချာမှန့်ကန်အောင် ပရိယတ္တိ ဝိသာရဒ ဆရာတော် သင်္ဃာတော် ရဟန်းပညာရှိ လူပညာရှိတို့ကို ညှိနှိုင်းသုတ်သင်စေ၍ ရွှေရေးမင်ရေး ကညစ်ရေး ပိဋကတ်စုံရေအများ ဘော်ကြွငွေဆိုင်စတေ ဖြူစင်နစ်နော ချောမောပြေပြစ်သော ကျောက်သလင်းအပြင်၌ ရေးထုအပ်သော ပိဋကတ်စုံ၊ ယင်း မှန်ကန့်ပြီးပိဋကတ်တော်တို့ကို မုခါရုဠ္ဌနှုတ်တက်အာဂုံ ဆောင်ရွက်နိုင်အောင် ဗျတ္တိဗလ, သတ္တိဝိသေသရှိသော ရဟန်းတော်တို့ကို တောင်းပန် လျှောက်ထား ချီးမြှောက်တော်မူသဖြင့် ပိဋကဓရ စွယ်လှစုံရောက်စုံကြီးမြောက်သော အရာမကသောရဟန်းတော်၊ ဤသို့ပုဗ္ဗကိစ္စ သင်္ဂီတိပရိကံများကို ပြည့်စုံစေပြီး ရွှေနန်းပြာသာဒ်တော် သီဟာသနပလ္လင်ဦး မြေနန်းတော်တွင် ပဥ္စမ သင်္ဂါယနာ တင်ပြီးနောက် ဘဝရှင်မင်းတရားကြီးဘုရား နန်းစံ-၂၁၊ သက္ကရာဇ် ၁၂၃၅-ခုနှစ်အတွင်း နေပြည်တော်ရှိ အရာမကသော တိုက်တော် အထောင်မကသော ရဟန်းတော်တို့တွင် ပရိယတ္တိဆောက, သဒ္ဒကောဝိဒ, ပိဋကဓရ သင်္ဃာတော်တို့ကို ရွေးကောက်တော်မူ၍ ပဌမစာချ သမိုက်

ပြဋ္ဌာန်းတော်မူပြီးလျှင် ပရိယတ္တိ သာသနာတော်မြတ်ကို ဆောင်ရွက်တော်မူသော မထေရ်မြတ်တို့လက်စွဲကြည့်ရှုစေရန် ယင်းသည့်မထေရ်မြတ်တို့ အလိုရှိရာ ပိဋကတ်တော်များကို ရေးသားတော်မူ၍ ကြီးပုဝါစုံနှင့်တကွ လှူဒါန်းတော်မူသည်။ ။နိဗ္ဗာနပစ္စယောဟောတု။

---

## ၄၀-ရှင်းတော်ကြီး စာထုပ်ကြီးဆုတောင်းစာတမ်း

အထူးထူးသောတိုင်းကြီးပြည်ကြီးအပေါင်းထီးဆောင်းမင်းတကာတို့၏အသျှင်ဖြစ်တော်မူသော ရတနာပုံမဟာရာဇဌာနီ၊ မင်းနေပြည်ကို၊ လက်မွန်အစ၊ တည်ထောင်ဘန်ဆင်းတော်မူသော၊ ပဉ္စမသင်္ဂါယနာတင်၊ သာသနာ့ဒါယကာ၊ မဟာဓမ္မရာဇ်-တရားမင်းမြတ်သည်။ ။ဇာတိဇရာ၊ ဗျာဓိမရဏာစသော၊ သားရဲ-သားရှုး၊ ဘီလူးသဘက်တို့ဖြင့်ပြွမ်းသော၊ သံသရာစက်၊ ကုမက်ကြလှဲ၊ ဝဲခနောင်းမှ၊ ဘဝမခြား၊ လျင်လျှား တောက်တပို၊ ထွက်မြောက်လိုသော၊ ရွှေနှလုံးတော်သွင်း၊ လွန်မင်းလှသော၊ ပတ္တနာ တော်ဖြင့်၊ ရေတွက် ချင့်မှန်း၊ ဂဏန်း သေချာ၊ မတတ်ရာသော၊ ဒါနအမျိုးမျိုး၊ အမြဲခြယ်ဆင်၊ ဘုရင်ရတနာ၊ ဖြူစင်စွာသော၊ ကြေညာအောက်ထက်၊ ပတ်ယှက်ဝန်ဆူ၊ ရောက်တိုင်းကြူသော၊ သီလအမျိုးမျိုး၊ သာသနာပအခါ၊ တကာဗိုလ်လူ၊ ထီးဖြူဆောင်းခြင်း၊ မင်းတို့မဆိုထားဘိ၊ သာသနာ တော်တွင်း၊ ကြိမ်ကြိုက် လင်းသော၊ ခပင်းဗိုလ်လူ၊ ထီးဖြူ ဆောင်းခြင်း၊ မင်းပင်ဖြစ်လင့်ကစား၊ သပ္ပုရိသုပ နိဿယကင်းက၊ ထိုးထွင်းသိမြင်နိုင်ခဲသော၊ အနတ္တလက္ခဏာကို၊ လက္ခဏာ၊ ရသ၊

ပစ္စုပ္ပန္နာန်၊ ပဒုဋ္ဌာန်နှင့်တကွ၊ ခွဲခြမ်းဝေဘန်၍၊ သိတော်မူခြင်းစသော ဘာဝနာ အမျိုးမျိုးများကို၊ သူမတူတန်၊ အလွန်အကြူး၊ ဆည်းပူးဆောက်တည်၊ ပွါးစည်နိုင်ဖြိုး၊ ကြီးရင့် ထက်သန်စေတော် မူခြင်းနှင့်တကွ၊ သာသနာပအခါ၊ စကြာ ၄-ကျွန်း၊ မင်းသားမင်းစစ်၊ ဖြစ်ပစေကာ၊ သာသနာတွင်း၊ သေဌ်နင်းမြတ်စွာ၊ သာသနာကို၊ ပစ္စယာဓိမ္မ၊ နိဂ္ဂဟ ၂-ပါး၊ တရား ကြည်နူး၊ လျှပ်တမြူးမျှ၊ ဆည်းပူး ဆောက်တည်သော ကုသိုလ်ဇောကို၊ သောဠ်သိ၊ အလံ နဿတိ၊ ဟောတိုင်းသိပြီး၊ သာသနာတော် အစွန့်ရှည်ကြာ၊ တည်စိမ့်ငှါဖြင့်၊ ပဥ္စမသင်္ဂါယနာသဘင်၊ ရင်တော်မူပြီးနောက်၊ ဘဝရှင်မင်းတရားကြီး ဘုရားနန်းစံ ၂၁-သက္ကရာဇ်၁၂၃၅-ခုနှစ်အတွင်း၊ယင်းသင်္ဂါယနာတင်ပြီး၊ သာသနာတော် ၃-ရပ်တွင်၊ ပရိယတ္တိ သာသနာတော် အရင်းမူလ အစစ်ဖြစ်ရကား၊ရွှေမြို့တော်ရှိအထောင်မကသော သဃ်ာတော် အပေါင်းတို့တွင်၊ ဗျတ္တိဗလ၊ သတ္တိ ဝိသေသရှိသော ပုဂ္ဂိုလ်မြတ်တို့ကို၊ ရွေးကောက်တော်မူ၍၊ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူသောအားဖြင့်၊ ပဌမ, ဒုတိယ, တတိယ, စာချ ၃-ရပ်၊ ပညတ်ပိုင်းခြားတော်မူပြီးလျှင်၊ ယင်းပုဂ္ဂိုလ်တို့ အလိုရှိရာကြည့်ရှုရန်၊ စာအင်္ဂါ ၁၀၀၀-ကိုရေးသား၍ ကြိုးပုဝါစုံနှင့်တကွ၊ လှူဒါန်းတော်မူသည်။ ။နိဗ္ဗာန ပစ္စယော ဟောတု။

## ၄၁-အသျှင်နန်းမတော်မိဘုရားကို ဆက်ရန်စာထုပ်ကြိုး

ကြားပိမ့်သိလော့၊ ဓိပတိမန်း၊ မြန့်ကြွင်နန်းတည့်၊ ခန့်မှန်းရာရာ၊ စက္ကဝါမြေ၊ ရေအဆုံးခိုက်၊ ရွှေဘုန်းပိုက်၍၊ ထီးစိုက်နန်းတည်၊ ပြည်ထောင်တကာ၊ ဦးညွှတ်ရာဟု၊ ရွှေဖျာဒိတ်လိုက်၊ သိုက်နဝင်းမြတ်၊ တြင်းခံ့ာတ်နှင့်၊ မန္တံ့ာတ်မှန်တိန်း၊ ကိန်းအလာဖြောင့်၊ ချက်မှန်စောင့်လျက်၊ မင်းကောင့်းတံထွာ၊ မန်းမြေချာထက်၊ ရတနာ့ပုံ၊ ပြည်ဇေယျုံ့ကို၊ နတ်ဘုံတဆူ၊ ဟူဘွယ် ,တနန်း၊ ထူးဆန်း ကဲလွန်၊ ရွှေဘုန်းကံဖြင့်၊ လက်မွန်အစ၊ ပဌမသစ်လင်း၊ တည်ဘန်ဆင်းသည်၊ မင်းမင်းဥက္ကံဋ္ဌ၊ ပဥ္စမ သင်္ဂါယနာတင်၊ မိမ္မခံကို၊ အလွန်သေခွေ၊ ထပ်ပိုးစေဟု၊ ရွှေအသိန်းတိ၊ ကိန်းမရှိအောင်၊ အသဒိမျိုး၊ စာကြိုးလျှုတော်၊ မြတ်နုဘော်ကြောင့်၊ နိရော်စမှန်၊ မြတ်နိဗ္ဗာန်ကို၊ ဇောန်၍ဇာစ်၊ ၍ဖြစ်၍လ၊ ၍ခဏာနှိုက်၊ မုချမြဲမှန်၊ ရဆုညွှန်သည်။ ။ထက်သန်၍သို့ ၍အဘို့ကို၊ နှစ်လို့နတ်လူ၊ ကြည်ဖြူသာဓု ခေါ်စေသောဝ်။

---

## ၄၂-အနောက်နန်းမတော်မိဘုရားစာထုပ်ကြိုး ဆုတောင်းစာလင်္ကာ

ကြားပိမ့်သိလော့၊ ဘူမိ သီခရာဇ၊ အောင်မြေ ဇာစ်ဟု၊ ခေတ်လောကခံ့ာတ်၊ လွှံ့ပတ်ကြေညာ၊ မန်းလက်ယာ၌၊ ရတနာပုံမည်၊ ပန်းယက်ထုံနှံ့၊ ခေတ်လုံးပျံ့လျက်၊ လွှတ်စုံစတေ၊ ရွှေစာမရီ၊ ပမာညီလျက်၊ သာကီနွယ်စင်၊ မိုးသဘင်ဝယ်၊ ရောင်ရှင်ထွန်းပ၊ ဝန်းသည်လသို့၊ ပရမဋ္ဌဒ္ဓိ၊ ဘုန်းကြီးရှိသား၊ သီရိသုစန္ဒာ၊ ရတနာဒေဝီ၊ မျက်စီလျှံပက်၊ နောက်

နန်းနတ်လျှင်၊ ဝဲဝင့်ဂယက်၊ ကုမဂ်လမ်းကျဉ်း၊ ဘေးထိညှဉ်း သား၊ ခဲယဉ်းလှစွာ၊ သံသရာမှ၊ ထိုမှာကမ်းခြေ၊ နန်းရမေသို့၊ ရောက်စေစိမ့်မှု၊ ရည်သားဆုဖြင့်၊ သုံးလူ့မြတ်ဖျား၊ ဟော ကြားဒေသနာ၊ ငါးဖြာနိကာယ်၊ မြတ်ပင်လယ်ကို၊ အကျယ် ချက်ကုံ၊ နိတုံရောင်ခွေး၊ တည်းပြင်ရေးပြီး၊ မြတ်လေး လှစွာ၊ စေတနာဖြင့်၊ ပုဝါထည်မျိုး၊ ကြိုးနှင့်အစုံ၊ ဥသုံ မကြွင်း၊ တင့်တယ်လျှဉ်းအောင်၊ လွန်မင်းလှစွာ၊ လှူဒါန်း ပါရှင့်၊ ပုညာနိသင်၊ အတင်တင်ကြောင့်၊ ဤလျှင်ထူထပ်၊ ဘေးရိပ်ပွပ်မှ၊ ့နန်းရပ်နိဗ္ဗာန်၊ ပြည်မြတ်မွန်သို့၊ အမြန်ဆော စွာ၊ ခန္ဓာဇာတိ၊ မရှိအခြား၊ တန့်မနားဘဲ၊ လျင်လျားအမှန်၊ ရောက်စိမ့်ညွန်သည်။ ။ဆုမွန်ပတ္တနာ၊ အာသာပြဋ္ဌာန်း၊ ရည်မှန်းလိုရာပြည့်စေသောဝ်။

# ဒိုးချင်းများ

## ၄၃-အင်္ဂါယုတ် ၁၈-ပါးအကြောင်းဒိုးချင်း

* ဘ၀ါးပျက်ကျယ် သလုံးတဲ့နှင့်၊ ယိရွဲယိုထွက် မုတ်ဆိပ်နီ။
* နှာရောင်ကောက်နှင့် ဝမ်းပိုက်စူ၊ အစွယ်ထွက်ပြူ၊ မွဲတေွများလို့။
* ခါး,လည်ကုပ်,ကျောက် ကောက်သုံးထွေ၊ တွန့်လိပ်အရေ ဆံနီထွေး၊ ရေးမျက်ကြောင်စီ။
* ခြေသည်း လက်သည်း၊ ပုတ်မည်းမည်း၊ အောက်နှုတ်ခမ်းလည်း တွဲမညီ။
* မျက်စိနှစ်လီ ကျဉ်းကျယ်နေသလို့၊ အကြောဖြိုင်းဖြိုင်းထသည့်ပြင်၊ သွားလျှင်ခြေသံ ဆိုးဆိုးဆပ်ဆပ်။
* ကိုယ်ပေါက်ကိုယ်ရောက် သူထက်သာ၊ ယုတ်ယုတ်မာမာ ကြီးတဲ့ဒြပ်။
* တဆယ့်ရှစ်ပါး ယုတ်အင်္ဂါ၊အများဗိုလ်ပါ ကြားသိမှတ်အပ်။

---

## ၄၄-နှလုံးငြိမ်ဥာဏဝဓုဏဆေးနည်းဒိုးချင်း

* ဆင်သမန္တယ်မန်လာဥ၊ လင်းလေကျစု မြစ်စစ်သိမ်။
* အိပ်မွေ့သီးနှင့် ချင်းချောက်လှာ၊ ကြီညွတ်မြစ်ပါ ဆေးရှစ်ပါးကို။
* ထွားထွားညက်အောင် ကျိတ်၍နှော၊ ထောပတ်နှင့်စိမ်။

* နေ့စဉ်နေ့ဆက် အမြဲလျက်၊ သုံးရက်ခန့်နှင့် နှစ်လုံးငြိမ်။
* ထိုခန္ဓာအိမ် လွန်ရှင်လန်း၊ ဤသာခန့်ကျန်းနာမျိုးရှောင်၊ ဂါထာတဆောင် နှုတ်ရဆောင်စွမ်း။
* သောတုဇနသုတေသီ၊ ပညာစုံစီ ကူးလိမ့်ဘက်ကမ်း။

(သာရကောမုဒီ သတ္တမတွဲ။)

# လှေချင်းများ

## ၄၃-အစေခံတောင်လုံးလှေတော် ဂုဏ်ချင်း

* ရေမဟာန်မှာ နေလျှံနွှန်း၊ စေခံတောင်လုံးလှေ့မျက်မှန်။
* ရွှေဘုန်းတော်ကြောင့် ဝတိန်ပိုင်၊ သိကြားကိုယ်တိုင်ဆက်သနှင်းတဲ့။
* လှေမင်းလှေမော်လှေတော်သား၊လွှားတဲ့အောင်လံ။
* တန်ခိုးမိပတိ၊ ဘုန်းဇုဒ္ဓိ။
* တောင်လုံးလှေကြီး ဩဘာသံ၊ လောကဓာတ်ယံလွှမ်းခြည့်သောသော။
* တရာမင်းကို စက်ရင်းအောင်၊ လက်ငင်းယူဆောင်ဆက်မဲ့စွမ်းအား။
* သည်မျှမကဝေးသီစွာ၊လေးဒီပါကိုအကုန်နှင်းလို့။
* ရွှေစက်တော်ရင်း မွှံ့ကျော်ညီ၊ ကျွန်တော်ခံအောင်သိမ်းမဲ့ယောကျ်ား၊ ရှားဆုတ်ကြရှောင်။
* မရှောင်ရင်တောင်လုံးတဲ့၊ သျှောင်ထုံးကိုကိုင်နှိမ်လို့၊ ဇိဝိန်ပါဝိစိထဲကို၊ဆွဲချလိမ့်မမှား။

---

## ၄၄-ဇုင်းလှေတော် ဂုဏ်ချင်း

* တောင်လုံးစေခံ ဝေယန်ဖျားက၊ သိကြားဆက်တဲ့လှေဥသျှောင်။
* ဘုန်းအတုမဲ့ စကြာ့ရှင်မှာ၊ ဘက်မျှမမြင်လှေ့သနင်းမို့။

* လှေချင်းလှေတွင် လှေများမင်း၊ ကွင်းဆုတ်ကြွ ရှောင်။
* မဟာဏ္ဏဝ သာဂရ၊ ရေလမ်းရှိသမျှ တတိုက်ဘောင်မှာ၊ မကိုင့်ဆောင်းဆောင် ထိုထိုမင်းတို့။
* ဝပ်စင်းညွတ်ကြို့သက်လက်ဆောင်၊ စက်ထံရောက်အောင် သိမ်းမွဲမှုထမ်း။
* အနုအကြမ်း ဂုဏ်ရဲစွမ်း၊ . မှားလို့စမ်းကမှောက်သည့်ပြင်။
* အောက်နရက်ခွင်မီးလျှံထဲမှာ၊ အသဲအဆုတ်ကုန်အောင်နုတ်။
* ဖုတ်လိုက်ကင်လိုက် ကြော်လိုကြော်၊ ခေါင်းမပေါ်အောင် မွှန်းလိမ့်တင်းကျန်း။
* လူတချက်ကို နတ်ဆယ်ကြိမ်၊ ထက်ဝဇီရိန် မြူးချည့်လျှမ်းလျှမ်း။
* နန်းစဉ်သုံးတဲ့ လက်ရွေးကျွန်၊ တက်ရေးလူလွန်ကူးခြည့်ဘက်ကမ်း။

---

## ၄၅-တောင်လုံးမှိုင်းလှေတော် ဂုဏ်ချင်း

* မြေပေါ်ရေပေါ် လှေတော်ချင်း၊ မှန်ကင်းဓိပတိထွတ်ထိပ်တင်။
* တောင်လုံးမှိုင်းလို့ကြီးသံချီ၊ ကမ္ဘာ့ခေတ်၌ ထိုထိုမင်းတို့၊ ဝပ်စင်းလက်မို့ စက်စုံဦးကို ဖူးရမှန်စင်။
* မျက်စုံနဝရတ်၊ လင်းလင်းလျှပ်၊ ဖြူထီးပြာသာဒ်စိုက်ဆောက်တင်၊ ရာဇဝင်ဝင် နန်းဆက်ကျွန်ရင်း။

* နေသာကီနတ် သန်းရွှေရင်မှာ၊ သိကြားနတ်ရှင်မင်းကဆက်ရင်း။

* ရေးခင်းသဘင်၊ မန်းသိုက်ဝင်ဇာတိနှင့်၊ သ၁ဘိသေချွေရင်တဲ့၊ စက်တော်တင် လှေထွက်ဆိုးမှာ၊ နှုန်းပြိုင်ဘက်လွတ်ကင်း။

---

## ၄၆-နတ်ရှင်ရွှေးသေနတ်ဗိုလ်ရေးပေးသည့် ပလင်းမှောင်ဝေအလိုက် ဘုန်းတော်ဘွဲ့လှေချင်း

* တဝန်းမြန်ဘောင်၊ ဘုန်းရောင်ဝေ ညီးရှိန်ဝင်းထိန့်၊ သမ္မိန်နွယ်ရိုး မျိုးသာကီနွဲ၊ ကုန်းဘောင်အာဟိန်၊ နေလာသိန် ချိန်လဲစံတူနှိုး၊ အိုကြေညာ တေဇာရိုက်ခြိုး၊ မြေမိုးကျော်ညံ့တယ်လေ၊ မန္တာတ်ဘုန်း။

* မန္တန်းစံသွယ်၊သောင်းနယ်မြေ၊ကျွန်းပြင်ထွန်းတင်၊ ရာဝင်ပေါ်ထွန်း၊ ညွန်းဘယ်တွင်၊ နှုန်းဘွယ်မမြင်၊ အာနိသင်တင်လဲမော်ကွန်း၊ အိုတေဇော် မြေပေါ်ထက်ဝန်း၊ ရာစင်းဆူဆူငယ်လေ၊ တူဘက်ကျွန်း။

* မယွန်းငွေတောင်၊ ပေါက်ပြောင်ပျံမျိုးစင်မိုးပြင်၊ စက်ရှင်စုံဦး၊ ဘူးခိုဝင်၊ မြူတိမ်လွှာခွင်၊နတ်ယဉ်ငြင်၊ ရှင်လဲဒေဝါပေါင်း၊ အိုထံတော် ဖန်ဆော်ရောက်ကြောင်း၊ ဆက်နှင်းစေညွှန်တယ်လေ၊ လွန်များတောင်း။

* တသောင်းညာမြေ၊ ဒေါင်းရွှေစံ ဝင်းလျှံနှုန်းစံ၊ နက်တဂုဏ် ဘုန်းချွန်းရိုက်ညံ့၊ ထီးရာတော်ခံ စိုးဆက်စံ၊ သံလဲဒှန်ဝါတဲ၊ အိုသီဟာညီလာဗိုလ်ပွဲ၊ ရင့်ကြူးပဥ္စင်ငယ်လေ၊ ရွှင်ရိုက်နွဲ။

* အကဲပေါ်ထင်၊နှိုင်းရှဥ်စံကင်းလွန်ထူးချွန်၊ကြေငြာ
ကြော်ခြင်း လင်းဂုဏ်ဝှန်၊ ထီးရာပိုင်ကျွန်-ယုံတော်
မှန်၊ ညွှန်လဲရွယ်ကာမိုး၊ အိုမာန်မြူ၊ ရန်သူဝပ်လျှိုး၊
လက်ငင်းကြေ ကြွေအောင်လေ၊ ချေဖျက်ချိုး။

* တန်ခိုးဂုဏ်တော်၊ တိုင်းပေါ်ပြည်လုံးတင်၊ နတ်ရှင်
စံရွှေး၊ ရှေးဘယ်တွင်နင်းဖြိုရန်နှင်၊ ဝေးကွာစင်၊
ယဉ်လဲရေဘောင်ဝဲ၊ အိုဘယ့်ဆီ ဆွဲယ်မှီရှင်တွဲ၊ ဖြိုင်
နှုန်းမယ်သူငယ်လေပြူဝံ့ဘဲ။

## ဟန်ချင်းများ

### ၄၇-တောင်ဒဝယ်အစုယောကျ်ား က ဟန်ချင်း

* လက်ရုံးချီ ဤမြေစောင်းလို့၊ ရိုက်ပြောင်း တုန်အိမ့် သွက်သွက်ယိုင်။
* တယောက် ကောင်းနှင့်၊ ထောင်းထောင်း ကြေ အောင်၊သိန်းသောင်းသချေ ရန်စွယ်ငုတ်ကို၊ ဆန် ချည်မြူမြင်မပေါ် ငုပ်အောင်၊ ရေပေါ်မြေပေါ်တေ ဇော်ချုပ်တယ်၊ချီးနှုတ်ဖြတ်ချိုင်။
* ကုမ္ဘန်ယက္ခိုက်၊ မဟာရိုက်၊ သိန်းကုဋေတိုက်ဝန်း လာဝိုက်၊ တို့ကိုကြုံကြိုက်မျက်နှာငြိုင်ရင်၊ လက် စင်းပိုင်ပိုင် နောက်ခါသိအောင်၊ အောက်ရွာဝိဝိ နရက်ပြည်၊ အသက်မရှည်ဆုံးလိမ့်ချက်ခြင်း။
* မှန့်နန်းဘွေမြင့်လက်ယာမော်၊ ဒဝယ်ကျွန်တော်ရွေး သန့်လက်ရင်း။
* ဘက်ဘယ်သူ တင်းမလဲ့ဟဲ့။ ။ရန်နင်း ကျွန်ရုံ၊ ခြောက်ဝေပုံရိုက်ခြီးလို့၊ တိုက်သုံးခွင် နယ်ကုန်ပ၊ မြို့ရွေလုံနွယ်ရိုးမို့၊ ဘယ်စိုးရိမ် ဘာထည်လိမ့်၊ ဇမ္ဗူ တနယ်လုံးမှာ၊နှုန်းပြိုင်တုဘက်ကင်း။

### ၄၈-မြောက် ၁၅၀-အစု ဟန်ချင်း

* ငါဟဲ့ဆို-ကြိမ်းသံပက၊ ရန်ဆိုသမျှ ပျောက်ပျက် ကြေ။
* သိန်းသန်း ကောဋိမာန်သူပုံကို၊ ဆံခြည်မြူမှုံမကျန် ကြွင်းအောင်၊ မြောက် ၁၅၀-ရန်ပုံခွင်းတယ်၊တင်း တဲ့ဂုဏ်နေ။

အထက် သိကြား၊ အောက်နဂါး၊ သည်စပ်ကြား
က မိုးအောက်မြေမှာ၊ မာရ်နတ်ဗိုလ်ခြေ ဆယ်လီ
တက်လို့၊ တို့ကိုမာန်ယှဉ်က် ရန်စွယ်မြွ၊ ဘက်ပြိုင်
သူ ဟောက္ကထွက်စန်း။

* မှန်ထောင်လှံစွပ်ဝရဇိန်၊ လျှပ်တပြက်ချိန်တထောင်
မြောက်အောင်၊ ကောင်းကင် မြေအောက်ပါမကျန်
ဂျွမ်းသဒ္ဒါလံ ရွယ်ကာလွှတ်က၊ ဘယ်ညာ ဦးစွတ်
ရွှေတည်ရာ၊ စက္ကဝါကုန် ပြေးဟဲ့တမ်းတမ်း။

* လက်ရုံးသံကြမ်း- ရဲမှူးထမ်း၊ အနုပ္ပကမ်း- သတ္တိ
ဂုဏ်၊ မြေမဟီတုန်လောက်အောင်၊ သူပုန်ကိုတပုန်
ငြင်းတယ်၊ ခြင်းချန်ဘူးလားလား။

* ရောင်မှားလို့နော်၊ ဘက်ပြိုင်မယ်မော်ကြရင်၊ ရိုက်
ဘတ်တော်ရိန္ဒြမာနှင့်၊ ဝတီသာ ခြောက်ဘုံ ဆုံး
အောင်၊ နင်တကယ် ရှောင်ပုံးတော့၊ မှုန်ဖြိုးလိမ့်
စွမ်းအား။

---

## ၄၉-ရွှေပြည်မှန်ကင်း-အစုသေနတ်ရေး ၆-ချက်ပါ ဟန်ချင်း

* လက်ရုံးချိန်-ဝတိန်ဖျားက၊ သိကြားညွှတ်တဲ့ တေဇ
ဂုဏ်။

* မှန်ထောင်လှံစွပ်ရိန္ဒြမာကို၊ ကောက်ယူမြန်စွာဘယ်
ညာယှက်က၊ ဘက်ဘုံတိုင် ရိုက်ခြီးသံနှင့်၊ တိုက်
လုံးညံ့ညံ့ ပဲ့တင်ကျွေးတယ်၊ ဝေးရန်သူပုန်။

* တို့ရှင်ဘုန်းတောက်၊ တို့ဂုဏ်မောက်၊ မိုးမြေထက်
အောက် သွက်သွက်တုန်အောင်၊ ယမ်းလုံ ကြည်လုံ

ရွှေမှန်ခွကို၊ ဟန်ယူမလို့ ဒါးမှာတင်၊မြေကြီးငလျင် ကွဲအက်ပျက်ပြီး။

* ဝိသယခေတ်ခြာခြာရစ်၊ သူပုန်ရန်စစ် ဝေးကွာလစ်၊ လိုက်၍ပစ်က မလွတ်သာ၊ နတ်ရပ် ခြောက်ရွာ ကွင်းဟဲ့ ရှောင်ပုန်း။

* ကြေညာရိုက်ခြိုး တို့ရှင်ဘုန်း၊ တို့လက်ရုံးနှင့် ပစ် လွတ်ချိန်၊ ရုပ်နာမ်ဇီဝိန် စဲလိမ့်လက်ငင်း။

* ရွှေပြည်မှန်ကင်း၊ ရဲမာန်တင်း၊ ဇမ္ဗူထုတ်ချင်း ကျော်ထက်ကျော်၊ လက်စွဲတော် မှန်တောင်နှင့်၊ နံစောင် ရည်စူးလို့၊ လက်ဦးချွေယူတဲ့၊ တံခွန်ထူ အလံစိုက်ကို၊ ဦးခိုက်ကြဝပ်စင်း။

* မာန်ကြွားလို့ထောင်၊ ဟောမှန်ထောင်ရန်ဖြတ်တဲ့၊ ရိုက်ဘတ်တော် ဝရဇိန်နှင့်၊ မြေမဟိန် ရိုက်ကြိုး အောင်၊ ထိုးပစ်လိမ့်ချက်ခြင်း။

---

## ၅၀-ၡင်းအစုံက ဟန်ချင်း

* စက္ကဝါဘောင် တထောင်တတိုက်မှာ၊ ခေါင်အလံ စိုက် နတ်ရဲဘော်။

* ထိးနန်းကနက်စဉ်ဆက်လာမှာ၊ကုန်းဘောင်ဝံသာ နေမန္တာတ်နှင့်၊ ဘေးစက္ကာရတ် ဘိုးထွတ်တင်၊ လက်ရွေးတော်ဝင် ကျွန်ကော်ရင်းမို့၊ ရွှေပြည်မျက် စိမှန်ကင်းမှာ၊တင်းတဲ့တောဇော်။

* သလ္လာဦးခိုက် မူးမြစ်ဝိုက်၊ ရွှေလုံသုံးတိုက် ဟိုး ဟိုးကျော်၊ တုဘက်မပေါ်ရန်ညွန့်ခူးမို့၊ ထူးလိမ့်

ကဲလိမ့်ဒြဗ်ဂုဏ်၊ဘယ်မာရ်မှုမှုံကြမယ်၊ မြေဝသုံရိုက်ခြုံးအောင်၊ မှုံချွေးလိမ့်လက်ငင်း။

* ရွှေဘုန်းတော်ရှိန်၊ ပြောင်ဂုဏ်နဲဖြူလှကို၊ ဒေဝရိန်သလို့၊ မြေမဟိန်မဏ္ဍလမှာ၊ ဖူးရောက်ကြ ချင်းချင်း။

* မာန်တုလို့ကျယ်၊ ရန်စွယ်ကိုချွေနင်းတဲ့၊ မှန်ကင်းကျွန်တော်ယုံမို့၊ ဇမ္ဗူကုန်နယ်တလွှားမှာ၊ ရှားပြိုင်တုဘက်ကင်း။

---

## ၅၁-ဋင်းအစု မိန်းမက ဟန်ချင်း

* နန်းရဝေမှာ သန်းရွှေဆင့်၊ စန်းငွေ ယုန်ပွင့်စက်ရောင်ဝါ၊ ဗျာတော်ခွန်းနှင့် သိုက်ညွှန်းတည်၊ ရွှေပြည်စံတော်ဦးသို့၊ ပုလဲငွေတောင် ပြောင်ရွှယ်လူး၊ ဖူးခရောက်လာ။

* နေလာဘုန်းမြင့် ပိုက်ကျုံးဆင့်၊ ကြေညာ ခြုံးရင့်တိုက်လုံးတင့်၊ ပတ်ကုံးမြေပြင် တောင်လက်ျာမှာ၊ ဘုန်းတော်တေဇာ သမ္ဘာထွန်းလို့၊ တဝန်းလူနတ်သံကြီးချီ၊ ဗြဟ္မာသျှင်္ကြုံးရင့်မစဲ။

* မန်းညာပဌမ တည်ဦးစ၊ တန်ခိုး လျှံပ ဥက္ကဋ္ဌ၊ လောင်းရာဇိန္ဒ ထွတ်သည်းအူ၊ ဆက်စိုးရိပ်ဖြူမိုးဖြန့်ဗိုလ်ပွဲ။

* ကျင့်ထုံးဘယ်မယုံ ရွှေဘုန်းတက်နေသို့။ ။ရှင်လူဗိုလ်မြေချမ်းကြည်၊ နိမ္မာလို ပြောဝသာစည်၊ဘုန်းပွင့်ရောင်ချည်၊ နတ်ခြောက်ပြည် ကြော်ညာလို့၊ ဗြဟ္မာနယ်ကုန်ကျုံးတယ်၊ နှန်းဆွယ်ခွင်ရှိဘဲ။

* မျိုးတိမ်ညွန့်ပျော်၊ ငွေဥပေါ်ဂဇာသိန်နှင့်၊ စွယ်ခြောက်ရှိန်ဖြာတဲ့၊ သက္ကဒါန်မြေမဆန့် ဖူးရောက်အံ့မလွဲ။
* ကျွန်းကျွန်းတံဆောင်၊ ရာထွင့်ခေါင် ရွှေသမ္ဘာမို့၊ လေးဒီပါတုန်ညောင်းအောင်၊ ပုံထောင်း စကြာရည်လို့၊ လက်ျာလည် ဗျာတော်ညွန်းတယ်၊ ယွန်းချွေလိမ့်မလွဲ။

## ၅၂-နတ်စုံလက်ဝဲအစုံ က ဟန်ချင်း

* ဆုတ်ဟဲ့ရှောင်၊ ရောင်မချဉ်းနှင့်၊ ရန်ဘောင်ရှင်းတဲ့သီလဝင်။
* သိန်းကုဋေတိုက် စက္ကဝါမှာ၊ မျက်နှာမြေပြင် ဘယ်မလပ်အောင်၊ သူပုန်ရန်သူကူညီထပ်တော့၊ လက်စွဲရန်နှိမ် ချိန်ကာဖြတ်ရင်၊ ကင်းပြတ်ကွာစင်။
* ဟောကြည့်လိုက်စမ်း ထားအစွမ်း၊ ရွှေကိုတက်မှန်း နှစ်ချက်လှမ်း၊ အိမ်ကတန်းတန်းချွတ်၍ကာ၊ သောင်းမြေဒီပါ တော်သံခြိုးအောင်၊ ပခုံးလက်ညွန့် ဘွဲ့ကာလှန်၊ ရွှေစွန်ဝဲဟန် သိမ်းလိမ့်ချက်ခြင်း။
* လျှပ်တချက်ကို ချက်တထောင်၊ သည့်နှယ် ရန်အောင် ချီးလို့ခုတ်ရှင်း။
* လျှပ်ရောင်ဝင်းဝင်း ရန်ဘောင်ခွင်း၊ ရွှေမှာချင်းလို့ နင်းကပ်လာ၊ ရုပ်နာမ်ခန္ဓာမြန်စွာပျက်အောင်၊ တချက်နှစ်ချက် ဦးနှင်ထွက်လို့၊ ဂဠုန် တောင်ယှက်ညှပ်သိမ်ကွယ်၊ ဟောခုရန်စွယ် ပြေးဟဲ့ပျောက်ကင်း။

* မာန်တုလို့စွာ၊ ရိန္ဒမာလျှံမြူးတဲ့၊ ရန်ဒူး သီလဝင်နှင့်၊ တော်လျောင် တုန်ကြိုးအောင်၊ ချိုးဖြတ်လိမ့်လက်ငင်း။

---

## ၅၃-ဘုန်းတော်တိုးအစ က ဟန်ချင်း

* လက်ရုံးချီ ဒီပါစက်အောင်၊ ဤလောကဓာတ် ဆပ်ဆပ်တုန်။
* ထီးစဥ်နန်းဆက် ထွက်မပေါ်၊ ရွှေဘုန်းတေဇော်ကျော်တန်ခိုးနှင့်၊ လက်ရွေးတော် ကျွန်ယုံဘုန်းတော်တိုးမှာ၊ဖြိုးမြင့်သိန်ဂုဏ်။
* ကုမ္ဘန်ယက္ခိုက် မဟာရိုက်၊သိန်းကုဋေ တိုက်ဝန်းလာဝိုက်၊ တို့ကိုကြုံကြိုက် မျက်နှာဆုံလျှင်၊ စက္ကာဝါကုန်ပြင် အပနှင့်၊ ဝိသယခေတ်နယ်မကျန်၊ ၎င်းမ်းသဒ္ဒါလံ ပြေးဟဲ့မလွတ်။
* ရွှေမှန်တောင်စွတ် ရှယ်ကာလွှတ်၊ဘယ်ညာအကျွတ်ရန်သူပုန်၊ ဆန်ဆန်မှုန်မှုန် တရန်ပြုလို့၊ မာန်မတုနှင့် လွတ်ရာရှောင်၊ခုကဝေးရှောင်၊ပုန်းကြဝပ်လျှိုး။
* ဟောကြည့်ရွှေတိုး သိန်မညိုး၊ တံဆိပ် ကျော်ဟိုးလက်မှာထိုး၊ အထက်မိုးကမှန်မသွေ၊ သိကြားအဘေ ဖြဟ္မာဆင့်လို့၊ အသူရာနှင့်အဘော်ခေါ်၊တို့ကိုမော်လို့ ပြိုင်လာအုန်း၊ ဘယ်ညာရုံးနှင့် မှုန်းလိုက်ရင်၊ မြေကြီးလျောင် ကွဲလိမ့်ချက်ခြင်း။
* မာန်တင်းလို့ချီ၊ ဇမ္ဗူဒီနယ်တရိုးမှာ၊ခုနောက်ပေါ်ဘုန်းတော်တိုးကို၊ ဘယ်ရန်မှ ဖြုံမစိုးတယ်၊ မိုယ်းမြေသိ ဘက်ကင်း။

---

## ၅၄-သူရဲအစု က ဟန်ချင်း

* စက္ကဝါကျယ် နယ်အဌန်းမှာ၊ အကျွန်းကျွန်း လုံး ဥသျှောင်ကျင်။

* လက်ရွေးပြောင်မြောက် စံမပြူ၊ တသောင်းမြေငူ-ကျော်ထင်ရှားလို့၊မတထောင်တွင် တကောင်ဘွား မို့၊ သူရဲကျွန်တော် ပြိုင်ဘော်ရှားတယ်၊ ခြားတဲ့ ဂုဏ်အင်။

* ထားလှံ မီးပေါက်၊ဘုန်း အမြောက်၊ရုပ်နာမ် ကိုယ် ပျောက်တင်တင်၊ ငါတို့ကိုယ်တွင်ဆံတချီးမျှ၊မြုပ်နှံ့ မထိုး သိဒ္ဓိလုံ၊ ရွှေဘုန်းတော်ဟုန် ကိုးတဲ့ကျွန်ရင်း၊ ဒါနေ့ာယက္ခ ပုဏ္ဏက၊ မြေပြင်အမျှ ဝိုင်းလာစေ၊ ထောင်းထောင်းကျေအောင် ချေကာဖြတ်လို့၊ ဤ မြေလက်ခတ် မလွဲသာ၊ ငရဲအောက်ရွာ ဆင်းဟဲ့ ချက်ခြင်း။

* ဘေးတော်မန္တာတ် ဘိုးနေနွယ်၊ ခမည်းဘုန်းကြွယ် စဉ်လာခဲ့လို့၊ နိုင်ငံချွတ်တဲ့ကျွန်တော်ယုံ၊ တန်ခိုးသိန် ဂုဏ် ကြီးမြင့်တင်းတင်း။

* ငါးကိုတုလို့ခရုကျယ်၊အိုင်ပျက်စဘွယ် ဟောခုလက် ငင်း၊ ရောင်မှားလို့ဝါ၊ ရိန္ဒမာ မှန်တောင်နှင့်၊ နံ့ စောင်ကို ရွယ်ချိန်လို့၊ ဇိဝိန်ကိုချွေရေ့မယ်၊ သမြေ မှာ မြေဆုံးအောင်၊ ပုန်းရှောင်ဟဲ့ကင်းကင်း။

---

## ၅၅-လက်ဝဲကြောင်းအစု က ဟန်ချင်း

* မတထောင်မှာ၊ တကောင်ပေါက်တယ်၊ ခေါင်တွင် ခေါင်ကောက် ရဲဇာနည်။

* ကုန်းပေါင်သိယ်နန်းစိုက်ထူ၊ လောင်းဗုဒ္ဓကိုရေမြေ ချုန်းအောင်၊ အောက်ပြည်ရန်ကုန် စုံလာတုန်းက၊ လက်ဝဲတော်မှန် ရန်ကိုမှုံးလို့၊လက်ဝဲကြောင်းခေါ် ကျွန်တော်လုံးမှာ၊ ထုံးထွင်ခဲ့သည်။
* စစ်ကိုင်းအင်းဝယင်းနောက်မှ၊ မဟာအမရစံတော် တည်၊ ရတနာပုံပြည်ခုတိုင်ရောက်အောင်၊ ထားလှံ မီးပေါက်ပါမဆောင်၊ တဘက်ရန်မှောင် မာန်မချ က၊ အမြန်ခဏမကြာစေ၊ ထုံးလိုကျေအောင် နင်း ခုတ် ဖြတ်ချိုး။
* စမ္ဗာနဝ မြင်းကွက်ချ၊ အင်းဆိုကတို့မခံ၊ အပ်မြှုပ် စက်နှံ့ ဗိုဗိုဝေးလို့၊အရေးတော်ချက် ထွက်လွှာမြင်၊ အစိမ်းတွင်တွင် စားတဲ့လူမျိုး။
* အနံတမိုက်လျားတတောင်၊ မှန်ကင်း စိန်တောင် သည်နံ့စနှင့်၊ ရည်သံသမျှ ပွဲတိုင်းနိုင်၊ လက်ရုံးစိန် တိုင် နှိုင်းတုဘက်ရှား။
* မာန်တုလို့မော်၊ လှံ့စွပ်တော်မှန်ခွနှင့်၊ နံ့ဝကို ချိန် ရွယ်က၊တိန်နယ်မှာခိုကာဝတ်တော့၊နာမ်ဗီဝိန် ကျွေ မလွတ်အောင်၊ ဟောလွှတ်လိမ့်လားလား။

---

## ၅၆-နတ်ရှင်ရွှေး အစု က ဟာန်ချင်း

* ဘဝဂ်ဘုံတိုင် ပွဲတင်ချုန်း၊ ရွှေဘုန်းတော်ပွင့် နေ ရဝိန်။
* တိုက်တသောင်းပြန်၊ ရိုက်ချောင်းညှံ့အောင်၊ မကိုင်ရ ဆောင်းမှန် ရာဆုမင်းတို့၊ သက်ပန္နာလှူ စကြာရင်း မှာ၊ နှင်းတဲ့ခါချိန်။

* တိမ်ပေါ်လမ်းမြင့်၊ ရျာန်မြန်းတင့်၊ ဆဒ္ဒန်ရွှေပွင့် ခြောက်ရောင်ရှိန်မှာ၊ မန္တ ဘူမဟိန် ဝေယံဦးသို့၊ ဟေမန်ခါကူး သည်သဘင်၊ ခဖူးခိုဝင် ညီလာပွဲမှာ၊ အကဲစံလွတ်ဂဏ်အမော်၊ နတ်ရှင်ရွှေးကျော်တံခွန် စိုက်ကို၊ ဘူမဟိန် နယ်တပိုက်မှာ၊ တူတညီမဆွယ် ထိုက်တယ်၊ ဦးခိုက်ကြည်ညွတ်ရုံး။

* ရှိဦးတင်လျှောက်သေနတ်ကောက်၊ လက်ဝဲချိုမြှောက် ချိပ်ပြီးလျှင် ယမ်းတောင့်ယူငင် လျင်စွာနှိုက်၊ ထိုး နှောင်ကိုက် တိုက်ဖျက်လှန်၊ထိုးလိမ့်မြန်မြန် ယမ်းနှင့် ခဲလုံး။

* တကြိမ်ပျက်ပြီး၊ သိမ်းစေအုန်း၊ ဝဲစွယ်ပခုံးမြှောက် ယူတင်၊ မကြာဆောလျှင်လိမ်ကာဘမ်း၊ လွတ်ခါ ရိုက်စမ်း၊ လက်ခွလမ်း၊ တခန်းဘွေထုတ် မောင်း တင်ကုပ်-တူစံနှိုက်အုပ်-ရွယ်ပြီးခါ၊ပစ်ချမြန်စွာ ရေး လှဟန်ခင်း။

* လှည်ပိုက်လို့လွှယ်၊ ဘယ်ရန်စွယ် ပေါ်ထွက်မယ်၊ ဇမ္ဗူကုန်နယ်ချက်မှာ၊ ဝေးပြိုင်ဘက်ကင်းကင်း။

* မာန်တုလို့စွာ၊လူ့ရွာမှာခန့်ခွာစဲလို့၊အောက်အပါယ် နယ်ငရဲမှာ၊နှောင်တကြိမ်ပေါ်လာခဲ့အောင်၊ ဆွဲချေ လိမ့်လက်ငင်း။

## ၅၄-မြင်းစုကြီးအစု က ဟန်ချင်း

* လက်ရုံးတော်လျှင်၊ ရန်အောင်လွှင့်တယ်၊ တန်ခိုး ဟိတ်နှင့် ရွှေးတော်ကျွန်။

* ကောဇာသက္ကရာဇ် ၉၀၀-ကျော်မှာ လက်ဦးထင်ပေါ်ဘွဲ့ကတဲ့က၊ စစ်ပွဲပေါ်လျှင် တို့လက်ကိုင်းပ၊ တိုင်းနိုင်ငံတော် ကျယ်အောင်ဖွင့်တယ်၊ မြင်းမြင်းတံခွန်။

* ဂုဏ်မဟိဒ္ဓိ ဘိတ်ဘိတ်ညီ၊ ရောင်လို့မှားဘိ ကြားလောက်မိ၊ မျက်တထောင်ရှိအဲမောင်းလှံနှင့်၊ နတ်သယာဉ်ပုံ့ သိန္ဓဝကို၊ ရွှေကြိမ်မပြ နင်းဖျက်ဖြို၊ ရန်ပေါင်းထိုထိုမှုံးခဲ့မစဲ။

* မရှုံစမ်းတော့ မန်းရွှေဘုံမှာ၊ မြင်းစုံကြီးဂုဏ်ထူးတဲ့အကဲ။

* တုတုပပ ပြူရင်လ၊သုဒဿန ဝတီသာ၊အရိန္ဒမာ ဝဇီရနှင့်၊ သိကြားမာဃ ရန်လာစေ၊ မိုးမှာနေ ရေမှာငုံ့ပ်၊ စွန်လိုကုပ်လို့အရယူ၊ မာရ်နတ်စစ်ကူတွဲတော့မလွတ်၊ ယာဉ်ကျော်ဘောင်းဝတ်၊ ထောင်းထောင်းလွှတ်၊ ဒေါင်းကိုခွတ်တဲ့ စာသူငယ်လို၊ တဘက်ရန်စွယ်ဟူသမျှကို၊ မြူမှုံမကလွင့်ကာနှင်၊ အမွေးမမြင်ဝေးရချက်ချင်း။

* ရွှေဘုန်းတော်ရှိန်ပြောင် ဂဇိန်ဖြူလွကို၊ ဒေဝရိန်ဘန်သတယ်၊ ဖူးရောက်ရ ဝပ်စင်း။

* ရောင်မှားလို့ကျယ်-အောက်အပါယ်ဘုံရပ်မှာ၊ သက်ဇီဝိန် မြန်စွာပြတ်အောင်-နံ့ပေါ် လှံတော်တပ်ရင်၊ ချီးကပ်လိမ့်လက်ငင်း။

---

# တေးထပ်များ

## ၅၇-သွားတော်စွယ်တော်အကြောင်း တေးထပ်

* သွား အံ့လယ် အံဆိုးငယ်၊ သိုး၄ါနလေးစီ၊ စွယ်မနှင့် စွယ်ရံ၍မှာ၊ ဒွေးပီပီပင်ချည်း။ ။အထက်အောက် ထပ်တူငယ်၊ နကိုလူ သွားစုံသည့်နည်း။
* သုံးလောက မှန်ကူငယ်၊ သယမ္ဘူမောရ်လှီး၊ သမ ဒန် မှန်ကမ္ဗည်းမှာ၊ တစံတည်း ထပ်တူ။ ။သွား တော်ပြင် စွယ်တော်လေးလို့၊ တွေးကြံဆ မှားတဲ့ အယူ။
* စွယ်တော်မြတ် လေးဆူမှာ၊ ကြယ်ရောင်ဖြူ သောက် ရှုးသို၊ သွားထူးမည်ရှိသာ၊ ညွှန်းတဲ့ရွှေဗျာ။ ။ လေးဆယ်မျှဒန္တာကို၊ စွယ်တော်ပါ ၊တွက်ကြူးရှင့် လေး။

---

## ၅၉-ရွှေတိဂုံဘုရားဘုန်းတော်ဘွဲ့ တေးထပ်

* လေနရီ ရေဒီမျှပါတဲ့၊ ဗေွမဟီ မြေသီခမှာ၊ စေ တီကနိတုံ၊ ကေသီလှ တရှိစုံတယ်၊ ရွှေတိဂုံ မြတ် ဖျား။ ။မီးယမိုက် ရေလျှံစုံတယ်၊မြေရန်ကုန်တိုင်း သူရှိထား။
* ခြောက်ရောင်ပွင့် ညီးထွေထွေ၊မီးရေလေလွတ်ရှား၊ အောက်မစုံ ခြောက်ဘုံသားတိုင်ပ၊ ညွတ်တွားလျက် ပူဇော်။ ။နေသောင်းထောင် အဝါမျှသော်လဲ၊ ပမာဏဘက်မလျော်။

* သိင်္ဂုတ်မြင့်ကုန်းမော်မှာ၊ ရွှေဘုန်းတော် ထိန်ထိန်ပပါလို့၊ နေ့ည ရုံခါမဟူ၊ လင်းပွင့်လျှံလူ။ ။သုံးဘုံသူ့မှန်ကူငယ်၊သယမ္ဘူ ထွတ်စောရှင့်လေး။ ။

---

## ၆၀-လင်္ကာရာမဆရာတော်ဦးဒိပ ဘုန်းဘွဲ့ တေးထပ်

* ဉာဏ်အလွှန် စံညွှန်လောက်ပါပေ့၊ နှစ်ဝန်ထောက်ကတော့်မောင်၊ တံခွန်ဆောက် မဟော့်နောင်၊ အကျော့်ခေါင်ထွင့်ဖျား။ ။ဦးရန်ရှင်းစစ်ကဲတော်၊ ဖြစ်ခဲလှော်မွေးပေသည့်သား။

* ဇမ္ဗူဒိပ်မကပို၊ သီဟိုဠ်တိုင်ကျော်ကြား၊ ကမ္ဘာနေမြေတလွှားမှာ၊ စံထားလောက်ပါပေ။ ။တော်သုံးဆိုင် ဇမ္ဗူဘုန်းမှာ၊တအူတို့မွေးတတ်ပလေ။

* လောကဓာတ် လူ့တမြေမှာ၊ခုအနေ ပုံစနစ်လိုဖြင့်၊ကြုံဖြစ်မည့် မထင်ပြီ၊ သုံးယောက်နောင်ညီ။ ။တောင်ကိုညှစ်လို့ အရုပ်ပီအောင်၊ တောင်ဆီရုပ်ပုံရေးသင့်ပေရှင့်လေး။

---

## ၆၁-မင်္ဂလာရှစ်ပါးအကြောင်း တေးထပ်

* မေတ္တာနှင့် နိဝါတ၊ ကလျာဏ မိတ္တာ၊ ရှယ်တူမျှသက်လျာငယ်၊ ဝတ်ငါးဖြာစုံပြည့်။ ။မြတ်အသျှင့်ကောင်းစွာငယ်၊ ကြောင်းအရာ မြဲမှတ်သိ၏။

* ကံ ကံ ၏ အာနိသင်ကို၊ မှတ်ထင်ခါယူလှည့်၊ နိဗ္ဗာန်ဆီထည့်အောင်၊ ပေးလှူသည့် အလှူ။ ။သည်းညည်းခံ ၍ရှစ်ပါးကို၊မြတ်ဘုရား လောင်းလှမှန်ကူ။

* ရက္ခိတရသေ့ဖြူငယ်၊ နည်းယူစေပြန်ကြားတဲ့၊ရှစ်ပါး
မင်္ဂလာ၊ ကျမ်းနိပါတ်လာ။ ။မင်္ဂလဇာတ်လာကို၊
သေချာစွာမှတ်စွဲရှင့်လေး။

## ၆၂-တပိုင်းဝတ်တပိုင်းခြုံးကုလားမ အကြောင်း တေးထပ်

* အသွင်မှာ မမြင်ဝံ့နိုင်ဘု၊မင်အညွန့်သ န္တာန်၊နှာသီး
နှင့်-နှာတန်မှာ၊ ဆင်နားသန်ရွှေကွင်း။ ။ခြေလက်
နား-လည်တန်ဆာမှာ၊ တေးခုပ်ပြာ ညီးထိန်လို့
လင်း။

* တပိုင်းဝတ် တပိုင်းခြုံသည်၊ ဝတ်ဆင်ပုံ မရှင်း၊
ဆံအနေ ပွေဘိခြင်းနှင့်၊ဘိန်းခင်းကိုသုတ်သင်။ ။
ဟန်ပန်ကို အမှန်ဆရင်ဖြင့်၊ နလံထပဲဟု မှတ်ထင်။

* သူ့မျက်နှာ မကြည်လင်သည်၊ မရှင်ပုံသည်မှာစုပါ
ပေ့၊ ဂရာသူ့ဟန်မူရာ၊ ကူးဘို့မိတ်လျာ။ ။တွေးဆ
လို့ တဆိတ်စာငယ်၊စိတ်မလာနိုင်ဘူးရှင့်လေး။

## ၆၃-လင့်အမွေမခံထိုက်သောမယား ၁၈-ယောက် အကြောင်းတေးထပ်

* အထီးကျန်မြို့ရှုးနှင့်၊ သေသောက်ကြူးဝဓာ၊ မျိုးဟီ
နကီလာ၊ အင်္ဂါကိုဖျက်ဆီး။ ။ရှူးအောင်ပြုစဠ္ဌနာ၊
အဆန္ဒာစားသောက်တသီး။

* လင်ရှိလျက်အိမ်ကရှောင်၊ ထားလင်စောင်ရှာမီး၊
လင်နာလျှင် အပြုငြီးသည့်ပြင်၊ သေပြီးနောက်
မလွှူ။ ။သေပြန်လျှင်သပြီဟခြင်း၊ မလိုကင်းဝေး
ပေသည့်သူ။

* စားဦးကိုအလျှင်ယူ၊ မမြင်မူဇွက်စားတဲ့၊ ဤမယား ဆဲ့ရှစ်ထွေ၊ ကင်း၏လင်မွေ။ ။ဤဆဲ့ရှစ်လွတ်ပ ခြေမူ၊ လင့်အမွေကို ပေးပေရှင့်လေး။

## ၆၄-နေရာငါးသွယ်နေ မြို့စားရွှာစားနှီးခေါက်နေတို့ ကန်တော့ရန်အကြောင်းတေးထပ်

* ဝေါနှစ်မည် နည်းဒွေးနှင့်၊တော်ငါးဦးနေရာ၊ကေ်ဒွေး တိ ဇောပဋ္ဌာ၊ ရွှေသပြာမှန်မြွက်။ ။ခါသာအုန်း လက်ဘက်မှာ၊ ရွှေသချာထူးလို့မပျက်။

* မြို့ရွာစားနှီးခေါက်နေ၊ နှစ်မတ်ရွှေ စည်ဆက်၊ တစုံ ဖြင့်ရှည်လျက်ပ၊ အုန်းလက်ဘက် တစ်ဆီ။ ။ နှုတ်လွန်ရာပူဇော်ငြမ်း၊ ကျမ်းဂန်ထွက် ထုံးနှင့်အညီ။

* ဖြင်ငါးမတ်ရွှေနီကို၊ ဆယ်လီမှန်စံနှုန်းနှင့်၊ လက် ဘက်အုန်းနှစ်မတ်သာ၊ခွဲလို့တွက်ပါ။ ။ခါသာအုပ် ငါးသပြာ၊ များဗိုလ်ပါမှတ်ထုံးရှင့်လေး။

## ၆၅-ဖဲပုဆိုးသနားတော်မြတ်မခံရ၍ ရေးဆက်သော တေးထပ်

* ကျော်တေကို လှူခဲ့ဘူးရေ့ထင့်၊ အမူထူးဖြစ်ကယ်၊ လေးရာနှင့်နှစ်ဆယ်၊ အနံ့ငယ်ကွက်တုံး။ ။ဝတ် မယ်လို့ယူကိုင်၊ မထူနိုင်ပြောင်းခွေလို့နုံး။

* ဖဲမထိုက်ကံဇာတာ၊ ကြာလေလေအိုမုံး၊ မှုတော်ကို ပြေဆုံးအောင် ထမ်းမယ်လို့၊ နှလုံးနှင့်စိတ်ပါ။ ။ ထမ်းရွက်ပင်သည်သနွေ၊ စက်တော်ရှေ ယွင်းမိ သည်တာ။

* ဖဲထိုက်တဲ့ကျွန့်ပါကို၊ ချည်ပြာတွင်ရပ်တင်းရ၊ အခင်းအိုမဘွယ်၊ ရိုင်းချက်ကထယ်။ ။ချည်ဝတ်ကဖဲထည်ကို၊ ဘယ်ခါဝယ်ကူးပါရန်လေး။

---

## ၆၆-မြောင်လှဝန်ထောက်မင်းအကြောင်း တေးထပ်

* ဇမ္ဗူတွင်အရှုမှုမှာဖြင့်၊ သူမတုနိုင်အောင်၊ ဂုတခုလိုဏ်ချောင်မှာ၊ သိန်းရာထောင်ခြသေ့်။ ။ဟာစ်ကြိမ်း၍မာန်ချီချီယယ်၊သံပိပိ ဟောက်သည့်မလေ့။
* အဟောက်က ၂-ယောက်ပြိုင်အောင်၊ ဘောက်အတိုင်မတွေ့၊ သူကြင်ဘော် ကတော်မေ့ရယ်နှင့်၊ ပျော်မွေ့ရင်ဘဲ့နှယ်။ ။သည်ဟောက်ပုံ သည်ရှုချက်ကယ်နှင့်၊ တူစက်ခွင့် ခဲ၍မလွယ်။
* မိုးကြိုးနှင့် တဲ့တဲ့ရွယ်သည်၊ နားပယ်မှန် ခံသူရွေးရင်ဖြင့်၊ မဝေးဘူးများရှင်လူ- ပေါ်လိမ့်အဟူ။ ။ဝန်ထောက်မင်းအရှုကို၊ ခံနိုင်သူရှားပေလိမ့်လေး။

---

## ၆၇-ဘင်္ဂလားမြို့ဘွဲ့တေးထပ်

* မကြိုသူအယုံခက်ပေဘွဲ့၊ တပုံထက်တပုံ၊ စာမကိုင်ရှုပ်စုံငယ်၊ ပန်းကိုင်ရုံခိုင်ဆင့်။ ။ထိန်ထိန်တောက်ညီးလို့ လျှံတယ် မီးပုံစိတ်ထူးလှသနှင့်။
* နတ်သိကြားဝိသုကံ၊ စီမံခါလေထင့်၊ မီးလျှံစုံ ကြိုပုံတင့်ပါဘိ၊ ကောင်းကင်မြင့်ထက်ဝယ်။ ။စန်းငွေယုန် ကြယ်စုံသက်ပါလို့၊ တပြိုင်နက် ထွန်းလာသည့်နှယ်။

* ဘင်္ဂါရပ်နန်းနယ်မှာ၊ ဆန်းကြယ်ပုံ ယဉ်ကြွင့်နန်းကို ဖြင့်၊ မြမန်းနေပြည်ပျော်၊ ဆင်းနတ်မနော်။ ။ မြင်လာစမ်းလို့၊ ယမ်းခါမြော်၊ ယမ်းခါယောင်ခေါ်-ခေါ်မှားရှာရှင့်လေး။

---

### ၆၇-မြစ်ချဉ်ဟင်းဇကောင်းသည့်အကြောင်း
### တေးထပ်

* ဉာဏ်အစုံကြီးပုံသစ်ပါစေ့၊ ရန်ကုန်ဖြစ်ဥပဒေ၊ မြန်ဘုံခေတ်လူ့တမြေမှာ၊ ခုအနေကြုံခဲ။ ။သုခါဘုတ် မြတ်မောစွာ၊ နတ်ဩဇာရှိုးတဲ့ စမဲ။

* စုန္ဒနှင့်သုဇာတာ၊ ဆက်ပဏ္ဏာနှစ်ပွဲ၊ စက္ကဝါ ဤခဲပဲ တွင်ဖြင့်၊အဆီခဲ ဥသုံ။ ။နတ်ဗြဟ္မာ ကပ်လာလျှဉ်း၊ မြတ်ရာနှင်း သွင်းပေရတုံ။

* သည်နည်းနှင့်မျှ မကာစုံသည်၊ ရသာရုံဖြစ်စဉ်ဆက် တွင်မှ၊ မြစ်ချဉ်ချက်ပူရာဟန်၊ ထူးလို့နန်းဆန်။ ။ သည်ဟင်းမှ ဟင်းအမှန်ငယ်၊ ဟင်းသာစံပေပဲ ရှင့်လေး။

---

### ၆၈-နားတော်သွင်းဆင်ခြင်ရန်အကြောင်း
### တေးထပ်

* ဝိဋ္ဋဋ္ဋယမန်ရှေးက၊ ရန်ဘေးကြောင့်ထွက်လာ၊စောဓဇရာဇာငယ်၊ မောရိယာလက်ဦး။ ။သင်းတွဲနှင့် ညာပုဂံ၊တည်စံကာ ရှေးဆက်လွန်ကြူး။

* သက်ဿနကိုရိမည်၊ တကောင်းပြည်ပိုင်မှူး၊ လေးကြိမ်တိုင် တည်ခဲ့ဘူးသည်ဟု၊ အထူးငယ် မှတ်ရန်။ ။စဉ့်ကူးပိုင် နားတော်သွင်းက၊ ညွှင်းသံပြိမ့်ကြူးမြွက်ခဲ့ပြန်။
* ယင်းစာထွက် ကာရန်မှာ၊အရဟံမပွင့်သေးခင်က၊ ရှည်ဝေးနှစ်သုံးရာ ထားခဲ့သေချာ။ ။မင်းဇေရာဇာမှာ၊စောမြတ်စွာပွင့်ပြီးရှင့်လေး။

## ၇၀-တမန်၊သံ၊တံဆေးမင်းစေ၊သို့သေးနှင့် အင်္ဂါရှစ်ပါးအကြောင်းတေးထပ်

* မှာတိုင်းပြန်တမန်ကောင်း၊ လိုဆုတောင်းသံတော်၊ တံဆေးမှာ မင်းနှစ်ဘော်၊ ဇွဲဆော်နိုင် သင့်ကြောင်း။ ။သံဘက်ခန် ပြန်ချေလျှင်၊ မင်းစေသာ ရှေးကခေါ်ဟောင်း။
* ယုတ်လွန်မဲ့ သူ့နှုတ်သံကို၊ ခြေပြန်နိုင် တုံရှောင်း၊ သို့သေးကျော် ခေါ်စကောင်းသည်ဟု၊ သောင်းနယ်ခေတ်ကေပန်။ ။ရွှေနန်းစဉ် မိန့်တော်တမ်းမှာ၊ ခွဲခြမ်းလျက်ထားဘိကေန်။
* ကြားနှစ်ရပ်သိနှစ်တန်၊ မှတ်ဆောင်ရဟန် ရန်မဘွဲ့နှင့်၊ ကျိုးရှိမဲ့လိမ်မာလျှင် သွားသူ့ရှစ်အင်။ ။မတ်ဆဲ့လေးဇယားတွင်၊ တပါးဝင်ပေဘဲရှင့်လေး။

## ၇၁-ဥဏ္ဏာလုံတော်အကြောင်းတေးထပ်

* ဥဏ္ဏာလုံမည်တုး၊ နဖူးနှိုက်အဖြူ၊ ရင်သားတော်နှစ်ဆူမှာ၊ အမည်မှူသဏ္ဍာ။ ။နီရောင်ရှိ လက်မိုးတော်မှာ၊ အညိုခေါ်သားရဒိန္နံ။

* ချက်မွေးတော်ပုပ္ပိ၊ နက်စင်ပြီမှန်လှ၊ ဘမိုးတော်စုံနှစ်ဝမှာ၊ သာဘက်မောင်းရောင်။ ။မွေတော်ရှင်ရှစ်ဆူထူးကို၊ စုံရှိဦး ဝေးကရည်ဆောင်။
* နို့ဗ္ဗာနသာခေါင်ကို၊ ရောက်လွယ်အောင် ဖိုလ်မဂ်နှင့်၊ ထိုဘက်ပါရင်ငှ၊ လှမ်းမဲ့ဆုယူ။ ။သံသာရ ရန်အထူမှာ တဆံဖြူ နားပေါ်ရှင့်လေး။ ။

---

## ၃၂-တိကနိပါတ်၊တိလမုဋ္ဌိဇာတ်အဌကထာ အကြောင်းတေးထပ်

* အာစေရာ ဒဿန၊ လိင်္ဂနှင့်ငိုဝေ၊ အရိယလေးထွေး မြေးမဝေမှတ်သား။ ။တိရစ္ဆာန်လူဖြစ်စေ၊ ကျင့်ကောင်းတေ မြတ်ဲ့တရား။
* အာစရိယအရိယာ၊သိလေပါတပါး၊ယာပိုထိစုံကြည်ဘွယ်များက၊ နှစ်ပါးမြောက် ထိုသူ။ ။ဒဿနာရိယာဇာတ်ကယ်လို့၊ ကျမ်းနိပါတ်ညွန်းမြွက်၍ဟူ။
* ရဟန်းနှင့်အသွင်တူ၊ အကျင့်မူဒုဿီလကိုဖြင့်၊ လိင်္ဂအရိယာ-ဘဲလို့မိန့်မှာ။ ။ဖြားစသည့် အရိယာကို၊ ငိုဝေခံမှတ်စွဲရှင့်လေး။

---

## ၃၃-ဒီဿနိကာယ်ပါထေယျဝဂ်စက္ကဝတ္တိသုတ်ပါဠိတော် အကြောင်းတေးထပ်

* ဒိန္နဒါန်ပါဌာမှာ၊ ရှစ်သောင်းကဖြစ်ဟန်၊ မှသားမှာဝက်၍ကြီ၊ သက်အမှန်ကာလ။ ။ပိသုနှင့်မိစ္ဆာမှာ၊ ဝက်၍သာအသီးသီးပြ။

* ဖရုသ်နှင့်သမ္ဘပ်မှာ၊ ငါးထောင်ခါအကြ၊ အဘိဇ္ဈာဗျာပါဒမှာဖြင့်၊ ယင်းဝက်မျှသက်တွင်။ ။ဒိဋ္ဌိမှာထောင်ကာလငယ်လို့၊ ကျမ်းပြလျက် ညွှန်းမိန့်ထင်ထင်။
* အမိမာစ်ငါးရာတွင်၊ ဝက်ပြန်လျှင် မေပေသနှင့်၊ မြဂုဏ်ငါးဖြာ၊ ပွါးဖြစ်၍သာ။ ။အသက်တန်းနှစ်တရာငယ်၊ ဆုတ်လာသည်မှန်မောရှင့်လေး။

## ၇၄-တောင်ငူမြို့သွားစဉ် ရေးသည့်တေးထပ်

* လမ်းစဉ်ကိုမှန်းလျှင်မောစရ၊ တောအတိ ဂန္တာ၊ ကံနဲ့သူ့ ကြမ္မာငယ်၊ ရောက်လာရ ကိုယ်ထီး။ ။ဖြူသွယ်မြင့် ပင်ခြေမှာ၊ တိမ်ဖွေ့ကို ကူးဆိုက်လုနီး။
* ရှုလေတိုင်းလင်းမကြည်သည်၊ နှင်းပတ်လည်ကာဆီး၊ တပင်ကို တပင်မှီးပါလို့၊ မြထီးသို့ယှက်ဆိုင်။ ။နေရောင်ခြည် လျှံတပြောက်ကယ်မှ၊ ထွန်းမတောက် ကြီးတဲ့ဂနိုင်။
* ကျားဆင်သစ် ပြောင်ဆင်ငယ်၊သံတပြိုင် ဟစ်ကြွေးလို့၊ ဖြစ်ရှေးဘန်လီလီ၊ အောက်မေ့တိုင်းညီ။ ။သမင်ဆန်း မယ်ဂန္တီငယ်၊ သည်ဆီမှာ နေရင်းထင့်လေး။

## ၇၅-စွန့်ပစ်အပ်သော မိန်းမ ၅-ယောက် အကြောင်း တေးထပ်

* ပါးမွေးရှည် မုတ်ဆိတ်များနှင့်၊ အသွားကမမှန်၊ ခြေလက်သည်းကြီးပြန်သည်၊ ရင်တက်ရန်အသား။ ။မရှိကင်း ငါးအင်ကို၊ ပေါင်းမိလျှင် စွန့်အပ်မများ၊

* မိမိကပါ ဥစ္စာမူ၊ ယူပါစေတခြား၊ ကင်းပြန်လျှင် လက်ထက်ပွါးက ဆယ်ပုံထားခဲ့ခါ။ ။တစုမှီ ဆင်ယင်ရင်းတို့ကို၊ အပ်နှင်း၍ ရှင်းကွာကြပါ။
* နောင်မှတ်စိမ့် သေချာအောင်၊ ကြေအညာ ကျော်စုတဲ့၊ မခုဋ္ဌီကာတွဲရေ-တေးရသနေ။ ။မိန့်ခွန်းထွက် ဤသက်သေကို၊ ထိပ်ထက်ခွေ မှတ်စွဲရှင့်လေး။

## ၇၆-မနုဝဏ္ဏနာ ရွှေမျဉ်းအကြောင်း တေးထပ်

* စာသိုက်ပုံခါမလင့်၊ သီးပွင့်သည်သစ်ပင်၊ ဝဲရေပြွက်သွင်ပြင်၊ ဘူးလည်ရှင်မလွဲ။ ။တဘက်ဆီ ကန့်အရောင်၊ ကျောက်စိန်းတောင် ထူးလို့မကွဲ။
* ငှက်ပျောပင် ဥပမာ၊ မနုသာဆယ်တွဲ၊ ကျမ်းသေချာ ရွှေစာထဲတွင်မှ၊ လေးတွဲက နောက်ယူ။ ။ဥပမာ ဥပမေး-ရှုလတ်သေး များတို့ဗိုလ်လူ။
* အစတွဲသုံးဆူမှာ၊ ပမာတူ မိန့်ဘူးရှင့်၊ တိမ်မှူးချာန် ဝသိ၊ ရှေးကဇော်ဂီ။ ။မနုမနော အစချီသည်၊ သေတ္တုစာဆီ ရွှေကျမ်းလာရှင့်လေး။

## ၇၇-ရေကြီးရှစ်ထပ်အသက်နှင့်တကၽွရေတွက်ရန် အကြောင်း တေးထပ်

* သိဂ္ဂြဝ်းခေါ်ကာလ၊သင်္ချာတမှတ်ပါ၊ရောရူဝမဟာ၊ ရောရူပါပန္ဒ။ ။မဟာပန္ဒ ဝိစိတွင်သည်၊ မည်ရှစ်အင်ပေါင်းနိရဂ္ဂ။
* ငါးရာမှ ဇော်ဒွေးစာ၊ အင်္ဂမဟာရောရူ၊ စဉ်ကမာထောင်ပြ၊ တာပန္ဒ ဤမှာ။ ။သောင့်းခြောက်ထောင် မဟာပန္ဒ၊ အန္တရကပ် ဝက်မကွာ။

* အဝီစိခေါ် သညာမှု၊ အန္တရာတကပ်စွဲတော့၊ ပုံအမြဲ ဇရဲချင်းရေ၊ နည်းရှိလှစ်ဘွေ။ ။မှတ်ပေါင်းစု သေခွေသည်၊ များသိစေ အကျဉ်းရှင့်လေး။

## ၇၈-လန်ဒန်မြို့တွင် လူတို့တနှစ်စားကုန်သည့်ဟင်းလျာပေါင်းအကြောင်း တေးထပ်

* နွားကောင်ရေ သိန်းသုံးသောင်း၊ သိုးဆိတ်ပေါင်း သိန်းသာ၊ကိုးသောင်းတိသချော-ရေတွက်ပါမမှား။ ။ဝက်နှစ်သိန်း ငါးသောင်းကျော်သည်၊ ဝမ်းဘဲနော် သုံးသိန်းသောင်းငါး။

* ခရုနှင့်ဗုဇ္ဇန်မှု၊ ကုဋေမွန်လေးထား၊ ကြက်ဆင်မှာ တသိန်းအား၊ ထောင်ငါးပမကွာ။ ။ငန်းကောင်ရေဌင်း၊ ယုန်ပေါင်းမှာ သိန်းသုံးသောင်းပါ။

* အခြားမြို့တွင် ဟင်းလျာမှု၊ တန်လေးရာ ချိန်မှတ်တော့၊ နှစ်တပတ် လန်ဒန်မြို့တွင်၊ စားသည့်ကုန် ဝင်။ ။တနေ့သင့် ရေတင်းခြင်မှု၊ ရှစ်ဆယ်ပင် ကုဋေခွဲရှင့်လေး။

## ၇၉-မင်းမသုံးအပ်သူ-၈၊ မတိုင်ပင်အပ်သူ-၄၊ ခွင့်မပေးအပ်သူ-၈-တို့အကြောင်း တေးထပ်

* ဝိတလင်နူကွက်၊ သူပျက်နှင့်သူငယ်၊ ယစ်မျိုးကြိုက် လွန်အရွယ်၊ သူ့သက်လှယ် လွန်ကြူး။ ။ယောင်ယမ်းတတ် ရှစ်ယောက်ဤကို၊ဘုန်းဗိုဗို သုံးစေရဘူး။

* မိုက်ဟော့ရမ်းယစ်ဆို၊ ဤလေးကိုအထူး၊ တိုင်ပင်ရန်မသင့်ဘူးလို့၊ ကြူးဗျာမိန့်နှုတ်သံ။ ။လူငယ်အို အမိုက်သား၊ ပုဏ္ဏားနှင့် ရှူး သောဏ္ဍိတံ။

* ရဟန်းနှင့်ဗုဒ်ဓသံကို၊ သက်ဝင်ဟန်ညာဏ်မရတဲ့၊ ပုဂ္ဂလ ယင်းရှစ်တန်၊ မင့်မင်းထိပ်ပန်။ ။ချစ်လေးမြတ် စေအမှန်ငယ်။ ခွင့်ပေးရန် သင့်ဘူးရှင့်လေး။ ။
(ပညာကျော်လျှောက်ထုံး)

---

## ၈၀-သတ္တနိပါတ်အဂ္ဂုတ္တိုရ်အကြောင်း တေးထပ်

* ဒေဝဓမသွေဖြောင့်၊ ဇာမြွေစောင့်မတည်၊ သီလနှင့် တည်အကြည်၊ မှန်သည်ကို သိလျဦး။ ။ငြိးဝေ့နှင့် ဝိမုတ်ညာဏ်၊ ခုနစ်တန်ထားစဉ်သင့်ခင်း။

* ရှေးတည်မှန္နောင်းပြည့်စုံ၊ ရှေးသုံးလျှင်နောက်ယွင်း၊ ဒေဝဓမှန်အရင်းသာပ၊ မြန်ခပင်းဗိုလ်လူ။ ။ပြည့် စုံအောင် သည်တရားကို၊ မည်မခြား မြဲကျင့်စေဟူ။

* ဒွေးခမ္ဘစင်အဖြူကို၊ မခင်မူမဂ်ဖိုလ်ဝေးတဲ့ပြင်၊ လူ ရေး လူရာတွင်၊ လားမျှမဝင်။ ။ဟောဝတသဘော စင်တယ်၊ တောသမင်အလားရှင့်လေး။

---

## ၈၁-ဝန်ရှင်တော်လယ်ကိုင်းမြို့စား သေနတ်ဝန်ကင်းဝန် မင်းကြီး စာရေးတော်ကြီး သမြေ ၅-ရွာစား အဖြစ်က စလင်းဝန်မင်း ဦးဆိုင်း ဇော်တိက သူဌေးစာရေးကြီးဦးသားတို့ကို ရေးပေး သည့် တေးထပ်

* မြနေဇာဖျာအကိုင်မှာ၊ ကြာရှေတိုက်လင်းရှိ၊ စန်း ဇေဋ္ဌ နဝင်းဆိုဝယ်၊ နှင်းမှုံခန့်မစဲ။ ။သည်မျှသာ သည်အချိန်ကို၊ စည်ဘောရိန်ကြူးရင့်စမြဲ။

* သို့ကိုလျက်ပတ်လည်၊ နတ်စည်သံဆင့်ကဲ၊ လျှပ်ခြည်လျှံ တင့်တရဲနှင့်၊ ဇွဲပြောင်ဇွတ်ကြိုးခွေ။ ။မန်းနယ်မှာ၊ ကမ်းဘယ်ရနိုင်လိမ့်၊ လျှမ်းသွယ်ကျ စီးတဲ့ဖြစ်ထွေ။
* ဝဲသမုဒ်စံစတေကို၊ မှန်မသွေသိန်တမျှမို့၊ ပိဂလမိန်ရာဇာ၊ မြူးကွန့်အံ့ငှါ။ ။ပြည်ရွှေဘုံ့ချက်ချာကို၊ တက်လာဘွယ် မခန်းရှင့်လေး။

## ၈၂-ဈာန်ငါးပါးရရန်ပွါးဖို့ကမ္မဋ္ဌာန်း အကြောင်း တေးထပ်

* ကသိဏာသုဘနှင့်၊ ကောဋ္ဌာသအာဏာ၊ လေးဗြဟ္မဝိဟာငယ်၊ ဥပေက္ခာချုန်ထား။ ။ယင်းပဉ္စဝီသာကို၊ အစစွာ ဈာန်ရစိမ့်ပွား။
* ဒု-တ-စ သုံးဈာန်ကို၊ ရကြောင်းမှန်တရား၊ပဉ္စဝီ ဤအပြားတွင်၊ ဆဲ့တပါး နုတ်ပါ။ ။အသုဘာကောဋ္ဌာသတဲ့၊ ကြွင်းသမျှစုဒွသာ။
* ပဥ္စမဈာန်ကိုရှာမူ၊ ဥပေက္ခာဖြုတ်ကသိဏ်းနှင့်၊တင့်နှိုင်း ထွက်ဝင်လေ၊ ပွါးပသေခွေ၊ ဤဆဲ့နှစ် ဥပဒေငယ်၊ အမြုတေ မှန်ဆိုးရှင့်လေး။

(မြို့ပြင်ကြီးသဂြိုဟ်ကောက်)။

## ၈၃-ကောဋ္ဌာသ ၄၂-ပါး သမုဋ္ဌာန်ခွဲပုံ အကြောင်း တေးထပ်

* ကျင်ကြီးငယ်-ပြည်စာသစ်မှာ၊ဥတုဖြစ်အမှန်၊ ပါစကတေဇောကံ၊ ထွက်ဝင်ရန်လေစိတ်။ ။ချွေးတံထွေးနှပ်မျက်ရည်၊ မြဲမှတ်တည်ဥတုနှင့်စိတ်။

* ကြွင်းသမျှ ဒွတ္တိံသာမှာ၊ မာဟာရာကံစိတ်၊ ဥတုပါ ချက်ကုံကျိတ်ပါလို့၊ ခဲကိလိဌ် မှတ်ရန်။ ။ဤခန္ဓာ ပဥ္စကမှာ၊ ခွေးဇယလေးသမုဋ္ဌာန်။

* ကောဋ္ဌာသဖြစ်ဟန်ကို၊ စနစ်မှန်ဝေခွဲလို့၊ နက်နဲ ဓိပ္ပါယ်ကုံ၊ ပွါးပဥ္စသုံ။ ။သို့မှရှင့် နိရောခုံကို၊ ဇော အာရုံ လှမ်းမည်ကွဲလေး။

(ကာယဂတာ သတိ ဘာဝနက္ကမ ပကာသနီကျမ်း၊ ၁၁-ကြောင်းရေး ၀ဲ-ချပ်-ဝမ်း)။

---

## ဂ၄-ဒိဋ္ဌိဖြစ်ကြောင်းရှစ်ပါး တေးတပ်

* ပရတောဃောသနှင့်၊ ဝိတက္ကခန္ဓာ၊ ဖဿနှင့်အပိဇ္ဇာ၊ သညာဝေယိတာဝ။ ။ပါပမိတ် မနသီ၊အယောနိ ယင်းနှင့် အဋ္ဌ။

ပွါးယှုကြောင်း အရင်းခံကို၊ ပဋိဘာန်နာမ၊ ပါဠိ တော်မှန်အရမှာ၊ ဉာဏ်အဂ္ဂမြတ်ထေရ်။ ။စွေ့စုံစွာ ဝေနေပေါင်းကို၊သိစေကြောင်းဟောမိန့်လေသည်။

* ယှုမှားကြောင်းရှစ်မည်ကို၊ ချစ်မကြည် ရှောင်ရှား လို့၊မမှားလေစေရန်။ ။ကြိုးကကေန့်၊အမတအမည် မှန်တယ်၊ ပြည်နိဗ္ဗာန် ရောက်ကြောင်းရှင့်လေး။

(ပဋိသမ္ဘိဒါမဂ်ပါဠိတော်။)

---

## ဂ၅-သင်္ခေ့ယှု ဂ-ပါးအကြောင်း တေးထပ်

* နိသေဝနာ မှန်အစ၊ သမ္ဘဝ စောဠ္ဌာ၊ သံသဂ္ဂ ကာယာ၊လေးအင်္ဂါ မူလ။ ။ချက်သုံးသပ် ဟူစွာ တုံ၊ရူပါရုံ ယင်းကတာဝ။

* အသံကြားအနံ့ယူ၊ ရှစ်အမူကြိုက၊ စွဲသန္ဓေအမှန်ရသည်ဟု၊ ကျမ်းဂန်ပြထင်ထင်။ ။လေးချက်မှာ-နှစ်စုံထပ်တယ်၊ ငါးရပ်မှာတဦးသာရှင်။
* ကိုယ်လက်နှောတပါးတွင်၊ ကေစီရှင် ဗိတာဃာတ်ဟု၊ ဆိုးဖြတ်သော် ဌကထာဆရာ-အားမရပါ။ ။ရှေးလက်ဦး သုံးအင်္ဂါသာ-ဗိတုဃာ ထိုက်စေရှင့်လေး။ (ပဋိသန္ဓိဝိနိစ္ဆယထွက်။)

## ၈၆-နို့ဟင်းခါးချက်နည်းဆေးနည်း အကြောင်းတေးထပ်

* အုတ်နဲ့နှင့်ဥသျှစ်၊ ကေရာဇ် သုံးဖြာ၊ ခါးရမ်းစပ် ပြန်နဝါ၊ ဒေါင့်ဆပ်ပြာတခြား။ ။မိုးနံနှင့်ခုနစ်လီကို၊ ချိန်အညီနှောဘော်၍ထား။
* သည်ဆေးကတမတ်ယူ၊ ကောက်ဆန်ဖြူ ညှို့ထွား၊ ချိန်အမှန် တကျပ်သားနှင့်၊ဟင်းခါးချက်ထုံးစံ။ ။ကြက်သွန်ဖြူပြုပ်ကောင်းကို၊ ထည့်လောင်း၍ ရောချက်စီမံ။
* ဘေသဇ္ဇာ နတ်ဂမံကို၊ နံနက်ပြန်ညပြန်သောက်က၊ ကင်းပျောက်ပြီးနို့ရည်ပင်၊ ဆင်းသက် သွင်သွင်၊ နို့နည်းတဲ့ သားမိခင်မှာ၊ အမြဲပင်သုံးပါရှင့်လေး။

## ၈၇-ကွမ်းစားနည်းအကြောင်း တေးထပ်

* ကိန်းစားရန် နှစ်စီဖြတ်လို့၊ဝဲအန္တတ်ဌာနေ၊ တူညီမှလဒ်စားခြေ၊ လဒ်သမေ မြောက်လျှင်း။ ။ကိန်းမှာ နုတ် ကျန်ပချေလျှင်၊ပစားခြေ ဒွေးမြှောက်လို့ခင်း။

* လဒ်ရှာ၍ ဆက်စေချင်၊ လဒ်နှင့်ပင် မြောက်ခြင်း၊ နုတ်ကျန့်လျှင်နှစ်ကြိမ် ခွင်းခြေမှ၊ ခုအင်းကို နှစ်ကော်။ ။လဒ်ရှာခါ ဆက်၍ထား၊ လဒ်မြောက်ပွါး နှုတ်ရလေသော်။

* နောက်ကျန်တိုင်း သုံးကြိမ်ခေါ်သည်၊ နည်းနှင့်နော်တူသိက၊ ကဝိရံ့ဏ်လျှံလူ၊ ထွန်းလိမ့်ဇမ္ဗူ။ ။ကွဲဒြပါရဂူငယ်၊ ဖြစ်လိုသူမှတ်သားဖို့လေး။

## ဂဂ-ကိုယ်ယောင် ပျောက်သည့် ဆေးနည်း အကြောင်းတေးထပ်

* မန့်ကျည်းမှည့် ထန်းလျက်နှင့်၊ အုတ်နဲ့ရွက် ထိုးနောင်၊ ရှားစောင်းနှစ် မီးမလောင်၊ ယင်းကုန်အောင်ပဋ္ဌ။ ။ပိုမလျော့ချိန်အညီ၊ ပဋ္ဌဝီပေါင်းစုပါကြ။

* ကျောက်ဖယုံ အသားရည်၊ လေးဆယ်မည် မှန်လှ၊ ငါးစမုံမှူးစီကျနှင့်၊နှောချက်ပကောင်းစွာ။ ။တစွန်းစီညနံနက်၊ ယွင်းမပျက် သုံးပမှန်စွာ။

* ကိုယ်ယောင်သည့်ရောဂါမှာ၊ နတ်ဂဓါအမည်ရပေမို့၊ ပျောက်လှ်ပြီ လူတကာ၊ ပွဲတွေ့ခါခါ။ ။သက်ဒါနုလူ့စရာငယ်၊ သည်မူစာ အရင်းရှင့်လေး။

## ဂ၉—အဆိုတ်အတောက် ပျောက်သည့် ဆေးနည်းတေးထပ်

* သပွတ်ကြီးကာသစ်နှင့်၊ ကေရာဇ်သုံးမှာ၊ အမြစ်ကိုယူပါ၊ မြင်းခွါငယ်ဖြတ်စ။ ။သည်လေးပါးကိုအညီ၊ ပိုမသီနှောကြိတ်ပါကြ။

* တောက်တဲ့ နက် ခွေးရူးမြွေ၊ ဘေးဟူတွေ့စုံလှ၊ အဆိတ်နာမှန်သမျှနှင့်၊အနဋ္ဌများစွာ။ ။များပေအရူစိန်ကိုစားလို့၊ သေခါနီးသည်အခါ။

* သည်ဆေးမြတ်သုဂဓာကို၊ မှုလျော်ရာသောက်လိမ်းလို့၊ ပျောက်ငြိမ်းလွယ်တကူ၊ ကင်းလွတ်ကြသူ။ ။သည်မျှလောက်ဂဏန်းဟူ၊ မယူနိုင်ပြီဘူးရှင့်လေး။

(အဆိတ်အတောက်ဟူသမျှ ဖျောက်စေတတ်သော သက်စောင့်ဆေး)

---

## ၉၀–သောတာပတ္တိ မဂ်နည်းတထောင် အကြောင်း တေးထပ်

* သုညတာ ပဏ္ဏိဟိကို၊ ပဋိနှင့်မြှောက်ခါ၊ ဈာန် ၂-ပါးရောပါ၊သည်နည်းသာ မမှား။ ။မဂ်အစကေ့နှီကို၊ တဆယ်စီပေါင်းစုလို့ထား။

* မိပတိလေးဖြာငယ်၊ နှစ်ရာကိုမြှောက်ပွါး၊ ထက်ယခင် သွင်မခြားတဲ့၊ အပွါးထွက်နှစ်ရာ။ ။ယင်းဤမှာ နှောခါစွက်လျှင်၊ သောတာမဂ်-နည်းထောင်ပြည့်လှာ။

* ကျမ်းဇာတ်ပေါင်း လက်ာတွင်၊ ရှင်မဟာရဋ္ဌက၊ နယတထောင်ယူ ညွှန်းမိန့်တော်မူ။ ။သည်အရ-သည်လိုသူငယ်၊ မှတ်ယူရန် နည်းကျယ်ရှင့်လေး။ ။

---

## ၉၁—ကျောက်တည်မုတ္တာကိုတ်ဆေးတေးထပ်

* ပေါင်းကျောက်ချဉ်-ဆူးလေ-ငုံ၊ သီးကြဇ္ဇ-နေဇာ၊ ဆေးတူကနဖါ၊ မြတ်တမာသဘော်။ ။ပျားရည်နှင့်သောက်ပါမူ၊ ကျောက်တည်သူ ဆင်းသက်ကျလျော။

* မုတ္တကိုတ်ရှစ်မျိုးပင်၊ ကုန်အစင်မှန်မော၊ ပျောက်ပြေကုန်စင်ချောလို့၊ ဟောဝတသုခါ။ ။အသက်ပင်သေလုနီးသော်လည်း၊ ဆေးမီက ကင်းပျောက်မည်သာ။

* ဤဆေးမြတ် ရတနာကို၊ အဇ္ဈာ တိမ်ယဉ်မှူးတဲ့၊ ရှာန်မြူးဇေရာဂီ၊ ညွှန်းခဲ့စဉ်စီ။ ။ကျွန်းမြရိပ်ဇမ္ဗူဒီပမှာ၊ ခိုမှီရန်မှာတန်းရှင့်လေး။

(သာရကောမုဒ္ဒီ ဆေးကျမ်းပဥ္စမတွဲ)

---

## ၉၂—စလင်းဆရာတော် ဦးပညာသီဟ
## ၁၂-ရာသီ ဇာတာခွင်တေးထပ်

* ဆရာတော်ဘုရား၏၊ ဘွားမူလဇာတာ၊ ဟိုင်းနာဂကျွေးဒီဇာ၊ဘဂုဏာမာသ။ ။ကျော်သုံးရက်မှသီ၊ သံဝရီလေးချက်လွန်မှ။

* မွန်းမတ်ဆဲဘဒြာ၊ မနုမှာသီဟ၊ အင်္ဂေါစုံကုံခလို့၊ ဝံသေကမိန်ခံ။ ။ပြိဿမှာ-ဗြိဟ်ဇီဝ၊ ကိန်းရလျက်ထွန်းတဲ့အလျှံ။

* စန်းရာဟုလဂ်ကန်၊ ဆဲ့နှစ်တန်စည်မြတ်လို့၊ သုံးပါဒကယ်ခုနစ်ဖြာ၊ စွန်းတဲ့ဗီနာ။ ။သာနာခေတ်ချိန်အခါဝယ်၊ ရှိန်အဝါ နေဝန်းသို့လေး။

---

# လေးဆစ်သဖြန်များ

## ၉၃–ပုဂံရွှေစည်းခုံ အံ့ဘွယ်-၉-ပါးလေးဆစ်သဖြန်

* ထီးမဆိုင်း၊ တံတိုင်းနှိုက်ရိပ်တည်။
* မလွှင့်ရွှေလှောင်ပ၊ ဗိုလ်သောင်းထောင် ဝင်မကြပ်တဲ့ပြင်၊ ဆွမ်းကပ်သူ လက်မဦးနိုင်နှင့်၊ မကူးသံကျာဟီး၊တီးတဲ့ရွှေစည်။
* မြင့်ဖွမ်းရောင် ထင်စနိုးပေရ၊ မိုးကပ်ပြုရေတရံည်၊ အနည်မျှမကြွင်း။
* ချရားပင်၊ ဒွါဒသင်ခါမလင့်ပေပ၊ ငုံပွင့်ခါကြူထုံတဲ့၊ ဇေယခုံအံ့ဘွယ်ကိုးကို၊ တိုးခဝပ်စင်း။

---

## ၉၄-ငှင်းဘုရားအတွင်း၁၂-ဌာနအကြောင်း လေးဆစ်သဖြန်

* ပဌမစေတီ။
* သပိတ်တော်ရွှေသက်စိုးနှင့်၊ သားမျိုးပိုင်နတ်မယ်လျ၊ စောဗြမင်္ဂီ။
* ရွှေမြို့စည်ရွှေစကား၊ ပွဲစားနှင့်ရွှေရုပ်ဆီ၊ ကိုးလီမြောက် ငါးကြင်း။
* နတ်သိကြား၊ မြတ်ဖျားအောင်ဆုမှူးတိုင်ပ၊လက်ဦးရွှေ၊ ဒွေကျန်နေ့နှင့်၊ မြတ်လေး တင်လျှူက၊ ဆံမဖြူ၊ ရန်မြူဝေးတဲ့ပြင်၊ ဘေးဥပါဒ်ကင်း။

---

## ၉၅-ဘင်္ဂလားမြို့ပင်လယ်ကျူးရာအကြောင်း ၄-ဆစ်သဖြန်

* ဗိုလ်တထောင့်-ကမ်းမော်။
* ဒေါပုံလှိုင့်းပက်ပါမှာ၊ သီလဝါဆင်အစွန်းနှင့်၊ ညိုထွန်းမီးရောင်ပြငယ်၊ ရှေးကအကျော်။

* ခုနစ်လံရေအထွက် ကယ်က၊ ယာဘက်ကိုလှမ်းလို့ မြော်၊ ကမ်းမော်ဒင့်ထောင့်စွန်း။
* သည်ဆီကနောက်ကိုဖြင့်၊ ဘေးအောက်ကယ်တွင် ခေါ်တဲ့၊ ဘဂေါ်နယ် ပင်လယ်လှမ်းခဲ့တယ်၊ လမ်းနောက်မြောက်ယွန်း။

---

## ၉၆-ရင်းပင်လယ်ကူးအကြောင်း ၄-ဆစ်သဖြန်

* လှိုင်းဂယက် ကယ်က၊ တိုင်းထက်ကယ် လွန်ဘိသည်။
* ထောင့်တပြေး၊ လေသွေးရာတဖြင့်နှဲ့လို့၊ ကြလဲရေယက်ပန်းကလဲ၊ တက်လျှမ်း သွယ်သွယ်ဆင့်တယ်၊ ပြားပြင့်ပတ်လည်။
* တံ့မနား၊ ဝံ့စားရှေ့သို့ရှည်၊ ဇာနည်လေ့မှုထား။
* ဂတ်စ်ပမီးပြကိုလွန်ခါမှ၊ စော်ကာနယ် တူရှုမှီးလို့၊ ဟူဂလီ နဒီဝယ်က၊ ဘင်္ဂါကိုဝင်လာရတယ်၊ ၄-ညရက်ငါး။

---

## ၉၇-ကမ္ဘာကုန်လှူနေအကြောင်း ၄-ဆစ်သဖြန်

ဥ-တေဝီ၊ ဇ-တီဆ၊ အာရသတည်ပါ။

* ကုဋေပွား၊ မှတ်သားရန် အမှန်ပြုလို့၊ အမုတာလီနှင့်၊ အောက်တြီ သည် ၂-ခန်းကို-သန်းနှင့်ဂုဏာ။
* ရုံကျွန်းငယ် ဆိုင်ရာသွင်းလို့၊စာရင်းချုပ်သေအချာ၊ နေရာကျ မှတ်သား။
* အမှာစုံ၊ ကမ္ဘာကုန်လှူနေဟု၊ ယူပစေ-မူသေညွှန်းလိုက်တယ်၊ လွှမ်းဘွဲ့စာသွား။

---

## ၉၈—ကမ္ဘာကုန်လူနေတို့ အထွေထွေကိုးကွယ်ကြသည့် အကြောင်း ၄-ဆစ်သဖြန့်

* ခရစ်မှာသတ်ဝိ။
* မိုဟန်မတ်မှာလ၊ ဒသ်အမှန် ဗိဿနိုးတို့၊ ရှိခိုးသူသချာသတ်ကယ်လို့၊ မြဲမှတ်အညီ။
* အထွေထွေနတ်အမျိုးကို၊ ကိုးကွယ်သူလူရေကောက်လျှင်၊ တဆဲ့ခြောက်ဥလေးလီ၊ ကုဋေစီမြောက်လွှား။
* ထာဝရမှာ၊ သန်းပဉ္စထိုသည့်ပြင်၊ တို့ချစ်ရှင်သာသနာသို့၊ ဝင်ပါသူပံစာတေးကို၊ တည်ရေးခါဇမောက်လို့လျှမ်းအောင်၊ သန်းနှင့်မြောက်ပွား။

---

## ၉၉—ဗောဓိပင်သွားရာအဘော်တို့နှင့်ခွဲခွါရသည့် အကြောင်း ၄-ဆစ်သဖြန့်

* ဘန်ကီပူ- ဟူစလောက်ပါပေ့၊ မီးတောက်အောင်ပူခွင့်ကျယ်။
* မလွှဲသာ လွှဲသာငယ်၊ ကွဲတာကိုမပိုင်လှလေလို့၊ သဲညှာမှာ ဂလိုင်ထအောင်ခွဲခဲ့ရတယ်။
* အရေးနှင့်ထောက်ရတော့၊ ၄-ယောက်စုံ ဆွဲ့သဟာယ်ကို၊ ပြန်လွယ်ဆုရည်ညွှန်း။
* မပြန်မီတွင်းမှာလ၊ ခပင်းလိုတော်ညီလို့၊ ရန့်ဗာဟီသီမရိပ်ရအောင်၊ ဩဒိသ်ကယ်သီဒါကြည်နှင့်၊ မှန်းရည်လို့သွန်း။

---

## ၁၀၀—ငှင်းအကြောင်း၄-ဆစ်သဖြန်

* မြတနိုင်း ရှုတိုင်းကြည်ဘိသည်။
* ဇဉ်းဘူမိရန်နှိမ်မှာ၊ ပရာဇိန်ပလ္လင်ခင်းတဲ့၊ ပင်မင်းရွှေညောင်မြတ်ကို၊ ဆည်းကပ်ယုံကြည်။
* ပူဇော်စဉ်လက်ယာကိုင်း၊ညွတ်ရှိုင်းယိုင်တော့မည်၊ ကြိစည်မိမနေ။
* အုတ်သည်တိုင် ထောက်ရန်ဘို့၊ ငါးယောက်ကယ်သံသဟာနှင့်၊ကျန်ဘော်ပါ ဆော်ဘန်လို့၊ဇော်မဟန့်ကို အပ်နှင်းခဲ့တယ်၊ ဤယင်းစေတနာကြောင့်၊ ခေမာကိုလျှင်စွာရောက်အောင်၊ ကူးမြောက်စေသော၊

---

## ၁၀၁-အုံ့ဘွယ်တဆဲ့ရှစ်ပါးအကြောင်း ၄-ဆစ်သဖြန်

* ဈာဒ်အာမဈာန်ညေ။
* သက်န်းတော်ကေသာနှင့်၊ ပရိက္ခရာ ကရိပတ်ကို ဆေးလက်တုံချေ။
* မုံညင်းဝင်ရောင်ခြည်လှစ်နှင့်၊ဇာတိခေတ်လင်းမှောင်ဝေ၊ စန္ဒာစတေတက်ထွန်း။
* တရားသံ၊ နာခံသူချက်ကုံကြွားသည်ဟု၊ ရှစ်ပါးတဆယ်တဲ့၊ အံ့ဘွယ်ကို မြန်နှနယ်လုံးသူတို့၊ သုံးစေဘို့ညွှန်း။

---

## ၁၀၂-ရတုခြောက်ပါး ပြုဘွယ်ခြောက်ပါး အကြောင်း ၄-ဆစ်သဖြန်

* ဟေသိဝဂိဝသာ။
* ရင်ငွေ့မီးစုံနှင့်၊ ရေတိုက်လုံဂေါသိရကို၊ သုံးပစဉ်ကာ။

* ဌနဝုဟာဖြင့်၊ဆရတုစဥ်ကမာ၊နေ့ကြာနှင့်ယှက်ခြင်း၊
* ညမြူညွန်၊ အိတ်သွန်-ချက်ကုံပျောက်သည်သို့၊ တ လျှောက်ကယ် ရာကျော်သက်မှာ၊ တိုင်းထက်လွတ် ကင်း။

---

**၁၀၃-အမရပုရပဌမမြို့တည်နန်းတည်မင်းတရားကြီး လက်ထက်တော် သာသနာပြုအပ်သည် အကြောင်း ၄-ဆစ်သဖြန်**

* ပ-အို-ထား-လည်ရွာ။
* ဒုလည်အိုထောင်ရာတဲ့၊ ထားတော့လင်းရွာ။
* ထောင်တီးတိုးပြီးတမှာ၊ ထောင်ဟုသာမှတ်ပါကြ အမြဲ။
* လေးဆဲ့ခြောက်မှာပ၊ နှစ်လျှောက်လျှင် ဒုနှစ်နှော ပြန်က၊ တကောယ်ဇာမှာတဲ့၊ သာသနာသုံးကြိမ် ထပ်ကယ်၊ နှင်းအပ်သည်ပွဲ။

---

**၁၀၄-သမီးပေးခြင်းရှစ်ပါးအကြောင်း ၄-ဆစ်သဖြန်**

* မြတ်သူ-ပူဇော်ခြင်း၊ မှူခင်းကိုဆောင်စိမ့်မည်။
* မျိုးဆွေသိသွင်းယူသည်၊ ယေသူကိုသွန့်သင်ပြစေဘို့၊ သွင်းရခါဆွေမသိနှင့်၊ ဘမိစုံတူလိုက်လျော၊ ဘော ကျဘိသည်။
* ငါကောသာနိုင်ထက်ရှေးနှင့်၊လေးမောင်မဲ့ချစ်ရည်၊ ဓွန့်ရှည်လိမ့်ယုံစား။
* အကြောင်းခံ၊ ရှစ်တန်အခြေမှီးလို့၊ သမီးကိုဝိဝါဟ ပေးကြရှစ်ပါး။

---

## ၁၀၅-ရေမြေသနင်းမင်းတို့ကျင့်ရာသည်တရား အကြောင်း ၄-ဆစ်သဖြန်

* မင်းခြသေ့်အတူ။
* အမတ်ကျား၊ ခစားသည်ဘနိဌက်ငယ်သို၊ တိုင်း ထက်ကာယ်အကျင့်သွမ်းနှင့်၊ ကြမ်းကြုတ်မိမူ။
* များရှင်လူ၊ ပြည်သူအပေါင်း။
* စင်စစ်ကယ်ကုန်စင်လို့၊ မွေမမြင်၊ မြေပြင်ကြွင်း မည်ကြောင့်၊ ဤယင်းကိုရာဇ်န္တမှာဖြင့်၊ ကင်းစေမှ ကောင်း။

---

## ၁၀၆-သင်းသီးတဆဲ့ရှစ်ပါးအကြောင်း ၄-ဆစ်သဖြန်

* အိမ်ခေါင်းနားဖျားနာ။
* အစစီလျှဉ်လို့၊ ဆဲ့နှစ်စဉ်ပြဆိုပြီးကို၊ သီးလို့မှတ်ပါ။
* လောင်းတမ်းငွေဆွေချစ်နှင့်၊ နှုတ်လက်ပြစ်ကာမာ၊ ကောက်ရပါခြောက်ပါး။
* သွင်းမှီးပြန့်၊ သင်းသီးမှန့်ဌာရသငယ်သို၊ သမတ်ခုံ- မှတ်ကုန် ကြပါရော့၊ ကျမ်းပြစကား။

---

## ၁၀၇-မဟာဝစရနတ်မင်း၊ ကိုယ်အင်္ဂါအစိတ်မှ၊ နဝရတ် ၉-ပါး ဖြစ်ပုံအကြောင်း ၄-ဆစ်သဖြန်

* စိန်တံထွေး၊ သွေးမဏိမုတ်ဒန်။
* မျက်စိနီလာနှင့်၊ နှလုံးမှာ-ကြောင်အမြုတ်ကယ်က၊ ဂေါမုတ်မှန် သည်းခြေမြငယ်လို့၊ ရှေးကဖြစ်ဟန်။

* ဦးနှောက်မှာ ဥဿဘုရား၊ အသားကပ၀ါလိ၊ ကိုး
တန်ဟုထွေပြား။
* မဟာ၀စရ နတ်ရှင်စစ်ကယ်မှ၊ သို့ဖြစ်သည် သချာ
မှတ်လေဟု၊ ၀ရတ်စုံ၊ ဖြစ်ပုံရင်းကို-လင်းတဲ့စကား၊

---

## ၁၀၈-ကိုးသပေါက်အကြောင်း ၄-ဆစ်သဖြန်

* ပဲပြည့်စစ်မှန်ခွင်။
* စံရွေးတော် ကျော်သပေါက်ကယ်၊ ကိုးယောက်
မှန်စင်။
* နွားဘဏ္ဍာ ထမ်းစဉ်ငှက်နှင့်၊ ကျိုင်းပန်းဆက်
အတင်တင်၊ ၎င်းပြင်၀င်သီး။
* နန်းဆက်ယုံကျွန်၊ စိုက်ဆောက်ကယ် ထူတံခွန်သို့၊
အနောက်၀န်၊ ၀န်စုထမ်းကိုဖြင့်၊ စုကျမ်းမှာ သဂြိုဟ်
သွင်းလေဟု၊ လင်းပွင့်ဆိမ်း။

---

## ၁၀၉-သုံးဆယ့်နှစ်ကောဋ္ဌာသမှတ်ပုံအကြောင်း ၄-ဆစ်သဖြန်

* ဥတုဖြစ်မှာဖြင့်၊ ပြည်စာသစ်ကျင် ၂-တန်။
* နှပ်,တံထွေး-ချွေးမျက်ရည် လေးစုပုံမှာ၊ ဥတုစိတ်
၂-ပါး ငယ်ကြောင့်၊ ပွါးဘိအမှန်။
* နှစ်ဆဲ့လေး- စုဝေးကြ ကြွင်းအကျန်၊ စိတ်ကံ
ဥအာလေး။
* သမုဋ္ဌာန်-ဟုတ်မှန်အောင် မှတ်ယူသိလေဟု၊ ညွှန်း
ဘိလတ်သေး။

---

## ၁၁၀-သုရမ္မ-ရမ္မ-သုဘ ၃-မျိုး အထူးအကြောင်း ၄-ဆစ်သဖြန်

* ဆောင်းနွေမိုး၊ ကိုးပဋ္ဌသတ္တာ။
* သုရမ္မ-ရမ္မ သုဘနန်းငယ်လို့၊ ကျမ်းကအမှာ။
* လူတကာ-ယူပါကြံအမြဲ။
* စဥ်မှတ် ဟောင်းငယ်နှင့်၊ ကပြောင်းကပြန်ချည်း၊ နည်းနာကကွဲ။

---

## ၁၁၁-လူမိုက်ရှစ်ဦးအကြောင်း ၄-ဆစ်သဖြန်

* သူခိုက်ပွါးမှာ၊ ဝင်စားတတ်တဲ့လူ။
* မြင်တိုင်းလိုချင်လို့၊ စာသာသင်- စာမရေးနိုင်နှင့်၊ စာရေးလျှင် ပြင့်မတည်းတဲ့ပြင်၊ ကပ်ဆည်း-သသူ ရကို-ယမ်းခဘိမူ။
* မျိုးဆွေကို ပေသုညနှင့်၊ မိန်းမကို မခွါအားလို့၊ အများလက်ခံသူ၊ မှတ်ယူပရှစ်ဦး။
* မှန်ဘိချေ၊ ပဏ္ဍိ မဟူစေနှင့်၊ဇမ္ဗူ့မြေ မြလျှံပိုင်းမှာ ဖြင့်၊ ယိုင်းဇခါင်ထိမှူး။

---

## ၁၁၂-သူတပါးသို့ပြန်မပြောအပ်သည့် ၉-ပါး အကြောင်း ၄-ဆစ်သဖြန်

* လျှူသမျှကို-မာနဖြင့်လွှမ်းကာ။
* ဇာတာစန်း၊ မှူတ်မန်းမန္တန်နှင့်၊ကျင့်ခြိုးခြံ မေထုန် မှုငဲ့ပြင်၊ ဆေကုပုံ ဥစ္စာနက်ကို၊ ခွဲဝက်သေချာ။
* ရှုံးလေပြီး၊ ငယ်ကြီးမှူခြင်းရော၊ တွင်းကထာဟူမျှ၊

* ယင်း ၉-အင်၊ စိစစ်ကယ်ဘွဲ့ဆင်ခြင်လို့၊ သေမည် ပင်ဖြစ်လှည့်ငြားသော်လဲ၊ တပါးသူလူတဆင့်ကို၊ ပြောနှင့်ရှောင်ကြ။

---

## ၁၁၃-ရွှေမြို့တော် မြို့ဝန်မင်း ဦးသာအိုးရေးသည့် ၄-ဆစ်သဖြန်

* ပါးပြင်မှာ မှင်ဆေးနှင့်၊ ရင်ကျေးတဲ့ပုံမူ။

* ထားပြ-ရန်ပယ်ကို၊ နံလွယ်ကာ ကြိုးကြိမ်ပိုက်လို့၊ ရှေ့လိုက်လူပဲယာကျင်း၊ မင်းမတ်တဆူ။

* ကွမ်းစည်ပိုင်ရွှေရုံးမှာ၊ တွေ့မှုံးချည့်ဘက်မတူ၊ ထွက်ပြုလို့ပေါ်စန်း။

* ဆိုးသွမ်းလျှင်၊ ကျိုးကန်းတွင်မတံပေါင်ပ၊ သံတတောင်၊ နံမြောင်ခင်းပါလို့၊ နကွင်းတွင်သေပစေတော့၊ လူမွေ့ကိုစီရင်လိုက်မည်ဟု၊ ကင်းဝိုက်လို့ဘမ်း။

---

## ၁၁၄-ရွှေဘိုပါတရားသူကြီးဦးတွံကိုရေးသည့် ၄-ဆစ်သဖြန်

* သမင်နှင့်ခြသေ့်၊ ခင်မမွေ့စိတ်ကယ်။

* မြနှင့်မျက်ပေလို့၊ လျှာဘက်သူ ရင်ဝယ်သားကဲ့သို့၊ နွားကိုသော်မညှာမိန့်၊ စည်းချိန့်သဘွယ်။

* မြသေလာ ရွှေစာသိုက်နှင့်၊ ရေလာရှိုက်သဘွယ်၊ ခဲ့မလွယ်မြောက်မြား။

* နန်းဆက်စည်၊ ကျမ်းလက်ရှည်အစုံနှင့်၊ အာဂုံရှင်မနုနှယ်သို့၊ မြင်ရှုသူကြည်ညိုဘွဲ့၊ ပြည်ရွှေဘိုမတ်

နွယ်ရင်းမှာဖြင့်၊ လာဘ်ပဏ္ဏာ-ကပ်လာလျှင်းသော်လဲ၊ ကင်းလိုက်ထားများ။

---

## ၁၁၅-ပြင်သစ်နိုင်ငံတွင် ဖလ်ချက်ဝန်ထောက်မင်း ဦးရွှေအိုး မိန်းမယူ၍ရေးပေးသည့် ၄-ဆစ်သဖြန်

* မန်းနက်သံ နန်းဟံလေ့မှာလ၊ ငွေ့ငွေ့ဘဲ ကျန်တော့တယ်။

* ဥရောပတိုက်မူ၊ မယူလျှင်မနေသင့်ပြီဘူ့၊ မြေနှင့်ဥဿျောင်ဆုံးအောင်၊ ကိုယ်လုံးလုံခြုံဂရစ်ကယ်နှင့်၊ ပြင်သစ်သူ၊ ဘန်တီးသမျှ-ပြီးစေရတယ်။

* ရှေးရုပ်ပုံဟန်အဟောင်းဟာဖြင့်၊ ကျန်ကောင်းကျန်ရာရှိတော့၊ မန်းဘူမိရွှေမြေနယ်၊ ခုနှယ်ပုံမူထား။

* သူမြင်ချင် စန်းပါတိ၊ မြိုင်လမ်း ကြိုကာဘန်တဲ့၊ ဥဏ္ဏာကံပန်းရည်တွေ့လိုပ၊ စုံစေ့စွာတဟံမူ၍၊ ကိုယ့်လူကိုအမှန်ဘဲငယ်လို့၊ စွဲဝံ့လိမ့်လား။

---

## ၁၁၆-ခုနစ်နံသင့်အခင်းနေရာပြုလုပ်နေထိုင်ရန် အကြောင်း ၄-ဆစ်သဖြန်၊

* ဂဠုန်ကျားမှာ၊ စောင်းလျားနှင့်လက်ပံ။

* ဘက်သန်းကေသရာနှင့်၊ သနတ်မှာ-ကရေဏု၊ ရှေးသူ့နှုတ်သံ။

* ကြွက်ထအောင်း၊ နံ့လှောင်းသစ်၊ အင်ကြင်းမှာ၊ ပူးမင်းနှင့် ဇဝကန်၊ ပန့်မိလေခြင်း။

* မြွေမင်းနံ၊ ခုစံကိုနေရာခင်းရင်ဖြင့်၊ ဘေးကင်း ရန်ကွာလို့၊လွန်ချမ်းသာ သက်ရှည်လိမ့်မည်ဟု၊ကြူးဖြိမ့်သံညှင်း။

---

## ၁၁၇-ဧင်းအကြောင်း ၄-ဆစ်သဖြန်

* ဂဠုန်ကျား၊ စောင်းလျားနှင့်လက်ပံ။

* ဘက်သန်းကေသရာတဲ့၊ ဂုဇိန္ဒာပင်သနတ်ကို-ခင်းလတ်အခံ။

* ကြွက်ထအောင်း၊မြောက်စောင်းကပူးမင်းနံ၊ထုံဖြန်းဘိအင်ကြင်း။

* မြွေခုစံ၊ ဘွေယူကြ-ခံလို့ခင်းရလျှင်၊ခပင်းရန်ကွာလို့၊ချမ်းသာရုံဘယ်မကပမယ်၊ ဘေးဆိုမျှကင်း။

---

## ၁၁၈-ဆန်အမြန် ၃၀-မစားနိုင်၍ ပုရပိုက်ကန့်ကူမပါဘဲ နှုတ်လွှတ် ရေးဆက်ရသည့် ၄-ဆစ်သဖြန်

* ပုဆိုးနှင့်မြင်းပါ။

* ဆုတော်ခံမယ်လို့၊ ပြန်သုံးဆယ် ဆန်ကိုစားသည်၊မှားချက်ကနာ။

* နောက်တခါ၊ ကျောက်ပါပေါ့သက်ဆုံး။

* သည်တပွဲမှာဖြင့်၊ အလွဲကံချော်လို့၊ ဥယျာဉ်တော်မှာ-ရေလောင်းရမယ်၊ ငယ်ရင်းဟံကျယ်တဲ့၊ ဆင်းကြန်မယ်ဖြူပြာနွဲ့ငယ်၊ မင်းကူလွဲအုံး။

---

## ၁၁၉-ဘုရားလောင်းအလိုစမ်းအကြောင်း ၄-ဆစ်သဖြန်

* မှို့သစ်သီးကစားဘွယ်။
* ဘောဇဉ်မှီး-ဆင်ကြီးမြွေကချေမှု၊ ဘုန်းရှုစိတ်ရွှယ်။
* သံလျက်ပုံခရုသင်း၊ သံပြင်းဒုန်စည်ဘေရီ၊ ဆိမီး နှင့်ကြောက်စဘွယ်၊ သုတ်နယ်တိတင်လဲ။
* မစင်လူး၊ မယ်ပြုံးကညာမေတို့၊ ခရာပွေချီအမှုနှင့်၊ အလိုတူပါအောင်ဖျားသော်ဆဲ၊ လားမှလှုပ်ဘဲ။

## ၁၂၀-သွားနာဆေးနည်းအကြောင်း ၄-ဆစ်သဖြန်

* စန်းဘုံမှာစံထားပေ့၊ အသားချောက်ဒုဋ္ဌာ။
* ထုံးနှင့်ထွေးရင်လ၊ သွေးဆိုသည့်ဆေးစိုဥနှင့်၊သုံးခု ကိုညီမျှနှော၊ ရောလို့ကျိတ်ပါ။
* ရသေ့မီးမှာ၊ ပိတ်ပြီးဇော်ဂျီပတ်တဲ့၊ ဆေးမြတ်ကို သုတ်သော့ခါ၊ မညာနှင့်နာနာအုံး။
* ပြာဖြစ်ပြီး၊ ရေစီးကမ်းပြိုနှင့်၊ ဒန္တစိုသွားနာရှိသူတို့၊ တို့မိလျှင်မနာပြီဘု၊ ဘေရာဂီဇော်ဂျီပေးပါတဲ့၊တော များထွတ်ဆုံး။

## ၁၂၁-ယမဒါဌ်ရက်အကြောင်း ၄-ဆစ်သဖြန်

* တန်ဆောင်မုန်း-ဆုံးရှစ်ရက်ထို့ပြင်။
* နတ်တော်လအစ ရှစ်ရက်တွင်းကိုဖြင့်၊ သေမင်း ဝယ် စွယ်တမျှယ်ကြောင့်၊ယမဒါဌ်ရက်ကယ်လို့- ညွှန်းမြွက်သို့စင်။
* ကြောက်ဘမန်း၊ ရက်ကျန်းကိုဉာဏ်မှာချင့်လို့၊ သင့် တင့်သည့်အရာတွင်၊ အစာပင်ဖြစ်ငြား။

* ကြူးအလွန်၊ ထူးချွန်သည်မူရာနှင့်၊ ဇူဇကာလုပ် ပြည့်လွေးသည်သို၊ အရေးတူပမာဆင်က၊ မကြာ ခင် ဥပဒ်ဘေးငယ် ပေးလိမ့်မမှား။

(ဒြမြဂုဏ်း)

## ၁၂၂-ရတုသန္ဓိရက်အကြောင်း ၄-ဆစ်သဖြန်

* ခြောက်ရတုမှာ၊ ထောက်ရှုလို့မှတ်ပါ။

* စဆုံးမှန်အညီတဲ့၊ ခုနစ်စီ တဲဆဲ့လေးကိုဖြင့်၊ စဉ် ရှေးရက်သန္ဓိငယ်လို့-ညွှန်းဘိသချာ။

* ရတုတိုင်းမှာလ၊ ပိုင်းဖြတ်ခဲ့ရှောင်ကြဉ်ရာ၊ ဤမှာ သာရှောင်လွှဲ။

* သင့်စေရန်၊ ချင့်ဝေဘန်လေသမျှကိုဖြင့်၊ ကာလ ခြောက်လီလုံးမှာ-သုံးရစမြဲ။

(ဒြမြဂုဏ်း)

## ၁၂၃-သာသနာပြု ၉-ဌာနအကြောင်း ၄—ဆစ်သဖြန်

* သောဘုမ္မိသီဟိုဠ်။

* ယောနက၊ ဝနဝါသီနှင့်၊ ကသ္မီမဟိံသ၊ တိုင်း ပြန္တကို။

* ဟေမဝန်၊ မဟာရဋ္ဌမှာလ၊ နောင်နာဂတ်မင်္ဂနှင့် ဖိုလ်၊ ပွါးပိုစိမ့်ဘန်လှိုင်း။

* ၉-ထေရ်ပုံ၊ ကြီးရည်သံ စေတနာနှင့်၊ ဒေသစာ ကိုယ်စီကြွတယ်၊ ၉-ဌာနတိုင်း။

(သာသနာ လင်္ကာရ)

## ၁၂၄-ကိုးဌာန သွား အရှင်များအကြောင်း
### ၄-ဆစ်သဖြန်

* သောဏုတ်နှင့်မဟိန်။
* ရက္ခိတမဟာလဲ၊ ရက္ခိတာမဇ္ဈန္တိ၊ ခိုးဇာဒ္ဒိရှိန့်။ မြတ်မဟာရေဝတ၊ ယောနကဓမြက္ခိနှင့်၊မဇ္ဈိမမြတ် ထေရိန်၊ တောဇိန်ကတင့်ဆန်း။
* မဟာဓမ္မ၊ ရက္ခိထေရ်ရျာန်ပုံဟု၊ စဉ်အမှန်၊ ယှဉ် ရန်ချင့်လေတော့၊ တိုင်းနှင့်ရဟန်း။

(သာသနာလက်ာရ)

---

## ၁၂၅-သိကြားဖြစ်ရန် ကျင့်ဝတ် ၇-ပါးအကြောင်း
### ၄-ဆစ်သဖြန်

* မွေးမြူအပ်မိဘကို။
* ကုန်းမချော၊မှန့်မောသစ္စာနှင့်၊ နူးညံ့စွာ နှုတ်ပြေပြစ်၊ ကင်းလစ်ဝန်တို။
* မျိုးအကြီးကို၊ ကျောက်ထီးသို့ ခညွတ်ရို၊ အမျက်ကို နှိပ်နင်း။
* ခုနစ်အင်၊ ကရားစုံလင်က၊ ဝတိန်ရှင် မှန်မပျက်ပြီ ဘု၊ ဒေသနာ သေချာမြွက်တယ်၊ နဲနက်ဘိချင်း။

(သာသနာလက်ာရ)

---

## ၁၂၆-အာဒါသမုခမင်း စီရင်အပ်သည့်တရားအကြောင်း
### ၄-ဆစ်သဖြန်

* နွားသားမြင်းနှင့်ကြူ။
* ဂါမဘုဉ် ပြည့်ကံကျွေးနှင့်၊ လုံလေးမြွေမိဂေါ၊ တောင့်ခေါ်ပါဟူ။

* ရုက္ခစိုး၊ မျိုးနာဂ ရသေ့ဖြူ၊ စာသင်သူ ပုဏ္ဏား။
* အစလေး၊ ကိုယ်ရေး ကျန်ဆယ်ပုံဖြင့်၊ ခရီးကြို-မှာတင်ခွန်းတဲ့၊ ပြန်ညွှန်း ဖြေတော်ချက်ကယ်၊ လေးနက်စကား။

---

## ၁၂၇-ဆေးသမားအင်္ဂါ ၂-ပါး၊ သမားကောင်းလက္ခဏာ အကြောင်း ၃-ပါး၊ ၄-ဆစ်သဖြန်

* ဆေးကျင်ကျွမ်း၊ ဆေးကျမ်းတတ်အင်နှစ်ဖြာ။
* ဆည်းကပ်ကယ် ဘန့်ဘန့်နှင့်၊ ဆရာထံ မျက်မှောက်ကျွမ်းတဲ့၊ ဆေးကျမ်းကို ယူဆောင်လို့၊ မှုကုန်အောင်ပြုသူများကိုမှ၊ သမားလူ လွှန်မှတ်စေဟု၊ ပညတ်ချက်လာ။
* ဆင်ခြင်ရန် အနာရှေး၊ ဆေးနောက်ထပ်ပြီမှသာ၊ ပညာကိုရွှေသွား။
* ဆေးကုရန်၊ အကြောင်းခံ သုံးမည်ဟု၊ ထိုးစန်ရှည်တည်မရွှေအောင်၊ မုန္နေ့မှန် တိမ်ယဉ်မှုံးငယ်၊ ကြူးမိန့်ရကား။

(သာရကောမုဒိဆေးကျမ်း ပဋ္ဌမတွဲ)

---

## ၁၂၈-အနာကိုဆင်ခြင်ရန် ၃-ပါး၊ ၄-ဆစ်သဖြန်

* အနာကိုဆင်ခြင်မှု၊ ကြည့်ရှုနှင့် စမ်းသပ်ပါ။
* မေးမြန်း သာကြည်တဲ့၊ ဤသုံးမည် မှန်သဘော၊ ဟောခဲ့သေချာ။
* ကြည့်ရှုရန် မှန်သရုပ်မှာ၊ မုတ္တနှင့်မြတ်ဇီဝှါ၊ မှတ်ပါတော့အမြဲ။

* သွေးကြောစုံ၊ စမ်းသပ်ပုံ ဝေဘန်လို့၊ မေးမြန်းရန် ဆိုစကားမှာ၊ ထင်ရှားလေပြီသို့ကြောင့်၊ ထူးလို့မခွဲ။
(သာရကောမုဒိ ပဋ္ဌမတွဲ)

---

## ၁၂၉-ကြင်ငယ်ကြည့်ပုံ ၄-ဆစ်သဖြန်

* ကြင်အရှုမှာဖြင့်၊ မြင်လိုသူ့ကြင်ငယ်။
* တပေါက်ဆီ-နှောက်လီနှောက၊ ဝါယော ပျက်လျှင်နှံ့တယ်၊ ပွါးပြန့်လိမ့်မည်။
* သည်းခြေပျက်မှာလ၊ ဆူပွက်တဲ့ ဆီသဘွယ်၊ အလုံးငယ် အဖူး။
* သလိပ်ချွဲမှာလ၊ ခဲအစုထွေလို့ပုံ၊ သုံးပါးစုံ အကုန်ပျက်လျှင်ဖြင့်၊ ဆီစက်ကယ်နှစ့်လို့ သွားလိမ့်မယ်၊ လားမှပေါ်ဘူး။
(သာရကောမုဒိပဋ္ဌမတွဲ)

---

## ၁၃၀-ငှင်းကြည့်ပုံ ၄-ဆစ်သဖြန်

* လေပျက်က-ဖြူစေ။
* အမြုပ်ထရင်လ၊ သေမှပျက်ပြီတဲ့၊ ထိုယင်းဆီနီလို့ထွေးက၊ မှတ်ရေး သည်းခြေပျက်သည်ဟု၊ ညွှန်းမြွက်ပုံသေ။
* နှစ်ပါးပျက်ရင်လ၊ နှစ်ချက်ကယ် အရောင်နှောသည်ဟု သဘောကျမှတ်စိမ့်စေ၊ ကြင်ရေငယ်ဆီထည့်။
* ယင်းရှုပုံ၊ အလုံးစုံယူစာလို့၊ သူနာကိုဘယ်အနေဟု၊ ဖယ်မသွေ အမှန်သိအောင်၊ ပဏ္ဍိတပိန္ဒာတို့၊ ကြိုးပါထိုက်၏။
(သာရကောမုဒိပဋ္ဌမတွဲ)

## ၁၃၁-လျှာကြည့်ပုံ ၄-ဆစ်သဖြန်

* လျှာကြည့်ခန်းမှာ၊ နီမြန်းလို့ရည်ကြည်။
* သည်းခြေပျက်သည်ဟု၊ မှတ်ပုံ သွေမထူးပြီဘူး၊ အဖူးမှာလေအခင်း-ယွင်းပျက်ဘိသည်။
* အဖြူရောင်အရည်ခွဲလျှင်၊ ပျက်မြဲသလေမှု၊ ငန်းရောက်ကမည်းလိမ့်မည်၊ စဉ်ရှုသည်ပမှတ်စွဲ။
* သန္နိပါတ်၊ ခြောက်ထပ်စွာဘိဟူ၊ ရောန္နောမူရောယူသိလေဟု၊ ကပိဆရာခံတို့၊ လျှာဟန်ကို စာညက်ညှိချေမှု၊ တွေးမိစမြဲ။

(သာရကောမုဒိ ပဌမတွဲ)

---

## ၁၃၂-ချောင်းဆိုးဆေးနည်း ၄-ဆစ်သဖြန်

* မန်ကျည်းရွက် ကြိုအရည်။
* ရှစ်မူး-ချိန်သဘောတွင်၊သိန္ဓောမှန် တံမူးကို၊ဖြူးစွက်ရမည်။
* ငါးရွေးချိန် ရှိန်းခိုလှော်လို့၊ သုံးသောက်လျှင်ကြာသံမျှ၊ ကာသအနာအမျိုးကိုဖြင့်၊ ချီးဖြတ်လှင့်-ဖျောက်လို့နှည်၊ ဆံခြည်မျှမကြွင်း။
* လေနီကျန်း မွှေ့ရန်းခိုင်ညှာပွတ်နှင့်၊ ခက်ညွတ်အောင်ကြွေလုနီးတဲ့၊ သစ်သီးတွေ ညှာကုန်လွှတ်သည့်နှယ်၊ ယိမ်းချွတ်မယွင်း။

(သာရကောမုဒိ ဒုတိယတွဲ)

---

## ၁၃၃-သွေးစုနာဆေးနည်း ၄-ဆစ်သဖြန်

* ပြိန္နဝါပွင့်ဖြူမြစ်နှင့်၊ ခတက်မြစ်တကျပ်စီ။
* သည်နှစ်ပါးကို၊ ညက်ထွားအောင် ကြိတ်စေသော လို့ ဟောခဲ့မှန်ပြီ၊
* ကျပ်ဆဲ့သုံး၊ ရေလုံးကုန်ဆေးပါရောလို့၊ နှောမွှေ နှောက် ဖျော်အညီ၊ ဒေါ်လီပိုလသေး။
* လေးတဘိုး၊ဆေးတန်ခိုးနိုသင်မှာ၊ သောက်ရလျှင် ပြည်မရောက်ပြီဘု၊သွေးစုနာပိန်ကာချောက်အောင်၊ ကင်းပျောက်တဲ့ဆေး။

(သာရဏကာမုဒိ ဒုတိယတွဲ)

---

## ၁၃၄-နူနာဆေးနည်း ၄-ဆစ်သဖြန်

* ခတက်ခေါက်နေဇာ။
* ချင်းနနွင်း၊ ကြိုင်သင်းမန်လာဥနှင့်၊ ရောရှုခါကြပ် အခိုး၊ တိုးလျော့မသာ။
* ကောင်းငြုတ် ကန့်ချုပ်မြစ်-မရိုးမှာ၊ အစေးသာယူ လှည့်။
* ရှားစောင်းစေး ချိန်လေးတူစွာနှင့်၊ နူနာကို၊ ယူခါ လိမ်းရင်ဖြင့်၊ ပျောက်ငြိမ်းမည်တညီချိန်တော့၊ ဝဋ် ရိန်စက်တန်ခိုးကို၊ ချိုးဖျက်နိုင်၏။

(သာရကောမုဒိ စတုတ္ထတွဲ)

---

## ၁၃၅-ကုမာရိကာ မျက်စဉ်းဆေးနည်း ၄-ဆစ်သဖြန်

* နှမ်းအပွင့်ရှစ်ဆယ်။
* ပိတ်ချင်း-သီးဆန်က၊ ခြောက်ဆယ်မှန်ရေခါတွက် လို့၊ သွင်းစွက်ရမယ်။

* ဆဲ့ခြောက်ရေဖြုပ်ကောင်း၊ ပုံ့လှောင်း ကြိုင်လှိုင် မွှေးတဲ့၊ မုလေးပွင့်-ပွင့်ငါးဆယ်-ကျိတ်နယ်တဲ့ ဈေးကို စဉ်း။
* ခတ်ရလျှင်၊ မျက်စိလွန်ကြည်လင်လို့၊ သူငယ့်သွင် အင်မယုတ်ပြီဘု၊ ရှယ်လွန်သူ အပ်လျှိုလုပ်စေဘို့၊ နည်းချုပ်အကျဉ်း။

(သာရကောမုဒိ ဆဋ္ဌမတွဲ။)

---

## ၁၃၆-ရသာယနဆေးနည်း ၄-ဆစ်သဖြန်

* ဝ သာ ခဟ သိ ဝ ဂိ။
* သိန္ဓော့ဆား၊ သကြားချင်းပိတ်ချင်းနှင့်၊ ကြိုင်သင်း ပျားတင်လဲ-မြပစဉ်စီ။
* ခြောက်ရတုမှာဖြင့်၊ လှောက်ကြဇုမှန်အညီ၊ ဘန့်လီ လို့မှီဝဲ။
* ထိုသူ၊ အိုအမူဘယ်အခါမှ၊ မတွယ်လာရှယ်ပျို မြစ်သည့်ပြင်၊စင်စစ်ကယ် မှန်တကယ်ပ၊အန္တရာယ် နာခပ်သိမ်းငယ်၊ငြိမ်းရစမြဲ။

(သာရကောမုဒိ သတ္တမတွဲ)

---

## ၁၃၇-တိထိမြေခံ ၄-ဆစ်သဖြန်

* ရှစ်ပြိုဟ်စုနှင့်၊ ကိတ်မိတ္တုဆယ်တန်။
* သောမကိတ်မှာလ၊ ကောင်းဟိတ်ကယ်မှန်သဘော၊ ဟောပကြန်။
* ပါပစု၊ မိတ္တုနှင့်လိုသူ့နံ၊ မြေခံကမကောင်း။

* ဆန်းဆဲ့ငါး၊ ဆုတ်ပြေးလျှင်ဝိသာညီပ၊ လိုတိထိ နုတ်အကြွင်းကို၊ ဆယ်ခွင်းပြန် ကျန်နှင့်ရေးလေတော့၊ ရှေးကမူဟောင်း။

### ၁၃၈-လူမိုက် ၁၀-မျိုး ၄-ဆစ်သဖြန်

* မှိုဆန်းစား၊ မေးမှားမျိုးအနွယ်။
* သစ်ခုတ်ကယ်ဝံကူနှင့်၊ မီးရှာသူသမင်ရောင်း၊ပေါင်းလှို့ရေဆယ်။
* ပုန်းစလုတ်၊ ပဲပြုတ်နှင့်ကြောက်စဘွယ်၊ ဆေးနှစ်သွယ်စပ်နှော။
* ဟူထိုက်စွာ၊ လူမိုက်ကယ်ဤဆယ်ဖြာတဲ့၊ ထွီဘွယ်သာ ပိပိဆိုးငယ်၊ မုန်းဘွဲ့သဘော။

(ကန်တော်မင်းကျောင်း)

### ၁၃၉-ဇယ်ကစားနည်း ၄-ဆစ်သဖြန်

* ဝနည်းသုံးစီ။
* ဝနည်းကို၊ ကမစဉ်မမှားအောင်၊ ထားပတူညီ။
* ကော်အစ၊ နဝတိုင်မှတ်လှို့လီ၊ ညီစေစိမ့်ဂဏန်း။
* ထက်လယ်အောက်ကယ်လို့၊တွေးထောက်ခါဉာဏ်ကွန့်မြူးလေတော့၊ ထူးတဲ့ဇယ်မှန်း။

### ၁၄၀-ကုန်ဘက်အမြတ်ဝေ ၄-ဆစ်သဖြန်

* အမြတ်ကိုတည်ပါ။
* ရင်းအနှီးငယ်နှင့်၊ အသီးကိုယ်စီသာ- ပွါးပစဉ်ကာ။

* အရင်းပေါင်းနှင့်၊ ၎င်းကိုစားတို့ပါ၊ ရလဒ်မှာထိုသူ့၊ တွက်အတာ၊ လူသချာဘယ့်လောက်များစေတော့၊ အပွားကိုယ်စီထွေးစေနှင့်၊ ပေးပအစု။

---

## ၁၄၁-အာယုဝစုဏဆေးနည်း ၄-ဆစ်သဖြန်

* သုတ-က တဆယ်။
* ပုစိမံစွဲတစနှင့်၊ စိဥ္ဇဖလာနှစ်ကို၊ ကျပ်စစ်မှန်-ရာစီရောလို့၊ နှောကြိတ်ရတယ်။
* ခိုင်လှစွာလုံဝယ်သွင်းလို့၊ ထိုယင်းကို ဇော်ဂျီကြပ်အောင်၊ သုံးထပ်ကျ မံခြယ်လယ်၊ လေဖိုဝယ်တည်ပ၊
* ကျွမ်းစေရန်၊ တောထုတ်မှန် လှည်းတင်ထင်းနှင့်၊ မီးပြင်းစွာဘုတ်စရှုံးလျှင်၊ ထုံးသို့ပြာကျ။

---

## ၁၄၂-၎င်းဆေးနည်းအကျိုး ၄-ဆစ်သဖြန်

* ပြာအသုံး၊ မှတ်ထုံးတွင်ရစ်စေ။
* ပျားရည်သစ်ဗိဿာမှာ၊ ယင်းသည်ပြာလေးလီပဲနှင့်၊ ဖျော်နှံ့ဒေါ်လီနှော၊ ရောနှောက်လို့မွှေ။
* နေ့တပတ်မှာ၊ တကျပ်ကြသုံးပါလေ၊ ကိုယ်သားရေဆူဖြိုး။
* ဌနဝါ- ဆအရာပျောက်ရှိက-မတို့၊ ငယ်ကအမူဟာနှင့်၊ သက်တရာကျော်စေခြားပြီဘူး့၊ များတဲ့အကျိုး။

---

## ၁၄၃-ပဗ္ဗငါးပါး ၄-ဆစ်သဖြန်

* အဌမီစုဒ္ဒနှင့်၊ ပုဏ္ဏာဖွာဂီ။
* ရဝိသက်နိတဲ့၊ ငါးတန်ကိုပဗ္ဗငါးငယ်လို့၊ ခြားခဲ့ပီပီ

* သားငါးစုံတိတေလကို၊ ယင်းပဗ္ဗငါးလီမှာ၊ မသီပါစေနှင့်သြ။
* မရှောင်ကြလျှင်ဖြင့်၊ မိဋ္ဌကိုစားသည့်သွင်၊ သေပြန်လျှင်ပါယ်နရက်သို့၊ ဆက်ဆက်ရောက်ရသေးသည်ဟု၊ ရှေးရသေ့ဟော။

---

## ၁၄၄-မြေနှင့်မိကျောင်း ၄-ဆစ်

* အတိသံသု၊ သကုသ္ဗာန၊ သိင်္ဂါလ၊ ဝါနရ ခြောက်ဝိညာည်။
* အမှိုက်ရေနက်၊ ကောင်းကင်တက်၊ ပြွတ်ချက်စအို ရှည်။
* သုသာန်ဝန၊ ယင်းခြောက်ဝ၊ ဂေါစရခြောက်အစည်။
* သတ္တဝါသ၊ ကြီးခြောက်စ၊ မေဒဟာထုံးကိုဖျည်။

---

## ၁၄၅-ဘုရားလောင်းမဖြစ်သည်အရပ် ၄-ဆစ်

* ကန်း၊ ပင်း၊ အ၊ ဆွံ့၊ ရူး၊ ကျွန်၊ ရိုင်း၊ ပြန်၊ မန်း၊ ပဏ်၊ ငုံး၊ နူ၊ ပြိတ်၊ သူ၊ စက်၊ သတ်၊ ဝိ၊ လော၊ အဋ္ဌာရည်၊ မှတ်ရန်အလွန်ကောင်း။
* မန်းပဏ်၊ သူစက်၊ လေးချက်နှိုက်မှာ၊ မာရ်ပဥ္စာ၊ မိစ္ဆာစက်မပြောင်း။
* လွှဲ၍သွင်းက၊ ဋ္ဌာရသ၊ ကျမ်းပြ နည်းတကြောင်း၊
* ဘုရားလောင်း၌၊ ဆွဲ့ရှစ်လီ၊ ဝီဝီမဖြစ်ရှောင်း။

(ရှေးအမှတ်ဟောင်း။)

---

## ၁၄၆-ဇာင်းအရပ်၁၈ သုတ္တနိပါတ် အဋ္ဌကထာ ၄-ဆစ်

* ကန်း၊ ပင်း၊ ရိ၊ ဆွံ့၊ ရူး၊ ရိုင်း၊ ကျွန်၊ ဒိဋ္ဌိ၊ ပန်၊ သတ်၊ ငုံး၊ နူ။
* စက်၊ သုတ်၊ ပါယ်၊ မာန်၊ ဖြိတ်နှင့်ပြန်၊ အမှန် ဆွဲ့ရှစ်ယူ။
* ယင်းအဋ္ဌာရသ်၊ ဗောဓိသတ်၊ လွတ်လွတ် ကင်း တော်မူ။
* နိပါတသုတ်၊ ပါဠိဂုတ်၊ ဘွင့်ထုတ်ကျမ်းထွက်ဟူ။

(သုတ္တနိပါတ်အဋ္ဌအထာထွက် စွယ်စုံကျော်ထင် အဖြေ မျက်နှာ ၂၁၈-တွင်လည်းရှိသည်။ ။စွယ်စုံကျော်ထင်၊ အဖြေတွင် မြွက်ချင်ထိုနည်းတူ။)

---

## ၁၄၇-သီလအကျိုးငါးပါး ၄-ဆစ်သဖြန်

* ပေါကြွယ်ဝဥစ္စာ။
* ကောင်းသတင်း၊ ခပင်း မြေပြင်နှံ့အောင်၊ မွှေးပျံ့ ကြေညာ။
* လေးရှစ်မည်သချ်ာမှတ်တဲ့၊ ပရိသာတ် ပေါင်သို့သာ၊ ရဲရင့်စွာဝင်ရ။
* မတွေဝေ၊စုတိခန္ဓာကြွေလို့၊ သေလေလျှင်· နတ်ပြည် ခြောက်မှာ၊ ထုတ်ခြောက်ကယ် စံမလွဲရအောင်၊ မြဲပသီလ။

---

## ၁၄၈-သရဂုံအကျိုး၄-ဆစ်သဖြန်

* အရပ်တိုင်းပူဇော်။
* တိက္ခဉာဏ်. ရွှေအဆင်းနှင့်၊. ခပင်းကြွယ် ပစ္စည်း၊ ပြည်းမျှတင့်တော်။
* နတ်တကာ လိုရာလိုက်သည့်ပြင်၊ သောင်းပြင်တိုက် ဇမ္ဗူပေါ်၊ လူကသော်မြတ်နိုး။
* ဆွဲမပျက်နှင့်၊ တိုင်းထက်ကယ် ခြံရံစုံလိမ့်၊ သရဂုံ ဆောက်တည်ရသူတို့၊များလှအကျိုး။

## ၁၄၉-မုလေးအကျိုး၄-ဆစ်သဖြန်

* သွေးသလိပ်သည်းခြေ။
* ပိုးအနူပေါက်နာဆေးတွင်ဖြင့်၊ မုလေးအမြတ်သော့ လို့၊ ဟောခဲ့ပုံသေ။
* မုလေးငုံထုံရည်ခတ်ရလျှင်၊ ကျိန်းပူစပ် မျက်စိဝေ၊ နာစေတော့ဇောက်ထိုး။
* ပျောက်ကင်းစင်၊ မန်ယခင်ဟိုရခေါ်က၊ မင်းညီ နောင်သမ္ဘဝကို၊ ယက္ခမယ် ကုတဲ့ဆေးလို၊ ပေးလိမ့် အကျိုး။

## ၁၅၀-ဆယ့်နှစ်ရာသီအကြောင်း၄-ဆစ်သဖြန်

* ပန်းကုံကော်ရွှေစကား၊ ငွေသားနုစပယ်မှန်။
* မုလေးခတ္တာနှင့်၊ရွှေရင်းမာကြာခဲ၊ဘွဲ့စနှင်းလျှံ။
* သဇင်ကျန်၊ ဒွါကန်နှင့်ပေါက်လဲ။
* ပွင့်ဝတ်ရွှေဘီမင်း သင်းထုံနံ့ကဲ။

၁၅၁-ပေးခြင်းတဆယ့်ကိုးပါးအကြောင်း ၄-ဆစ်သဖြန်

* သဒ္ဒါ၊ ချစ်တေးကြောက်ဗျတ္တာ၊
* မိုက်ကြွန်း၊ ဇရညကေကာမာ၊ ငါးဖြာတဲ့ဒိန္နာ။
* တဆဲ့ကိုး၊ ပေးမျိုးစု အကျယ်မှာ၊ တိလောကာ တုလျ။
* အဦးချီ၊ တိဂမ္ဘိမနုကျမ်းတွင်၊ စုံစမ်းဘွေရှာလို၊ သေချာအောင် ယူလေမြွက်ခဲ့တယ်၊ခဲခက်နိုင်မျှ။

၁၅၂-အမျက်ငြိမ်းရန်ငါးနှစ်တန်အကြောင်း ၄-ဆစ်သဖြန်

* မျက်ဒေါသဟူသည်။
* လူမုန်း ရန်ပိုမိုလို့၊ နှလုံး ကြည်မပွါးနှင့်၊ ပြစ်များ ပါယ်ဘုံကျသည်၊ ငါးဝတတည်။
* ထိုငါးအင် စအဆုံးနှင့်၊သေတုံး တွေဝေရသည့်ပြင်၊ နောင်တ ပူပန်ငြိမ်း၊ကျန်းတန်းတဲ့ ဤငါးမည်၊ကြည် စေဘို့ တပါး။
* မျက်ငြိမ်းရန်၊ ငါးနှစ်တန် သည်အချက်ကယ်နှင့်၊ အမျက်မြန်မြန်ငြိမ်းအောင်၊ ထိန်းတဲ့တရား။

၁၅၃-အကြောင်းကြောင့် အကျိုးပျက်စကား အကြောင်း ၄-ဆစ်သဖြန်

* ပြင်းသူမှာ မှန်အချက်ကယ်၊ ကံပျက်၏ ဟူပါ။
* ဒလိဒ္ဒမှာဖြင့်၊ တဆိတ်မျှ ပညာဟုတ်နိုင်ဘု၊ ခွန်း နှုတ်ကယ် ချိုလွန်းလျှင်၊ နွမ်းလိမ့် မျက်နှာ။

* အစားကြူးရင်ဖြင့်၊ များအထူး နွယ်ဝံသာ၊ပျက်ရာ၏ မခွေး။

* ကြောင်း ၄-တန်၊ အကျိုးမှန် ၄-လီပျက်သည်ဟု၊ နှစ်သက်သူ မှတ်စေသောငယ်လို့၊ ဟောဘိ လသေး။

---

## ၁၅၄-ချောင်းဆိုးဆေးနည်းအကြောင်း ၄-ဆစ်သဖြန်

* သစ်ဆိမ့်သီးအဆန်။

* လိုရှိတိုင်းကို၊ တင့်နှိုင်းဂေါမိဋ္ဌယ်နှင့်၊ တကွ မှန်သမှု၊ ရုံးစုလိုမံ။

* ဂေါမျဋ္ဌိမှာလ၊ ကျွမ်းလီဘွယ် ကျက်စေလတ်မှ၊ ထောပတ်နှင့် ကျိတ်နှော၍ပြန်၊ အင်တန်ရုံမှိဝဲ။

* နှုတ်ခံတွင်း သွတ်သွင်းလိုက်ရုံအနေနှင့်၊အထွေထွေ နာကာသဟာဖြင့်၊ မုချမှန်သွေ မဘောက်ပြီဘု၊ ကင်းပျောက်စမြဲ။

(သာရကောမုဒိ ဒုတိယတွဲ)

---

## ၁၅၅-ဝန်ရှင်တော် ကင်းဝန်မင်းကြီး၊ သပြေ ၅-ရွာစား စာရေးတော်ကြီးအဖြစ်က စလင်းဝန်မင်း ဦးဘိုးဆိုင်း ဇောတိက သူဌေးစာရေးကြီး ၃-ဦးသားတို့ကို ရေးပေးသည့် ၄-ဆစ်သဖြန်

* ထက်အတီးက၊ မြက်မီးရှူးမြော်ရုံ။

* ဝါသုကီနာဘီစက်မို့၊ အို့ပျက်ခါ မြိုက်တဖွဲသာပ၊ စိုက်ကြဲရန် တပြင်ဖွေးအောင်၊ ဆင်သေးချိန်ခါ

မဟုတ်ဘဲနှင့်၊ ဈေးတာသွန် ရေဖွန်ကြဲတယ်၊ သဲတဲ့ အမွှုံ။

* မုရွာဟန့်ပုံကို ထောက်ရင်ဖြင့်၊ နောက်စဖို သည့် ပင်ပန်းတဲ့၊ ရွာတမ်းလ အမှန်ဆုံ၊ ကန့်ကြိုက ပိုချည့်။
* သည်တော့ခါ၊ မြန်နန်းထွေတော်သာတဲ့၊ စကြာပျို့ ယဥ်မွန်ငြိမ်နှင့်၊ သုဘာကိဏ် ဘုံသာက၊ ဖြဟ္မာကို မဟာဘိတ်ရအောင်၊ ကွက်စိတ်ကယ် ကွန်ပုံနှင့်၊ ဆွေပဇ္ဈုန်မှုံအမဲငယ်၊ သဲလိမ့်ထင်၏။

## ၁၅၆-ဧင်းက၊ ဧင်းတို့ကိုရေးပေးသည့် ၄-ဆစ်သဖြန်

* မိုဃ်းသရက်ကယ်နှင့်၊ အိုးကြွက်၏သို့ပုံ။
* အလျှာဝါး၊ စကားနာဘွယ်နှင့်၊ လာမယ်နေ့ မှာသည်ရက်က၊ ခုထက်တိုင် မြော်မိမောတယ်၊ ဇောသစ်သစ်ကြို။
* မလာအားရင်ဖြင့်၊ စကားထွေသံငြိမ့်ကို၊ ကြားရ လိမ့် အာရုံ၊ မကုန်လှည့်နိုင်ရကား၊
* ခွန်းနှစ်မြွာ၊ တလျှာတွင်မဖြစ် ကောင်းချေဟု၊ ချစ် ဟောင်းဆွေ နှစ်မိတ်ကယ်က၊ ရေဆိပ်နယ် ပုဏ္ဏား ခြိမ့်၊ စုံနယ်သံညီအောင်ဆင်တဲ့၊ ဂနိုင်ရှင်ဉာဏ်ညွန့်ခူး ကို၊ နှုးလိမ့်မယ်ထင်လှသောကြောင့်၊ တေး၏နှစ်နား။

## ၁၅၇-နဂါးတို့ဇာတ်ရင်းမစွန့်အပ်သော အကြောင်း ၄-ဆစ်သဖြန်

* မျိုးဇာတ်တူနိသေဝ၊ ဝိသဋ္ဌနိဒ္ဒါ။
* အရေလဲ့၊ ယူစွဲသန္ဓေတွင်းငယ်၊ ကင်းပျက်ခန္ဓာ။

* ယင်းငါးဖြာ၊ နဂါးမှာကြိုက၊
* မှန်မယွင်းဇာတ်ရင်းငယ်ပေါ်စမြဲ၊ စွဲမှတ်ပါကြ။
(ဝိနည်းမဟာဝါပါဠိတော်နာဂဝတ္ထုရင်းအဋ္ဌကထာ။)

---

## ၁၅၈-သာဓုနရတရား လေးပါးအကြောင်း ၄-ဆစ်သဖြန်

* လက်မွန်ဖျား၊ သွားသူတို့ စဉ်တခေ။
* လိုက်ရမည်မှန်မပျက်စေနှင့်၊ စွတ်လက်ဝယ် ခြောက်ပူသွေ့ကို ကွင်း၍ရှောင်လေ။
* ရံတဆစ်မျှ၊ မိတ်စစ်ကိုသက်သေသေ၊ ဖျက်ပေရချိဘု။
* အသတီ၊ မနသီဖြူဆံ၊ သူ့နိုင်ငံကိုလိုက်မမှားက၊ တရားကိုယ်မည်နုရငယ်၊ လေးဝသာခုံ။
(ဝိဓူရဇာတ်။)

---

## ၁၅၉—ရမည်းသင်းသား တောင်ငူသားတို့မကောင်းပုံ အကြောင်း ၄-ဆစ်သဖြန်

* ကြိုတိုင်းပ နိဗ္ဗန်။
* တော့ကြွင်နှမ်းမှာဖြင့်၊ ကြော့ကျန်းမာန်ဘီလို့၊ ဂန္ထိမယ် သမင်လုပ်ပေတဲ့၊ တောအုပ်မြိုင်စိန်။
* လူနေကို၊ မူလေရှုရင်ကောင့်၊ ဆူပွေမှုန့်တ်မငြိမ်၊ ရှုတ်အလိမ်ယှက်ထွေး။
* အရေးနှင့်ရောက်လာရ၊ လေးငါးခြောက် နံသင့်မြေမှာ၊ ကန်နှင့်မေ ကြာအစုံက၊ သာပုံမှာခေါင်မူမို့၊ တောင်ငူကိုနှောင်တူဘောငယ်၊ စောမိရှာသေး။

---

## ၁၆၀-ရမည်းသင်းမြို့ ကြေးနီကန်ဘွဲ့ ၄-ဆစ်သဖြန်

* နဝင်းနှင့်စမ့်။
* လှိုင်းဂယက်ကယ်က၊ တိုင်းတက်ကယ် မြည်တွန်လို့၊ ကြည်သွန်ဟန် စံတပြေးပေပ၊ ကန်ကြေးနီ ကိုယ်ကသက်ကြတယ်၊ ဝဲဘက်ယာစုံ။
* ဟန်အမူ၊စံတူထုတ်ရရင်၊လေးသမုဒ်ကျယ်အကုန်၊ နယ်စုံနှင့်တပြေး။
* ၄က်မျိုးတုံ၊ လက်ချိုးက၁ ရေမကုန်ဘွဲ့၊ ရွှေပဒုံ ပုဏ္ဏာရိက်ကယ်နှင့်၊ ဂုဏ်ဟိတ်မှန် လံတရာတဲ့၊ ညံဆို ဒါ ပျော်စထင့်ပါဘိ၊ ပြားပြင့်ပကေး။

---

## ၁၆၁-ချေးနံ့ပျောက်သည့်အကြောင်း ၄-ဆစ်သဖြန်

* ကုံကော်ပွင့်ဝတ်ဆံ။
* ဒေါက်ရပ်သင်း၊ ပန်းရင်းကုက္ကိုခေါက်ကို၊ နှော နှောက်လို့ဘန်။
* လေးအမျ၊ ရွေးဆရာ့ဗျာမိန့်သံ၊ စိမံလို့သုတ်လူး။
* ကိုယ်နံ့မှု၊ ချိပ္ပံကြိုင်လှိုင်ကြူလို့၊လေယူရာနယ်မခန့် အောင်၊ သင်းကြိုင်နံ့မြူး။

(သာရကောမုဒိ တတိယတွဲ)

---

## ၁၆၂-ကျောက်သတ်ဆေးနည်း အကြောင်း ၄-ဆစ်သဖြန်

* ပန်းဥကြဇ၊ အမှုန့်ပြု၊ မဇုနှင့်လျက်ထ။
* နှုတ်လည်ချောင်းတွင်၊ ကျောက်နာဝင်၊ လျင်လျင် ပျောက်နေကျ။

* ဆေးရွှေရည်၊ သုံးမည်ရအသီး။
* သနတ်ခေါက်ကယ်နှင့်၊ ကျောက်ရောဂါ၊ စဉ်းကိုခတ်က၊ မျက်စိမှာကျောက်နာကပ်ရင်၊ ကင်းပြတ်အပြီး။
(သာရကောမုဒိ ပဋ္ဌမတွဲ)

---

## ၁၆၃-ကွပ်ရှာမင်းကြီးကတော် နုတ်လွှတ်ဆိုသည့် ဗားဘွဲ့အလိုက် ၄-ဆစ်သဖြန်

* မြော်လင့်တုန်း၊ ကျော့ဆုံးလာလိမ့်မည်။
* မြရေလျှံ ဗေ့အမွှုကာ၊ မဏ္ဍုဆွေ နှုတ်ချိုခွန်းနှင့်-ညွှန်းပြန်ဘိသည်။
* ဘန်ရေရေ မှန်ပေခဲ့ရင်ဖြင့်၊ ထုံကြည်လဲ့ ကြာဝတ်ရည်၊ ယူမည်လို့ စောင့်စား။
* မရဘူးသော်လဲ၊ လျှံမြူးစိန်စီတဲ့၊ နာရနီ စံရွှေခွက်နှင့်၊ ကြာယက် အိုင်ပြည့်သွန်းပမယ်၊ ညွှန်းပနှစ်နား။

---

# ၂-ချိုးသံထောက်များ

## ၁၆၄-အလောင်းတော်ရှုံးငါးဇာတ် ၂-ချိုးသံထောက်

* ခန္တီဝါ၊ ခရွာခါမင်းထိုး။
* ကပိစူမဟာနန်နှင့်၊ စူဠဓမ် သည်ဇာတ်ပေါင်းမှာ၊ လောင်းတော်ကရှုံး။ (အဋ္ဌကထာ)

---

## ၁၆၅-မသတ်အပ်သူ ၇-အကြောင်း ၂-ချိုးသံထောက်

* မာပီညာ၊ ဆရာသူရှူး။
* မင်းကျိုးဆောင်၊ မတ်ခေါင်ထေရ်သဃ်ာနှင့်၊ ပညာဝါ ဤခုနစ်ကိုဖြင့်၊ အပြစ်ပင်အလွန်များသော်လဲ၊ ဆိုး ပါးအောင်ဗိညာဉ်သက်ကို၊ ခွင်းဖျက်သင့်ဘူး။
(ပညာကျော်လျှောက်ထုံး)

---

## ၁၆၆-ယက္ခ ၉-ပါး ယက္ခသေနာပတိ ၂၈-ပါး ၂-စု၃၇-ပါး အကြောင်း ၂-ချိုးသံထောက်

* ဍန္တာဒိကိုးဖြာမှာ၊ မြတ်မဟာယက္ခ။
* စိတ်သေဂုဠ်ဝဒီချင်းလို့၊ ကြွင်းဌာဝီနတ်စစ်မှူးကို၊ ထူးမှတ်ပါကြ။

---

## ၁၆၇-ရွှေအဆင်း ၂-ချိုးသံထောက်

* ဥဒေါင်းယေလူ၊ မြိုင်ငုပျော်သမင်မွန်နှင့်၊ ဗုဒ္ဓန် လိပ်ငါး။
* ဟသ်ာနှင့်သော်၊ မျိုးဇာတ်ကယ်ခုနစ်ဘော်တို့၊ လွန် ကျော်သူရွှေလျှံလက်သည်ဟု၊ ကျမ်းထွက်စကား။
(မဟာဟံသဇာတ်)

---

## ၁၆၈-ပဋ္ဌာဝုမင်းသားဆောင်သောလက်နက် ၅-ပါး ၂-ချိုးသံထောက်

* လှံကုဏ္ဍာ၊ ကလာသံချောင်း။
* ဆောက်ပုတ်ကယ် ဒဏ္ဍာသိ ဟု၊ သမ္ဘာရှိန့် ဂုဏ်လျှံ တွဲ့၊ပြည်တော်ပြန် ပဋ္ဌာဝုမှာ၊ ငါးခုပါကြောင်း။

(ပဋ္ဌာဝုဇာတ်)

---

## ၁၆၉-ထမင်းအစအလယ်အဆုံးနှိုက် ရေသောက်ခြင်း၏ အကျိုး ၂-ချိုးသံထောက်

* အစာဝယ်၊ စ လယ် အဆုံး။
* သည်းခြေပွား၊ခွန်အားပို အစာကျေဟု၊အစာရေစဉ် ကမငယ်၊ ကျိုးဖလသုံး။ (အာယုဗေဒဆေးကျမ်း)

---

## ၁၇၀-သွားနာဆေးနည်း ၂-ချိုးသံထောက်

* သိန်တဆောင်၊ မိန့်ညောင်ဝယ်တပည့်ကြီး၏၊ အမြီး မပါစေရ၊ အရေတပါး။
* ဆေးဒုတ္တာ၊ နှစ်ဖြာဖုတ်စရိုးလို့၊ စနိုးတင်ပိုမအေး လေနှင့်၊ ထိုဆေး သွားနာရသူတို့၊ သုံးပမှား။

---

## ၁၇၁-လက္ခဏာတော်ကြီး ၃၂-ပါးရသူ ၂-ချိုးသံထောက်

* ပဒုမ္မုတ်ချစ်ရှင်၊ ရင်သွေးတော်ရေဝတ၊ ယင်းမှ ထို့ပြင်၊ တို့ချစ်ရှင်ရွှေရင်တော်နှစ်ရင်း။
* ရာဟုထေရ် နှစ်ဖြာတို့၊ ဗတ္တိ သာ ချက်ကုံရတယ်၊ ကျမ်းပြထင်လင်း။

(ဥပရေဝတသာမဏေမှာ ကောဂ္ဂတ္တရအဋ္ဌကထာ,ရာဟုလာမှာ မဇ္ဈိမပဏ္ဏာသ မဟာရာဟုလောဝါဒသုတ် အဋ္ဌကထာ)

---

## ၁၇၂-အနာရင်ဆေးနည်းဒွေးချိုး

* ဆိုးအိုးပင်၊ တောက်ပဉ္စင်ဇာလေး။

* လူသရမ်း၊ လူသွမ်းတာတေလံတို့၊ ဗျာဝေလျှံအနာမျိုးကိုဖြင့်၊ အခိုးရှုခါ သောက်လျှင်၊ ကင်းပျောက်သည့်ဆေး။

---

## ၁၇၃-ရွှေရောင်ရသူအကြောင်း ဒွေးချိုး

* လူဟံသာ၊ မိဂါနှင့်လိပ်ငါး၊.

* ဥဒေါင်းဗုံ့ငှန်တို့၊ ရွှေသုဝဏ် ကိုယ်ရောင်ရသတဲ့၊ ကျမ်းပြစကား။

---

# သံပေါက်များ

## ၁၇၄-ဝဂ္ဂတွက်နည်းသံပေါက်

* ပ-ဂ-ယ-ဋ-က-စ-တ၊ သရရှစ်လီမှီး။
* စဉ်သင့်နံပြ၊ အင်္ဂါဘုဒ္ဓ၊ သေသအသီးသီး။
* ဒုမတဇော၊ မြတ်သီဟော၊သာဂေါ မြင်းဆင်ကျီး။

## ၁၇၅-ဝါဆိုစဉ်အကျဉ်းသံပေါက်

* ဗာရာဝေမတာ၊သံကောပနှင့်နာ၊ ဝေစာသာကအာ၊
(ဤကားမာတိကာ)
* ကော်ဒွါဗျည်းက၊ သောဠသ်ကျ၊ ချလော့စဉ်ကမာ။
* ဝီသာနောဒသ်၊သတ္တရသ်၊ တိစတ် ရာတွင်သာ။
* စာတွင်ဠွာရသ်၊ အမြဲမှတ်၊ ကြွင်းလက် ရာ၌သာ။

## ၁၇၆-အရှုံးရှစ်ပါးသံပေါက်

* ရာဒိဋ္ဌိပိတ်ကော၊ ယက်မောသူဗျ၊ ဋ္ဌမြွတ္တဲ၊ မှတ်ကြ
လူဗိုလ်ပါ။

## ၁၇၇-ပေယျာလမုခသိက္ခာပုဒ်သံပေါက်

* ဆတိသုံခ၊ ဆန်းတေ၊ ဗျည်းခအင်္ဂါအက်နော။
* မုခပေယျာ၊ ရဟန်းမှာ၊ သိက္ခာ များလှသော။

## ၁၇၈-ဝါဆိုစဉ်သံပေါက်တနည်း

* ဗာရာဝေမတာ၊သံကောပနှင့်နာ၊ဝေစာသာကအာ။
(ဤကားမာတိကာ)
* ကော်ဒွါဗျည်းက၊ သောဠသ်ကျ၊ ချလော့စဉ်ကမာ။
* ဝီသာသတ္တရသ်၊ တိနှင့်စတ်၊ မှတ်လော့ရာ၌သာ။

* ဝေဝါဆိုးမှတ်၊ စာနော၁ဒသ်၊ ဌာ၁ရသ်ငှင်းမှာ။
* အကြွင်းဇော၁ဒ္ဓိ၊ သာ၁ဝတ္တိ၊ နိဗ္ဗအမြဲဝါ။
(မှန်နန်းရာဇဝင် ပဌမတွဲ။)

## ၁၇၉-ပလ္လင်တော်သံပေါက်

* နော၁က်ဇေပအမ်၊ ပြဂစံ၊ မှန်ဘာကတောင်စမိရေ။
* ရွှေဇေဟန်ဆင်၊ လေသင်ပန၊ မြေသီဟ၊ မြော၁က် ကစမပေါက်။
* ပလ္လင်ရှစ်ပါး၊သံပေါက်အား၊မှတ်သားကြစလော၁က်

## ၁၈၀-သမက်ဘထွေးဘိုးနှင့်မြေးသံပေါက်

* မိုးပုထု ပုပြည်ဘုန်းကြွယ်၊ သမီးဘွားတော်မယ်၊ မိုးဝယ်ညီ ဝပါမင်း၊ သားရင်းမြော၁က်ဘက်၊ ဘွား တော်မယ်နှင့်ဆက်။
* သမက်ဘထွေး၊ ဝပါမင်းရင်သွေး၊ ဘွားတော်မယ် ကမြေး။
* ဝပါသွေးပင် ဘိုးဖြစ်ပြန်၊ နားတော်သွင်းကို၊ ရှင်း လင်းမှာ်စေရန်။

## ၁၈၁-မင်းပြိုင်သံပေါက်

* ဇမ္ဗူဒီပမဲဇရာဇာ၊ ဇာတသတ်မင်းမြတ်- ပြိုင်သည် သာ။
* ကာလာသော၁၊ဒွတ္တပေါင်။
* မင်းရန်အော၁င်၊ အသော၁က။
* ဝဋ္ဋဂါမဏိ၊တပေါ်။
* ပုဂံမင်းဖြား နော်ရထာ၊ သီဟိုဠ်မှာ သီရိသံဃ်။

* နရပတိစည်သူ၊ ပရက္ကမဗာဟူ။
* ပါဒိရုံမူ၊ မိလိန္ဒ၊ မဟာနာ၊ ငသေညလည်ကြောင်း၊ အဖြိုင်မင်းကို၊ ချက်ချင်းသိလွယ်အောင်။
(သာသနာလင်္ကာရ)

---

## ၁၈၂-မပေါင်းအပ်သူငါး သံပေါက်

* အိပ်ကြူးမိုက်မဲ့၊ စဉ်းလဲကောက်ကျစ်၊ သောက်ယစ်စားဝ၊ မျိုးခမ္ဘ၊ ဖျက်ထဉ်သူငါး။
* မပေါင်းမသင်း၊ လွတ်ကင်းကင်း၊ ရှင်းရှင်း စွန့်ပစ်ထား။ (ပညာကျော်လျောက်ထုံး)

---

## ၁၈၃-အဟောင်းအသစ် ကောင်းသည့်ဆေး ရွေးနည်းသံပေါက်

* ပျားငယ် သပ္ပိ၊ ပိပ္ပလိ၊ ထိုပြို့းအိပ်မွေ့သိး။
* ဟောင်းလေကောင်းလေ၊ ကြွင်းဆေးတွေ၊ သစ်စေမှန်အပြီး။ (သာရကောမုဒိ ပဋ္ဌမတွဲ)

---

## ၁၈၄-ကူးတတ်သောအနာမျိုးသံပေါက်

* ပွေးညှင်းနူနာ၊ မျက်စိနာ၊ ဖျားနာ ခရယုဂ်။
* အိပ်ရာနေရာ၊ ပန်းနံ့သာ၊ အစာ ရောထွေးရှုတ်။
* တဦးအနာ၊ တဦးမှာ၊ ကူးပါ၏အဟုတ်။
(သာရကောမုဒိ စတုတ္ထတွဲ)

---

## ၁၇၅-ပွေးဆေးနည်းသံပေါက်

* ဒန့်ကျွဲစေ့၊ ရှုရှားခွေး၊ သလေးဆန်ဒွယ်။
* ရက်တက်နှင့်သာ၊ကြိတ်ပြီးခါ၊ပွေးမှာလိမ်းလတ်က၊ လျှင်စွာပျောက်မြဲ၊ မှန်မလွဲ၊ ပွဲတွေ့လက်ထပ်ရ။

(သာရကောမုဒီ စတုတ္ထတွဲ)

## ၁၇၆-ငှင်းဆေးနည်းသံပေါက်

* ရှက်ဆိပ်ဖလူး၊ ပွတ်၍လူး၊ ပျောက်ဘူး၏မုချ။
* စွန်ချေးပွတ်လစ်၊ဆင်ခရမ်းမြစ်၊ နို့စစ်နှင့်လိမ်းက။
* ပွေးဆေးနှစ်နည်း၊လိပ်ကမ္ဘည်း၊သိပ်သည်းနိုင်ပေစွ။

(သာရကောမုဒီ စတုတ္ထတွဲ)

## ၁၇၇-နူပွေးနာ၊နူပိုးနာဆေးနည်း သံပေါက်

* စပယ်ကြက်တက်၊ ပုန်းညက်မြစ်သုံး၊ ရည်ပအိုး၊ ရေထုံးနည်းတဝ။
* ကစော့မြစ်ရှည်၊ ပအုန်းရည်၊ ဤသည်တဌာန။
* နူပွေးနူပိုး၊ နာနှစ်မျိုး၊ ပြတ်ကျိုးပျောက်နေကျ။

(သာရကောမုဒီ စတုတ္ထတွဲ)

## ၁၇၈-ပွေးဆေးနည်းသံပေါက်

* နန္ဒင်းနေဇာ၊ဆေးနှစ်ဖြာ၊ လိမ်းပါလူတို့မျှ။
* လောလောခြင်းသာ၊ ပွေးအနာ၊ ပျောက်ပါ၏မုချ။

(သာရကောမုဒီ စတုတ္ထတွဲ)

### ၁၇၉-ကျောက်လွှဲကျောက်ကာဆေးနည်း သံပေါက်

* တာကူးလမှာ၊ ရက်မြတ်စွာ၊ ဗိလ္လာဝါနီရ။
* အခေါက်နှစ်မည်၊ ကြိုအရည်၊ သောက်သည် ဖြစ်လတ်က။
* ထိုနှစ်ကျောက်နာ၊လွတ်ကင်းကွာ၊ မှတ်ပါတော့မုချ။
* သတ်ကဏ်ဗိလ္လာ၊ မရိခာ၊ နှောခါကြိတ်ကုန်ကြ။
* ရေနွေးနှင့်သာ၊ သောက်တို့ပါ၊ ကျောက်နာမကူးရ။

(သာရကောမုဒိ ပဋ္ဌမတွဲ)

---

### ၁၉၀-ကျောက်သတ်မျက်စဉ်းနည်း သံပေါက်

* ဆင်သမန္တယ်၊ အမြစ်သွယ်၊ နွယ်ချိုသိန္ဓုတ္တ။
* နရွဲအမြစ်၊ ထောပတ်စစ်၊ နှောလစ်ညီအမျှ။
* မျက်စဉ်းခတ်ပါ၊ မျက်စိမှာ၊ ကျောက်နာ ပျောက်နေကြ။

(သာရကောမုဒိ ပဋ္ဌမတွဲ)

---

### ၁၉၁-မုတ္တကိတ်ဆေးနည်းသံပေါက်

* ကျောက်ချဉ်ချိတ်ရှိ၊ ပိပ္ပလိဖါလာ၊ စုဏ္ဏာလေးထွေ၊ ဆန့်ဆေးရေ၊ သောက်လေ'သို့မှတ်ငြား။
* တင်လဲနှင့်သာ၊ လျက်တို့ပါ၊ သေခါနီးတျားတျား၊
* မုတ္တကိတ်နာ၊ ကင်းစင်ကွာ၊ ချမ်းသာ၏အများ။

(သာရကောမုဒိ ပဋ္ဌမတွဲ)

---

### ၁၉၂-ကျောက်တည်ဆေးနည်းသံပေါက်

* သီးဆူးလေမှုန့်၊ပျားငယ်ရည်၊ ရှည်တုံမြို၊ဆိတ်နို့နှင့်သောက်ရမည်။
* ထိုသည်မြစ်မှုန့်ဆေး၊ သောက်ပါရေနွေးနွေး။

* ထိုဆေးမှုန့်အညက်၊ နွားနို့နှင့်သာ သောက်တို့ပါ၊ သုံးဝါရလုံးပင်ဘက်။
* ခုနစ်ရက်လည်လျှင်ပင်၊ ကျောက်တည်သမျှ အကုန်ကျ၊ ပျောက်ရမည်ပင်တည့်။

(သာရကောမုဒ္ဒိပဋ္ဌမတွဲ)

---

## ၁၉၃-မြို့သံ ၁၀-ပါး သံပေါက်

* ရထားဆင်မြင်း၊ ခရုသင်း၊ ဒိုမင်းစည်မရိုး။
* စောင်းသီချင်းသံ၊ ကြေးနင်းသံ၊ အသံ၍ဆယ်မျိုး။

(မုဒ္ဒဝင်အဋ္ဌကထာ)

---

## ၁၉၄-ဇယ်ကစားနည်းသံပေါက်

* သုန်နေ့ဒွာရ၊ သုန်တီဆ၊ ကေဒွယာမာ။
* သုံးလီသုံးဝ၊ စဉ်သင်ပြ၊ မုချကိန်းသေမှာ။
* ထက်လယ်အောက်ဆုံး၊ ဂဏန်းသုံး၊ ပေါင်းရုံး၍ဖေါ်ပါ။
* ဖေါ်သည်ကာလ၊ ထက်သုံးဝ၊ တွင်မျှအင်းဝယ်ရှာ။

---

## ၁၉၅-သီရိထိုက်သူတို့အကြောင်း သံပေါက်

* ပုတ္တဒါရ၊ ပဌမတည့်၊ အထသဟာ၊ များဒိသာနှင့်၊ သာမျာစေရ၊ ယင်းခြောက်ဝကို၊ ဒွေတီစတ်၊ ပဥ္စာသဋ္ဌဟု၊ မှတ်၍သီရိပေးလေတည်း။

(ဝရရုစိဆရာ စီရင်သောပတြကောမုဒ္ဒိကျမ်းထွက်)

---

## ၁၉၆-ပန်း ၁၀-မျိုးသံပေါက်

* ပွတ်-ပဲ-ထိမ်-မေ့-ယွန်း-ချီ-တော့၊ မှတ်လော့ ရန်၊ တည်း၊ ပု။

* မပန်ဘဲပင်၊ ပန်းဟုတွင်၊ ယင်းလျှင် ပန်းဆယ်ခု။

## ၁၉၇-အသား ၁၀-ပါး၊ အသား ၅-ပါးသံပေါက်

* လူ-ဆင်-မြင်း-မြွေ၊ ခွေး-သီဟော၊ဖျင္သွ-အောင်း-သစ်- ဝံ။

* မနုဿမံသေ၊ ထုလ္လစ္ဆေ၊ သေသေဒုက္ကဋ်ငုံ။

* ကြံ့-ဖွတ်- ယုန်- ဖြူ၊ လိပ်လည်းဟူ၊ ငါးမူအပ်၏ရွံ့။

## ၁၉၈-အားရှစ်ပါးသံပေါက်

* သူငယ်မိန်းမ၊ စောရရာဇာ၊ ဗာလာပဏ္ဍိ၊ ထိုပြီး သုတ၊ သမဏ၊ ဤမျှရှစ်မည်ပြား။

* ငိုအားအမျက်၊ လက်နက်စိုးရ၊ ရှုတ်ချစမ်းစုံ၊ ဆင်ခြင်တုံ၊ ထုံလော့ခန္တီအား။

* အဋ္ဌဂိုဏ္ဍရ၊ကျမ်းပြ ဒေသနာ၊အားရှစ်ဖြာ၊ သေချာ မြဲမှတ်သား။

## ၁၉၉-ကေရီဘုရင်မဘွားလရက်သံပေါက်

* မေစတုဝီ၊ ကေရီ၊ မှန်ပြီဘွားလရက်။

## ၂၀၀-မဟာပါဒပ လည်လှအိမ်ဘူးသံပေါက်

* ဗျည်းသတ်အဌ်ဆ၊ ဇောပဋ္ဌ၊ နဝဒဿဒသာ။

* မဟာပါဒပ၊ ဘူးလည်လှ၊ ပျံကြွပိန်ဖြင်းသာ။

* ရေဆင်းဝဲရိုက်၊ တောအသိုက်၊ သမိုက်ချိန်ပမာ။

* မျက်စိမ်းတောင်လျှော၊ ထန်းငှက်ပျော၊ မှန်မော
ဤကိုးဖြာ။
* ဝဏ္ဏဓမ္မ၊ ရွှေမျဉ်းမှ၊ အရကြိုး၍ရှာ။

## ၂၀၁-ပဥ္စာဝုဓမင်းသား ဆောင်သောလက်နက် ငါးပါးသံပေါက်

* လှံကုဏ္ဍာ၊ ကလာသံချောင်း၊
* ဆောက်ပုတ်ကယ်ဒဏ္ဍာသိ ဟု၊ သမ္မာရှိန်ဂုဏ်လျှံ
တွဲ၊ ပြည်တော်ပြန်ပဥ္စာဝုမှာ၊ ငါးခုပါကြောင်း။
(ပဥ္စာဝုဇာတ်။)

## ၂၀၂-ဆင်ပြောင်ငါးစီးအားကိုဆောင်နိုင်သူ ၆-ဦး သံပေါက်

* ဇိဝိကသ်ဆန်၊ အားနှင့်ကဏ်၊ပဏ်ဆင်ငါးစီးအား။
* အာဠံဝက၊ ငါးရာကျ၊ ဂင်္ဂေယျ ငါးဆယ်ထား၊
ဂုဏာဒိပဏ်၊ ကျမ်းဂမ္ဘီ၊ မှန်ညီလာစကား။

## ၂၀၃-ဘုရားမျက်စိတော်၌အဆင်းငါးပါးသံပေါက်

* ညိုရွှေနီဖြူ၊ အနက်ဟူ၊ ငါးဆူအဆင်းပြား။
* သုံးလောကနတ်၊ စက္ခုမြတ်၊ မှတ်လေထင်အရှား။
(ဂုဏာဒိပဏ်။)

## ၂၀၄-စကားအင်္ဂါလေးပါးသံပေါက်

* သစ်သုပိမံ၊ ဝစီကံ၊ ကြံလေစဉ်အလျှောက်၊
* ကြဉ်ခါယှဉ်ခါ၊အင်လေးဖြာ၊ဝါစာမြောက်မမြောက်။
* သုဘာသိသုတ်၊ ပါဠ်ဂုတ်၊ စဉ်းကုတ်ကြံဆထောက်။

## ၂၀၅-မျက်စဉ်းနည်းသံပေါက်

* တမာရွက်ချင်း၊ မျက်မုံညင်း၊ ပိတ်ချင်းမြုတ်ကောင်း။
* ဇာဒိပ္ဖိုလ်လေးညှင်း၊ အိပ်မွှေးသွင်း၊ နန္ဒင်းပန်းနု လောင်း။
* ဆယ်ပါးမျှစု၊ တောင့်သေးပြု၊ တုမဲ့မျက်စဉ်းကောင်း။

## ၂၀၆-ငန်းအောင်ငန်းပူဆေးနည်းသံပေါက်

* မိဿလင်စမုံနက်၊ သိန္ဓောဘက်၊ ရှောက်ရွက် ကလိန်ဆံ။
* စမုံနက်မှု၊ ၂-ဆယူ၊ မီးပူလှော်သင်းပြန်။
* ကလိန်စမုံနက်၊ တကွလျက်၊ ညက်စေ၍ငါးတန်။
* ငန်းငေန်းပူ၊ရောက်သောသူ၊သောက်မူပျောက်မြဲမှန်။
* အောင့်နာဝမ်းသက်၊ ကာလဘက်၊ ထုံးကြက်တက် ရည်ဘန်။
* သမား ထင်ပေါ်၊ ဦးသာကျော်၊ မြင်မြော်သူ့ စွမ်းအန်။

## ၂၀၇-လေနာဆေးနည်းသံပေါက်

* တြိကဋုက်၊ ကန့်ကြုတ်ပတဲ့ကော။
* ကြဇ္ဇ စရို၊ ဇာဒိပ္ဖိုလ်သိန္ဓော။
* ၆-ပါးသမ၊ ဆေးထိုမျ၊ တကွကြိတ်၍နှော။
* သွေးမှတ်ရောဂါ၊ ထိုအနာ၊ လျင်စွာကျ၍ လျှော။

## ၂၀၈-မြေခံသံပေါက်

* သုဉ်နောဌာရ၊ သုဉ်တိဆ၊ ကေဒွေးယာမာ။
* သုံးလီသုံးဝ၊ စဉ်သင့်ပြ၊ မုချက်နုံးသေမှာ။

* ထက်လယ်အောက်ဆုံး၊ ဂဏန်းသုံး၊ ပေါင်းရုံး၍ ဘော်ပါ။
* ဘော်သည်ကာလ၊ ထက်သုံး၀၊တွင်မျှအင်း၀ယ်ရှာ။

### ၂၀၉-တိထိမြေခံရွေးနည်းသံပေါက်

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁၁ | ၁၂ | ၁၃ | ၁၄ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၀ |
| ၅ | ၄ | ၃ | ၂ | ၁ | ၀ | ၉ | ၈ | ၇ | ၆ |

* ကော်ရှဒ်ရသ၊ အောက်သို့ချ၊ ကေရှိကာကာ။
* ဆယ်ကြိမ်တွင်ဖြတ်၊ ပန္နရသ်၊ ပြည့်လတ်ချေတို့ပါ။
* ဗျည်းဇောတိဒ္ဓ၊ ကော်သုည၊ နောင့်သတ်ရသာ။
* တိထိမြေခံ၊ သိအောင်ကြံ၊ မြဲမြဲမှတ်စိမ့်ဌာ။

### ၂၀၉-မိုဃ်းရွာမြဲအမှတ်သံပေါက်

* သုဒ္ဓိကော်ပန်၊ ဂျွန်စာရန်၊ ဒိစာကော်သုဒ်၊ စက်ကော်ဟုတ်၊ မယုတ်မေဃဖြိုးဖြိုးကျ။

### ၂၁၁-အမြိတ္တစုက်ရွေးသံပေါက်

* ရှစ်သုံးသတ်ဒ္ဓ၊ ဇောကော၊ ပဥ္စဆန်းဆုတ်ရက်။
* စဉ်သင့်နံကျ၊ သုခကောင်းခေါင်တက်။

### ၂၁၂-အဲမောင်းရေးသံပေါက်

* စီးနည်းသုံးဆယ်၊ ခုနစ်သွယ်၊ချယ်လယ်စိုင်းနှင်ကာ၊
* လွှတ်ကွန်းပြင်ဝယ်၊ သဘင်မြင်းခင်း၊ လှံရေးကျင်း၊ ဝိုက်လျင်းဆိုဘွယ်သာ။

* ပယ်ဝန်းစီးမှူ၊ သက်တင်ဖြူ၊ နှင်းယူပုံပမာ။
* ပယ်စိတ်စီးနဲ၊ နည်းလျှင်ကွဲ၊ လှံဆွဲကေသရာ။
* ပယ်ခွဲစီးလျှင်၊ စလွယ်တင်၊ ကိုင်ငင်လက်မှာသာ။
* စန္ဒရရှက်၊ သိကြားလက်၊ ကိုင်ချက်တံဆောင်မှာ။
* လေးကျွန်းမှန်ကူ၊ လက်လှမ်းယူ၊ မိုးသူဘုံဖြဟ္မာ။
* ဘုံနန်းတန်ဆောင်၊ ကဦးတောင်၊ ရန်အောင်လက်ယာမှာ။
* စွန်ဝဲစီးရောင်၊ ဟသ်ာတောင်၊ ရှက်နှောင်သွဲ့ယူခါ။
* ဆင်ထူးစီးဟန့်၊ စွန်တောင်ဖြန့်၊ ချီအံ့ပုံပမာ။
* ရွှေနန်းတိုင်မှူ၊ ပြူတင်းဖြူ၊ ကြင်သူလှကလျာ။
* ကြာချပ်စီးစိုက်၊ လှံတင်ပိုက်၊ မှတ်လိုက်ထုံးစဉ်လာ၊ ရေသွန်းအုံးပုံ၊ ပမာချုံ၊ ဂဠုန်တောင်ညွှတ်ရာ။
* နွယ်ထွက်စီးရှောင်၊ တိမ်ပုံးရောင်၊ ဘုန်းရောင်လှံကိုင်ခါ။
* စွန်သုတ်လှံဝယ်၊ တဘိုးသွယ်၊ နှင်းဘွယ်ပုံဆိုခါ။
* ရှစ်မြှောင့်သီးရေး၊ အပြီးသွေး၊ လှံရေးယူငင်ရာ။
* လက်ဆက်ကြာဘူး၊ ဟန်ရောထူး၊ လှံဦးဝဲရစ်ခါ။
* နွယ်ဝင်စီးမည်၊ ဝဲရစ်လည်၊ နှင်းယှည်အံ့စရာ။
* မြွန်နဝဒတ်၊ ကြက်တောင်စွပ်၊ နှုံးအပ်ပုံပမာ။
* ရာဇမှတ်ရေယဉ်၊ လှည့်သည်သွင်၊ စီးနင်မှတ်ဘွယ်ရာ။
* ခိုနန်းပုံတွင်၊ ကညောင်တင်၊ ကိုင်ငင်အဲမောင်းသာ။
* ရွှေတံခွန်ဝဲ၊ တောင်ဝေးဆွဲ၊ စီးနဲနောက်ဝယ်မှာ။
* မြင်းမိုရ်နည်းခွဲ၊ ကဦးဝဲ၊ ကိုင်စွဲလှံမှတ်ရာ။
* ကြာရပ်စီးနင်း၊ ဝဲရင်ခွင်း၊ အိုးလျှင်းပိုက်ပွေ့ခါ။
* နတ်သားပမာန်၊ လက်ယာပြန်၊ ကိုယ်ဟန်ထိုပမာ။

* ရေပြွတ်စီးလျှင်၊ ကျွဲတို့တင်၊လှံလျှင်မေးအောက်မှာ။
* ဝါကြိတ်လိန်ဟန်၊ မြင်းမင်တန်၊တင်းရန်လှံခြင်းရာ။
* ခြေသွပ်စီးလျက်၊ ကွမ်းရုံသက်၊လှံချက်နေရောင်ကာ။
* ခရူပတ်မှာ၊ ပုံပမာ၊ ဆွဲတာနိဒန္တာ။
* အောက်ချင်းတံဆိပ်၊ မောက်တိုရိပ်၊မှတ်စိတ်စွဲကြပါ။
* ကဏ္ဍုသီးညှာ၊ ပိုးချည်လွှာ၊ ရှုစာပုံဆိုရာ။
* ကြာသွတ်အိုးပျောက်၊ ဝဲရစ်တောက်၊ အံ့လောက် ဆိုဘွယ်သာ။
* တံဆိပ်စီးရိုး၊ ဆင်ကန်တိုး၊ လှံရိုးလှည့်ငင်ခါ။
* သမတ်စောင့်ခေါ်၊ ရာရွှေပေါ်၊ လှံသော်ပါးနောက် မှာ။
* ဘီလူးကိုင်ခဲ၊ ကြားပြီးဆွဲ၊ ဆိုမြဲရှေ့နောက်သာ။
* ဘီလူးပုခက်မှတ်၊ ကျွဲမြီးခပ်၊ စီးအပ်ပုံပမာ၊
* ဘီလူးနားခွင်း၊ ဆံပင်ရှင်း၊ လှံမင်းဆွဲယူခါ။
* ရေပြွက်စီးခေါ်၊ ရာရွှေတော်၊ လှံတော်လှပစွာ၊ ရေကုံသက်ခက်မလေးဖြာ။
* လက်ယာရစ်ခေါင်း၊အံမသောင်း၊ ကောင်းကောင်း ဆွဲယူရာ။
* အဲမောင်းရွှေလှံ၊ ဆင်ရန်ပွဲမွေး၊ နင်းကွက်ဝေး၊ မြင်းရေးသုံးဆယ်၊ ခုနစ်သွယ်၊ မင်းခင်းညီလာခံ- စံရှင်ရာ။
* များစွာတသင်း၊ လူခပင်း၊ စိတ်သွင်းမှတ်ကြပါ။

# ဆောင်းပါးလင်္ကာ

## ၂၁၃-တောင်ငူမြို့သို့ သွားရစဉ်အခါ အိမ်နေသူ ဝန်ကတော်ထံရေးပေးသည့် ဆောင်းပါးလင်္ကာ

သဿမေဓ၊ ပဌမခေါက်၊ ပြန်၍ရောက်ပြီးမှ၊ နောက်တဘန်တက်၊ လမ်းစဉ်ဆက်၊ အိမ်ထွက်ထိုရှေ့စခန်းမှာ။ ။ ဆင်မြင်းလှည်းလူ၊ ပါသူတို့အား၊ ခြားနားပြီးလတ်၊ ပရိသတ်စာ၊ မင်းအစာများကို၊ ဘွယ်ရာယဉ်ကျေး၊ ပြင်၍ပေးသမျှ၊ တဝေးပါသူ၊ နှစ်ကျိပ်ကျော်လူတို့နှင့်၊ ဆောင်ယူထွက်ခဲ့လာသော်—

မဟာမုနိမာရဇိကို၊ ဦးရှိသုံးထောက်တန့်ပြီးလျှင်။ ။ အမရကြဌန်း၊ နန်းနယ်တလျှောက်၊ ဖြိုးဖြိုးမောက်သည့်၊ လုံးပေါက်လိုက်ဂူ၊ သယ္ဂျူများနှင့်၊ ၂-ဆူရှေ့ကြက်၊ မြေကထွက်သော့ခါ၊ သန်လျက်နန်းဗွေ၊ သာဆုံးမြေတွင်၊ အကြေအညာ၊ မင်္ဂလာစေတီ၊ မွေသရီကို၊ အဥ္စလီထူး၊ ရှိညွတ်နူး၊ ဖူးရအောင်ကိုယ်ဘိုင်ဝင်၍—

လှည်းပါမြင်းဆင်၊ လူခြေလျှင်တို့လည်း၊ ပင်ပင်ပန်းပန်း၊ ညှိုးမြန်းဒုက္ခ၊ မရှိကြပဲ၊ ဝကြွေန်းချက်၊ စခန်းကထွက်သော့ခါ၊ ထန်းရွက်မိုးတပ်၊ ဝါးရိုးကပ်ကယ်နှင့်၊ အိုပြတ်ကယ်ခြေအင်၊ မစုံလင်သည့်၊ ၃မင်ရွာနိုက်တစခန်း၊ ယင်းမှတောင်ဝယ်၊ တောင်တွင်းငယ်နှင့်၊ ပျော်ဘွယ်သမှု၊ ဘုရားစုကကို၊ လူသူ့ပြောသံ၊ ပြည်ပေါက်ကံတွင်၊ နန်းစံမင်းစစ်၊ မင်းကျန်ရစ်ကို၊ ရန်မြစ်ထောင်ထား၊ ထိုသည်နွားကို၊ လျင်လျားသတ်ခွင်း၊ ရွာဝမ်းတွင်းသို့၊ လျင်ပြင်းဆိုက်အောင်မြန်းသော်—

လမ်းပန်းရေးရော၊ ကျေးရွာသနစ်၊ ဖြစ်ဆစ်ထောက်လှမ်း၊ မေးစုံစမ်းလျှင်၊ လမ်းနှင့်ခရီးမကွာလှ။ ။အရှေ့စာရံ၊ ပုဂံအနောက်၊ တောင်မြောက်ယင်မြော၊ သီဟတောဟု၊ လောက ဓာတ်တွင်း၊ မြောက်ရောင် လင်းသား၊ သေဌ်နင်းမှန်၊ ကူကျော်လေးဆူတွင်၊ နတ်လူကြည်လင်၊ တဆူဝင်သည်၊ ရွှေယင်မြော်မြတ်၊ စေတီထွဋ်ကို၊ ကြည်ညွတ်ဆွမ်းပန်း၊ ကပ်လှူဒါန်းရအောင်၊ စခန်းထိုနှိုက်ချသော်၊ ပါသမျှလူ၊ သူသူငါငါ၊ သဒ္ဓါရင်နှ၊ ကြေးငွေစုံပြီးလျှင်၊ ပန်ဆုဖိုလ်မဂ်၊ ဆိုင်းရွှေလျက်ကို၊ ကပ်ဆက် လှူကြသူထက်ငါ—

ကိုယ်ကပလဲ့ မကွဲရအောင်၊ မောင်မောင်တို့သာ၊ မယ့်ကိုယ်စားပါ ဝယ်ပြီးလျှင်၊ ကိုးသွယ်ဂုဏ်ရှင်၊ ရွှေစက်ပြင်မှာ၊ ရေစင်တော်ဆွမ်း၊ လက်ဘက်ကွမ်းများနှင့်၊ မင်္ဂမြမ်းမွှးလို၊ ဆုထူးဆိုသော့ခါ။ ။တကိုယ်ထည်းပင်၊ လမ်းမရှင်နိုင်ဘု၊ မန်းခွင်နယ်ဝယ်၊ သနားဘွယ်သားနှင့်၊ သားမယ်တို့စုံမက်နှာကို—

မြင်လာထင်လာ၊ ကြင်နာလွမ်းဆွတ်၊ မဆည်တတ်အောင်၊ ကြွေပြတ်ရှာလှရှိပြီးလျှင်၊ ရေရွှတ်ခဲ့သမျှ၊ မြတ်ပုညများကို၊ တကွမပြား၊ ရစေသားဟု၊ မြသားစတေ၊ ချသွန်းရေနှင့်၊ ဌဝေပေးကမ်း၊ ထိုကလှမ်းသော့ခါ—

မြတပြေးဟန်၊ ကြေးနီကန်နှင့်၊ အဝှန်တွေတွေ၊ ကျုံးပြည့်ရေလည်း၊ ဗိုလ်ခြေပင်း၊ ခိုမှီတင်းရသည်၊ ရမည်းသင်းမြို့မ၊ ထိုကထသော့ခါ၊ နေလမြင်တုံ- မမြင်တုံနှင့်၊ တောအုံအဝွန်၊ ရောင်မကွန်နှသည်၊ ညောင်လွန့်စခန်း သည်နောက်ဆီ။ ။ကျောက်ခမန်းလီ၊ တိမ်တိုက်ကိုထိမလောက်၊

မြော်မိလေတိုင်း၊ မှုံမှိုင်းမှိုင်းငယ်၊ အကိုင်းအခက်၊ အရွက်ချင်းချင်း၊ ဆက်၍ခင်းသည့်နှယ်၊ နှင်းတဖြောက်ဖြောက်၊ တပေါက်ပေါက်ကယ်၊ တောမြောက်ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့်၊ ချေလည်းဟောက်လစ်၊ သမင်တစ်ပြီးလျှင်၊ ဆင်အစ်သံတစီစီနှင့်—

နေရီရီငယ်ကို၊ မြိုင်မှီသည့်ဆင်ခပင်း၊ အလျှိုအလျှို မပိုမိုပါဘူး၊ ထိုထိုကူးကြ၊ ဦးနားတပြီးလျှင်၊ ကောခွဲနာဒံ၊ ကြိုးကြာသံများနှင့်၊ မညံမစဲ၊ မြိုင်ရန့်ထဲမှာ၊ ယိုဆွဲလည်ဖန်း၊ သွားရာလမ်းလည်း၊ ကမ်းရေဆိပ်ဆက်၊ တက်ရာသက်ရာ၊ ခြေရာများလစ်၊ လမ်းကဆစ်သနှင့်၊ နွယ်ရစ်သို့ရောက်လေလျှင်းသော်၊ ဆင်မြင်းပါနွား၊ စာအစားဖြင့်၊ အင်အားဖြည့်တင်း၊ လူတသင်းကို၊ ထိုင်ချင်းထတူ၊ ဟူစေစည်းကြပ်၊ လှံ့ထားအပ်ပြီးလျှင်၊ မြိုင်ရပ်လျှိုးဝင်၊ မောင်းကြနှင်သည်၊ တပင်နေနား ထွက်ပြန်ကြ။ ။စိတ်လက်ငြစ်လောက်၊ ကံဆိုးလို့ရောက်ရသည်၊ တယောက်ကယ်လူသူဟာများနှင့် တူပါဘူး၊ ရွာသူရွာနေ၊ အထွေထွေကို၊ မြင်လေစိတ်နောက်၊ တောတချောက်လည်း၊ ပြောလောက်စရာ ဒုသတ္တိကို၊ရာမမင်း နောင်ညီ၊မြားတော်နှင့်သီရာတွင်၊ ဂမ္ဘီရွှေရုပ်၊ သမင်ပုံလုပ်ပေသည်၊ တောအုပ်နှင့် တူတန်လှ၏—

မြော်ကတောင်မြောက်၊ ရွှေနှင့်နောက်ကို၊ ချင့်ထောက်ကယ်မှန်းလျှင်၊ ကမ်းမမြင်တည်၊ မြိုင်စွန်တချောက် ရှိလို့မှောင်။ ။လှည်းဖြင်ကွဲဟူ၊ လူသူမနီး၊ စရပ်ကြီး ခရီးမေပန်း၊ တောစခန်းဟာမို့၊ ညိုးမြန်းဘွယ်ဘွယ်၊ ကြီးကျယ်တဲ့မြိုင်ခွင်၊သိန်းယိုရှင်ငယ်၊ ဘန်လွင်ခြိုလွှမ်း၊ သစ်သီးဆွမ်းကို၊

ကမ်းလေ့ဆိုရာ၊ မင်းသီတာငယ်၊ သဒ္ဒါကြီးပွါး၊အလှူမှား တဲ့၊မြိုင်ဖြားဟု ထင်မိရောင်သည်။ ။မြိုင်ချောင်မြန့် တော ခြေမှာ၊ ဝံပုလွေသစ်ဆင်၊ ချေသမင်စိုင်ဆတ်တို့၊ နေရပ်ကို လွန်ကျော်လို့၊ စုံအဘော်ပါလူနှင့်၊ တောင်ငူကိုနီး။ ။ နေရောင်ပြအင်ပြင်မှာ၊ မှုံမှင်မှင်မှောင်ဝေလို့၊ ပူပွေသူ ဘယ်ပုံနှင့်၊ ခိုလှုံရန်ကြံခက်ဘို့၊ ဘန်ရက်တော်မူတာထင့်၊ မြူလွှာပိတ်ဆီး။ ။မန်းရွှေမြို့မလွတ်ကိုင်ကို၊ ပြန်ရောက်နိုင်ပါ မထင်ဘူး၊ ဗျာပါဝင်စိတ်ပူလို့၊ အဆူမှာအဝေနှင့်၊ အပွေ သာချည်းလေ။

---

# ပတ်ပျိုး

## ၂၁၄-မဟာဗောဓိပင်တော်ဘွဲ့ပတ်ပျိုး

တောင်ရေရံခ ၊အောင်မြေမှန်လှ၊ သာစွငယ်ဗွေမွန်၊ နေရဥ္စာ လက်ယာဝန်းသည်နှင့်၊ မြောက်ယွန်းရာဂီရိငယ်၊ မိုးထိတိမ်ကွန်း။ ။ကြည်ဘွယ်လွန်၊ သီဝံနန်းမြေနယ်စခန်း ခြံ့သန်းစီစဉ်ဘွယ်ရာ၊ မုနစ်ဌာန်က တည်ဟန်သေချာ၊ ငါးဆင့်မန်နှင့် ပလ္လင်ထွန်းတဲ့ ကွန်းဝယ်မှာ၊ ဝေဆာညွှန့် ဘူးငယ်၊ မြူးကမြူးသနှင့်။ ။ဝေးနယ်ရှေးဝယ်၊ လေးသွယ် မြင့်ခက်ဖြာ၊ ဦးတင်ပန်ခွင့်၊ မိဌာန်ကြည်စွာ၊ ယာမြကိုင်း ကိုလေ၊ သောကာမိပိုင်းငယ်က၊ ပိုင်းရည်ခါ၊ ပဏ္ဏာလျှာ ဆောင်ဘူးတယ်၊ထူးကထူးသနှင့်။ ။ဘူးကိုယ်ညွှန့်သန္တာ၊ ရှုတိုင်းကြည်၊ မြရည်ပင်မွန်နှင့်၊ ဝင်းသဝဏ် ထွေမခြား လေဘူး၊ ရွက်ဖါးစိုစို့နွဲ့ စိန်းလဲ့ခိုင်ညှာ၊ ။မြင့်သွန်းစွာ၊ ဘရာမှန်ညီပ၊ မသီမပိုပိုင်ခွင့်၊ မဏ္ဍိုင်ထွတ်စွန်း၊ ရွှေညောင် တော်နန်းမှာလ၊ မြမန်းတည်နေဝံသာသို၊ စကြာမွန် ရွှေပုံ တောင်းငယ်ကို၊ လျှင်ကြောင်းဆုညွှန်း။

# ဗုံရှည်ချင်း

## ၂၁၅-ဗုံရှည်ချင်း

(၁)* မန်းရွှေဘုံ ထောင်တည်ဆဲပေမို့၊ နန်းနေရှုကျ်ရောင်ခြည်ခဲလိုပ၊ ကဲဆင့်ဆင့် ထိမ်လို့လျှံ။

* ၁၂-ရပ် ဘုံဝိဟာလဲ၊ပြေမြန်ချာ ဗွေထွတ်ဆုံးမှာလ၊ ဝေယန္တာ ပုံတန္ထန်းလိုပ၊ ရွှေဘုန်းတော် သမ္မာဟုန်ကြောင့်၊ ရာဇပုံမကြုံဘူးအောင်၊ ထူးတဲ့ဖြစ်ဟန်။

* သပြေနယ်ရေလိုငြိမ်းမို့၊ လေးသိန်း စံလွတ်ထားပါတဲ့၊ တံခါးများ မြတ်သျှောင်ပန်ကို၊ တူတန်လိမ့်စိတ်ထား။

* ချောင်းလိုငယ်ကြုံ၊ မြို့လောင်းရှည် ခွန်ယူမှန်တဲ့။ အရှုံးခံ-မတ်ကြံသိုင်းမှာလ၊ ပြိုင်တိုင်းပင် မနိုင်ရှာလို့၊ သူ့မျက်နှာ ငယ်ငယ်နှင့်၊ ရယ်ပေတယ် ငိုသံထွက်တော့တယ်၊ ရှုံးချက်ကများ။

(၂)* ပုံပမာ ရှာကာပြောပမယ်၊ ဘုံဇဌာအာကာကြောငယ်က၊ လျှပ်ရောပမှုံလို့မှင်။

* မိုးတံကွက် ညိုလို့မှောင်လျှင်၊ တကဲ့ရောင် ရွာမည်ဟူ၍၊ ကိုတောင်သူ အထင်ချွတ်သော့ကြောင့်၊ အဝတ်တွင် မဘွယ်ရာပ၊ မိုးရွာလျှင် အစိုထွေးမည်ဟု၊ တွေးလို့သူထင်။

* ဒေဝရာ မရွာကွင်းသော့ခါ၊ စိုရင်းနှင့် အဖတ်တင်၊ ရယ်ချင်ဘွဲ့ပုံနှုန်း။

* ဂျော်မိုးမှာ ဆော်နှိုးတစာစာပ၊သူလာမည် အထင်ပုံနှင့်၊ ပုဆိုးစို ကိုတောင်သူသို့၊ တူရှာဇလ လူပုံထဲမှာ၊ ပွဲပြလို့ရှုန်း။

# အိုင်ချင်း

## ၂၁၆-ဆဲ့နှစ်ရာသီအိုင်ချင်း

(၁) တန်ခူးစိတြ၊ မိဿဒါတော်၊ ယင်ကတ်ကယ် ကွံ့ကော်၊ မွှေးကျော်ကြိုင်လွင့်၊ အတာသဘင်၊ ပျော်ရွှင်ဆိတ်မင်းဝင်၊

(၂) ပြိဿကဆုန်၊ မြူးခုံနွားနှင့်၊ စကားပွင့်လှို၊ ခါသင့် ချိန်ခါ၊ ညောင်ရေတော်ပွဲ၊ ထွန်းမြဲ ဝိသာခါ။

(၃) မေထုန်ကိန္နရာ၊ လှိုင်စွာမွှေးလို့၊ မုလေးစပယ်၊ ဇေဋ္ဌကြယ်၊ သုဓမ္မာဝယ်၊ နာဘွယ် စာမေး ပွဲနှင့်လေး။

(၄) ဝါဆိုကြင့်၊ ပညတ်ကယ်ဇုဇွန်၊ ပုန်းညက်ကယ် နံ့မွှန်၊ ရောင်ဗုန်ရိုးရဲ၊ ကြယ်ပြုဗ္ဗာသန်၊ ခါမှန် ပဉ္စင်းတော်ပွဲ။

(၅) သိဟ်ဝါခေါင်မှန်၊ ကြယ်သရဝဏ်၊ မိုယ်းစွန် တင့်ကဲ၊ ထွန်းလျှံစွဲလို့၊ ပွင့်မြဲခတ္တာ၊ စာရေး တံချူ၊ သိဟမြတ်ရာဇာ။

(၆) ကန်ရာသီမှာ၊ ပြုဗ္ဗာပုရပိုက်နှင့်၊ ညွန်းကိုက် ယင်းမာ၊ နတ်ကညာ စပါးနှံကိုင်ကာ၊ သီဒါရေ ပွဲနှင့်လေး။

(၇) တူသီတင်းကျွတ်၊ ကြာဝတ်ကယ်လှိုင်ညီ၊ အဿ ဝဏီ၊ နာရီချိန်စွဲ၊ ဆီမီးမြင့်မိုရ်၊ မဂ်ဖိုလ် ရှုသည့်ပွဲ။

(၈) ကြယ်ကျွတ်တိကာ၊ ဗြိစ္ဆာခေါ်မြဲ၊ ကင်းလက်မဲနှင့်၊ ခဲလှိုင်လှိုင်၊ မသိုးသက်နန်း၊ လွှာဒါန်း တန်ဆောင်တိုင်။

(၉) ဓနုမှာလေးကိုင်၊ ရောင်ပြိုင်နှဲ့လို့၊ ပိန္နဲနတ်ဖြိုဟ်၊ မိဂသိုရ်၊သဇင်ကမွှေးချို၊ ပင်ပျိုဂမုန်းနှင့်လေး။

(၁၀) မကာရမှန်၊ မကာရ်းငယ်ပြာသို၊ နွယ်ပန်းငယ် ခွါညို၊ ရောင်ပြိုမုချ၊ ခက်သွင်းသဘင်၊ ပျော်ရှင်မြင်းခင်းလ။

(၁၁) ကုန်ရာသီမှာ၊ မြူတာလည်းလှ၊ ကြယ်မာဃနှင့်၊ ခိုင်လှသင့်လျော်၊ ပေါက်ပန်းပွင့်တုံး၊ မီးပုန်း ယာဂုံတော်။

(၁၂) မိငါးကြင်းဘက်ဆွတ်လှိုင်းညီ၊ သဲပုံစေတီ၊ ရာသီ **ပွဲတော်နှင့်လေး။**

(၁) မိဿ ၁-ယင်ကတ်ပန်း၊ကံ့ကော်ပန်း .... ၂
(၂) ပြိဿ ၁-စကားပန်း .... ၁
(၃) မေထုန် ၁-မုလေးပန်း၊စပယ်ပန်း .... ၂
(၄) ကြင့် ၁-ပုန်းညက်ပန်း .... ၁
(၅) သိဟ် ၁-ခတ္တာပန်း .... ၁
(၆) ကန် ၁-ယင်းမာပန်း.... .... ၁
(၇) တူ ၁-ကြာမျိုးငါးပါးပန်း .... ၁
(၈) ဗြိစ္ဆာ ၁-ခဲပန်း.... .... .... ၁
(၉) ဓနု ၁-သဇင်ပန်း၊ဂမုန်းပန်း .... ၂
(၁၀) မကာရ၁-ခွါညိုပန်း.... .... ....

(၁၁) ကုံ ၁-ပေါက်ပန်း၊လဲ့ပန်း .... ၂
(၁၂) မိန် ၁-ဘက်ဆွတ်ပန်း.... .... ၁

ဌင်းပန်းစုကိုပေါင်း၍ကြိတ်၊ ၁၂-ရာသီ ပန်းပေါင်းဖြစ်၏၊ အမွှောင့်ပယောဂကို နိုင်၏၊ သိဒ္ဓိမျိုးမှာများစွာအသုံးဝင်၏။

---

# ရှစ်လုံးဘွဲ့ဂါထာများ

### ၂၁၇-ပန်းငါးပါး

ဒဗ္ဗတိဏာမသိဒ္ဓတ္တာ၊ သုမနာသုဒ္ဓတဏ္ဍုလာ။
လာဇာပဉ္စမပုပ္ဖေဟိ၊ သဗ္ဗကမ္မေသု ပူဇယေ။

---

### ၂၁၈-ကျေးနှီးအရယူရန်

မင်္ဂါသတိသမဏ္ဍဒ္ဓိံ၊ ဓညြွာဗလဖေ့ာဇ္ဈဂ်ါ။
သစ္စံ့သမဝိပဿနာ၊ ခန္ဓာယတနဓာတုယော။
အာဟာရာဖဿဝေဒနာ။ သညာစေတိယစိတ္တံဥ္စ။
ကေနဝီသတိသောဏမေ။

---

### ၂၁၉-စွယ်တော်

ဒက္ခိဏာပရိမာ ဒေဝေ၊ နာဂေ ဒက္ခိဏာဟေဠိမာ။
ဝါမုပရိမလိင်္ဂေ၊ ဂန္ဓာလေ-ဝါမဟေဠိမာ။
(မှန်နန်းရာဇဝင်ပဌမတွဲ)

---

# နိဒါန်း

### ၂၂၀-မဟာဗောဓိနိဒါန်း

ရုပ်စကားညာဏ်၊ တန်ခိုးမွန်ဟု၊ ကဲလွန်လှဘိ၊ အစဉ်ရှိသား၊ ပကတိလေးဝ၊ ဝိလာသလေးထွေ၊ အစိန္တေယျလေးချက်၊ ယင်းအနက်တွင်၊ တချက်ချက် စရင်းထွက်နိုက်၊ နှုတ်မြွက်ပြောဟော၊ အံ့ဩချီးမွမ်းအပ်သော အရာကိုလွန်သည်တဖြာ၊ ဥပမာသိုင်းဝိုင်း၍၊ နှိုင်းခိုင်း နှုန်းခေ

အပ်သောအရာကို လွန်သည်တတန်၊ ဉာဏ်ဖြင့် နှိုက်နှဲး၊ ခွဲးခြမ်းထင်ထင်၊ သိမြင်အပ်သော အရာကို လွန်သည်တဆင့်၊ စိတ်ဖြင့်စဉ်းစား၊ ပိုင်းခြားကြံစည်အပ်သော အရာကို လွန်သည်တထွေ၊ အစန္တေယျ အဌစာလီ။—

၅ဂုဏ်တော်မြတ်၊ လောကဓာတ်တလျှောက်၊ ထိန်ထိန်တောက်လျက်၊ နှိုင်းထောက်ပြိုင်ခွင့်မရ၊ ထူးမြတ်လှသော အတုလစက္ကရတ်၊ နာထနတ်သည်၊ သိဒ္ဓကုမ္မာ၊ စကြာဖြိုးမောက်၊ ရောက်အံ့တျားတျား၊ သိကြားနတ်မင်း စတေ၊ ကြက်သရေသီရိ၊ သမ္ပတ္တိနှင့်၊ လောကီချမ်းသာ၊ ခံစဉ်ခါ နှိုက်၊ သိင်္ဂါနဝရတ်၊ ပြာသာဒ်ဘုံမြင့်၊ ငါးဆင့် ခုနစ်ဆင့်၊ ကိုးဆင့်ဝေယံ၊ ဗိမာန်ရတနာ၊ မြတ်ရာရာများကို၊ ဥက္ကာရ မိဠ္ဌ၊ ခေဠတူလျှော၊ သဘောတော်ပြက်ပြက်၊ နှစ်မသက်၍ ရက်ရက်စွန့်ပစ်။—

ခြောက်နှစ်တိုင်ကာလ၊ဒုက္ကရစရိယာ၊ ခဲစွာသောအကျင့်ကအထွက်၊ သုဇာတာကပ်ဆက်သော ရွှေခွက်နှင့် ဃနာဆွမ်းကို၊ ယူလှမ်းတော်မူပြီးခါ၊ နဝါစာလီ၊ ကဗလီကာရ၊ မျှတပြီးလစ်၊ ရေညှိမြစ်ငယ်၊ လှုပ်စစ်ရောင်တင့်သော၊ ရွှေခွက်ကိုမြောခဲ့၍၊ ရီတရောကာ သုဒ္ဓိယ ဆက်သသည့် သမန်း၊ မျက်ညွှန့်လန်းနှင့်၊ ကွန့်မြန်းတော်မူရာ၊ မဟာဗောဓိပင်ရင်း၊ ထိုမျက်ကိုခင်းသည်တွင်၊ ဝင်းဝင်းတောက်လျှံညီ၊ စံပမာမရှိအောင်၊ ပရာဇိမာရ်နှင့်၊ ပလ္လင်ရတနာ၊ ဖြစ်ထွန်း၍လာသည်ကို။—

မဘွယ်ရာအကြံ၊ သူဘီဆန်မည်ဟု၊ မာရ်ပါပိမာ၊ စက္ကဝါ အပြည့်၊ တက်လာလှည့်သည်၊ စစ်သည်အလုံး၊ ဦးဇောက်ပြန်၊ သဒါလံအောင်မခံနိုင် ရှုံးလေ၍၊ အစဆုံး ပုဗ္ဗ၊

မဇ္ဈိမမှာ ဒိဗ္ဗစက်၊ အာသဝက် မိုးသောက်၊ ဝိဇ္ဇာသုံးက ဟုံးဟုံးကြီးတောက်ပြီးလျှင်၊ သည်နောက်ကို နိမိသစက်မ အိမ်ရွှေဆောင် ဆိတ်ကျောင်းညောင် အိုင်လင်းလွန်း၊ ဤဌာနများလည်း၊ ကျမ်းပြန်နှင့်မယွွန်းအောင်၊ညွှန်းလိုက်တိုင်း ရှိချေသည်။—

မြရည်ယဉ်ဘောင်၊ သောင်ပုလဲမှုံ၊ သဲငွေခုံနှင့်၊ မြို့လက်ယာရစ်၊ နေရဉ္ဇရာ ထွေသညာသည်၊ အဥ္စနာမြစ်ကလည်း၊ တစ်ဆိုစလောက်၊ သုဇာတက၊ ယာပိုက်မျှသည့်၊ သေနရွာအနောက်က၊ မြောက်ဂင်္ဂါတွင်း၊ ချက်မယွင်းအောင်၊ စီးဆင်းပေါင်းဆုံလျက် ရှိချေသည်၊ ဆင်ဦးကင်း ဟန်၊ မောမောလွန်လျက်၊ မြောက်ယံခက်ယွန်း၊ သေန်ခန်းတွင်၊ အဆန်းတကြယ်၊ ရှုဘွယ်လှစွာ၊ ဂယာသီသ၊ မြတပြေးညီ၊ သေလာဂီလည်း၊ မှိုင်းရီသွန်းသွန်းရှိချေသည်၊ ပကတိနေ၊ အရှိမြေထက်၊ ရွှေညောင်တော်နန်း၊ ခက်မလေးဖြာ၊ ညွှန့်သန္တာနှင့်၊ ဝေဆာ၍လန်းပေသည်၊ ကြွင့်နန်းတွေချာ၊ မြေမျက်နှာလည်း၊ မြင့်စွာမောမောရှိချေသည်။—

ထိုမြေအတွင်း၊ အဆင်းသဏ္ဌာန်၊ အသံ ကြမ်းကြုတ်၊ သားဆိုး ငှက်ဆိုး အမျိုးမျိုးနှင့်၊ ပိုးရင်းပြွတ် များလည်း၊ နှင်ထုတ်သောဟန်၊ လွန်ဝေးလံ၍၊ အသံမကြားရှိချေသည်၊ အပင်အနွယ်၊ ခက်သွယ်ဘူးညွှာက်၊ အဆူးရောက်သမျှ၊ တလျှောက်ခပင်း၊ ဤမြေအပြင်၊ ထက်ဝန်းကျင် များမှာ၊ သန့်ရှင်း စင်ကင်းချက်ကို၊ လက်ငင်းပြကတော့၊ မှန်မရွှေ့အောင်၊ ကြိုတွေ့လျက်ရှိချေသည်။

အသောကမြတ်၊ လောကနတ်က၊ ရည်ဖြတ်လွယ်ကူ၊ မိဌာန်၍ယူပြီးလျှင်၊ မရှုပီယ၊ မင်းသို့သလိုက်သည်၊

ဏာသာခါ၊ ယင်းဖြတ်ရာလည်း၊ မြလွှာမြရည်၊ ပင်စည်ကထက်မှာ၊ လေးထောင်ကွာလောက်တွင်၊ ထင်စွာပြက်ပြက် ရှိချေသည်။—

ဤသို့စေ့စုံ၊ ကျမ်းညွှန်ပုံနှင့်၊ ကိုယ်ကြုံသဘော၊ ယမ္မိဂင်္ဂါ၊ ရေနှစ်ဖြာကို၊ ရွှေခွက်မှာနှောသကဲ့သို့၊ အဟောဝတာ၊ မကွဲမပြား၊ မခြားနားပဲ၊ တသားတည်း ကျသောကြောင့်၊ လောကသုံးပါး၏ အထွဋ်၊ လူနတ်တို့၏ဆရာ၊ ကမ္ဘာ့ဘာက၊ အာသာတော်ရှေးရှု၊ ဖြည့်တော်မူသမျှ၊ ဖြိုးတူစာဂီ၊ ပါရမီဥသုံ၊ စုံဘိရကား၊ တရားဓမ္မရာဇ်၊ မင်းစစ်တမူ၊ ငါလျှင်ဟူ၍၊ ဘူမဏ္ဍလာ၊ အာကာဘဝဂ်၊ တုန်သွက်တိမ်းတင်း၊ အောင်မြေနင်းသော၊ ပင်မင်းဒုမရာဇ်၊ မသွေမလှန်၊ အနေမှန်လျက်၊ ကေန်စစ်သည်ဟု၊ သစ်သစ်ကြည်နူး၊ တို့ဖုံ့ဒွဟော၊ ညောင်တော်ရွှေကို၊ ရိုသေစွာ ဘူးခဲ့သည်။—

အထူးမှတ်ရန်၊ အကြောင်းကိုပြန်ဦးအံ့။ ။မြေကြန်ရတနာ၊ ဝေယန္တာသို့၊ ရွှေဗျာလှစ်ဘော်၊ ခေတ်လုံးကျော်သား၊ မန်းမော်လကျာ၊ နန်းသိင်္ဂါထက်၊ စကြာဦးခိုက်၊ ဆိုက်အံ့တျားတျား၊ ထိုဘုရားလျှင်၊ ပတ္တမြားကိုးကုံး၊ ငြိုးပြိုးလျှံဝါ၊ ရတနာဆယ်မျိုး၊ ဘိုးအနဂ္ဃ၊ ဒါနမြုတေ၊ ကုဋေကိန်းလွှန်၊ လှူလက်မွန်ဖြင့်၊ ထက်ဇွန်ယမကံ၊ ဘဝဂ်လျှံသား၊ အရဟံစစ်၊ မာရ်လှစ်သားမိ၊ ပရာဇိတည့်၊ မိပတိအခန်း၊ ပလ္လင်ကျင်းသည့်၊ ပင်မင်းဗုဒ္ဓဟော၊ ညောင်တော်ရွှေသို့၊ စေ၍ထုတ်ချောက်၊ လှူတုံမြောက်ပြီး၊ ထို့နောက်စပ်ကား၊ များမကြာလျှင်၊ ကောဇာမုတိ၊ ဒွိနှင့်ကော၊ ...ဒရာသီ၊ ခါအညီတွင်၊ ဤဗောဓိဘွေ၊ မြေထက်ဝန်း

ကျင်၊ ပြင်ဆင်ဘွယ်ဘွယ်၊ အသွယ်သွယ်ကို၊ အလွယ်တကူ၊ ပြင်တော်မူ၍၊ ပူဇော်အံ့ငှါ၊ စေတနာအဇ္ဈန်၊ လွန်ဘိရကား၊ လျင်လျားလူလူ၊ ပြီးမူကြီးထွေ၊ စေတော်မူ၍၊ ဘူသိခရာ၊ မြေမျက်နှာတွင်၊ ညောင်တော်ပင်က၊ မျက်မြင်ကိုယ်ကြုံ၊ဖူးရတုံသည်။ ။ဆောင်ဘုံရတနာ မဟာဗောဓိနိဒါန်းတည်း။

---

# စာတမ်းများ

## ၂၂၁-ဆေးလိပ်စာတမ်း

* ရန်ပင်ရွက်ကယ်နှင့်၊ ခေတ်ဘက်ကယ်ရိုးတံ၊ ရွက်မကျန်အောင်၊ သွင်းရစ်ဘန်ချည်နှောင်လို့၊ အဝိုရောင် လောင်စေက၊ ဝါယောကူလေနှင့်၊ ခိုးရောင်တွေ တိမ်တန်းလို့၊ ရှိုက်ပန်းကာမပြေနှင့်၊ ဗိုလ်ခြေသုံးနေကြပေလေး။
* ရသာငယ်တစ၊ အာရုံပြုလို့၊ ရှေးဥပဒေ၊ ဘယ်ကာလက၊ အစတော်ဖွေလေသည့်၊ တွေးခြေမိစိတ်ဉာဏ်ကို၊ ကေန်မှန်မယွင်းအောင်၊ လင်းတဲ့ပါလေး။

သက္ကရာဇ် ၁၂၁၈-ခု၊ ဝါဆိုလပြည့်ကျော် ၇-ရက်နေ့တွင်၊ မြင်းခုံတိုင်မြို့စား တရားသူကြီးမင်းက ပေးအပ်လိုက်သည့် ကဗျာဝိသေသကို ပြန်လှန်သုံးသပ် စုံစမ်းဆင်ခြင်သော်။ ။ဓမ္မပဒအဋ္ဌကထာထွက်၊ ဒု-သ-န-သော အက္ခရာ၊ ဝဇီရဗုဒ္ဓိသင်္ဂဟထွက်၊ စ-ဘ-က-သ-အက္ခရာ၊ သဒ္ဒေပဋ္ဌိကာထွက်၊ သ-မ-နိ-ဒု-စသောအက္ခရာ၊ လောကာစေရဂါထာလာ၊ ဍ-သွာ-သု၊ ပု-ဒိ-အာ၊ သု-စိ-ပု-ဘာ-စသောအက္ခရာတို့သည်၊ အကျဉ်းမျှဖြင့် အနက်အဓိပ္ပါယ်၊ ကြီးကျယ် ထူးမြတ်၏သို့ရင်း၊ ဟံသာဝတီရောက်မင်းလက်ထက် အဝရှေ့စည်းခုံဘုရား ထီးကြားတွင် ရသည့်"ချာဇလချာဂေကာ"ဟူသော ကြက်ဥအက္ခရာသည်၊ တလုံးလျှင် တဂါထာဖြစ်၍ အနက်အဓိပ္ပါယ် ထူးမြတ်၏သို့ရင်း၊ အရိမဒ္ဒနာမည်သော ပုဂံမြို့ ရွှေစည်းခုံဘုရား ရင်ပြင်တော် အရှေ့မျက်နှာ တံခွန်တိုင်၏ ...ခန့်အရပ်တွင် မှန်ငယ်နိုက် ဘိနပ်တော်က ထီးဖျား

အထိ၊ စည်းခုံတော်အလုံး ထင်မြင်၍ အံ့ဩဘွယ်ရှိ၏သို့ဂုဏ်း၊ အနည်းငယ်သော အက္ခရာစဉ်ဖြင့် ဖွဲ့ဆိုအပ်သော ကဗျာလည်း ထူးမြတ်ကြီးကျယ်သော အဓိပ္ပါယ်ရှိသည်ဟု ကြံစည်ယူဆ၍ နှလုံးသွင်းမိရကား၊ ထိုကဗျာပြု မြင်းခုံတိုင်မြို့စား၊ တရားသူကြီးမင်းဂုဏ်ကို နောင်လာသူတို့ ပြောပရာဖြစ်စေဟု၊ သဘောထားလျက်၊ အဆွေခင်ပွန်းစစ်လေးယောက်၊ အင်္ဂါ ၁၆-ပါး၊ တနည်း ခင်ပွန်းကောင်း ၁၆-ယောက်၊ အာနိသင် ၁၀-ပါး၊ ဘုရားဟောတိုင်း ညီညွတ်စေလျက် အဆွေခင်ပွန်းတို့ဂုဏ်ကို ချီးမြှောက်သော အားဖြင့် ဖြေဆိုလိုက်သည်ကား—

အမည်အားဖြင့် သုတာ-သင့်၍ ရန်ဘက်ကြိမ်သော, သနပ်ဘက်နှိုက် စရေ-သင့်၍ ခတ်ဘက်ကြိမ်သောဆေးရိုး၊ ၎င်းအရွက်တို့ကို သုံးဆောင်သူတို့ အလိုအလျောက် ထည့်သွင်းပြီးလျှင် ပိုးချည်စသည်တို့ဖြင့် ဖွဲ့စည်းခြယ်လှယ်အပ်သောဆေးလိပ်ကိုပင်—

* ရန်ပင်ရွက်ကယ်နှင့်၊ ခတ်ဘက်ကယ်ရိုးတံ၊ ရွက်မကျန်အောင်၊ သွင်းရစ်ဘန် ချီနှောင်လို့-

ဟု ဘွဲ့ဆိုလေသည်၊ ထိုဆေးလိပ်ကို မီးညှိ၍ ဗိုလ်လူအများသောက်ရှူသုံးဆောင် ရသာအာရုံပြုသည်ကို-

* အဝိုင်ရောင် လောင်စောက၊ ဝါယော ကူလေနှင့်၊ ခိုးရောင်တွေ တိမ်တန်းလို့၊ ရှိုက်ပန်းကာမပြေနှင့်၊ ဗိုလ်ခြေသုံးနေကြပေလေး။ ။ရသာငယ်တစု၊ အာရုံပြုလို့-

ဟု ဖွဲ့ဆိုလေသည်။ ။ထိုဆေးလိပ်ကို သောက်ရှူသုံးဆောင်ခြင်းသည် အဘယ်ကာလ အဘယ်မင်းလက်ထ

က. စ၍ ဖြစ်လေသနည်းဟု အမေးပုစ္ဆာပြုသနော ထင်ရှား စေလို၍-

* ရှေးဥပဒေ၊ ဘယ်ကာလက၊ အစတော်ဖွေလေသိ၊ တွေးခြေမိစိတ်ဉာဏ်ငယ်၊ ကေန်မှန်မယွင်းအောင်၊ လင်းတဲ့ပါလေ-

ဟု ဖွဲ့ဆိုလေသည်။ ။ယင်းသို့ ဖွဲ့ဆိုအပ်သော ကဗျာ အရ သနပ်ဘက်ဖြင့် လိပ်အပ်သောဆေးရိုးလိပ်၊ ဆေးသား လိပ်များကို အဘယ်ကာလက သုံးဆောင်သနည်း ဟူရာ နှိုက်၊ ထိုဆေးဟောသဒ္ဒါကို ကျမ်းဂန်ရှာဖွေ ကြည့်ရှု၍ ကိုယ်သာမတွေ့ဘူးသည်မဟုတ်။

ပါဠိ,အဋ္ဌကထာ,ဋီကာ,အနု,မဓု, လက်သန်း, ဂဏ္ဌိပဒ္ဒစသော အရိုးကျမ်းတို့၌ငှင်း၊ နိဿယဏ္ဍု, တောဒည်း,အလင်္ကာစသော ကျမ်းပုံများတို့၌ငှင်း။

စာနာကျနီတိ, မဟာရဟာနီတိ စသော ကျမ်းတို့ ၌ငှင်း။

ဇင်းမယ် ပဏ္ဏာသ, ကြမ္မာဒိုက်, ပေါက်ဇရောက် ကေတု, ဒန္တာသိရိ, ဟိတောပဒေသ, ဟိတသိဒ္ဓိ, ကာလိဒါသဗျာသ, ဇာတိဟာသ, ပူရာဏ်, ပုံတရာ ဝတ္တု,အင်ရုံစာတမ်းစသော စာဟောင်းစာတမ်းတို့ ၌ငှင်း။

မဟာရာဇဝင်ကြီး, ရာဇဝင်လပ်, ရာဇဝင်ကြတ်, ရာဇဝင်ကျော်, ဇင်းမယ်ရာဇဝင်, သံလျင်ရာဇဝင်, တောင်ငူရာဇဝင်, သထုံရာဇဝင်, ပူတကေရာဇဝင်, မွန်ရာဇဝင်ဟောင်း, ရခိုင်ရာဇဝင်ဟောင်း, ငှင်းအ သစ်,တရုပ်ရာဇဝင်စသော ရာဇဝင်ကြတ်တို့၌ငှင်း။

ဓာန္ဒြီ, ဓ်ာနန္ဒြီ, ဓါတုဒီပနီ, လက္ခဏာဒီပနီ, ဘိသက္ကဘေဒ, ဘေသဇ္ဇမဥ္ဇူသာ, ဒြဗျဂုဏပြကာသ,သာရကောမုဒီစသော ဆေးကျမ်းတို့၌၎င်း။

မနု,မနော, ဓမ္မဝိလာသစသော ဓမ္မသတ်ကျမ်းတို့၌၎င်း။

မကာရန္တ, ဘာသုတိဂြဟလာဃဝ, သိဒ္ဓန္တကြီး, သိဒ္ဓန္တငယ်စသော ဗေဒင်ကျမ်းတို့၌၎င်း။

မလာမရှိမတွေ့မိချေဟု နိကာယ်ငါးရပ် ကမ်းခပ်ဝိဒူ ပါရဂူဖြစ်သော ပိဋကတ်မ၊ ဆရာတော် ရဟန်းပညာရှိတို့နှင့် တောင်သာမြို့စား ဒီသာပါမောက္ခဆရာ၊ သဗ္ဗညုတက ဗဟုဿုတရှင်ဖြစ်၍ မနုနှုန်းနှုန်း လက်ရှိုး တန်းလျက် ကျမ်းသစ်ဂန္ထ ဓမ္မသံဟိတာဒီပနီ စာယဉ်စီဖြစ်သော သံတော်ဆင့် ရတနာလေ့ကားတော်မှူးမင်း-မင်းလှသီရိ ဇေယျသူ စသော ပိဋကတ်တော်မ၊ လူပညာရှိအများ ဇမ္ဗူဒီပ ဩ တမျက်နှာ လက်ျာသီမီး စွယ်စုံကြီးဖြစ်သော လှေသင်း အတွင်းဝန်မင်း-မင်းကြီး မဟာဇေယျသင်္ခယာ တို့ကလည်း ဆေးဟောသဒ္ဒါ သေချာစွာ မတွေ့ဘူးကြောင်းကို အညီအညွတ်ပြောဆိုကြသည်။

သက္ကရာဇ် ၉၉၁-ခု သာလွန်မင်းတရားကြီးလက်ထက် ရှင်ကရဝိကဆို မာဃနတ်ရှင်ချီရတုတွင်—

* ထူးဆန်းပင်ရည်၊ ခက်တံရှည်နှင့်၊ ပွင့်သည်တမူ၊ မဥ္ဇူတမျ၊ ရွှေရွှေညွန့်ကွေး၊ ဖြူရောင်ပြေးသား၊ မှလေးပန်းနှယ်၊ အသီးဝယ်လည်း၊ ဖြီးကြွယ်များ၏၊ အစေ့ပြည့်လျက်၊ ဆေးမည့်အကျော်၊ တုမ[illegible]

ကာ [illegible] ကို၊ ခေါ်ဝေါ်မည်ရည်၊ ဤသို့သည်ဟု၊ ကြံစည်
[illegible] ပြတ်ပြတ်၊ တပ်တပ်မုချ၊ မသိရတည့်—

[illegible] ဘွဲ့ဆိုသည်ကို ထောက်သဖြင့်လည်း ဆေးဟောပါ၍ [illegible]ကြောင်းကိုသိသာသည်။

လူမျိုးကွဲတို့ဘာသာအားဖြင့် ခေါ်ဝေါ်ကြောင်းကိုကား [illegible]သံမင်းကိုမေးရာ မုံပတ် ခေါ်ဝေါ်ကြောင်း၊ ထိုမုံပတ် ဟူသည်လည်း ဓမပတ္တသဒ္ဒါနှင့်လျော်ကြောင်း အနက်ရေးသော် မုံမပတ္တ၊ အခိုးရှက်ဆိုလိုသည်၊ ဤ၌ ဟတ္တိကိုဟတ်၊ ဘတ္တကိုဘတ်ဟူ၍သို့ မုံမကိုမုံ၊ ပတ္တကိုပတ်ပင်၊ အာဒေ့ကွရ နည်းမူသည်ဟု အမရပူရ၊ ပြည်မဆိမ်း၊ ပေါက်သားကြီး ဖြစ်သော လေ့သင်းအတွင်းဝန်မင်း ပြောဆိုဘူးသည်၊ ၎င်း ရတုတွင်လည်း—

* အမည်ထွေလာ၊ မြန်မာကားဆေး၊ ရပ်ဝေးရှမ်း
လို၊ ရာသွတ်ဆို၏၊ မွန်လိုခဝီ၊ ခေါ်ညီ ထူးခြား၊
ကုလားဒါရူ၊ စာမူညြသထ၊ သမုတ်ကြလျက်—

ဟူ၍ ဘွဲ့ဆိုသည်ကိုထောက်လျှင် ညြသထ ဆိုလိုရိပ်ရှိသည်၊ မဂဓရာဇ်သူတို့ ခေါ်ထုံးဟူရကား အရပ်ဒေသဌာနအမျိုးခြားသဖြင့် အခေါ်ကွဲပြားကြောင်းကို သိသာသည်၊ ထိုဆေး မြန်မာနိုင်ငံသို့ ရောက်သည်နှစ်ကာလမှာ ၎င်း ရတုတွင်—

* ဌာနထူးလည်၊ ယွန်းပြည်တခြား၊ ယိုးဒယားက၊
သံလျင်စသည်၊ နောက်မှရခိုင်၊ ကျွန်းလုံးလှိုင်မျှ၊
မပြိုင်တုကျွန်း၊ ဝန္ဓေနန်းသို့၊ ရဟန်းရှင်လူ၊ သောက်

စေဟူ၍၊ ဆောင်ယူခဲ့လစ်၊ ကြာသည်ဖြစ်က၊အနှစ် ၃၀-ရာသီသော။—

ဟူသည်ကို ထောက်လျှင် ရှင်ကရဝိကတို့ လက်ထက် အနှစ် ၃၀-ခန့်ရှိမှု ညောင်ရမ်းမင်းတရား, အနောက် ဘက်လွန်မင်းတရားတို့ လက်ထက်ဆီက ရောက်ဟန်ရှိသည်၊ သည်အလျှင် ရောက်ကြောင်းကို မတွေ့ချေ။ ။ထိုကာလ ဆေးလိပ်မသောက်၊ ဆေးတံသာသောက်ကြောင်းကို ၎င်း ရတုတွင်—

ရွှေရွှေညွန့်ကွေး၊ နတ်တို့ဆေးကို၊ ကတ်ကျေးထား ယေ်၊ ရှုစဘွယ်နှင့်၊ သက်ယေ်ချောင်းမျှ၊ ပမာဏာသို့၊ ကြောမျှမပေါ်၊ စင်ကြယ်စွာနှင့်၊ သန္တာညှို့သက်၊သခင် လက်နှင့်၊ စုံမက်ယုယ၊လှီးပြီးမှလျှင်၊ ဟုဆို၍။ ။ ကြာဆေးခွက်ကို၊ ဆစ်မျက်ပြေစွာ၊ နီတျာညွှတ် ကော့၊ ဆေးတံကြော့နှင့်၊သောက်သော့အခါ၊အငွေ့ လာမူ၊ ရသာအတိ၊ ထောင်ကြောထိမျှ၊ မျက်စိ ကြည်လင်၊ ဆံပင်နက်မည်း၊ သွားလည်းမြဲမြံ၊လေး မျိုးနို့၍-ဟူသည်ကို၎င်း၊ရှင်ပုညကာမိသတ်ပုံတွင်—

ခံတွင်းသွားအံ၊ပုတ်ညှီနံ၊ ဆေးတံကွပ်တိုမင်း။

ဟူသည်ကို၎င်း၊ ကဝိလက္ခဏာသတ်ပုံတွင်—

မိန်းမရှင်ဇာ၊ ဂုံးချောခံ၊ ဆေးတံ အဆစ်ကျဲ၊ ဟူသည်ကို၎င်း၊ ဆေးတန်သုံး မတိမ်ကောသေးရ ကား ရွှေမင်းဘုန်း ဆင်တော် မော်ကွန်းတွင်- ဘယားအိပ်၊ မီးကူးကျောက်သံ၊ အစိုးထံမှု၊ မြဲမြံ ထွာလောက်၊ဆောင်းခမောက်နှင့်-ဟူသည်ကို၎င်း။

စိန္တကျော်သူဆို ဩဝါဒထူးနီဂုံးတွင်—

ဆေးတအိုးကျွမ်း၊ ကွမ်းတရာညက်ဟူသည်ကိုဎင်း၊ လေ့တက်ရေး ၃၇-ချင်းတွင်၊ ဆေးတံတော်တိုးဟူသည်ကိုဎင်း။

လွှတ်ကွန်းတွင်းနှိုက် ဆေးတံပေါက်ရှိသော ဟူသည်ကိုဎင်း၊ အဝမ္မိကောင်းစားစဉ် ဆေးတံဆေးအိုးအသုံးများ၍ တံတားဦးမှာ ဆေးအိုးရွေးသည်ကို ယခုတိုင် စကားပုံပြုသည်ကိုဎင်းထောက်၊ ထိုမှတပါး။

ရွှေရောပျော်ပျော်၊ ဆေးတံတိုကို အာမှာကိုက်လို့၊ လာလိုက်ခဲ့ခေါ်-ဟူသည်ကိုဎင်း။

ဆေးတံတို တညို့လောက်ကို၊ရေ့သောက်တော့ပေး-ဟူသည်ကိုဎင်း။

ဝါးဆစ်တံ- ထွာညှို့နှင့်၊ ခွါညိုကွက်တိုး ရှင်ပေလေး-ဟူသည်ကိုဎင်း။

ရွှေလသာ၊ ဘုရားတကာ၊ အဘယ်ကိုသွားမယ်၊ ဆေးတံများလျား ဟူသည်ကိုဎင်း။

* ရှုသာရှု မဖွာလိုက်နှင့်၊ ထွာမိုက် ကယ်တံတိုမှာ၊ ဂံဆိုတဲ့ဆေး။ ။နန်းအိမ်ရွှေကျွန်၊ လွန်စေနှင့်တန်ရှိုသုံးကွဲ၊ ခုံးမျက်က-လေး-ဟူသည်ကိုဎင်း။

ထောက်၍ ဆေးတံသုံးစွဲကြောင်းကို သိလေ။

အကျယ်ဆိုလျှင် အလွန်များ၍ နားရှုပ်အံ့ စိုးသောကြောင့် ထိုကာလဆေးတံသောက်ကြောင်းကိုသိသာရုံယုတ္တိဒဋ္ဌိ အာဂမဒဋ္ဌိ ထုတ်လိုက်သည်။

ဝိနည်းပညတ်တော်တွင် အခိုးတံဟူ၍ဎင်း၊ အကြောင်းရှိ[illegible]ခိုးသောက်အပ်၏ ဟူ၍ဎင်း လာသော်လည်း ယခုသုံး

ဆောင်ကြသည်ဆေးဟု တိုက်ရိုက်မလာ ဤကားဆေးလိပ်ကို မေးသဖြင့် ဆေးလိပ်မဖြစ်မီ ဆေးတံရှိကြောင်းကို မဆိုသော်လည်း ပြီးကောင်းရကား ကဗျာပြု မြင်းခုံတိုင်မြို့စား တရားသူကြီးမင်းညာဏ်နက်နဲ့ကြီးကျယ်ကြောင်းကိုနှောင်လာသူအပေါင်းတို့ ပြောပရာ ဖြစ်စေခြင်းငှာ ဘော်ထုတ်ပြေဆိုလိုက်သော စကားတည်း။

ဆေးလိပ်သုံးဆောင်ကြသည်မှာ ၁၁၂၈-ခုနှစ် ဆင်ဖြူရှင်ဘုရား ဒွါရာဝတီကို အလိုတော်ပြည့်သည်တွင် ယိုးဒယားလူမျိုးတို့ အလေ့ ငှက်ပျောဘက် ဆေးလိပ်သောက်ရှုကြသည်နှင့် မြန်မာလူမျိုးတို့လည်း ကိစ္စနည်းသည်ဟု ငှက်ပျောဘက်, ချဉ်ပြစ်ဘက်, ဆောက်ဘက်,ဒဟတ်ဘက်,ပြည့်စဉ်ဘက်, ပြောင်းဖူးဘက်, သနပ်ဘက်, သလူဘက်,ကွမ်းသီးဘက်စသော အထူးထူးသော ဘက်တို့ကိုလိပ်၍ သုံးဆောင်ကြသောကြောင့် သွေးဆေးကန်ဆရာတော် သတ်အင်းတွင်မှ ဆေးလိပ်ကို ပသတ်ဟူ၍ ပြလေသည်၊ ဝဏ္ဏဗောဓန စသည်တို့နှိုက် မပါရှိချေသေး။ ။ထိုကာလဆေးလိပ် သုံးဆောင်ကြကြောင်းကို။—

ဆေးလိပ်တတို၊ နွားပြာညိုတရှင်းဟူ၍ငင်း။
နန်းတော့်တောင် မယ်ညိုရှုန်းတယ်၊ဘိုးပုံလိပ်ဆေးဟူ၍ငင်း။

ဆေးလိပ်ကတဲ့ဘက်တောင်ပြန်၊နှမလေး မောင်ရွှေဝသွားကို၊ နားလုံးပြည့်ပန်-ဟူ၍ငင်း၊
* ကျုပ်တို့မှာရွာစရိုက်၊ အလိုက်ကယ့်ဘာသာ။ ။
ဘက်ပင်ကြွေ ညာတံလိပ်ကယ်၊ မဲမိတ်နှင့်သာ။

သူများလိုမရတတ်ပါဘူး၊ဘီလပ်ကယ်ရှိပုဝါ၊ဆာဘါ နှင့်တူနိုင်း။ ။အဖြူထယ်၊ အလယ်မှာ ပြာမှိန်မှိန် နှင့်၊ ပုဆစ်အိမ်ကွက်စုံကျလေငဲ့၊တင်းတိမ်စပိုင်း။ ။ ဟူ၍ငှင်း။

* မဝယ်ဘူး-မယ်ခူးတဲ့ဘက်စို။ ။မီးမကူနေပူမှာ မ ကင်အားလို့၊ ထားရတယ် အိပ်ယာအောက်မှာ၊ မင်းသောက်ဘို့ကို။ ။ညှာအနား၊ ရွှေသွားနှင့် ကိုက်လို့တို၊ မချိတောင့်လိပ်ဆေး။ ။ပိုးမကူ၊ ဝါ ချည်ဖြူတပင်ရစ်ကယ်နှင့်၊ 'ငယ်ချစ်ကယ် ရွှေဝသွား ကို၊ပါးလိုက်ကဲ့လေး—ဟူ၍ငှင်း။

စပ်ဆိုပုံရှိသည်များကို ထောက်၍သိလေ၊ ထိုဆေးလိပ် များလည်း ယခုကာလကဲ့သို့ ထိပ်ပိတ်ဟန်မရှိ၊ ကတ်ကျေး ဖြတ်သာ သုံးဆောင်ကြဟန်ရှိသည်၊ အိန္ဒိယတိုင်းအဝင် လံဒင်မြို့သား,မနီလာမြို့သား,ကာလကတ္တားမြို့သားတို့ သုံး ဆောင်ကြသည့် ဆေးလိပ်များမှာ ထိပ်မပိတ်၊ ကတ်ကျေး ဖြတ်နှင်နှင်ရှိသည်ကိုထောက်၍ သုံးစွဲစဉ်မပြတ်၊ ယခုတိုင် ထင်ရှားကြောင်းကို သိသာသည်။

ရတနာပူရ စတုတ္ထမြို့တည်- မဟာဝိဇယရံသီ စေတီ တော်ဒါယကာ မင်းတရားကြီး ဘုရားလက်ထက်ဆီ တခို တွင်မှ၊ ကြာခံကြာဘူး ၃-မြှောင့် ၄-ထောင့်၊ စောင်းလျား မြှောင့်၊ ဝက်အူလိပ်၊ တောင်ပြန်၊ တည်ခပ်ထိုး၊ ရောင် တွဲ၊ ပြန်ပွါး၊ ရောင်ပြားခံ၊ ရောင်ပြားပိတ်၊ ရွှေမင်ပန်းခတ် ရေး စသည်ဖြင့် အထူးအဆန်း နန်းမူနန်းရာ ဘွယ်ရာ ယဉ်ကျေးအောင် ချယ်လယ်သုံးဆောင်ကြသည်၊ ယခုတိုင် သဓေတည်သျက်ရှိသည်ကိုထောက်။

နှစ်ကာလသက္ကရာဇ် (၇၀) ကျော်(၉၀)ခန့် ရှိသော ကြောင့် ပျှိုဟောင်း, ရတုဟောင်း, ချောင်း, မော်ကွန်း, နားတော်သွင်း-စသော နေလအသွင် အရှင်မြတ်တို့ စီရင်သော စာကျော်ကြီးတို့၌ မပါမရှိချေသေး။

ပုစ္ဆာရင်းတွင် သနပ်ဘက်ကိုသာ ဆိုသည်မှာ "ရာဇာ အာဂတော"စသည်တို့ကဲ့သို့ ပဌာနနည်း,ဥပလက္ခဏာနည်း, နိဒဿနနည်းဖြင့် ကဗျာပြု,မြင်းခုံတိုင်မြို့စား တရားသူကြီး မင်း စီကုံးဘွဲ့ဆိုလေသည်ဟု မှတ်ယူသင့်လှတော့သည်။

> ဝန်ရှင်တော် လယ်ကိုင်းမြို့စား ကင်းဝန်သေနတ်ဝန် မင်းကြီး မင်းသတိုးသုမေဓာ မဟာသက်တော်ရှည် စာရေးတော်ကြီး သမြေ၅-ရွာစား မဟာမင်းကျော်စည်သူအရာနှင့် ထမ်းရွက်စဉ် တရားသူကြီးမြင်းခုံတိုင်မြို့စား မင်းကြီး မင်းလှမဟာမဓ္ဓိကရာဇာကမေး၍ ဖြေဆိုသည့် ဆေးလိပ်စာတမ်း။

---

## ၂၂၂-လက်ဘက်စာတမ်း

နေပြည်တော်ပတ်ရံ၊ နိုင်ငံတော်အတွင်း၊ မြစ်ရိုးမြစ်စဉ်တွင် ပလောင်ပလေတို့ ခူးစားရောင်းဝယ်သည့် လက်ဘက်တောင်လပ်ပေါင်း ၅၀-ကျော်၊ ကမော်ဂရပ်ရှိသည်တွင် လက်ဘက်တို့ကို စီရင်ဆုံးဖြတ်နည်း၊ အခက်အရွက်ကိုခြားနားနည်း၊ တိုက်၍ပယ်နည်း၊ ကျောနည်း၊ ခွဲနည်း၊ ပေးမည်, ကမ်းမည်, အတွင်းအပြင်ခေါ်နည်း၊ အရွက်သဏ္ဍာန်၊ အနံ့အရသာ၊ အရောင်အဆင်းသဏ္ဍာန်ကို လူပညာရှိတို့ မမှားမတိမ်းမစောင်းရအောင် သတိထား၍ စီရင်ဆုံးဖြတ်နည်းများကို ကုန်သည်ကြီးငယ် ရောင်းဝယ်သူတို့ သတိထားရသည်။

အတွင်း ၃-ရပ်၊အတွင်း၄-ရပ်။
အလယ် ၄-ရပ်။
တောင်လယ် ၈-ရပ်။
အတွင်းပြင်၊ပြင်အတွင်း၇-ရပ်။
ပြင်၄-ရပ်။
ပြင်၃၇-တောင်၊ အဝင် ၇-ရပ်။

လက်ဘက်တောင်ပေါင်း ၅၀-ကျော်ရှိသည်တွင်—

အတွင်း ၃-ရပ်ဆိုသည်ကား ပတ္တဲ, တောင့်ကျော်, ညောင်ပင်-အတွင်း ၃-ရပ်တည်း၊ အရောင်အဆင်းကား ဇာဒိဗ္ဗိုလ်ပွင့်နှင့်တူသည်၊ ညိုသည်,မှိုင်းသည်၊ အနံ့အရသာကား ချရားကုံးအနံ့အရသာနှင့်တူသည်၊

အလယ် ၄-ရပ်ကား ဇရမ်း, တောင်မ, ဖနောက်, ကွမ်းဟယ်-အလယ် ၄-ရပ်တည်း၊ အရောင်အဆင်း ကား ဖြူသည်၊ဝါသည်၊ အနံ့အရသာကား စကားပွင့် အနံ့အရသာနှင့်တူသည်။

တောင်လပ် ဆိုသည်ကားခွံပြောင်, ခွံရွတ်, သဲချောင်း, မီးလောင်ကုန်း, ငပြုတ်ကုန်း, ဖျောက်ရွာ, တိမ်ခြေ တောင်လပ် ၈-ရပ်တည်း။ ။အရောင် အဆင်းကား ဝါသည်၊ မဲသည်၊ ညိုသည်၊ အနံ့အရသာကား-မြတ်လေပွင့် အနံ့အရသာနှင့်တူသည်။

ပြင်အတွင်း၊ အတွင်းပြင် ၇-ရပ်ဟူသည်ကား၊ ချုံး ၇-လုံး ၇-လင်, သီဟ, နံ့ကျင်, ငရွတ်၊ ကြောင်ရင်-ပြင် ၇-ရပ်တည်း၊ အရောင်အဆင်းကား၊ ဖြူသည်၊ နီသည်၊ ညိုသည်၊ အနံ့အရသာကား အိမ်ဦးတွင် စိုက်ထားသည့် စပယ်ပွင့် အနံ့အရသာနှင့်တူသည်။

ပြင် ၄-ရပ်ကား—ကျောက်ဖြူ, ညောင်မောင်း, ပါခါး, ကြွယ်တော့သင်၊ အရောင်အဆင်းကား—ဖြူသည်၊ ဝါသည်၊ ညိုသည်။ ။အနံ့အရသာကား ဥသျှစ်သီးမှည့်အနံ့အရသာနှင့်တူသည်။

ပြင် ၃၇-ရပ် တောင်စင် ခုနစ်တောင်ကား—မံခွံ,မံခါ, ပင်နိမ့်,ရပ်တောင်, ချောင်ကြီး,ဆီးကုန်း, ဝါးရုံတော- ပြင် ၇-ရပ်တည်း။ ။အရောင် အဆင်းကား—မည်းသည်၊ နီသည်၊ ဝါသည်၊ အနံ့အရသာကား ဥသျှစ်သီးကင်း အနံ့အရသာနှင့်တူသည်။

ချင်း ၄-မျိုး၊ လက်ဘက် ၄-မျိုးတွင် ချင်း ၄-မျိုး ဆိုသည်ကား-၁၀-တင်းပြည့်ချင်း, ၈-တင်းပြည့်ချင်း, ၆-တင်းပြည့်ချင်း, စိတ်ချင်း-၄-မျိုးဆိုသတည်း။

လက်ဘက် ၄-မျိုးတွင် ရွှေပြည်, ကချင်, ခမု, ခရွတ်, ၄-မျိုးရှိသည်ဖြစ်၍ ၄-မျိုးလက်ဘက်တွင်၊ တမျိုး လက်ဘက် တောင်ကမ်းငုတ်လည်၊ ပလောင်စာခေါ်သည်၊ ပမာဆိုသော် ဆေးရွက်ပြား သန္တာန်နှင့် တူသည်၊ ရွှေပြည်၊ ကချင်, ခရွတ် ၃-မျိုးတွင် ၉-မျိုးဖြစ်သည်၊ ၉-မျိုး လက်ဘက်တွင် မိုးမမီ,ရွှေပြည်ဦး, ရွှေပြည်သားလပ် ၃-မျိုး ၃-သားတည်း။

ကချင်ဦး, ကချင်သားလပ်, ကချင် ၃-ဦး ၃-သားတည်း၊ ခရစ်ဦး, ခရစ်သားလပ်, ခရစ် ၃-မျိုး ၃-သားတည်း၊ လက်ဘက် ၉-မျိုးတွင် မိုးမမီသည့် ရွှေပြည်ဦး အရွက်မှာ စားတော်အရွက်ဖြစ်၍ ၈-မျိုး လက်ဘက်ကိုသာ ရောင်းစားကြရသည်၊ ၈-မျိုး လက်ဘက်၊ အဘိုး

ဘက်များမှာ၊ ရွှေပြည်သားလပ် ၁၀၀-လျှင် ကချင်ဦး ကချင်သားလပ်က ငွေ ၅-၂ မတ်ဆောင်းစေ၊ ကချင်ဦး ကချင်သားလပ် ၁၀၀-လျှင် ခရွတ်သားလပ်က ငွေ ၅-၂ မတ် ဆောင်းစေ၊ ရွှေပြည် ၁၀၀-လျှင် ရွှေပြည်သားလပ် က ငွေ ၁-၁ မတ် ဆောင်းစေ၊ ကချင်ဦး ၁၀၀-လျှင် ကချင်သားလပ်က ငွေ ၁-၁ မတ် ဆောင်းစေ၊ ကချင် ၁၀၀-လျှင် ကချင်သားလပ်က ငွေ ၁-၁ မတ် ဆောင်း စေ၊ခရွတ်ဦး ၁၀၀-လျှင် ခရွတ်သားလပ်ကငွေ ၁-၁-မတ် ဆောင်းစေ၊ခရွတ်၁၀၀-လျှင် ခရွတ်သားလပ်ကဂရင်းနည်း ပြုစေ၊ အရွက်အခက်ကို စီရင်နည်း ဖြစ်သတည်း။

တောင်ကမ်းကို အတွင်းပြင် စီရင်နည်းကား—အတွင်း ၃-ရပ်၊ အတွင်း ၄-ရပ်၊ အလယ် ၄-ရပ် အမျိုးအဆက် တည်း၊ တည်ထောင်လပ် ၈-ရပ်ပြင်၊ အတွင်း၊ အတွင်း ပြင် ၇-ရပ်၊ ပြင် ၄-ရပ်၊ ပေါင်း ၁၉-ရပ် လက်ဘက်က ၂၅-ဆောင်း၍ပေးစေ၊ အတွင်းတောင်လက်ဘက် ၁၀၀-လျှင် ပြင်၃၇-တောင်အဝင်၊ ၇-ရပ်ပြင်၊ တောင်လင်တောင် က ဖြစ်လျှင်၊ လက်ဘက် ၁၀၀-လျှင် ၅၀-ဆောင်း၍ပေး စေ၊တောင်ကမ်းကို စီရင်နည်းဖြစ်သတည်း။

လက်ဘက်တို့ပယ်နည်း ကျောနည်း ပေးမြဲ ကမ်းမြဲ လှမ်းမြဲသည်ကား—ကန်မကူး မိုးမဖြန်း ရေမသွမ်း ရေမ ကြွေး ကျောခြင်ပကတိ ဖြစ်လျှင် ငါးပုံခွဲပယ်စေ၊ ချင်းတ တင်ကိုလက်ဘက် ၅၀-လျော့စေ၊ချက်ကျည်းရောင်း၊ ချင်း တတင်ကို ၅၀-လိုက်စေ၊ ကန်ကူးမည် မိုးဖြန်းမည်၊ ရေကြွေး ရေသွမ်း ဖြစ်မည် လေးပုံခွဲပယ်စေ၊ ချင်းသား

၁၀၀-လျှင်၊ ကျည်းရောင်ပါ ၂၊ ကျောစေ၊ ရေကြွေးရေ စိမ်ချင်းဖြစ်လျှင် ၄-ပုံပယ်စေ၊ ကျောကျည်းရောင်ပါ ၄-ပုံ ၄ဝိ-မှာ လက်ဘက်အသား ၁၀၀-ကို ၂၅ဝိ-ကျောစေ၊ တိုက်ချိန်၍ ရောင်းဝယ်လျှင် ဆွဲရာဇူအောက် ရောက်သည် ဖြစ်၍ ပေးမြဲ ကမ်းမြဲထုံး တမျိုးရှိရာ ချင်းတတင်လျှင် ငွေ ၂-မတ်လျှော့စေ၊ မတိုက်မချိန်စုရာ ထိုအသားကိုမှန်း ထားကာလ၊ ပေးယူပြေငြိမ်းကြလျှင် ချင်းတတင်ကို၊ ဂတိ ဝတ်ရှိသည်အတိုင်း ချင်းရှင်ကငွေခံလျှော့စေ၊မတိုက်မချိ ဈေးနှုန်းပေါက်မှန်းထား ပြောဆိုဝယ်ချမ်းကြသည်ဖြစ်လျှင်၊ ချင်းတတင်ကို ဘမ်းလပ်တွက် ချင်းရှင်က ဝယ်သူကို၊ ငွေခံပေးစေ၊ ပယ်ရိုးပယ်တမ်း ကျောရိုးကျည်းရောင်ပေးမြဲ ကမ်းမြဲများကို သတိထား၍ ဆင်ခြင်စီရင်ရာသည်။

လက်ဘက်တို့ခွဲနည်း၊ ၃-ခါတက် ၃-ခါဆင့်၊ အောက် အထက်မညီ စီရင်နည်း ၄-ထောင့်မလွှား၊ မမှန်မကန်၊ ဘက်ဝါးပတ်ကိုရှာနည်း၊ ညှိနည်း၊ တိုင်းထွာနည်း များကို သတိထား၍ မမှားမတိမ်းရအောင် ကုန်သည် အရောင်း အဝယ်တို့ မသာမနာရှိအောင် ဈေးအစဉ်အလာ စီရင်ထုံး စီရင်နည်းများကို မခြားမမှား မတိမ်းရအောင်သတိထား၍ ဆုံးဖြတ်ခြားနားရာသည်။

ချင်းတတင်ပေါင်း၄-ချက်၊ ပစွယ်ဂ-ချက်၊ ၄-ထောင့်၊ ၄-လွှား၊ ၁၅-ပတ်၊ သားပုတ်သားလောင်၊ တင်ချောင်နံ ကပ်၊ ရွက်ပျောက်၊ ရွက်ကျား၊ ရွက်ပါး၊ ရွက်ကျင်၊ ကြေးမနေ၊ အထွေထွေလက်ဘက်ထဲတွင် ရှိသည့်အမှုများ ကို ဝယ်သူတို့မကြည့်၊ ချင်းခေါင်းကိုခွဲလျှင်၊ ..အရှေ့အ...

တောင်အရပ်,လက်ဘက်ထွန်းကားရာအရပ်ကို လက်ဘက်ပေါင်းလှည့်ရမည်၊ ခွဲထားသူကိုကိုင်၍ အနောက်အရပ်ကို ထားဦးညွန်ပြ၍ ခွဲရာသည်။

ထားကိုင်၍ခွဲသူကို ရောင်းသူကငွေခံပေးစေ၊ ဝယ်သူကလည်း ခံပေးစေ၊ ၎င်းနှစ်ဦးတို့ မပေးနေလျှင် ချင်းခွဲသည့်ထားကို ခွဲသူယူသင့်သည်၊ ၄-ထောင် ၄-လွှားများမှာ ဘက်ဝါးကပ် ၄-ချပ်ကိုထပ်၍ ၄-မျက်နှာ ကာဆီးလွှာရသည်၊ စာတမ်းဆိုသည်မှာ တောင်စည် ၂-ချပ် ထပ်၍ ၁၅-ချပ်ထိလွှာသည်၊ ပေါင်စီးပေါင်ဘိုးကိုမှာ ဘက်ဝါးပတ် ၇-ပြား၊ တောင်စည် ၇-ချပ်ထိလွှာ၍ ဘုံးပိတ်သည်၊ ကုပ်စီးကုပ်နှိပ်တို့မှာ စွယ်မ ၅-ပြား၊ စွယ်ရောင် ၄-ပြား၊ စွယ်ချပ်တဘက် တချပ်စီ၊ ချင်းတဘက်လျှင် ပေါင်း ၁၀-ဘိစီး၍ ကွပ်ညှပ်ထည့်ချေသည်။

လက်ဘက် အသက်ကို စွယ်အောက်အထက် အညီဘမ်းတက်ဘမ်းဝက်ကျနှင့် ညှိနှိုင်း တိုင်းထွာညီ ချေလျှင်ဝယ်သူက တိုက်ချိန်ခွဲချမ်းသည့်အသားကိုယူစေ၊ ၄-ထောင့် ၄-လွှား၊ ၁၅-ဘန်ချင်း ခွန်ချင်းလွှာကို ရောင်းသူကယူသင့်သည်၊ မယူလိုလျှင် ချင်းဘိုးထားကို ကုပ်ဘိုး၊ နားပန်ဘိုး၊ တင်လုပ်ခအတွက်များကို ဝယ်သူက တောင်းပန်တိုးလျှိုး၍ ရောင်းသူကိုပေးစေ၊ စပ်ကြားစုံရာ ပွဲခြားတို့ကလည်းရောင်းသူဝယ်သူ နှစ်ဦးနှစ်ဝ မသာမနာ အနာမာသ အကျယ်အပွါးစကားမများစေရ၊ ကြေချမ်းအောင် သတိထား၍ စီရင်ရာသည်။ ။ပြီး၏။

## ၂၂၃-ကာလကတ္တားသွား
## နေ့စဉ်မှတ်စာတမ်း
## (ဩဂုတ်လပြည့်ကျော် ၄-ရက်)

သက္ကရာဇ် ၁၂၃၇-ခု၊ ဩဂုတ်လပြည့်ကျော်၄-ရက်သော ကြာသပတေးနေ့နံနက် မိုးသောက်လျှင် ဂယာမြို့က ထွက်လာခဲ့ရာ တာ ၅၀၀-ခန့်သို့ရောက်လျှင် ဂယာမြို့တောင် စူးစူးအ နောက်သို့ စဉ်းငယ်ယွန်းသည့်အရပ်တွင် မဟာဗောဓိအနီး ရှေးသိရိဓမ္မာသောကမင်း တည်ထားခဲ့သည့် စေတီကြီးကို ခရီး ၃-တိုင်ကွာ၍ မားမားမြင်ရသည်၊ နံနက်၁၀-နာရီ အချိန်ရှိလျှင် မဟာဗောဓိပင်သို့ရောက်သည်။

အတင် အလှူတော် သေတ္တာများမှာ တင်ခဲ့ရင်း ကုလားအုပ်လှည်းရထားကြီး ဂယာမြို့ကလွန်လျှင် အသွား အလာခဲ့ခက်မည်ဖြစ်၍ နွားကလှည်းသို့ ကူးပြောင်း တင် ဆောင်ခဲ့ရသည်။

ဂယာမြို့က မဟာဗောဓိသို့ ကူးသည့်လမ်း ၃-လမ်းရှိ သည်၊ အရှေ့စွန် နေရဉ္ဇရာမြစ်ကမ်းတလျှောက်မှာ သဲပြင် ချပ်လျက်ရှိသောကြောင့် လှည်း, ရထား အသွားအလာခဲ့ ခက်သည်၊ အနောက်စွန် အင်္ဂလိပ် ပြင်ဆင်ထားသည့် လမ်းမှာ လမ်းဝဲယာ သစ်ပင်ကြီးအများ စီစဉ်ပေါက်ရောက် သာယာကောင်းမွန်လှသည်၊ လမ်းကွေ့သောကြောင့် ခရီး တတိုင်လွန်၍သွားရသည်။

လယ်လမ်းမှာ ပြင်ဆင်ထားသည့် လမ်းမဟုတ် သော် လည်း၊ သဲမြေကျောက်မြေ ကင်းလွတ်၊ မြင်းရထားသွား

လာနိုင်သည်၊ သံတော်အရာရှိတို့ ၎င်းလမ်းက-ကူးလာခဲ့ကြသည်။

မဟာဗောဓိသို့-သံတော်အရာရှိတို့ ဆိုက်ရောက်ရာ ဗောဓိပင်ကို ဘေးဘိုးစဉ်ဆက်ကာစ၍ အမြဲစောင့်ရှောက်နေထိုင်သူ မဟန္တဂိမည်သော ဇော်ဂျီက သံတော်အရာရှိတို့နှင့် ပါသမျှလူတို့ကို တိုက်အိမ်နေရာချထား ကောင်းမွန်စွာ လက်ခံပြုစုသည်၊ ၎င်းဇော်ဂျီသည် တပည့်လက်သားဇော်ဂျီပေါင်း (၁၀၀၀)ကျော်တို့၏ အကြီးအမှူးဖြစ်သည်။

မဟာဗောဓိပင်တော် ထက်ဝန်းကျင် တာ ၁၀၀၀၊ ခန့်အတွင်းရှိသည့် ဝတ်တော်မြေများကို အင်္ဂလိပ်အစိုးရတို့က ၎င်းဇော်ဂျီကို အပိုင်စားကဲ့သို့ ပေးအပ်သည်၊ ၎င်းမြေအတွင်း နေထိုင်သူတို့မှာ မဟန္တဂိဇော်ဂျီ ဆင့်ဆိုရာ နာခံကြရသည်၊ ၎င်းဇော်ဂျီ အသက် ၃၅-နှစ်ခန့်သာ ရှိသေးသည်၊ အထက် ဘကြီးတော်ဘုရား လက်ထက် မဟာဗောဓိပင်တော်သို့ အတင်အလှူတော်များနှင့် စေလွှတ်ရာ ၎င်းဇော်ဂျီအဘ ဇော်ဂျီကြီးရှိစဉ်ဖြစ်၍ ယခုကဲ့သို့ပင် ကောင်းမွန်စွာလက်ခံသည်ကို ယယ်ရွယ်စဉ်ဖြစ်သော်လည်း အသေအချာ မှတ်သားမိကြောင်းနှင့် ၎င်းဇော်ဂျီက ပြောဆိုသည်။

မဟန္တဂိ ဇော်ဂျီမှာ အရှေ့အနောက် ၃၃-တာ၊ တောင် မြောက် ၁၂၄-တာ၊ အရပ် ၉-တောင်ရှိ အုဋ်တံတိုင်း အရံအတွင်း၊ ၃-ပိုင်းကန့်ကွက်၍ တောင်စွန်အပိုင်းမှာ ညှော်သည်တို့ တဲခိုနေထိုင်ရန် ရေတွင်းရေကန်နှင့်တကွ အုဋ်တိုက်ကြီး ၁၊ ၎င်းအုဋ်တိုက်မြောက်ဘက်

၃-တာခန့်ကွာတွင် ဘကြီးတော်ဘုရားလက်ထက် အတင် အလှူတော်များနှင့် စေလွှတ်ရာ လုပ်ဆောင်တည်ထား သည့် စတုရမ်း ၆-တောင်၊ အရပ် ၁၅-တောင်ခန့်၊ ဘုံ ၅-ဆင့်သံထီးစိုက်၊ ကျောက်စာရှု-အုဌ်ပြာသာဒ် ၁၊ ၎င်း အရှေ့ ၅-တောင်ကွာ၊ အရပ် ၇-တောင် အုဌ်တိုင်ပေါ် တွင် အဝ ၃-တောင်၊ အရပ် ၅-တောင်ခန့် သံထီး (၁) တင်ထားသည်။

အရံအုဌ်တံတိုင်း အလယ်ပိုင်းတွင် မဟာန္တဂီဇော်ဂျီ နေထိုင်သည့်တိုက်ကြီးနှင့် ပဘ်လည် အရံအုဌ်တိုက် ၊၄-လုံးရှိသည်၊ မြောက်စွန် အပိုင်းတွင် ရေတွင်းရေကန်နှင့် တကွ ဥယျာဉ် စိုက်ပျိုးပြုစု ဖြစ်ထွန်းလျက်ရှိသည်။

မဟာဗောဓိပင်တော်မှာ— မဟန္တဂီဇော်ဂျီ နေထိုင် သည့် အုဌ်တိုက် အရံ တံတိုင်းက အနောက်တည့်တည့် တာ ၇၀-ကွာ အပရာဇိတပလ္လင်တော်ရာတွင် သီရိမမွာ သောကမင်း တည်ထားခဲ့သည့် အုဌ်စေတီကြီး မြှုပ်လျက် လျက်ရှိသည်။

၎င်းစေတီတော် ဘီနပ်အုဌ်ခုံပလ္လင်မှာ ဗောဓိပင်တော် ပါပိုက်၍ တည်လုပ်သောကြောင့် စတုရန်း ၅၇-တောင်၊ အမြင့် ၁၂-တောင်ရှိသည်၊ ၎င်းအထက် ဗောဓိပင်တော် ရှေ့တွင် စေတီတော်အရပ် အတောင် (၁၀၀) ခန့် မြင့် သည်။

ဗောဓိပင်တော်မှာလည်း ပင်စည်ခက်မ၊ အခွဆုံသို့ ရောက်အောင် အုဌ်ခုံကြီးပေါ်တွင် အရပ် ၆-တောင်

ခန့် အုဌ်ပလ္လင်ငယ်ဆင့်လျက်ရှိသည်၊ ဗောဓိပင်တော်မှာ နှစ်ကာလ ရှည်မြင့်လှသောကြောင့် ပင်စည်ခက်မဆုံက အရှည် ၂၀-တောင်ခန့် အနောက်တောင်သို့ ညွတ်လျက်ရှိသည်၊ အကိုင်းတခုသာ အထင်အရှား ကျန်ရှိသည်၊ လမ်းလမ်းရှင်၍ စိမ်းစိမ်းစိုသော အခက်အရွက်နှင့်လည်း ပြည့်စုံသည်။

ပင်ခြေက ပင်စည် ခက်မဆုံရောက် အတောင် (၅၀) ခက်မဆုံက အညွန့်ဖျားရောက် (၅၀) တောင်၊ ၂-စု အတောင် (၁၀၀) မြင့်ကြောင်း၊ ကျမ်းဂန် အထွက်အရှိနှင့် ယခုမျက်မြင် ချင့်ချိန်လျှင် နှစ်ပေါင်း (၂၄၀၀) ကျော် ကာလရှည်မြင့်သည် တကြောင်း၊ အုဌ်ခုံပလ္လင် အဆင့်ဆင့် တည်လုပ်ထားသည် တကြောင်း များကို ထောက်၍ ကျမ်းဂန်အထွက်အရှိ အတိုင်းပင်၊ မှန်ကန် ညီညွတ်သည်ဟု ယူရန်ရှိသည်။

ဗောဓိပင်တော်မှ အရှေ့မြောက် ၅-တာခန့်ကွာ၊အပြန့် ၅-တာခန့်ကျယ်၍ ၆-တောင်ခန့် မြင့်သည့် ကုန်းပေါ်တွင် ဘိနပ် ၁၀-တောင်၊ အငတောင် ၂၀-ခန့် စေတီ တဆူ တည်ထားလျက်ရှိသည်၊ ၎င်းကုန်းသည် အနိမိသ ကုန်းပင်ဖြစ်သည်။

ကုန်းနှင့် ဗောဓိပင်အကြား ရတနာစင်္ကြံ တော်ရာတွင် ဟိန္ဒူလူမျိုးတို့နတ်ရုပ်တည်ထားလျက်ရှိသည်။

ဗောဓိပင်တော်မှာ ၄၃-တာကွာ အရှေ့တောင် အရပ်တွင် ရေအိုင်တခု အဝန်းတာ ၁၀၀-ကျော်ရှိသည်၊ ရေလည်း နွေမိုးမပြတ်ပင်တည်သည်၊ မုစ္စလိန္ဒာအိုင်ဟု မှချယူ ...င့်သည်။

ဖောမိပင်တော်မှ အရှေ့တာ ၁၀၀-ခန့်ကွာတွင် နေရဥ္စရာမြစ် အနောက်တောင်အရပ်က စီးလာ၍ အရှေ့မြောက်အရပ် ဂင်္ဂါမြစ်သို့ ပေါင်းဆုံသည်၊ ၎င်းမြစ်အကျယ် တာ၁၁၅၀-ခန့်ရှိသည်၊ မြစ်အရှေ့ဘက် တာ၃၀၀-ခန့်ကွာတွင် ညောင်ပင်ကြီးရှိသည်၊ ၎င်းညောင်ပင်မှာ ယခုတိုင် နတ်ပူဇော်မြဲရှိသည်။

၎င်းညောင်ပင်အနောက် တာ ၂၀၀-ခန့် မြစ်အရှေ့ဘက်ကမ်းတွင် ဘက္ကရိုဂေါင်ဟု ခေါ်ဝေါ်သောရွာရှိသည်၊ မြန်မာပြန်လျှင် ဆိတ်ကျောင်းရွာအမိပ္ပါယ်ရသည်။

၎င်းရွာအရှေ့မြောက် မနီးမဝေးတွင် အုဌ်တိုက်ကြီးပြိုပျက်သည့်နေရာ အုဌ်ကျိုးအုဌ်ပဲ့နှင့်တကွ ကုန်းကြီးအထင်အရှားတွေ့ရှိသည်၊ ရှေးအထက် ရှည်မြင့်စွာသော ကာလက ရွာရှေ့ညောင်ပင်တွင် ညောင်စောင့်နတ်ကို ဆွမ်းပန်းမပြတ် တင်လှူပူဇော်လေ့ရှိသည်၊ သူဌေးကြီးအဆက်ဆက်တို့ တိုက်အိမ်နေရာဖြစ်ကြောင်းနှင့် အများပြောဆိုကြသည်ကိုထောက်လျှင် သုဇာတာတိုက်အိမ်ရာပင်ဖြစ်သည်ဟု မှချယူသင့်သည်။

သတ္တဌာနအဝင် ရတနာဃရ, ရာဇာယတန များမှာ ကာလအရှည် အထင်အရှား တည်ထွန်း လောက်သည့် အရာဌာနမဟုတ်ဖြစ်၍ မှတ်သားရန် တစုံတခုမတွေ့သေးသော်လည်း ကျမ်းဂန်အထွက်အရှိအတိုင်း အလံတာကွာ ထောက်၍တည်ရာအရပ်ကိုယူသင့်သည်။

ဖောမိပင်တော်ပတ်လည် ၄-မျက်နှာတွင် သီရိဓမ္မာသောကမင်း လုပ်ဆောင် တည်ထားခဲ့သည့် တံတိုင်းရာ စတုရမ်းတာ ၆၀-ခန့် မြေမြင့်လျက် တွေ့ရှိသည်။

ဗောဓိပင်တော်သို့ ဆိုက်ရောက်သည့်နေ့ ညနေချမ်းအချိန် ဆောင်ယူလာသည့် အတင်တော် အလှူတော်များကို သေတ္တာမှထုတ်ဘွင့် ဗောဓိပင်ရှေ့တွင် စီစဉ် ခင်းကျင်းထားပြီးလျှင် ဝန်ရှင်တော်မင်းကြီး ဝန်ထောက်တော်မှစ၍ ပါသမျှလူကြီးလူငယ်တို့ ပဉ္စသီခံယူကြည်ညို ဖူးမျှော်ပူဇော်လှူဒါန်းကြသည်၊ ပြီးလျှင် မဟန္တဂီဇော်ဂျီကို စေ့စုံအောင်ပြသ၍ သေချာစွာ သေတ္တာထည့်သွင်း သော့ခတ်ပိတ်ပြီးလျှင် စာရင်းနှင့်တကွ အပ်နှံသိမ်းထားစေသည်။

မဟန္တဂီဇော်ဂျီကို သနားတော်မူလိုက်သည့် ရှေ့ကွပ်ကျောက်စီ တောင်ဝှေးကိုလည်း ၎င်းသို့ ပေးအပ်သည်၊ မဟန္တဇော်ဂျီကလည်း ဘုန်းတော်ကြီးကြောင်း သက်တော်ရှည်ကြောင်း ဆုတောင်းဆုယူပြုလျက် ဝမ်းမြောက်ဝမ်းသာခံယူသည်။

## (၎င်းလပြည့်ကျော် ၅-ရက်)

၎င်းလပြည့်ကျော် ၅-ရက် စနေနေ့ နံနက် ၁၀-နာရီအချိန် မဟာဗောဓိပင်တော်သို့ သွားရောက် ဖူးမျှော်ကြပြီးနောက် ဗောဓိပင် ညွတ်ကိုင်းရှိသည်ကို အုဋ်တိုင်လုပ်ဆောင် ထောက်ခံရလျှင် ထာဝရ အမွန်ရှည်စွာ ခိုင်ခန့်ကောင်းမွန်သဖြင့်ကုသိုလ်အထူး ဖြစ်ပွါးရန်ရှိသည့်အတိုင်း သံတော်အရာရှိတို့နှင့် ပါသမျှလူကြီး လူငယ်တို့က သဒ္ဓါတရားရှိသည့်အလျောက် ထည့်လှူစုဆောင်း ရရှိသည့်ငွေ ဒင်္ဂါး ၂၅ဝ-ကို မဟန္တဇော်ဂျီသို့ပေးအပ်ရာ နေ့ရက်မကြာပြီးအောင် အုဋ်တိုင်ကြီးစွာ လုပ်ဆောင် ထောက်ခံပါမည်ပြောဆိုခံယူသည်။

မဟာန္တဂီဇော်ဂျီနှင့် တပည့်ဇော်ဂျီတို့ကိုလည်း "မဟာဗောဓိပင်တော်ကို အမြဲစောင့်ရှောက် နေထိုင်သူများဖြစ်သည်၊ နောက်ကိုလည်း အမွန်ရှည်စွာ တည်ထွန်းအောင် စောင့်ရှောက်ထိန်းသိမ်းစေရန် အကြောင်းဖြစ်သည်" ရည်ရွယ်မြော်ထောက်ပြီးလျှင် မဟာန္တဂီဇော်ဂျီကို ငွေဒင်္ဂါး ၅ဝ, တပည့် လက်သား ဇော်ဂျီများကို ငွေဒင်္ဂါး ၅ဝ-၂-စုငွေဒင်္ဂါး ၁ဝဝ-ဆုပေးခဲ့သည်။

မဟာန္တဂီဇော်ဂျီကလည်း သံတော်အရာရှိတို့ ကိုးကွယ်ပူဇော်ရန် ဗောဓိသား, ဗောဓိမြေများကို ပေးလိုက်သည်။

သည်ကဲ့သို့ သံတော်အရာရှိတို့ မဟာဗောဓိပင်တော်သို့ ရောက်၍ အတင်အလှူတော်များကို တင်လှူပူဇော်ကြောင်း၊ မဟာန္တဂီဇော်ဂျီသို့ ရွှေကွပ် ကျောက်စီတောင်ဝှေးနှင့် ဆုငွေဒင်္ဂါး ၁ဝဝ-ပေးကြောင်း၊ဗောဓိပင်တော် ညွတ်ကိုင်းသည်ကို အုဌ်တိုင်လုပ်ဆောင် ထောက်ခံရန် ငွေဒင်္ဂါး ၂၅ဝ-ပေးခဲ့ကြောင်းများကို နောင်အစဉ်အဆက် အမှတ်အသားထင်ရှားရစ်အောင် စာရေးသား ပေးအပ်ခဲ့သည်။ ။ စာလက်ွကား—

> "သက္ကရာဇ် ၁၂၃၇-ခု၊ပြာသိုလပြည့်ကျော် ၄-ရက် ၆-ကြာသနေ့ နံနက် ၁၁-နာရီအချိန် ဝန်ရှင်တော် သေနတ်ဝန် ကင်းဝန် လယ်ကိုင်းမြို့စားမင်း၊ သတိုးမင်းကြီး မဟာမင်းလှ စည်သူကျော် ဝန်ထောက်တော် မြောင်လှမြို့စားမင်း-မင်းကြီး၊ သီရိမဟာဇေယျာသူ၊သံတော်ဆင့် မင်္ဂလာသောင်တင်းပုံ့လှေအုပ်၊မဟာမင်းတင်မင်းကျော်၊စာရေးကြီး မင်း

လှကျော်ထင်စည်သူ၊မင်းလှသီရိကျော်ခေါင်၊ နေမျိုးသိဒ္ဓိကျော်ထင်၊မြတိုက်သံဆင့် နေမျိုးသိဒ္ဓိကျော်စွာ၊ စကားပြန်-မောင်ပေါက်ထွန်း၊ စာရေးတော်,ပညာတော်သင်တို့နှင့် ရန်ကုန်မြို့ ကျောင်းတကာ ဦးဘိုးညွှန်း၊ ဦးဘိုးကြီးတို့ပါ စုစုလူပေါင်း ၂၂-တို့ ဗုဒ္ဓဂယာမဟာဗောဓိပင်တော်သို့ ဆိုက်ရောက်၍ ဆောင်ယူပါလာသည့် သပြာ ၄၇,၄၂၄-ပြားတန် အတင်အလှူတော်များကို စီစဉ်ခင်းကျင်း မဟာဗောဓိညောင်တော်ကိုတင်လှူ ပူဇော်ပြီးလျှင် သေချာစွာသေတ္တာထည့်သွင်း၍ မဟန္တဂိဇော်ဂျီသို့ စာရင်းနှင့်တကွ ပေးအပ်သိမ်းထားစေသည်။

မဟာဗောဓိပင်တော် အနောက်တောင်ထောင့်သို့ ကိုင်းညွတ်ရှိသည်ကိုလည်း အမွန်ရှည်စွာ ဒိုင်ခံကောင်းမွန်သဖြင့် ကုသိုလ်အထူး ဖြစ်ပွါးအောင်အုဋ်တိုင်လုပ်ဆောင်ထောက်ခံရန် ငွေဒင်္ဂါး ၂၅ဝ-ကို မဟန္တဂိဇော်ဂျီသို့ အပ်၍ လုပ်ဆောင်ထောက်ခံစေသည်၊ မဟန္တဂိဇော်ဂျီနှင့် တပည့်ဇော်ဂျီတို့ကိုလည်း မဟာဗောဓိပင်တော်ကို ကောင်းမွန်ရှိသေစွာ ကြည့်ရှုစောင့်ထိန်း သူများဖြစ်၍ မဟန္တဂိဇော်ဂျီကို ငွေဒင်္ဂါး ၅ဝ-အရံတပည့် ဇော်ဂျီတို့ကို ၅ဝ-၂-စု ၁ဝဝ-ပေးခဲ့သည်။ ။သက္ကရာဇ် ၁၂၃၇-ခု၊ ပြာသိုလပြည့်ကျော် ၄-ရက်၊ ၆-ကြာနေ့ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော မြန်မာနေထွက်ဘုရင် မင်းတရားကြီးဘုရားက မဟန္တဂိဇော်ဂျီကို မဟာဗောဓိပင်တော်ကို အမြဲစောင့်ရှောက်

ထိန်းသိမ်း နေထိုင်သူဖြစ်၍ ရွှေကွပ်ကျောက်စီ တောင်ဝှေး ၁-သနားတော်မူသည်။''

ဒုင်းစာ ၂-စောင်တွင် ဝန်ရှင်တော် သေနတ်ဝန်ကင်းဝန် လယ်ကိုင်းမြို့စား မင်းကြီး,ဝန်ထောက်တော် မြောင်လှမြို့စား၊ မင်းနှစ်ပါး လက်မှတ်ထိုးပြီးလျှင် စက္ကူစာတွင်တချက်, စာအိပ်တွင်တချက် ဥဒေါင်းရုပ် ချိပ်တံဆိပ်ခတ်မှတ်ပေးအပ် ခဲ့သည်။

## (ဒုင်းလပြည့်ကျော် ၆–ရက်)

ဒုင်းလပြည့်ကျော် ၆-ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀-နာရီအချိန် မဟာဗန္ဓုဂီဇော်ရီကို တိုင်ပြော နှုတ်ဆက်ခဲ့ပြီးလျှင် ဝန်ရှင်တော် သေနတ်ဝန် ကင်းဝန်မင်းကြီးနှင့် သံတော်ဆင့် မင်္ဂလာသောင်တင်းပုံလှေအုပ်၊ စာရေးတော်ကြီး ဦးမြ၊ စာရေးတော် မောင်ဘိုးလှ၊မောင်ဘိုးဈာ၊မောင်ဆင်၊ ပညာတော်သင် မောင်ထွန်းလင်း၊ အုန်းဘူးတို့မှာ နေရဥ္စရာမြစ်ကမ်းတလျှောက်ကို ကြည့်ရှုလို၍ မဟာဗန္ဓုဂီဇော်ရီက ဂယာမြို့ရောက် လိုက်ပို့စေသူ လက်ထောက်ဇော်ရီ ဝါသုဒေဝနှင့် အရှေ့စွန် နေရဥ္စရာမြစ်ကမ်းသို့ ရထားမစီး ခြေလျင် ထွက်ခဲ့ကြသည်။

ဝန်ထောက်တော် မြောင်လှမြို့စားမင်း စာရေးတော်ကြီး ဦးကြီး၊ ဦးဘိုးလှ၊ မြဲတိုက်သံဆင့် မောင်ပေါက်ကျိုင်းတို့နှင့် ကျန်လူတို့မှာ စီးခဲ့ရင်းရထား ၆-စီးနှင့် လမ်းချော မော ကောင်းမွန်ရာ အနောက်စွန်လမ်းကပြန်လာကြသည်။

အရှေ့လမ်း ထွက်လာသူ ဝန်ရှင်တော် မင်းကြီးနှင့်ပါ လူတို့မှာ မွန်းလွဲ ၁-နာရီခန့်ရှိမှ ဂယာမြို့သို့ ရောက်သည်။

ရထားနှင့် အနောက်လမ်းလာသူတို့မှာ နေ့ ၁၂-နာရီအချိန်က ဂယာမြို့သို့ရောက်နှင့်သည်။

မဟာန္တဂိဇော်ဂျီက ဂယာမြို့သို့လိုက်ပို့စေသည်၊ ဝါသုဒေဝဆိုသူ ဇော်ဂျီသည် လူကဲလူရိတ်ကို အလွန် သိတတ်သည်၊ ပျော်ရွှင်လိုသောစိတ်သဘောဆန္ဒ အလွန်အားကြီးသည်၊ မိမိကိုယ်ကို ဇော်ဂျီဖြစ်သည်ဟု အလေးမပြုသဘောမထား၊ ဝန်ရှင်တော်မင်းကြီးနှင့် အရာရှိတို့ ဝမ်းမြောက်နှစ်သက် ကြည်လင် ရွှင်လမ်းအောင် ပြုလုပ်တတ်သည်။

၎င်းဇော်ဂျီကို ဗောဓိပင်စောင့် လူပြန်တော်တို့နှင့် သင့်တင့် ညီညွတ်စွာ နီးနှောပေါင်းသင်း ကူညီဆောင်ရွက်ရန် ရှိသည်များကို ကြိုးစားအားထုတ် ကူညီဆောင်ရွက်ရမည် မှာထားပြောဆို၊ ငွေ ဒီ-သုံးဒင်္ဂါး၊ ပဲသုံးဒင်္ဂါးအသင့်အလျော် ဆုပေးလိုက်သည်၊ နေမွန်းလွဲ ၄-နာရီအချိန်မှ ဂယာမြို့က ပြန်သွားသည်၊ ၎င်းနေ့ည ဂယာမြို့ဘံဂလိုတိုက်မှာ အိပ်နေကြသည်။

## (၎င်း လပြည့်ကျော် ၇-ရက်)

၎င်းလပြည့်ကျော် (၇) ရက် တနင်းလာနေ့၊ နံနက် ၅-နာရီအချိန်၊ ဂယာမြို့မှ ထွက်လာခဲ့ရာ ၈-နာရီခွဲအချိန် ဗေလားရွာ ဘံဂလိုစခန်းသို့ ဆိုက်ရောက်ပါသည်။

ဗေလားရွာသို့မရောက်မီ ဗေလားရွာတောင် တတိုင်ခန့်ကွာ၊ နီးရီးရွာသို့ ဆိုက်ရောက်စဉ် အရှေ့မြောက်အရပ်ခရီး၃-တိုင်ခန့်ကွာတွင် ဂိဇ္ဈကုဋ်တောင်ကိုကြည့်ရှုရာ အခြားအရပ်များက ကြည့်ရှုသည်ထက် ၎င်းအရပ်က လင်းက

၄က်သန္တာန်ပီပြင် ထင်ရှားစွာ မြင်ရသည်ကို ထောက်၍ ငါတို့ဘုရားလက်ထက်တော် အထင်အရှားရှိသည့် ဂိဇ္ဈကုဋ် တောင်သည် ၎င်းတောင်အမှန်ဖြစ်ကြောင်းကို ယုံယုံ ကြည်ကြည် မှတ်ယူသင့်သည်။

၎င်းဗေလားရွာစခန်း ဘံဂလိုတိုက်တွင် ထမင်းချက် ပြုတ်စားသောက်ကြပြီးလျှင် နေ့ ၁၁-နာရီအချိန်ထွက်လာ ခဲ့ကြပြန်ရာ မွန်းလွဲ ၃-နာရီခွဲအချိန် ဂျရနာဘက်ရွာစခန်း ဘံဂလိုအုဋ်တိုက်သို့ ဆိုက်ရောက်၍ ညစာထမင်းချက်ပြုတ် စားသောက် အိပ်နေကြသည်။

## (၎င်းလပြည့်ကျော် ၈-ရက်)

၎င်းလပြည့်ကျော် ၈-ရက် အင်္ဂါနေ့ နံနက် ၄-နာရီ အချိန်၌ ဂျရနာဘက်ရွာ ဘံဂလိုအုဋ်တိုက်က ထွက်လာခဲ့ရာ နံနက် ၈-နာရီခွဲအချိန် နိမ္မာနာဒရွာစခန်းသို့ ဆိုက်ရောက်၊ နံနက်စာထမင်းချက်ပြုတ်စားသောက်ထွက်လာခဲ့ရာ မွန်းလွဲ ၃-နာရီအချိန် ဘံဂိပူရွာမီးရထားရုံသို့ ဆိုက်ရောက်သည်၊ ၎င်းနေ့ ၅-နာရီခွဲအချိန် ဝန်ရှင်တော်မင်းကြီး၊ ဘင်္ဂလား စာရေးတော်ကြီး၊ ရန်ကုန် ကျောင်းတကာ ဦးဘိုးညွှန်း၊ ဦးဘိုးကြီး၊ စကားပြန် မောင်ပေါက်ထွန်း၊ စာရေးတော် မောင်ထွန်း၊ မောင်ဘိုးလှတို့နှင့် လူငယ်များပါ မီးရထား စီးနင်း၍ ဘင်္ဂလားမြို့သို့ ပြန်လာကြသည်။

ဝန်ထောက်တော်မင်းနှင့်အပေါင်းပါ ဤတာလျှံသွား သံတော်အရာရှိတို့မှာ ယခုနေ့ ဘုံပိုင်မြို့သို့ အဖြောင့်သွား မီးရထား မရသည်နှင့် နက်ဖန် ၁၂-နာရီအချိန်တိုင် ဘုံပိုင် မြို့သို့ အဖြောင့်သွားမီးရထားကို ၎င်းမီးရထားရုံတွင် စတဲချ ရပ်-ဆိုင်းငံ့နေရစ်ကြသည်။

မီးရထား အပြန်စခန်း လမ်းအကြောင်းအရာများမှာ အထက်လာစဉ်အမှတ်အသား-ရေးပြီးအတိုင်းဖြစ်၍ ထပ်မံမရေးပြီ။

အသွားမီးရထားမှာ ဘင်္ဂလားက ဘုံဘိုင်မြို့ရောက် တနေ့နှင့်တညသွားရသည်၊ အပြန်မီးရထားမှာ ဘုံဘိုင်မြို့က ဘင်္ဂလားမြို့ရောက် တညသာသွားရသည်။

ငင်းည ၅-နာရီခွဲအချိန် ဘင်္ဂလားမြို့ အနောက်ဘက် ဟောက်ရားခေါ်မီးရထားရုံသို့ဆိုက်ရောက်သည်၊ ၎င်းတွင် ဘုံဘိုင်မြို့က ကြေးနန်းနှင့်မှာထားပြီးဖြစ်၍ ဤတာလျံကောင်စစ် လာမိုရိုးက မြင်း ၂-စီးကရထား ၂၊ စကြာယဉ်ပျံ ကပ္ပိတန်ပြောင်း က ရထား၁၊ ဘင်္ဂလား စာရေး တော်ကြီး အိမ်က ရထား ၁၊အသီးအသီး အသင့် စောင့်နေကြသည်၊ မင်းကြီးနှင့် အပေါင်းပါလူတို့ ၎င်းရထားများကို စီးနင်းပြီးလျှင် ဘင်္ဂလားစာရေးတော်ကြီး တိုက်သို့ လာကြသည်၊ စကြာယဉ်ပျံသင်္ဘောတော်မှာ နေထိုင်ရန် မပြင်ဆင်ရသေးဖြစ်၍ စာရေးတော်ကြီး တိုက်တွင် ရပ်ဆိုင်း နေထိုင်ကြသည်။

မောင်ပေါက်ကျိုင်းမှာ မဟာဗောဓိသားများကို တင်ဆောင်သည့် လှည်းမရောက်သေးသည်နှင့် ဘုံဘိုင်မြို့ မီးရထားရုံတွင် ဝန်ထောက်တော်မင်းများနှင့်အတူ မဟာဗောဓိသားကို ဆိုင်းငံ့စောင့်နေရစ်ရသည်။

**(၎င်းလပြည့်ကျော် ၉-ရက်)**

၎င်းလပြည့်ကျော် ၉-ရက် ဗုဒ္ဓဟူးနေ့ ဝန်ရှင်တော် ကင်းဝန်မင်းကြီး စာရေးတော်ကြီးတိုက်သို့ ရောက်လျှင်

ရောက်ခြင်း ဘုရင်ခံမင်းနှင့် တွေ့ကြုံနှုတ်ဆက်ရန် နေ့ရက်အချိန်များကိုသိရအောင် နိုင်ငံခြားရုံးအရာရှိ ဟန်ဘီးထံ မောင်ပေါက်ထွန်းကို စေလွှတ်တိုင်ပြောဆိုရာ သေချာအောင် မေးမြန်း၍ စာပေးပါမည်၊ ဟန်ဘီးကမှာထားလိုက်ကြောင်းနှင့် မောင်ပေါက်ထွန်းပြန်ပြောသည်။

ငင်းနေ့နံနက် ၅-နာရီခွဲကို ချမ်းသာစွာ ဆိုက်ရောက်ကြောင်း ကပ္ပိတန်ပြောင်းထံ အပ်ထားသော ငွေများကို ဘုံဘိုင်မြို့သို့ ပို့ကြောင်း စာရေးတော်ကြီး အစီရင်ခံစာ၊ အညီးပြေမင်းကြီး ရေးသည့်စာများကို ဝန်ထောက်တော်မင်းထံပို့ရန် ရေးသားလိပ်မှတ် အသေအချာနှင့် စာတိုက်သို့ပို့သည်။

## (ငင်းလပြည့်ကျော် ၁၀-ရက်)

ငင်းလပြည့်ကျော် ၁၀-ရက် ကြာသပတေးနေ့ နံနက် ၆-နာရီအချိန် ဘံကီပူမြို့မှာ ဗောမိသားကို စောင့်နေရစ်သသူ မောင်ပေါက်ကျိုင်း ဆိုက်ရောက်လာ၍မေးရာ မဟာဗောမိသားမှာ နက်ဖြန် ၃-နာရီမှ ရောက်မည့်အကြောင်း ဝန်ထောက်မင်းများလည်း ၉-ရက်နေ့ ၁၂-နာရီခွဲအချိန် ဘံကီပူမြို့က ဘုံဘိုင်မြို့သို့ ထွက်သွားကြောင်းနှင့်ပြောသည်၊ ဝန်ထောက်တော်မင်းများလည်း ဘုံဘိုင်မြို့တွင် ၇-ရက်ရပ်ဆိုင်းမည့်အကြောင်းနှင့် အစီရင်ခံစာရသည်။

ငင်းနေ့ မြန်မာသံတော်မင်းကြီး နိုင်ငံတော်မှထွက်မည့်နေ့ရက်ကို အမှန်သိလိုကြောင်းနှင့် ဟန်ဘီးက စာပေးသောကြောင့် ငင်းလပြည့်ကျော် ၁၃-ရက်နေ့ သင်္ဘောသို့ဆင်း၍ ၁၄-ရက်နေ့နံနက် စောစော ထွက်သွားမည် စာပြန်ပေးသည်၊

ကပ္ပီတန်ပြောင်းလာရောက် ၎င်းလပြည့်ကျော်၁၄-ရက်နေ့ ထွက်နိုင်ကြောင်းနှင့်ပြောသည်၊ လာမိုရီးတိုက်အိမ်သို့ လာရောက်နှုတ်ဆက်ပြီးလျှင် စနေနေ့ ၁၀-နာရီအချိန် စားပွဲထိုင်လာရောက်ပါမည့်အကြောင်းနှင့် ဘိတ်ကြား ပြန်သွားသည်။

၎င်းနေ့ မူလာကိုယ်စားလှယ် ဟာရှင် မယ်တယ်ညီ ဟာရှင်မယ်ဘယ် လာရောက် ဥယျာဉ်တွင် ဆာပါပုံရိုက်သည့်ရုံများကို ကြည့်ရှုပြီးလျှင် စားပွဲထိုင် လာရောက်ပါမည့်အကြောင်းနှင့် ဘိတ်သောကြောင့် တနင်္ဂနွေနေ့ လာမည် ပြန်ပြောမှာထားလိုက်သည်။

### (၎င်းလပြည့်ကျော် ၁၁-ရက်)

၎င်းလပြည့်ကျော် ၁၁-ရက် သောကြာနေ့ သံတော်ဆင့် ၄-ဦးတို့ စာအမှာရေး မောင်ဘားစာများကို ရသည်၊ ဝန်ထောက်တော်မင်းနှင့် အပေါင်းပါ သံအရာရှိတို့စာများလည်း တံဆိပ်လိပ်မှတ် မပျက်စေရ၊ စာအိပ်အသစ်ထည့်သွင်းပြီးလျှင် ဘုံဘိုင်မြို့ရောက် ပို့သည်၊ ၎င်းနေ့ဝန်ထောက်တော်မင်းနှင့် သံအရာရှိတို့ဘုံဘိုင်မြို့သို့ ချမ်းသာစွာ ဆိုက်ရောက်ကြောင်း ကြေးနန်းစာ ရသည်၊ ၎င်းနေ့မဟာဗောဓိသားမရောက်၍ ကြေးနန်းနှင့် ထပ်မှာထားရာနက်ဖြန်ရောက်ပါလိမ့်မည်ဟု ဟောက်ရှားမီးရထား လူကြီးကပြောသည်။

### (၎င်းလပြည့်ကျော် ၁၂-ရက်)

၎င်းလပြည့်ကျော် (၁၂)ရက် စနေနေ့နံနက် ၁၀-နာရီအချိန် ဣတာလျံ ကောင်စစ် လာမိုရီးအိမ်သို့ စားပွဲ

ထိုင်သွားကြသည်၊ ၎င်းအိမ်တွင် ခါတ်ကျောက် အမျိုးမျိုးများကို ခွဲခြမ်းသိမြင်တတ်သူ ပေါလဒီရောဆိုသူ တွေ့သည်၊ နိုင်ငံတော်က ထွက်သည့်ခါတ်ကျောက်မျိုးများကို တမျိုးလျှင် အချိန် ၂-ပိဿာခန့် ပေးပို့လျှင် မည်သည့်ကျောက် ရွှေ,ငွေ,ခဲ,ကြေး,သံ မည်မျှထွက်သည်၊အသေအချာ ခွဲခြမ်းပြန်ပြောနိုင်ကြောင်း၊ ၎င်းခါတ်ကျောက်များကို ဤတာလျံကောင်စစ်အိမ်သို့ပို့လျှင် ပြီးကြောင်းနှင့်ပြောသည်။

လာမိုရှီးက ဒါကာမြို့လုပ် ရေတာကောင်း ၁-နှင့်၊ ၎င်းရေခွက် ၁-များကို မင်းကြီးသို့ လက်ဆောင်ပေးလိုက်သည်၊ ၎င်းတွင် ၂-နာရီ နေထိုင်၍ ပြန်လာကြသည်၊ တိုက်အိမ်သို့ ရောက်လျှင် ဝန်ရှင်တော်မင်းကြီးနှင့် ဘုရင်ခံမင်း၊ ယခုနေ့ ၃-နာရီအချိန် တွေ့လိုပါကြောင်း စာရောက်နှင့်သည်၊ ၎င်းနေ့ ၂-နာရီခွဲအချိန် အထက်အကြိုလာမြဲ အရာရှိ မေဇာစမစ်ဆိုသူ လာရောက်ကြိုလာသည်။

ဝန်ရှင်တော်မင်းကြီးလည်း အင်္ကျီလက်ကျယ် ရွှေစလွယ် ဆင်ယင်၍ စကားပြန် မောင်ပေါက်ထွန်းနှင့် ရထားစီးနင်း ပြီးလျှင် ဘုရင်ခံမင်းတိုက်သို့ သွားကြသည်၊ ရောက်လျှင် ဘုရင်ခံမင်း ပကတိနေမြဲတိုက်ခန်းတွင် အတွင်းဝန် အာချစ်စင်နှင့်အတူ ဆီးကြို လက်ခံသည်။

ဝန်ရှင်တော်မင်းကြီး မဟာဗောဓိသို့သွားရာ အလိုအတိုင်း ပြည့်စုံပါ၏လားဟု မေးသည်၊ မင်းကြီးက ပြည့်စုံကြောင်း ပြန်ပြောသည်၊ နက်ဖြန် ၄-နာရီ သင်္ဘောသို့ဆင်း၍ သိဘက်နံနက်စောစော ပြန်ပါတော့မည် မင်းကြီးက ပြောသည်၊ ကောင်းပါပြီ-လမ်းခရီးချမ်းသာစွာ ရောက်ပါစေ ဘုရင်ခံမင်းက ဆိုသည်။

ဂရိဘနားဘေဘားတို့အပြန် ကြိုယူရန် လူလက်နက်စကား နေရာကျကြောင်းနှင့် ရွှေမြို့တော်ရှိ အရေးပိုင်က ကြေးနန်းစာရသည်၊ ဘုရင်ခံက ပြောသည်၊ ၎င်းအကြို အယူ မည်သည့်လရက်စေလွှတ်မည်၊ မင်းကြီးကမေးသည်၊ ဂရိဘနား ဘေဘားတို့ ယခုရုန်မြို့သို့ မရောက်ပါသေး၊ လမ်းခရီးတွင်သာ ရှိပါသေးသည်၊ ၎င်းတို့ ရုန်မြို့သို့ရောက်မှ နေ့ရက်သေချာပါမည်၊ ဘုရင်ခံမင်းက ပြောသည်၊ ပြီးလျှင် လက်ဆွဲနှုတ်ဆက် ပြန်လာကြသည်။

၎င်းနေ့အထုပ်သေတ္တာများကို သင်္ဘောသို့ ပို့ကြသည်၊ ထင်းရှူးသေတ္တာများမှာ အကောက်တိုက်တွင် လက်မှတ်ခံယူမြဲဖြစ်၍ မောင်ပေါက်ကျိုင်း အကောက်တိုက်သို့သွားရောက် လက်မှတ်ယူရသည်။

## (၎င်းလပြည့်ကျော် ၁၃-ရက်)

၎င်းလပြည့်ကျော် ၁၃-ရက် တနင်္ဂနွေနေ့ ၁၁-နာရီအချိန် ဥယျာဉ်စားပွဲ ဟာရှင်မယ်တယ်က ဘိတ်ကြားရာသို့ ဝန်ရှင်တော်မင်းကြီး ဘင်္ဂလားစာရေးတော်ကြီး ရန်ကုန်ကျောင်းတကာ ဦးဘိုးညွှန်း၊ ဦးဘိုးကြီးတို့နှင့် စာရေးလူငယ် အကုန်သွားကြသည်၊ မင်းကြီးစီးရန် မြင်း ၂-စီးကရထား ၁၊ ကျန်အပေါင်းပါ လူတို့စီးရန် မြင်းကရထား ၅-များနှင့် ဟာရှင်မယ်တယ်က ကြိုယူလာသည်၊ ၎င်းရထားများကိုစီး၍ မြို့အရှေ့မြောက် ခရီး ၂-တိုင်ခန့်ကွာဥယျာဉ်သို့သွားကြရာ၊ ၎င်းဥယျာဉ်အတွင်း တိုက်အိမ်မှာ ဖလ်ပဒေသာ၊ ဖလ်မီးအိုး၊ ပန်းမျိုးစုံ၊ အခိုင်စိုက်ပန်းအိုး၊ စက်ရုပ်ပါသံစုံ အမျိုးမျိုး၊ ဘန်းအတီးပါသည့် သံစုံကြီး၊

ဖလ်ပေါင်းအုပ်ပန်းပင်မှစ၍ အခင်းအကျင်းဘွယ်ရာ တင့်တယ်အောင် ခင်းကျင်း၍ ဟာရှင်မယ်တယ်နှင့် ကုန်သည်ကြီး ပရိသတ်အများ ဆီးကြိုလက်ခံကြသည်။

ငှင်းဥယျာဉ်အတွင်း ဘင်္ဂလားပသိမ်ဆာပါခေါ်သည့် ပုဝါများကို ဟာရှင်မယ်တယ်က ကုမ္ပဏီပြုလုပ် ပုံရိုက်ပြီးလျှင် ရန်ကုန်မြို့သို့ပို့သည်၊ ၎င်းရုံးတွင် အရပ်ရပ်ကြည့်ရှုရန်များကိုကြည့်ရှုကြသည်၊ အလုပ်သည် ကံကျွေးလူ ၁၅ဝ၊ တနေ့လုပ်ရပုဝါအုပ်ရေ ၈ဝဝ၊ ၁ဝဝဝ၊ တလကံကျွေးစာရိတ်-၁၈ဝဝ၊ ၂ဝဝဝ-ကုန်ကြောင်း၊ပိုးထည်မှာ ဒါကာမြို့က ဝယ်ရကြောင်း၊ ဆေးမျိုးစုံမှာ ၎င်းတို့တိုက်တွင် ဖော်လုပ်နိုင်ကြောင်းများနှင့် ပြောဆိုကြားသိရသည်။

ငှင်းဥယျာဉ်အတွင်း တိုက်အိမ်အနီး အလျားတာ-၂ဝ၊ အနံ ၁၅-တာခန့် ရေကန်အတွင်း တံငါပိုက်သည်များကို ခေါ်၍ ပိုက်ချစေရာ၊ အချိန် ၁-ခန့်၊ ၂-ခန့် ငါးအမျ ရသည်ကို ကြည့်ရှုကြပြီးလျှင် တကောင်မျှ မသေစေရ၊ လွှ ကြသည်၊ သည်ကဲ့သို့ပိုက်နှင့် ခြောက်လျှင် နေ့ချင်း,ညချ ငါးကြီးလွှယ်သည်ဟု ပြောဆိုကြားသိရသည်၊ ၎င်းနေ့ ၄-နာရီအချိန် အပေါင်းပါ ပရိသတ်တို့ကို စားပွဲကျွေးမွေးသည်မှာ သိုးဆောင်းစားပုံ ဟင်းလျာအမျိုးမျိုး၊ပသီစားပုံ ထောပတ်ထမင်း ရောင်စုံအမျိုးမျိုး၊ ၎င်းဟင်းလျာ အမျိုးမျိုး၊ မုံ့အမျိုးမျိုး၊ သစ်သီးအမျိုးမျိုးများနှင့် မကုန်မခန်းနိုင်အောင် ကျွေးမွေးသည်။

ဟာရှင်မယ်တယ်ကဆာပါအုပ် ၃ဝ၊ မင်းကြီးသို့ ပေးလိုက်သည်၊ ၎င်းအစည်းဝေးတွင် အထက်သိက္ခမ်းပြီး မိတ်

ဆွေဟောင်း ချီပူနဗတ်ညီအစ်ကိုနှင့်တွေ့သည်၊ နိုင်ငံတော်သို့ လာရောက်လိုကြောင်း ပြောသည်၊ ၎င်းက ၅-နာရီမှပြန်လာကြသည်၊ စာရေးတော်ကြီး အိမ်သို့ရောက်လျှင် အမောအပန်းပြေ၍ ၆-နာရီအချိန် စကြာယာဉ်ပျံသင်္ဘောတော်သို့ ဆင်းခဲ့ကြသည်။

## (ငှင်းလပြည့်ကျော် ၁၄-ရက်)

ငှင်းလပြည့်ကျော် ၁၄-ရက် တနင်္လာနေ့ နံနက် ၅-နာရီအချိန် ဘာဘူဂတ်ခေါ်သည့် သင်္ဘောဆိပ်ကထွက်ခဲ့၍ ခံမြို့အနီးသို့ သင်္ဘောတော်ရောက်လျှင် နှုတ်ဆက်အမြောက် ၁၅-ချက်၊ ခံမြို့ပေါ်က ပစ်ဖေါက်နှုတ်ဆက်သည်၊ ၎င်းနေ့ ၅-နာရီအချိန် (စော်ကာဝ)မီးပြတိုင်သို့ရောက်သည်၊ ၉-နာရီ အချိန် အာရကတ္တီဆင်း၍ နေရစ်သည်။

ဘင်္ဂလားမြို့က အာရကတ္တီ ဆင်းရာ ဂတ်စပါးမီးပြ ...ာက် မြန်မာတိုင် ၆ဝ-ရှိသည်၊ ၎င်းနေ့ည စနေထောင့် ... လေပြင်းပြင်းလာသည်၊ လှိုင်းကုန်းပတ်ပေါ်ကို လွှမ်း ...ည်၊ မူးမော်ကြသူများသည်၊ ဂ-နာရီအချိန် ရန်ကုန်ခေါ် ...ပင်လယ်သွားသင်္ဘော ရန်ကုန်မြို့ စစ်တွေမြို့သို့ အသွားနှင့် တွေ့သည်၊ ၎င်းသင်္ဘော တနာရီကို မြန်မာ ဂ-တိုင်သွားသည်၊ စကြာယာဉ်ပျံမှာ တနာရီ ၆-တိုင်သာသွားသည်။

ငှင်းလပြည့်ကျော် ၁၅-ရက် အင်္ဂါနေ့လည်း လေပြင်းစွာ တိုက်သေးသည်၊ ခရီးမှာ ယမန်နေ့ည ၉-နာရီက ယခုနေ့ ၁၂-နာရီတိုင် မြန်မာတိုင် ၆၇-တိုင်ခွဲ ရောက်သည်၊ သင်္ဘောမှာ အရှေ့တောင်သို့ ဦးလှည့်လျက် သွားသည်၊ ၎င်းနေ့ည တညလုံးလည်း လေလာအတိုင်းလာသည်။

(တပို့တွဲလဆန်း ၁-ရက်)

သက္ကရာဇ် ၁၂၃၇-ခု၊ တပို့တွဲလဆန်း ၁-ရက်၊ ၄-ဟူးနေ့ နံနက်ကစ၍ လေသက်သက်သာသာ ညှင်းညှင်းလာသည်၊ ဘလုပ်ကုမ္ပဏီပိုင် ရန်ကုန်သွားသင်္ဘော လက်ယာဘက်ခရီး ၃-တိုင်ခန့်တွင်မြင်သည်၊ လက်ဝဲဘက်ရှေ့ ၂-တိုင်ခန့်တွင် ရန်ကုန်သို့ တူရူသွား ၃-ပင်တိုင် ရွက်သင်္ဘောတခုမြင်သည်၊ သင်္ဘောဦးမှာ အရှေ့တောင်သို့ရှေ့ရှုလျက် သွားသည်၊ယမန်နေ့ မွန်းတည့်က ယခုနေ့မွန်းတည့်တိုင် ခရီးမြန်မာတိုင် ၂၅၀-ရောက်သည်။

၎င်းပင်လယ်ရေပြင်တွင် ဇင်ရော်သဏ္ဍာန် ငှက်များကိုမြင်သည်၊ ကမ်းနှင့်အလွန်ဝေးလှသောကြောင့် ၎င်းငှက်တို့နားပုံ,ရပ်ပုံ,အိပ်နေပုံများကို လန်ဒန်သွားနေ့စဉ်မှတ်တွင်မကြံစီနိုင်ကြောင်းနှင့်ရေးသားပါရှိလေသည်၊၎င်းငှက်များသည် ဝမ်းဘဲကဲ့သို့ ရေပေါ်တွင်နားလျက် ရေပေါ်တွင်အိပ်နိုင်သည်ကို ယခုမှကေန် သိရသည်၊ ၎င်းနေ့ ၇-နာ[illegible]အချိန် ပုသိမ်မြို့နယ် ဟိုင်းကြီးကျွန်း မော်ဒင်စွန်း မီးပြ[illegible]ကို မြင်ရသည်၊ ၉-နာရီအချိန် မီးပြတိုင်သို့ ရောက်သ[illegible] မီးပြတိုင်အနီး ခရီးတတိုင်ခန့်ကွာတွင် သင်္ဘောတော်သွားသည်၊ ၎င်းနေ့ ၆-နာရီအချိန် ဘလုပ်ကုမ္ပဏီ သင်္ဘောက ရှေ့လွန်သွားသည်၊ ၈-နာရီအချိန်ရှိလျှင် ၎င်းသင်္ဘောကို လွန်၍ သွားပြန်သည်၊ ၎င်းသင်္ဘော မမြင်ရအောင် နောက်က နေရစ်သည်။

(၎င်းလဆန်း ၂-ရက်)

၎င်းလဆန်း ၂-ရက် ကြာသပတေးနေ့ ၈-နာရီအချိန် ဖျာပုံဝ မီးပြတိုင်ကိုမြင်သည်၊ တံငါလှေ အများကိုလည်း

မြင်သည်၊ လေလည်းအလာငြိမ်၍ အလွန်ငြိမ်သက်သည်၊ ဥတုမှုကား ပူပြင်းလှ၏၊ ယမန်နေ့မွန်းတည့်က ယခုနေ့ မွန်းတည့်တိုင် ခရီးမြန်မာတိုင်—ရောက်သည်၊ သင်္ဘောဦးမှာ အရှေ့မြောက်ထောင့်က မြောက်သို့ အားကြီးကြီးယွန်းလျက် သွားသည်၊ ၎င်းနေ့ ၁-နာရီအချိန် အာရကတ္တီစောင့်မီးပြ သင်္ဘောသို့ရောက်၍ ရေကြောင်းပြအာရကတ္တီ သင်္ဘောတော် ပေါ်သို့ တက်လာသည်၊ တိုးဝတွင်လည်း လုပ်ဆဲမီးပြတိုင် တခုကိုမြင်ခဲ့သည်။

၎င်းနေ့ ၂-နာရီခွဲအချိန် ဆင်စွန်းကြေးနန်းရုံသို့ရောက်၍ သင်္ဘောအမည် သင်္ဘောတွင် စီးလူစာရင်းများကို စက္ကူ တွင်ရေးပြီးလျှင် ပုလင်းသို့ထည့်သွင်းပိတ်ဆို့၍ ရေသို့ချခဲ့ ရသည်၊ ၎င်းပုလင်းကို ကြေးနန်းရုံက ဆယ်ယူဘွင့်လှစ် ကြည့်ရှုပြီးလျှင် မည်သည့်အချိန် မည်သည့်သင်္ဘောဝင်လာ ကြောင်းကို ရန်ကုန်မြို့သို့ ကြေးနန်းရိုက်ရသည်။

၎င်းနေ့ ၄-နာရီအချိန် ရန်ကုန်မြို့ဆိပ်ကမ်းသို့ ဆိုက် ကပ်သည်၊ ခေတ်လှေစီး ဦးရွှေခဲအသင့်ရှိနှင့်၍ အိမ်ရှေ့ မင်းက တုန့်ပြန်သည့်ရာဇသံလက်ဆောင်တော်ပါကြောင်း, ဘုရင်ခံမင်းက တုန့်လက်ဆောင်ပေးကြောင်း,မဟာဗောဓိ သို့ သွားကြောင်း, ဘုံကီပူမြို့တွင် ဤတာလျံသွား သံတော် တို့နှင့်ခွဲကြောင်း, ဘုရင်ခံနှင့်တွေ့ရာ နှုတ်ခွန်းဆက်လက် စကားပြန်လှန် ပြောဆိုကြောင်း-များနှင့် ပြောဆိုစကား မှတ်သားချက်များကို ဦးရွှေခဲတွင်ပေးလိုက်သည်။

ဦးရွှေခဲလည်း ၎င်းနေ့ပင်ထွက်သွားသည်၊ ၎င်းနေ့ သင်္ဘောတော် ဆိုက်လျှင်ဆိုက်ခြင်း ရွှေမြို့တော်သို့ ကြေးနန်း

ရိုက်သည်၊ ဝန်ရှင်တော်မင်းကြီး ဆိုက်ကြောင်းကိုလည်း ရန်ကုန်မြို့မဟာမင်းကြီးထံ ကုလားဝန်ကို စေလွှတ်တိုင်ပြော စေရာ နက်ဖြန် ၇-နာရီအချိန် အရာရှိစေလွှတ်ကြိုယူပါမည် ပြန်ပြောလိုက်သည်။

(ငှင်းလဆန်း ၃-ရက်)

ငှင်းလဆန်း ၃-ရက် ဗြ-ကြာနေ့ နံနက် ၇-နာရီအချိန် ရန်ကုန်မြို့ဝန်မက္ကိုက်ဝါသဘော်ာတော်ရောက်ကြိုလာ၍ ငှင်း နှင့်အတူ ဝန်ရှင်တော်မင်းကြီး သဘော်ာကဆင်းပြီးလျှင် ရထားအတူစီး၍ သံတဲသို့လာကြသည်၊ဘဏ္ဍာစိုးစာရေးကြီး ကျောင်းတကာဦးဘိုးညွှင်း၊ ဦးဘိုးကြီးတို့လည်း အတူပါ လာကြသည်။

သံတဲသို့ ရောက်လျှင် အထက် ခင်းကျင်းမြဲ-စစ်သည် အခင်းအကျင်းများနှင့် အတွင်းဝန်မေဇာစတရီး၊ရာဇဝတ် ဝန်ကြီးကာရနယ်လောင်း၊ဝန်ထောက်မောင်အုန်းတို့ စော် နေဆီးကြိုနှုတ်ခွန်းဆက်လက် မိတ်ဆွေစကား ပြောဆိုဂ် ပြီးမှ အသီးအသီးပြန်သွားကြသည်၊ ငှင်းနေ့ဝန်ရှင်တော မင်းကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက်ကြောင်း အကြိုသဘော်ာ တော်မင်းလှက စုန်သည်မစုန်သည် စုန်လျှင်မည်သည့် နေ့ရက်စုန်သည် ပြန်ပြောမည်အကြောင်းနှင့် မလွန်၃-မြို့ဝန် အောက်မြစ်စဉ် စစ်ကဲတော်ကြီးမင်းထံ ကြေးနန်းနှင့်မေး သည်။

(ငှင်းလဆန်း ၄-ရက်)

ငှင်းလဆန်း ၄-ရက် စနေနေ့ ကျောင်းတကာ ဦးဘိုး ညွှင်းသို့ ငွေ ၁၀-အပ်ပြီးလျှင် ၅-ရက်နေ့နံနက် ဒိဂုဏ်

ဆံတော်ရှင်ဘုရားမှာ ဆွမ်းတော်ကပ်လှူရန် ဆွမ်းတော် ပြင်ဆင်ချက်ပြုတ်စေသည်၊ ၎င်းဘုရားကို ဆွမ်းတော်ကပ်ပြီးလျှင် ဥယျာဉ်သို့ စားပွဲထိုင် လာရောက်ပါမည့်အကြောင်းနှင့် ကလယ် မောင်ဘိုးက စားပွဲဘိတ်သည်၊ ဦးဘိုးညွှန်း ကျောင်းအမ၊ သူဌေးကတော်၊ တန်ဆောင်းအမ၊တိုက် ကျောင်းအမ၊ စရပ်အမ၊ ကလယ်မောင်ဘိုးအမိများကို ဒါကာဖျင် ၁၀-တောင်စီ လက်ဆောင်ပေးခဲ့သည်၊ မော်လမြိုင်ကျောင်းအမ မယ်ဆုံကြီးကိုပေးရန် ဒါကာဖျင် ၁၀-တောင်ကိုလည်း တန်ဆောင်းအမသို့ အပ်၍ ပေးပို့စေသည်။

## (၎င်းလဆန်း ၅-ရက်)

၎င်းလဆန်း ၅-ရက် တနင်္ဂနွေနေ့ နံနက် ၇-နာရီအချိန် ကျောင်းတကာဦးဘိုးညွှန်း၊ဦးဘိုးကြီးတို့ သံတဲသို့လာရောက် ရထားနှင့်ကြိုယူလာ၍ ရွှေဒဂုံဘုရားသို့ ဆွမ်းတော် ကပ်လှူရန် သွားကြသည်၊ ရောက်လျှင်အပေါင်းပါ၊ ကျောင်း ဒကာ ဘုရားတကာတို့နှင့်စုံညီ၊မြတ်စွာဘုရားကို ဆွမ်းတော် ကပ်လှူ ပူဇော်ကြသည်၊ ပြီးလျှင် အရှေ့မုတ်ကဆင်း၍ ကျောင်းတော်ရာကိုဖြတ်ပြီးလျှင် မောင်ဘိုးဥယျာဉ်သို့သွား၍ လှည့်ပတ်ကြည့်ရှု ပျော်ပျော်ပါးပါး နေထိုင်ပြီးမှ နံနက်စာ စားပွဲထိုင်ကြသည်၊ နာနာပိုင်လည်း ဝမ်းမြောက်ဝမ်းသာ ဆီးကြိုနှုတ်ဆက် လက်ခံသည်။

၎င်းဥယျာဉ်များမှာ စိုက်ပျိုးလုပ်ဆောင်စ၊ တည်ထွင် ပြင်ဆင်စဖြစ်၍ နောက်ကို ကောင်းပေလိမ့်မည်၊ မြော်လင့် ရန်ရှိသည်၊ ၎င်းကပြန်၍ မောင်ဘိုးဥယျာဉ်မှာပင် ညစာစား

ပြီးမှ ပြန်လာကြသည်၊ နက်ဖြန် ၉-နာရီအချိန် ဝန်ရှင်တော်မင်းကြီးနှင့် တွေ့လိုပါကြောင်း-မဟာမင်းကြီး အတွင်းဝန်က စာပေးပို့ လာသည်၊ အမိန့်တော်ရ မောင်ထွန်းအောင်က အလိုရှိသမျှ သွားလာစီးနင်းရန် ၂-စီးက မြင်းရထားကြီးကို သံတဲမှာ ပုံသေထားသည်။

ငှင်းနေ့ အက်ဒမံဂျွန်းယောက်ဆိုသူ သံတဲသို့လာရောက်ရွှေဘဝါးတော်အောက် သွားလိုကြောင်းများကို ပြောဆိုပြီးလျှင် ၎င်းမယား အက်ဒမန်ဂျွန်းနှမရုပ်ပုံကိုပေး၍ သွားသည်၊ ၎င်းနေ့ မှလွန် ၃-မြို့ဝန်အောက်မြစ်စဉ် စစ်ကဲကရိုက်သည့် ကြေးနန်းစာကိုရသည်၊ စာတွင် ပြာသိုလပြည့်ကျော် ၁၃-ရက်နေ့ ဝန်ရှင်တော်မင်းကြီးကို အကြိုသဘော်ာစုံသွားကြောင်းပါသည်။

(၎င်းလဆန်း ၆-ရက်)

၎င်းလဆန်း ၆-ရက် တနင်းလာနေ့ ရန်ကုန်မြို့ မဟာမင်းကြီးကို နှုတ်ဆက်ရန် နံနက် ၉-နာရီအချိန် ဝန်ရှင်တော်မင်းကြီးမှာ အင်္ကျီလက်ကျယ် ရွှေစလွယ်ဆင်လျက် ကုလားဝန် ရွှေတိုက်စိုး၊ ဘဏ္ဍာစိုးစာရေးကြီး မောင်ပေါက်ကျိုင်းတို့နှင့် ရထားစီးနင်း သွားကြသည်၊ ရောက်လျှင် မဟာမင်းကြီးနှင့် ကောင်းမွန်စွာ မိတ်ဆွေစကား ပြောဆိုနှုတ်ဆက်ပြန်လာကြသည်။

၎င်းနေ့ လူကပ်ကုမ္ပဏီဆိုသူနှင့် ကုလား အဝါနှစ်အစ်ကိုတို့လာ၍ တန် ၁၂၀၀-နိုင် အသစ်လုပ်ပြီးပင်လယ်သွားသဘော်ာကို အဘိုး ၂၅၀၀၀၀-နှင့် ရောင်းလိုကြောင်း၊ မြစ်သွားသဘော်ာ တွဲသမ္ဗန်ကြီး ၄-များကို အဘိုး

၃၀၀၀၀ဝဝိ-နှင့် ရောင်းလိုကြောင်း၊ ဘုန်းတော်ကို ခိုလှုံ၍ အကူးအသန်း အကြီးအကျယ်ဖြစ်အောင် ထမ်းလိုကြောင်း များကို ပြောဆိုသွားကြသည်။

၎င်းနေ့ မံာတ်လှေစီး လေလူကလေးသံတဲသို့ဆိုက်ရောက် လာသည်၊ အမှာရေး-မောင်ဘား အစီရင်ခံစာများကို ရသည်၊ အကြောင်းအရာ ထူးထွေမရှိ၊ သဘောတော် ဟသ်ာတအောက်တွင် တင်ပြီကြောင်းနှင့် ပြောဆိုကြားသိ ရသည်။

၎င်းနေ့ ၄-နာရီအချိန် ဘဏ္ဍာစိုးစာရေးကြီးပါ ရထား စီးနင်း၍ ဗုဇ္ဇန်တောင်အရပ်ကို လှည့်ပတ်ကြည့်ရှုကြသည်၊ ၎င်းဗုဇ္ဇန်တောင်အရပ်မှာ လူနေအလွန်များသည်၊ ရန်ကုန် မြို့နှင့် တစပ်ထည်းကဲ့သို့ ပြည့်မျှရှိသည်၊ ၎င်းကစက်ရုံတော် ကိုလှည့်၍ ဝင်ကြသည်၊ စက်ရုံတော်မြေ တောင်မြောက် ပေ-၇၅၀၊ အရှေ့အနောက် ပေ ၀၀၀-ရှိသည်၊ မီးရထား လမ်းနှင့် စပ်ကာဖြစ်၍ နေရာအလွန် အဘိုးထိုက်လှသည်၊ လွစက်ရုံ စက်ကိရိယာများလည်း အပျက်အစီးမရှိ အလွန် ကြီးကျယ်ကောင်းမွန်သည်၊ အဘိုးလည်း အများတန်သည်၊ ၎င်းစက်ရုံတွင် အလုပ်မပြတ် လုပ်ဆောင်ရလျှင် အကျိုး တော် အများဖြစ်ရန်ရှိသည်

၎င်းစက်ရုံအတွင်း ရေနန်းစကြာ သဘောတော် မြင် ဆင်ရန် သဘောကျင်းကို သူဌေး ဦးစံ ကြီးကြပ်လုပ်ဆောင် လျက် တွေ့သည်၊ ၎င်းလပြည့်ကျော် ၅-ရက်နေ့ ရေတွင် သဘောတော်ကို သွင်းနိုင်လိမ့်မည် ပြောသည်။ ။၎င်းက မြစ်နားလမ်းကိုလျှောက်၍ ပြန်လာခဲ့ကြသည်။

## (ငှင်းလဆန်း ၇-ရက်)

ငှင်းလဆန်း ၇-ရက် အင်္ဂါနေ့ ဒဗေးရာစာကိုရသည်၊ အကြောင်းအထူး မပါ၊ အကြိုလာသည့် သင်္ဘောလည်း ဆကာကြီး ရွာအနီးတွင် တင်ငြိ၍နေကြောင်း ကြားသင်္ဘောနှင့် လာသူမူလာဟာရှင်လူ ပြောဆိုကြားသိရသည်၊ဘင်္ဂလားမြို့ရှိ စာရေးတော်ကြီးနှင့် အပေါင်းပါလူတို့ လစာ ၃-လ တွက်ငွေ ၆၂၄၀-ကို မူလာဟာရှင်က ဘင်္ဂလားရှိ ကိုယ်စားလှယ်သို့ ကြေးနန်းနှင့်မှာ၍အပြေအကုန်ပေးစေသည်။

## (ငှင်းလဆန်း၈-ရက်)

ငှင်းလဆန်း ၈-ရက် ဗုဒ္ဓဟူးနေ့ ဝန်ရှင်တော်မင်းကြီး ဦးပုသ်ယူသည်၊ ငှင်းနေ့ ၉-နာရီအချိန် တုလွတ်ယဉ်မျှ သင်္ဘောတော် ရန်ကုန်မြို့သို့ ဆိုက်ရောက်လာသည်၊ ငှင်းလဆန်း ၁၀-ရက်နေ့ ထွက်သွားနိုင်အောင် ပြင်ဆင်အသင့်ရှိစေရမည်၊ သင်္ဘောတော်စီးကိုဆင့်သည်၊ ၁၀- ရက်နေ့ထွက်သွားမည့်အကြောင်းကိုလည်း အင်္ဂလိပ်အရာရှိများထံ ကုလားရွှေတိုက်စိုးကို စေလွှတ်တိုင်ပြောစေသည်။

## (ငှင်းလဆန်း၉-ရက်)

ငှင်းလဆန်း ၉-ရက် ကြာသပတေးနေ့ တုလွတ်ယဉ်ကျော် သင်္ဘောတော် ထပ်၍ရောက်လာပြန်သည်၊ ဘဂဝန္တပ်ဘာဘူဆိုသူသည် အရှိအသေ နှုတ်ခွန်းဆက် လာသည်၊ ငှင်းဘာဘူ နောက်ထွက်မည့် ကြားသင်္ဘောနှင့် ရွှေဘဝါးတော်အောက် လိုက်မည်ပြောဆိုသည်၊ ငှင်းဘာဘူကား ရန်ကုန်မြို့,သရက်မြို့များတွင် ရှိသည့် အင်္ဂလိပ်စစ်သားများ

ကို အစားအသောက် ပြည့်စုံအောင် သွင်းပေးသည့် သူ တည်း။

ဂေါ်ရင်ဘက်လည်း နှုတ်ဆက်လာသည်၊ ၎င်းမှာ ရွှေဘဝါးတော်အောက်က ကြားသဘော်နှင့် ပြန်လာရာ ဇွန်ရွာအနီးမှာ အိပ်နေခိုက် သေတ္တာကိုလူခိုး၍ အနောက်ဘက်ကမ်းရှိရွာမှာ သမ္ဗန်ကိုပစ်ထား၍ ထွက်သွားကြောင်း၊ ၎င်းသေတ္တာအတွင်း ငွေ၂-သောင်းတန် စက္ကူ, ကျောက်နီ, ပုလဲအများ ပါသွားကြောင်းကို ပြောဆိုကြားသိရသည်၊ ၎င်းသူခိုးကား ရွှေမြို့တော်က သဘော်စီး၍ လိုက်လာသူ ၂-ယောက်ဖြစ်ကြောင်းကို သဘော်စီးလူစာရင်းကို ကြည့်၍ သိရသည်၊ သို့သော်လည်း မည်သည့်အရပ်နေဖြစ်ကြောင်းကို မသိနိုင်ကြောင်းနှင့် ပြောဆိုကြားသိရသည်။ ။မောင်ဘိုးအမိနှင့်တူမတို့ နားထွင်းမဂ်လာ ကန်တော့လာ၍ ငွေ ၁၅-ကျပ်ခဲ့သည်။

(၎င်းလဆန်း ၁၀-ရက်)

၎င်းလဆန်း ၁၀-ရက် သောကြာနေ့နံနက် ၈-နာရီခွဲအချိန် မဟာမင်းကြီးအိမ်သို့ သွားရောက်နှုတ်ခွန်း ဆက်ပြီးလျှင် ၉-နာရီအချိန် သဘော်တော်သို့ဆင်းခဲ့သည်၊အထက်လိုက်ပို့မြဲအရာရှိ ခင်းကျင်းမြဲစစ်သည်များကို ဆင့်ဆိုအသင့်ရှိသည်မှာ အလွန်ကျေးဇူးတင်ပါသည်၊ မဟာမင်းကြီးကို နှုတ်ဆက်ပြီးပြေရှိသောကြောင့် အခင်းအကျင်း အပို့အသဲကို ကျေးဇူးပြု၍ သိမ်းယူပါတော့ဟု စာပေးမှာထားခဲ့သည်။

၎င်းနေ့ ၁၂-နာရီအချိန် သဘော်တော်ကို ကျောက်နုတ်၍ ထွက်လာခဲ့သည်၊ ရန်ကုန်မြို့ ကျောင်းတကာ, ကျောင်းအမ၊ သူဌေး, သူဌေးကတော်တို့လည်း သဘော်

တော် ကျောက်နုတ်မှ ပြန်သွားကြသည်၊ ၎င်းနေ့ည ၉-နာရီ အချိန် ဝါးခယ်မရွာတွင် ချရပ်အိပ်နေကြသည်၊ ခရီးမြန်မာ တိုင် ၂၀-ရောက်သည်။

(၎င်းလဆန်း ၁၁-ရက်)

၎င်းလဆန်း ၁၁-ရက် စနေနေ့နံနက် ၆-နာရီ ကစ၍ ၉-နာရီတိုင် နှင်းအလွန်အားကြီး၍ သင်္ဘောဦးကပဲ့-ပဲ့က ဦးကိုမျှ မမြင်နိုင်သည်နှင့် သင်္ဘောမသွားနိုင်၊ နှင်းကွဲ အောင် ရပ်ဆိုင်းစောင့်နေပြီးမှ ၉-နာရီရှိလျှင် နှင်းဝေစဲ ပြီး နေလျှံပေါ်ထွန်း ရေကြောင်းများကို မြင်နိုင်သော ကြောင့် သင်္ဘောကျောက် နုတ်ထွက်ခဲ့ရသည်၊ ၎င်း၆-နာရီ အချိန် ညောင်တုံးသို့ဆိုက်ရောက် လူ,ကုန်, ထင်းများကို တနာရီခွဲခန့် ရပ်ဆိုင်းတင်ဆောင်ပြီးမှ ၎င်းကထွက်လာပြန် ရာ—

၎င်းည ၁၂-နာရီမှ ဓနုဖြူ ဆိပ်ကမ်းသို့ ဆိုက်ရောက် သည်၊ ၎င်းနေ့ခရီး မြန်မာ ၂၅-တိုင်ရောက်သည်၊ ၎င်း နေ့ည ဓနုဖြူမြို့ဆိပ်ကမ်းတွင် စခန်းချရပ်အိပ်နေကြသည်။

(၎င်းလဆန်း ၁၂-ရက်)

၎င်းလဆန်း ၁၂-ရက် တနင်္ဂနွေနေ့ ဝန်ရှင်တော်မင်း ကြီးက သင်္ဘောတွင် ပါလာသည့် ရဟန်းတော် ၅- သာမဏေ ၂-များကို ဆွမ်းလုပ်ကျွေးပြုစုသည်၊ ဥပုသ်လည်း ဆောက်တည်သည်။

၎င်းနေ့၇-နာရီအချိန် ၎င်းဆိပ်ကမ်းကထွက်ခဲ့ကြသည်၊ ၃-နာရီအချိန် ဟင်္သာတမြို့သို့ရောက်၍ ၎င်းဆိပ်ကမ်းတွင် တနာရီခန့်ရပ်နားထွက်လာကြသည်၊ မှုန်ခေါ်ကြားသင်္ဘော

လည်း ၄င်းတွင် တနာရီခန့်ဆိုက်ရပ်စုန်သွားသည်၊ ၄င်းနေ့ ည ၇-နာရီအချိန် ၄င်းဟသ်ာတနယ် ထင်းဆိပ်တွင်ချရပ် ထင်းတင်ဆောင်အိပ်နေကြသည်၊ ၄င်းအရပ်ဆိပ်ကြီးကမ်းကြီးမဟုတ် သုံးလေးအိမ်သာရှိသည်၊ သို့သော်လည်း ထင်းဆိပ်ဖြစ်၍ဆိုက်ရပ်အိပ်နေကြသည်၊ ၄င်းနေ့ခရီးမြန်မာတိုင် ၂၀-ရောက်သည်။

## (၄င်းလဆန်း ၁၃-ရက်)

၄င်းလဆန်း ၁၃-ရက် တနင်္လာနေ့ နံနက် ၇-နာရီ အချိန် ၄င်းထင်းဆိပ်က ထွက်လာခဲ့ရာ ၃-နာရီအချိန် မြန်အောင်မြို့ဆိပ်သို့ ဆိုက်ရောက်၊ ၂-နာရီခန့်ရပ်နား၊ ကုန်လှတင်ဆောင်သည် ထင်းလည်းတင်သည်၊ ၄င်းက ၅-နာရီ အချိန် ထွက်လာရာ ၄င်းနေ့ ည ၉-နာရီအချိန် တရုပ်မြော်မြို့ဆိပ်ကမ်းသို့ ဆိုက်ရောက်အိပ်နေကြသည်။

၄င်းနေ့ ခရီးမြန်မာတိုင် ၂၀-ရောက်သည်၊ မြန်အောင်သို့ ၃-နာရီအချိန် ဝန်ရှင်တော်မင်းကြီး ရောက်ကြောင်း၊ ထုံးဘိုမှာအိပ်မည့်အကြောင်းနှင့် မလွန် ၃-မြို့ဝန်သို့ ကြေးနန်းရိုက်ကြားသည်၊၄င်းတရုပ်မြော်ဆိပ်ကမ်းမှာ နှင်းမိုယ်းရွာ၏သို့ကျသည်၊ သို့သော်လည်း နံနက်ကိုလင်းသည်။

## (၄င်းလဆန်း ၁၄-ရက်)

၄င်းလဆန်း ၁၄-ရက် အင်္ဂါနေ့ နံနက် ၇-နာရီအချိန် တရုပ်မြော်ဆိပ်ကမ်းကထွက်ခဲ့ရာ ၄-နာရီအချိန် ပြည်မြို့သို့ ဆိုက်ရောက် ပြည်အရေးပိုင် မက္ကဲမေဟန်ထံ အဆောင်တော်မြဲစေလွှတ်၍ တွေ့မြင်လိုကြောင်းပြောဆိုစေရာ သမီး ငယ်သေဆုံး စိတ်နှလုံး မသာမယာလှသည့်အခါဖြစ်၍

သည်းခံပါမည့်အကြောင်းနှင့် တောင်းပန်လာသောကြောင့် ပြည်ဆံတော်ရှင်ဘုရားသို့ အဖူးအမြော်တက်သွား၊ ရွှေဆိုင်းရေ-၁၀၊ မီးတိုင်-၅၆၀၊ ရေချမ်းအိုး ၅၆-များကို လှူဒါန်းခဲ့သည်၊ ၎င်းဆိပ်ကမ်းတွင် ကုန်လှူထင်း-တင်ဆောင်၊ ၁-နာရီခန့် ဆိုင်းရပ်၊ ၅-နာရီအချိန် ထွက်လာခဲ့ပြန်သည်၊ ည ၇-နာရီအချိန် ကာမမြို့ အရှေ့ဘက်ကမ်းတွင် စခန်းချရပ် အိပ်နေကြသည်၊ ၎င်းနေ့ ခရီးမြန်မာတိုင် ၂၀-ရောက်သည်။

## (၎င်းလဆန်း ၁၅-ရက်)

၎င်းလဆန်း ၁၅-ရက် ဗုဒ္ဓဟူးနေ့ နံနက် ၇-နာရီအချိန် ၎င်းကာမဆိပ်ကမ်းကထွက်ခဲ့ရာ ၁၂-နာရီအချိန် သရက်မြို့သို့ဆိုက်ရောက်၊ ၁-နာရီအချိန် အကောက်ရုံးမှာ လက်မှတ်ခံရာ၁-နာရီခွဲကြာသည်၊ ၎င်းနေ့၂-နာရီခွဲအချိန်မှ အာလံကဆန်တက်ရသည်၊ ဒဂုံမော် ကြေးနန်းဆရာ မောင်ကြီးညိုလည်း အာလံရောက်ကြိုလာသည်၊ ဝန်ရှင်တော်မင်းကြီးလည်း ဥပုသ်ဆောက်တည်သည်။

၎င်းတွင် တာလီဘူးခေါ် ကြားသင်္ဘောရွှေဘဝါးတော်အောက်က စုန်ဆင်းလာသည်ကိုတွေ့သည်၊ ၄-နာရီအချိန် ဒဂုံမော်သို့ရောက်၍ ကြေးနန်းဆရာ မောင်ကြီးညိုဆင်းနေရစ်သည်၊ ၎င်းနေ့ ၄-နာရီအချိန် ဒဂုံမော်သို့ ဝန်ရှင်တော်မင်းကြီး ဆိုက်ရောက် ဆန်တက်သွားကြောင်း မလွန် ၃-မြို့ဝန်မင်းထံ လွှတ်တော်များသို့ ကြေးနန်းရိုက်ကြားစေသည်၊ ၎င်းနေ့ ၅-နာရီခွဲအချိန် ညောင်ရွာသူကြီး-ကြိုလာသည်ကိုတွေ့၍ ၎င်းညောင်ရွာတွင်ဆင်းနေရစ်သည်၊၎င်းနေ့ ဇောင်ချမ်းတောင်ရွာသို့ ၈-နာရီအချိန်ရောက်၍ ၎င်းတွင်

ထင်းတင်ဆောင်အိပ်နေကြသည်၊ ၎င်းနေ့ ခရီးမြန်မာတိုင် ၂၀-ရောက်သည်။

### (၎င်းလပြည့်ကျော် ၁-ရက်)

၎င်းလပြည့်ကျော် ၁-ရက် ကြာသပတေးနေ့ နံနက် ၆-နာရီအချိန် ဇောင်ချမ်းတောင်ရွာဆိပ်ကမ်းကထွက်လာခဲ့ရာ ၁၁-နာရီအချိန် မင်းလှရွာဆိပ်ကမ်းသို့ ဆိုက်သည်၊ ၎င်းတွင် ပုဂံဝန်ထောက်မင်း အရှင် နန်းမတော်ဘုရား၊ စာရေးကြီး ဦးအံ့၊ စလင်းဝန် မြစ်စဉ်စစ်ကဲ၊ စကုဝန်, မြင်ကွန်းဝန်တို့ ဆီးကြိုစောင့်နေရှိနှင့်ကြသည်နှင့် နှုတ်ခွန်းဆက်လက် မြို့ရေးရွာမှုအကြောင်းအရာများကို မေးမြန်းပြောဆို တညရပ်ဆိုင်းအိပ်နေရသည်။

တောင်ခေါ် ဆရာတော် ဘုရားကြီးနှင့် ဦးလွမ်း တို့ထံဝင်ထွက် ဖူးမြော်ကန်တော့ကြသည်၊ ၎င်းနေ့ခရီး မြန်မာတိုင် ၈-သာရောက်သည်၊ မင်းလှသို့ ဆိုက်ရောက် ကြောင်းကိုလည်း လွှတ်တော်သို့ ကြေးနန်းနှင့် ပြောသည်၊ ခတ်လှစီးမောင်ကျော် ရွှေဘဝါးတော်အောက်က လာရောက်စာပေးကြောင်း၊ ရာထူးတွေ့မပါ၊ ပုပ္ပါးဝန်ထောက် သေလွန်သဂြိုဟ်၍ပြီးကြောင်းကို ပြောဆိုကြားသိရသည်။

### (၎င်းလပြည့်ကျော် ၂-ရက်)

၎င်းလပြည့်ကျော် ၂-ရက် သောကြာနေ့နံနက် ၆-နာရီအချိန် မင်းလှရွာဆိပ်ကမ်းက ထွက်ခဲ့သည်၊ စကုဝန်နှင့် အသုံးစာရေး မောင်ပုတ်တို့လည်း သင်္ဘောတွင် အတူလိုက်လာ၍ ၎င်းနေ့ ၈-နာရီအချိန် မင်းဘူး ဆိပ်ကမ်းတွင်မှဆင်း၍ နေရစ်ကြသည်၊ ၎င်းနေ့ည ၇-နာရီ အချိန်

ဆင်ဖြူကျွန်းဆိပ်ကမ်းတွင် စခန်းချရပ်အိပ် နေကြသည်၊ ဆင်ဖြူကျွန်းရွာမှာ အိမ် ၁၀၀၀-ကျော်၊ ကျောင်း ၄၀-ကျော် မီးသင့်လောင်ကြောင်း ပြောဆိုကြားသိ ရသည်၊ ၎င်းနေ့ခရီး မြန်မာတိုင် ၂၂-ရောက်သည်။

၎င်းနေ့ ၃-နာရီအချိန်က ရေနံချောင်းသို့ရောက်၍ ရေနံချောင်း ၃-မြို့အုပ် စာရေးတော်ကြီး ဦးမှုံသင်္ဘောသို့ လာသောကြောင့် စက်ကိုအတန်ငယ် ရပ်ဆိုင်း နှုတ်ခွန်းဆက်လက် မန်ကျည်းနှစ်တောင်ဖေး ရှင်းဖျား ငွေကွပ်မိုက် ၂၊ လောက်လေး၁၊ မန်ကျည်းနှစ် ဆောင်တုတ်ငယ် ၂-များကို ပေး၍ပြန်သွားသည်။

(၎င်းလပြည့်ကျော် ၃-ရက်)

၎င်းလပြည့်ကျော် ၃-ရက် စနေနေ့နံနက် ၇- နာရီအချိန် ဆင်ဖြူကျွန်းဆိပ်က ထွက်ခဲ့သည်၊ ၁၁-နာရီအချိန် စလေမြို့သို့ ဆိုက်ရောက်၊ ၁-နာရီရပ်ဆိုင်းထင်းတင်ဆောင်ကြသည်၊ စလေမြို့အုပ် သင်္ဘောသို့ လာရောက် နှုတ်ခွန်းဆက်လက် မြို့ရွာ ငြိမ်ဝပ်သာယာရှိကြောင်းကို ပြောသည်၊ စလေမြို့ ရဟန်းတော် ဦးသုန္ဒရ သင်္ဘောသို့လာရောက်ကန်ဒေါ့ ငှီကာသစ်စာကို ပေးလာသည်၊ အကြောင်းကို မေးရာ ဗားကရာတိုက်မှာ စာသင်၍နေစဉ် ဝန်ရှင်တော်မင်းကြီးစာကို ထုတ်ကြည့်မသွင်းရ၍ ယခုသွင်းကြောင်း ပြောဆိုသောကြောင့် ၎င်းစာကို ရဟန်းတော် ဦးသုန္ဒရသို့လှူခဲ့သည်။

၎င်းနေ့ ၁၂-နာရီအချိန် စလေမြို့က ထွက်လာရာ ၅-နာရီအချိန် ညောင်ဦးရွာ ဆိပ်ကမ်းသို့ ဆိုက်ရောက်၊

သဘော်တွင် ပါသည့် ရဟန်းတော်များနှင့် သင်္ဘောစီး ယောကျ်ား, မိန်းမ, လူ ၁၀၀-ကျော်တို့ကို နှိုးဆော်၍ ရွှေစည်းခုံဘုရားသို့ အဖူးအမြော်သွားကြသည်၊ ရွှေဆိုင်း, ဖယောင်းတိုင်, ရေချမ်းအိုး အရပ်ရပ် ပူဇော်ရန်များကို ငွေ ၃၀-ကျော်ဘိုး ဝယ်ချမ်းလှူဒါန်းခဲ့ကြသည်။

ပုဂံဝန်ဟောင်း မောင်ညိုအရာကျ၍ ဒိုင်းဝန်ကို ပုဂံဝန် ခန့်ထား၊ ယခုလအတွင်း စုံဆင်းလာမည့် အကြောင်းနှင့် ကြေးနန်းဆင့်စာရောက်ကြောင်း၊ ပုဂံမြို့မှာ စစ်ကဲဟောင်း မောင်စံလှပေါ်နှင့် မြို့စာရေး မောင်တေတို့သာရှိကြောင်း၊ စစ်ကဲမောင်ကြီးညိုမှာ ရေနံမှ ထောက်လှမ်းချက်ရှင်းလင်း ရန် ရွှေဘဝါးတော်အောက် တက်သွားကြောင်း များကို ပြောဆိုကြားသိရသည်၊ စစ်ကဲမြို့ စာရေးများလည်း လာ ရောက်နုတ်ဆက်ကြသည်။

ငင်းနေ့ည ညောင်ဦးရွာဆိပ်ကမ်းမှာ အိပ်နေကြသည်၊ င်းနေ့ခရီး မြန်မာတိုင် ၂၀-ရောက်သည်၊ ရေကြောင်း အလွန်ကောက်သောကြောင့် ၂၄- တိုင်လောက် ရောက် လိမ့်မည်ဆိုစရာရှိ၏၊ ညောင်ဦးသို့ဆိုက်ကြောင်း ကြေးနန်း နှင့် လွှတ်တော်သို့ မှာထားရမည်၊ ကြေးနန်းဆရာ များသို့ စာအပ်သည်။

(ငင်းလပြည့်ကျော် ၄-ရက်)

ငင်းလပြည့်ကျော် ၄-ရက်၊ တနင်္ဂနွေနေ့ နံနက် ၇- နာရီအချိန် ညောင်ဦးရွာဆိပ်ကမ်းက ထွက်လာခဲ့ရာ ၁၀- နာရီအချိန် ကွန်းရွာဆိပ်ကမ်းသို့ ဆိုက်ရောက်၊ ၁-နာရီခန့် ရပ်နား ကုန်များကို ချထားခဲ့သည်၊ ၁၁-နာရီအချိန် ငင်း

ကွန်းရွာဆိပ်ကမ်းက ထွက်ခဲ့ကြသည်၊ ချင်းတွင်းဓါ် ကြား သင်္ဘောလည်း တွဲသမ္ဗာန် ၂-နှင့် ကွန်းရွာဆိပ်ကမ်းတွင် ဆိုက်ရပ် ထင်းကုန်တင်ဆောင်၍ နေသည်ကို တွေ့မြင် ရသည်။

ငင်းနေ့ ၄-နာရီအချိန် မြင်းခြံရွာဆိပ်ကမ်းသို့ ရောက် သည်၊ ကင်းဝန်မင်းကြီး မြင်းခြံသို့ဆိုက်လျှင် ဆိုက်ခြင်း ကြေးနန်းနှင့် လျှောက်ရမည်၊ လွှတ်တော်က ကြေးနန်းနှင့် ဆင့်ဆိုထားကြောင်း၊ ကြေးနန်းဆရာများက ပြောသည်၊ မြင်းခြံသို့ ဆိုက်ရောက်ကြောင်းကိုလည်း ကြေးနန်းနှင့် လွှတ်တော်သို့လျှောက်သည်၊ တလုပ်မြို့ဝန်မှာဓါ်တော်မူ၍ ရွှေဘဝါးတော်အောက် တက်သွားရကြောင်း၊ သေနတ် စာရေး ဦးတိုးမှာ အိမ်ထောင်စုံ လူအတင်အပို့ ရွှေဘဝါး တော်အောက် တက်သွားရကြောင်း၊ မဟာဒဏ်ဝန်လည်း မြင်းခြံရွာတွင် အသည်းအထန် နာဖျား၍ နေကြောင်း များကို ပြောဆိုကြားသိရသည်၊ ငင်းနေ့ ခရီးမြန်မာတိုင် ၂၀-ရောက်သည်။

## (ငင်းလပြည့်ကျော် ၅-ရက်)

ငင်းလပြည့်ကျော် ၅-ရက်၊ တနင်းလာနေ့ နံနက် ၆-နာရီအချိန် မြင်းခြံရွာဆိပ်ကမ်းက ထွက်ခဲ့ကြသည်၊ မြင်းခြံ ရွာတွင် ဆိုက်ရပ်စဉ် ရဟန်းတော်,လူယောကျ်ား, မိန်းမ အများ သင်္ဘောစီး၍ ရွှေမြို့တော်သို့ လိုက်လာကြသည်၊ ငင်းနေ့ ၅-နာရီအချိန် ကျောက်တလုံးဆိပ်ကမ်းသို့ ဆိုက် ရောက်၊ ငင်းတွင် ထင်းတင်ဆောင်အိပ်နေကြသည်၊ အဝ ဝန်လည်း ငင်းကျောက်တလုံးရွာတွင် ဌမ်းတော်စေ့စပ် ရှိနှင့်သည်နှင့် သင်္ဘောသို့ နှုတ်ဆက်လာရောက်သည်၊ ငင်း

ရွှာ ၄-မျက်နှာ ဘုရားကိုလည်း တက်၍ ဖူးမြော်ခဲ့ကြသည်၊ ၎င်းနေ့ ခရီးမြန်မာတိုင် ၂၀-ရောက်သည်။

## (၎င်းလပြည့်ကျော် ၆-ရက်)

၎င်းလပြည့်ကျော် ၆-ရက်၊ အင်္ဂါနေ့ နံနက် ၆-နာရီ အချိန် ကျောက်တလုံးရွာဆိပ်ကမ်းက ထွက်လာခဲ့ရာ ၎င်းနေ့ ၁၁-နာရီအချိန် သန်လျက်မော်ဆိပ်ကမ်းသို့ ဆိုက်ရောက် အကြိုလာရောက်သည့် ပရိသတ်များနှင့် နှုတ်ခွန်းဆက်လက် စကားပြောဆို ၂-နာရီခန့် သင်္ဘောဆိပ်တွင် ရပ်နေပြီးလျှင် ရွှေတော်သို့ဝင်မိအောင်တက်သွား-၃-နာရီအချိန် လွှတ်တော်သို့ဆိုက်ရောက် ဝန်ရှင်တော် ရေနံချောင်းမြို့စား မင်းကြီးလယ်တောသို့သွားခိုက်ဖြစ်၍ ဝန်ရှင်တော် ခန်းပတ်မြို့စားမင်းကြီးနှင့်အတူ ရွှေဆောင်တော်သို့ဝင်ကြသည်၊ ဘဝရှင်မင်းတရားကြီးဘုရား ထွက်စံတော်မူ၍ အရပ်ရပ်အကြောင်းအရာများကို အမိန့်တော်မြွက်ရာ ကြည်လင်ဝမ်းမြောက်တော်မူသည်။

## (၎င်းလပြည့်ကျော် ၇-ရက်)

၎င်းလပြည့်ကျော် ၇-ရက်၊ ဗုဒ္ဓဟူးနေ့ အိမ်ရှေ့မင်းက တုန့်ပြန်ဆက်သည့် လက်ဆောင်တော် ဘုရင်ခံမင်းက တုန့်ပြန်ဆက်သည့်လက်ဆောင်တော် မဟာဂန္ဓဂီဇော်ဂျီက ဆက်သည့် မဟာဗောဓိသားတုံးရေ ၁၀၊ အပရာဇိတ မြေအိတ်သားရေ ၂-များကို ရွှေတော်သို့သွင်း၍ ဆက်သည်၊ မဟာဗောဓိ သားရသည်ကို အလွန်ဝမ်းမြောက်တော်မူသည်၊ အိမ်ရှေ့မင်းက ပေးပို့သည့် ရာဇသံကို အဆက် အင်္ဂလိပ်မင်း,ပြင်သစ်မင်း,ဤတာလျံမင်းတို့က ပို့

ရောက်သည့် ရာဇသံများကဲ့သို့ ကြိုယူစေ အမိန့်တော်မြတ်မှတ်သည်။

## (ငှင်းလပြည့်ကျော် ၈-ရက် ၉-ရက်)

ငှင်းလပြည့်ကျော် ၈-ရက်၊ ကြာသပတေးနေ့မှာ ရာဇသံကြိုယူရန် အခမ်းအနားများကို ပြီးပြေအောင် ဆင့်ဆိုစေ၍ ရွှေတော်သို့မဝင်၊ဥပုသ်ဆောက်တည် နေကြသည်။

ငှင်းလပြည့်ကျော် ၉-ရက် သောကြာနေ့မှာ ရာဇသံကို အခမ်းအနား အစီအစဉ်နှင့် ခင်းကျင်း၍ ပဋ္ဌနဂိုရ်မြို့စား ဝန်ထောက်တော်မင်း၊ စာရေးတော်ကြီး ဦးမောင်ကလေး၊ နာခံတော် ဦးဘိုးတို့ သင်္ဘောတော်ရောက်သွား၍ ကြိုယူ၊ရာဇသံကို နာခံတော်ဦးဘိုး၊ ပိုက်ပွေ့ဆောင်ယူ၊ လွှတ်တော်သို့ ရောက်လျှင်ရောက်ခြင်း၊ အမြောက်သံ ၃-ချက်၊ ရုံး ၂-ဘက်ကြားက ပစ်ဘောက်သည်၊ ရာဇသံကို ဒဗ္ဗွေးရာ မြန်မာပြန်ဆိုစေ၍ ရွှေတော်သို့သွင်းသည်၊ ဇေတဝန်ဆောင်တော်တွင် ခင်းကျင်းမြခင်းကျင်း၍ ထွက်တော်မူသည်၊ ရာဇပလ္လင်တော်တွင် စံတော်မူမိလျှင် ရာဇသံကို သံတော်ဆင့်တံတိုင်းရှည် ရွာစားမင်းဘတ်၍ အမိန့်တော်မြတ်ခံသည်၊ ပြီးလျှင်ဝင်တော်မူသည်၊ ငှင်းရာဇသံ-ဘာသာရေးစာ၊ မြန်မာပြန်ချက်များကို မြိတိုက်တော်သို့ အပ်ခဲ့ရသည်။

ကာလကတ္တားမြို့သွား နေ့စဉ်မှတ်ပြီး၏။

**နာနာနယသခေ်ပ ကဗျာဗန္ဓမည်သော**

**ကင်းဝန်မင်းကြီးကဗျာစု**

**၅၍တွင် ပြီး၏။**

# မှတ်စုများ
# NOTES

# မှတ်စုများ
# NOTES